သာသနာရေးဝန်ကြီးဌာန

သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန

( ပြည်တွင်းသာသနာပြုဌာနခွဲ )



# မြန်မာနိုင်ငံ ဘာသာ သာသနာဆိုင်ရာ ကျင့်သုံးမှုများ

မဟာသဒ္ဓမ္မဇောတိကဓဇ
တက္ကသိုလ်သျှင်သီရိ ( ဓမ္မာစရိယ ဘီ-အေ )

သာသနာ-၂၅၅၇ ကောဇာ-၁၃၇၅ ခရစ်-၂၀၁၃

သာသနာရေးဝန်ကြီးဌာန

သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန

(ပြည်တွင်းသာသနာပြုဌာနခွဲ)

# မြန်မာနိုင်ငံ
# ဘာသာ သာသနာဆိုင်ရာ
# ကျင့်ထုံးမှုများ

မဟာသဒ္ဓမ္မဇောတိကဓဇ

တက္ကသိုလ်သျှင်သီရိ(ဓမ္မာစရိယ ဘီ-အေ)

သာသနာနှစ်-၂၅၅၇ ကောဇာနှစ်-၁၃၇၅ ခရစ်နှစ်-၂၀၁၃

## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသည့်ခုနှစ် - ၂၀၁၃ - ခုနှစ်

အုပ်ရေ - ၁၀၀၀

## ထုတ်ဝေသူ

ဦးစိုးမင်းထွန်း (မှတ်ပုံတင်အမှတ် - ၀၃၈၄၅)

ဒုတိယညွှန်ကြားရေးမှူးချုပ်

သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန

သာသနာရေးဝန်ကြီးဌာန

## အဖုံးနှင့် အတွင်းစာသားပုံနှိပ်သူ

ဒေါ်လှမူသိန်း

ဂုဏ်လင်းကျော်ပုံနှိပ်တိုက်

အမှတ်(၂၄)၊ ဗဟိုလမ်း

အလုံမြို့နယ်၊ ရန်ကုန်မြို့

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အမှာစာ | က |
| | **အခန်း (၁)** | |
| ၂။ | လူသားများနှင့်ကိုးကွယ်ရာဖြစ်ပေါ်လာမှု | |
| (က) | လူလောက၊ လူသဘာဝ | ၁ |
| (ခ) | ကိုးကွယ်ရာဘာသာများဖြစ်ပေါ်လာမှု | ၅ |
| | **အခန်း (၂)** | |
| ၃။ | မြန်မာနိုင်ငံအတွင်းသို့ ဗုဒ္ဓသာသနာအမျိုးမျိုး ဝင်ရောက်လာမှုများ | |
| (က) | မြန်မာနိုင်ငံ၊ ရာမညတိုင်းသို့ ဗုဒ္ဓသာသနာ ရောက်ရှိလာခြင်း | ၈ |
| (ခ) | ရာမညတိုင်း၊ သုဝဏ္ဏဘူမိ(သထုံ)သို့ ဗုဒ္ဓသာသနာရောက်ရှိလာခြင်း | ၁၀ |
| (ဂ) | ရှင်သောဏနှင့်ရှင်ဥတ္တရတို့ သာသနာပြု ရောက်ရှိခြင်း | ၁၃ |

(ဃ) မြန်မာနိုင်ငံ၊ ရာမညတိုင်းသို့ ရှင်မဟာဗုဒ္ဓ
ဃောသပိဋကတ်များသယ်ယူလာခြင်း ၁၅
(င) ရက္ခပူရ(ဓညဝတီ)သို့သာသနာရောက်ရှိလာခြင်း ၁၈
(စ) မြန်မာနိုင်ငံ သုနာပရန္တတိုင်းသို့ သာသနာ
ရောက်ရှိလာခြင်း ၂၀
(ဆ) မြန်မာနိုင်ငံ(သရေခေတ္တရာ)ပျူမြို့ပြနိုင်ငံများသို့
သာသနာရောက်ရှိလာခြင်း ၂၃
(ဇ) မြန်မာနိုင်ငံ၊ အလယ်ပိုင်း-အထက်ပိုင်းသို့
မဟာယာနနှင့်ဗြဟ္မဏရောသော
သာသနာရောက်ရှိလာခြင်း ၂၄
(ဈ) မြန်မာနိုင်ငံနှင့်ဗြဟ္မဏဝါဒကြီးစိုးမှု ၂၉
(ည) မြန်မာနိုင်ငံနှင့်ထေရဝါဒဗုဒ္ဓသာသနာ
ပျံ့နှံ့ရောက်ရှိလာခြင်း ၃၃
(ဋ) မြန်မာတိုင်းရင်းသားတို့၏ နတ်ယုံကြည်မှု ၃၆
(ဌ) ဗုဒ္ဓ၏နတ်ပူဇော်နည်းများ ၃၇
(ဍ) မြန်မာတို့၏နတ်ကိုးကွယ်မှုအစ ၄၃
(ဎ) တိုင်းရင်းသားတို့၏ရိုးရာနတ်ယုံကြည်မှု
ပူဇော်မှုများ ၄၈

အခန်း (၃)

၃။ ကမ္ဘာ့အခြားဘာသာကြီးများ မြန်မာနိုင်ငံသို့ ဝင်ရောက်လာမှုများ


(က) ဟိန္ဒူဘာသာ ရောက်ရှိပျံ့နှံ့လာခြင်း ၅၆
(ခ) ဟိန္ဒူနှင့်ဗုဒ္ဓဘာသာဝင်တို့ ဘာသာမတူ ငြိမ်းချမ်းစွာနေနိုင်ရေးသဘောတူညီချက် ၆၃
(ဂ) ခရစ်ယာန်ဘာသာရောက်ရှိပျံ့နှံ့လာခြင်း ၆၆
(ဃ) အင်းဝခေတ် ရိုမန်ကက်သလစ်သာသနာပြု လုပ်ငန်းရောက်လာခြင်း ၇၈
(င) ပြင်သစ်ရိုမန်ကက်သလစ်ဘုန်းကြီးများ၏ သာသနာပြုလုပ်ငန်းရောက်လာခြင်း ၈၂
(စ) အမေရိကန်နှစ်ချင်း ခရစ်ယာန်သာသနာပြု များ၏သာသနာပြုလုပ်ငန်းရောက်လာခြင်း ၈၄
(ဆ) အင်္ဂလန်–အင်္ဂလိကန်ခရစ်ယာန်ဂိုဏ်းများ သာသနာပြုရောက်လာခြင်း ၈၉
(ဇ) မြန်မာပြည်မြောက်ပိုင်း၌ ဘုရားသခင် နိုင်ငံတော်တည်ထောင်၍ သာသနာပြု ဆောင်ရွက်မှု ၉၄

(ဈ) ခရစ်ယာန်သာသနာပြုကျောင်းများဖွင့်လှစ်
သာသနာပြုခဲ့ကြသော အခြားဂိုဏ်း
သာသနာပြုများရောက်လာခြင်း ၁၀၄
(ည) မြန်မာပြည်ခရစ်ယာန်သာသနာပြုများ၏
စနစ်တကျဆောင်ရွက်မှုများ ၁၀၈
(ဋ) ခရစ်ယာန်သာသနာပြုလုပ်ငန်းနှင့်မြန်မာလူမျိုး
တို့၏ ကောင်းကျိုးဆိုးပြစ်များ ၁၁၅
(ဌ) မူစလင်ဘာသာဖြစ်ပေါ်ပျံ့နှံ့လာခြင်း ၁၂၅
(ဍ) မြန်မာနိုင်ငံတွင်းသို့ မူစလင်ဘာသာဝင်
ရောက်ရှိပျံ့နှံ့လာခြင်း ၁၂၉

## အခန်း (၄)

## ၅။ ဘာသာတရားများအပေါ် ဆန်းစစ်ဝေဖန် သုံးသပ်မှုနှင့် နှိုင်းယှဉ်မှုများ

(က) လောက၏အမှန်တရားသဘာဝ ၁၃၆
(ခ) လောက၏အမှန်တရားသဘာဝကို
ဖော်ထုတ်ပြသောဂေါတမဗုဒ္ဓ၏ဝါဒအယူအဆ ၁၄၉
(ဂ) ပြုလုပ်သူနှင့်ပြုလုပ်မှုအကျိုး(ကံ–ကံ၏အကျိုး)
ယုံကြည်မှု ၁၅၇

(ဃ) ဗုဒ္ဓဂေါတမ၏ဝါဒလမ်းစဉ်နှင့်ဖန်ဆင်းရှင်တို့၏ ဝါဒလမ်းစဉ်များကွဲပြားခြားနားမှု ၁၆၅

(င) ဘာသာအယူဝါဒတို့အပေါ် ပညာရှင်များ၏ အမြင်များ ၁၉၃

(စ) ဘာသာတစ်ခုနှင့်တစ်ခုချစ်ကြည်မှုအတွက် ကျင့်သုံးရန်နည်းလမ်းများ ၂၁၃

# အမှာစာ

ဤလောကတွင် တရားစစ် တရားမှန်များထွန်းကားပေါ်ပေါက်ရေးအတွက်လည်းကောင်း၊ ဤ(၃၁)ဘုံလောကရှိ လူ-နတ်ပြဟ္မာတို့ အသိမှန်အမြင်မှန် သစ္စာလေးပါးတရားတို့ကို သိရှိပြီး (၃၁)ဘုံမှ လွတ်မြောက်ရာအမြိုက်ချမ်းသာ (နိဗ္ဗာန်) ရရှိစေရန် ဂေါတမဗုဒ္ဓသည် ဘုရားဖြစ်လျှင်ဖြစ်ခြင်း မိမိသိထားသော အမှန်တရားတို့ကို မိဂဒါဝုန်တောဌ် ပဉ္စဝဂ္ဂီငါးဦးတို့အား ပထမဦးဆုံးသော ဓမ္မစကြာတရားကို စတင်ဟော၍ ဓမ္မစည်ကြီးကိုစတင်ရိုက်ဟီးလှုံ့ဆော်ပေးခဲ့ပါသည်။

အဝိဇ္ဇာ(မသိမှု)အမှောင်ပိတ်ဖုံးနေသော ဤလောကရှိ လူ-နတ် ပြဟ္မာတို့အား ဝိဇ္ဇာ(အသိဉာဏ်အလင်းရောင်)ကို စတင်ထုတ်ဖေါ်ပေးခဲ့ပါသည်။

ထိုမြတ်ဗုဒ္ဓ၏သာသနာ (အဆုံးအမ)အလင်းရောင်သည် ဗုဒ္ဓပွင့်စကပင် ဤမြန်မာနိုင်ငံသို့ရောက်ရှိခဲ့ပါသည်၊ လောကဓာတ်အတွင်းဝယ် အမြင့်မြတ်ဆုံး အမှန်ကန်ဆုံး အဆုံးအမ (သာသနာ)တော်ကို ယုံကြည်ကိုးကွယ်ခွင့်ရရှိကြသော မြန်မာနိုင်ငံ၊ မြန်မာတိုင်းရင်းသားတို့သည် အလွန်ကံကောင်းသည်ဟု ဆိုရပါမည်။

ထိုစစ်မှန်သော ဘုရားရှင်အဆုံးအမ (သာသနာတော်)သည် ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်ပြီးနောက် နှစ်ပေါင်းအခွန့်ရှည်စွာတည်တံ့နိုင်ရေးအတွက် ဘုရားရှင်၏သားတော်များဖြစ်သော ရဟန်းသံဃာတော်များက အစဉ်တစိုက်ထိန်းသိမ်းစောင့်ရှောက်ခဲ့ပြီး သာသနာပြုခဲ့ကြ၍ ဗုဒ္ဓသာသနာတော်သည် နှစ်ပေါင်းထောင်ချီ၍တည်နေခဲ့ပါသည်။

သို့သော်နှစ်ကာလရှည်ကြာသလို ဘာသာဝါဒအမျိုးမျိုးတို့သည် ဤကမ္ဘာပေါ်တွင် ပေါ်ထွန်းခဲ့သလို မြန်မာနိုင်ငံအိမ်နီးချင်းနိုင်ငံများ၌လည်း ဘာသာဝါဒအသီးသီးပေါ်လာခဲ့ပြီး စစ်မှန်သောထေရဝါဒဗုဒ္ဓဘာသာနှင့် ရောနှောခြင်းကိုခံခဲ့ရသည်။

ဤကမ္ဘာတွင် ယဉ်ကျေးမှုစခဲ့သော တိုက်ဂရစ်(ခ်)နှင့် ယူဖရေတီမြစ်ဝှမ်းရှိ မက်ဆိုပိုတေးမီယာနှင့် နိုင်းမြစ်ဝှမ်းရှိ အီဂျစ်တို့၏ယဉ်ကျေးမှုများသည် အလွန်ရှေးကျပြီး ကိုးကွယ်မှုဆိုင်ရာ ဘာသာကြီးများလည်း ပေါ်ပေါက်ခဲ့သည်။ သို့သော် ခေတ်လူသားတို့၏အတွေးအခေါ်ပြောင်းလဲမှု၊ စီးပွားရေး၊ စစ်ရေး၊ နိုင်ငံရေး၊

ပညာရေး၊ လူမှုရေးစသည်တို့ တိုးတက်ပြောင်းလဲမှုများကြောင့် ထိုလူမျိုးများ၏ ယဉ်ကျေးမှုများနှင့် ဘာသာတရားအယူအဆများ သည် ပျောက်ကွယ်ခဲ့ရသည်။

အိန္ဒိယနိုင်ငံတွင် စတင်ထွန်းကားပေါ်ပေါက်ခဲ့သော ဗုဒ္ဓဂေါတမ၏ဝါဒအယူအဆများနှင့် သာသနာသည် ထိုတိုးတက်လာသောခေတ်ရေစီးကြောင်းနှင့် ဘာသာဝဒါအတွေးအခေါ် မတူသူတို့၏ တိုက်ခိုက်ဖျက်ဆီးမှုများကြောင့် ပျောက်ကွယ်ခဲ့ရသည်။

ဤမြန်မာနိုင်ငံတွင်လည်း ဗုဒ္ဓဂေါတမပွင့်စဉ်ကတည်းက ထွန်းကားပျံ့နှံ့လာခဲ့သော ဗုဒ္ဓဘာသာသည် တိုင်းတစ်ပါးလာ ဘာသာအယူဝါဒတို့၏ ထိုးနှက်ဖျက်ဆီးမှုနှင့် ဤနိုင်ငံသူတစ်ပါး ကျွန်အဖြစ်ကျရောက်ခဲ့မှုများကြောင့် ထိုနယ်ချဲ့တို့၏ ဘာသာ အယူဝါဒများ သွတ်သွင်းလာမှု၊ ထိုးနှက်တိုက်ခိုက်မှု၊ ဖျက်ဆီးမှု၊ သူတို့၏ဘာသာအယူဝါဒကို အာဏာ၊စီးပွား၊ပညာတို့ဖြင့် သိမ်းသွင်းလာမှုများကြောင့် ဤနိုင်ငံတွင် အခြားဘာသာအယူ ဝါဒများ၏အရှိန်အဝါသည် ကြီးမားလာပြီး မူလထေရဝါဒဗုဒ္ဓ ဘာသာသည် မှေးမှိန်လာခဲ့ရပြီး ခံစစ်သဘောဖြင့် ခုခံကာကွယ် တိုက်ခိုက်နေရဆဲဖြစ်နေပါသည်။

မြန်မာနိုင်ငံ သူ့ကျွန်ဘဝရောက် လက်အောက်တွင် မျိုးချစ် အမျိုးဘာသာသာသနာစောင့်ထိန်းကြသော ရဟန်းသံဃာတော် များ ဗုဒ္ဓဘာသာဝင်များသည် မိမိတို့ဗုဒ္ဓဘာသာ၏ မေတ္တာထုံးကို နှလုံးယူ၍ ဆုတ်သထက်ဆုတ်၊ ယုတ်သထက်ယုတ်၊ အိန္ဒိယနိုင်ငံ

ကဲ့သို့ပျောက်ပျက်မသွားရလေအောင် ဘာသာ သာသနာအသင်းအဖွဲ့များတည်ထောင်၍ ဗုဒ္ဓသာသနာကို အားပေးခဲ့ကြသည်၊ ရဟန်းသံဃာများကလည်း ထေရဝါဒဗုဒ္ဓသာသနာ မပျောက်ပျက်အောင် အခက်အခဲအကြပ်အတည်းကြားမှ ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရလာပြီးသောအခါ မြန်မာဗုဒ္ဓဘာသာဝင်များနှင့် ရဟန်းသံဃာတော်များသည် ပြည်မသာသနာခံစစ်ကိုကြံကြံခံ၍တည်ဆောက်ခဲ့ကြသည်။ သို့သော် တောင်တန်းရှိတိုင်းရင်းသားတို့၏ဘဝမှာကား အသိဉာဏ်ပညာ ဗဟုသုတနည်းပါးမှုကို နိုင်ငံခြားဘာသာသာသနာပြုများက အခွင့်ကောင်းယူပြီး သူတို့၏ဘာသာသာသနာပြန့်ပွားရေးကို မြန်မာနိုင်ငံကိုသိမ်းပိုက်ပြီးအချိန်မှစ၍ ယနေ့အထိထိုးဖောက်သာသနာပြုနေကြဆဲဖြစ်သည်။

မြန်မာနိုင်ငံသားတိုင်းရင်းသားတို့၏ အယူမှားအတွေးမှားအသိဉာဏ်များကို အတွေးမှန်အသိမှန်ရရှိကြစေရန် မြန်မာဗုဒ္ဓဘာသာမျိုးချစ်များနှင့် ရဟန်းသံဃာတော်များသည် နိုင်ငံတော်အစိုးရ၏အကူအညီဖြင့် နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ကိုဖွဲ့စည်းကာ ပြည်မတောင်တန်းနှင့်နယ်စပ်သာသနာပြုလုပ်ငန်းများကိုစနစ်တကျဖွဲ့စည်းပြီး ဆောင်ရွက်လုပ်ကိုင်ခဲ့ကြပါသည်။

ထိုသို့လုပ်ဆောင်ကြရာ၌ ဗုဒ္ဓ၏လမ်းညွှန်ချက်ဖြစ်သော

'ချစ်သားတို့…များစွာသောလူတို့၏ အကျိုးစီးပွားအလို့ငှါ ချမ်းသာမှုအလို့ငှါ သာသနာပြုခရီးစဉ်ကိုကျင့်၍သွားကြကုန်လော့'

'ချစ်သားတို့…အစ၏ကောင်းခြင်း၊ အလယ်၏ကောင်းခြင်း၊ အဆုံး၏ကောင်းခြင်းနှင့်ပြည့်စုံသောတရားတော်မြတ်ကို ဟောကြားကြကုန်လော့၊ ကိလေသာမြူနည်းပါးကြကုန်သော ပါရမီရှိကြကုန်သောသတ္တဝါတို့သည် ဤလောက၌ရှိနေကြပါသည်။ ဘုရားရှင်၏တရားကို မကြားမနာ မသိကြ၍ လောကသံသရာနစ်ဖြာသောအကျိုးတို့မှ ဆုတ်ယုတ်နေကြရပါ၏၊ ငါဘုရားရှင်၏ တရားတော်မြတ်ကို သိစွမ်းနားလည်နိုင်သော ပါရမီရှင်အရိယာသူတော်စဉ်တို့သည် မုချမသွေအမှန်ပင်ရှိနေပါ၏'

ဟူသောဟောကြားလမ်းညွှန်ချက်ကို အလေးအနက်ခံယူထားပြီး ဤသာသနာပြုကိစ္စကို ဆောင်ရွက်ခဲ့ကြပါသည်။ သာသနာပြုများကို နယ်စပ်၊ တောင်တန်းပြည်နယ်များရှိ တိုင်းရင်းသားတို့ထံ စေလွှတ်ပေး၍သာသနာပြုစေခဲ့ပါသည်။

တစ်ဖန် ၁၉၈၈ခုနှစ်တွင် တက်ရောက်လာသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရသည် မဖွံ့ဖြိုးမတိုးတက်သေးသော နယ်စပ်နှင့်တောင်တန်းဒေသရှိ တိုင်းရင်းသားပြည်သူများ အသိအလိမ္မာ ဉာဏ်ပညာဖွံ့ဖြိုးတိုးတက်ရေးအတွက်–

(က) ပြည်တွင်း ပြည်ပသာသနာပြုလုပ်ငန်းများကို ထိရောက်ကျယ်ပြန့်စွာဆောင်ရွက်သွားရန်။

(ခ) ပြည်တွင်း၌တောင်တန်းဒေသကိုအခြေခံထား၍ အခြားလိုအပ်သောဒေသတို့တွင် တိုးမြှင့်သာသနာပြုရန်။

(ဂ) ပြည်ပနိုင်ငံတရာတို့တွင်လည်း ထေရဝါဒ ဗုဒ္ဓသာသနာတော်ထွန်းကားပြန့်ပွားရေးကို အင်တိုက် အားတိုက် ဆောင်ရွက်သွားရန်။

(ဃ) ထိုသို့သာသနာပြုရာ၌ အထောက်အကူပြုစေရန်အတွက် ပိဋကတ်သာသနာပြုလုပ်ငန်း၊ နိုင်ငံတကာဆက်ဆံရေးလုပ်ငန်း၊ သာသနာပြုကျောင်းများထောက်ပံ့ရေးလုပ်ငန်း၊ ဗုဒ္ဓကျမ်းစာများကို သုတေသနပြုစုရေးလုပ်ငန်း၊ ဟောပြောပို့ချရေးလုပ်ငန်း စသည်များကို စနစ်တကျဆောင်ရွက်ရန် ဟူသော ရည်ရွယ်ချက်(၄)ရပ်ဖြင့် (၉-၅-၉၁)နေ့တွင် သာသနာရေးဝန်ကြီးဌာနလက်ထက်၌ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနကို-

(က) ပြည်ပသာသနာပြုဌာနခွဲ

(ခ) ပြည်တွင်းသာသနာပြုဌာနခွဲ

(ဂ) ဦးစီးရေးရာဌာနခွဲ

(ဃ) နိုင်ငံတော်ပရိယတ္တိသာသနတက္ကသိုလ် (ရန်ကုန်) ဌာနခွဲ

(င) နိုင်ငံတော်ပရိယတ္တိသာသနာတက္ကသိုလ်(မန္တလေး) ဌာနခွဲ

ဟူ၍ (၅)ဌာနဖြင့် ဖွဲ့စည်းဖွင့်လှစ်ခဲ့ပါသည်။

ပြည်တွင်းသာသနာပြုဌာနခွဲသည် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးဟူသော ဦးတည်ချက်(၃)ရပ်ကို အဓိကထားဆောင်ရွက်ရာ၌ ပြည်တွင်းနှင့်နယ်စပ်တောင်တန်းဒေသများနှင့် ဗုဒ္ဓသာသနာတော်ထွန်းကားပြန့်ပွားရေးလုပ်ငန်းကို အရှိန်အဟုန်မြှင့်တင်လျက် တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်နိုင်ရေးအတွက် ရဟန်းသာသနာပြုပုဂ္ဂိုလ်၊ လူသာသနာပြုပုဂ္ဂိုလ်များကို ခန့်အပ်တာဝန်ပေးခဲ့ပါသည်။

ထိုသာသနာပြုရဟန်းတော်များ လူပုဂ္ဂိုလ်များက သာသနာပြုလုပ်ငန်းကို အသိဉာဏ်ကျယ်ပြန့်စွာဖြင့် အရှိန်အဟုန်မြင့် ဆောင်ရွက်နိုင်ရန်အတွက် သာသနာပြုသင်တန်းများကိုဖွင့်လှစ်ကာ အောက်ပါဘာသာရပ်များကို သင်ကြားပို့ချပေးခဲ့ပါသည်-

၁။ ဘုရားလောင်းဝါဒလမ်းစဉ်

၂။ ထေရဝါဒမဟာယာနဟူသည်

၃။ သာသနာပြုအခြေခံကိုယ်ကျင့်တရား

၄။ သာသနာပြုနည်းသော့ချက်များ

၅။ သမိုင်းဝင်သာသနာပြုသူရဲကောင်းများ

၆။ မြတ်ဗုဒ္ဓ၏သာသနာပြုစည်းရုံးအောင်မြင်နည်း

၇။ ကမ္ဘာလူသားများ၏ ကိုးကွယ်ရာဘာသာကြီးများ၏ ဝါဒအယူအဆများ

၈။ မြန်မာနိုင်ငံဘာသာသာသနာဆိုင်ရာ ကျင့်သုံးမှုများ

၉။ ပြည်ထောင်စုတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများ

၁၀။ တောင်တန်းသာသနာပြုသမိုင်း

၁၁။ အခြေခံကျန်းမာရေး(တိုင်းရင်းဆေး+အနောက်တိုင်း ဆေး)

၁၂။ သ.ထ.ပ၏ဆောင်ရွက်ချက်များ

ဟူသောဘာသာရပ်(၁၂)ရပ်ကို လေ့ကျင့်သင်ကြားပို့ချပေးခဲ့ပါသည်။

ဤဘာသာရပ်(၁၂)ရပ်တွင် မြန်မာနိုင်ငံဘာသာသာသနာဆိုင်ရာကျင့်သုံးမှုများဘာသာရပ်သည် ယနေ့မြန်မာနိုင်ငံအတွင်းသို့ရောက်ရှိနေကြသော ဘာသာသာသနာအသီးသီး၏ ထိုးဖောက်ဝင်ရောက်မှု၊ သာသနာပြုမှုအခြေအနေအရပ်ရပ်တို့ကိုလည်းကောင်း၊ မြန်မာနိုင်ငံတော်အစိုးရ၏လွတ်လပ်စွာ ဘာသာသာသနာကိုးကွယ်မှု ခွင့်ပြုမှုကိုလည်းကောင်း၊ ဘာသာဝါဒတစ်ခုနှင့်တစ်ခု ဝါဒရေးရာမတူညီမှု၊ ကွဲပြားမှုနှင့် မတူခြားနားမှုကိုသုံးသပ်ဝေဘန်ဆန်းစစ်တတ်မှုကိုလည်းကောင်း သာသနာပြုပုဂ္ဂိုလ်များသိထားရန် လိုအပ်လှပါသည်၊ ထိုသို့သိထားပါမှ သူ့ဘာသာ ကိုယ့်ဘာသာ၏အားသာချက်၊ အားနည်းချက်များအပေါ်လေ့လာသုံးသပ်၍ ရှေ့ဆက်၍သာသနာပြုလုပ်ငန်းများကိုတွင်ကျယ်စွာပြုလုပ်နိုင်ကြပါမည်၊ သို့အတွက် မြန်မာနိုင်ငံရှိဘာသာခြားများ၏ဝင်ရောက်လာမှု၊ သာသနာပြုမှု၊သူတို့၏ဆောင်ရွက်မှု ဝါဒသဘောထားများကို လေ့လာသိရှိထားရန်၊

လိုအပ်၍ ဤ "မြန်မာနိုင်ငံဘာသာသာသနာကျင့်သုံးမှုများ" ဘာသာရပ်ကိုပို့ချသင်ကြားပေးခဲ့ပါသည်။

ဤဘာသာရပ်ကို မူလစတင်သင်တန်းဖွင့်စဉ်က ဆရာကြီး ဦးစဝ်ထွန်းမှတ်ဝင်းက ပို့ချခဲ့ပါသည်။ သင်ကြားပို့ချရမည့် အချက်အလက်များကို လမ်းညွှန်ပေးခဲ့ပါသည်။

ဤဘာသာရပ် သင်တန်းပို့ချချက် ပြဋ္ဌာန်းကျမ်းစာအုပ်ဖြစ်ရေးအတွက် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနကို စတင်ဦးစီးတည်ထောင်ခဲ့သော ဦးကျော်လွင် (ညွှန်ကြားရေးမှူးချုပ်)လက်ထက်ကတည်းက ရေးသားပြုစုရန် ကျမ်းပြုဌာနကို တာဝန်ပေးခဲ့ပါသည်၊ သို့သော် မအောင်မြင်မပေါ်ထွက်ခဲ့ပါ၊ ဒုတိယမျိုးဆက် ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်လက်ထက်တွင် ဆက်လက်အကောင်အထည်ဖော်ရန် ပြုစုရေးဘုတ်အဖွဲ့ကို ဖွဲ့ခဲ့ပါသည်။ ထိုအဖွဲ့ကို စာရေးသူကပင် ဦးဆောင်၍ရေးသားပြုစုခဲ့ရာ "တောင်တန်းသာသနာပြုသမိုင်း" တစ်အုပ်သာ ထွက်ခဲ့ပြီး ဆက်လက်မရေးသားနိုင်ခဲ့ကြပါ။

သို့အတွက် ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်မှ မိမိအား မူလဆရာကြီးများပို့ချချက် အချက်အလက်များအပေါ်မူတည်၍ ကျန်စာမူများကို ဆက်လက်ရေးသားပြုစုရန် မေတ္တာရပ်ခံသဖြင့် စာရေးသူမှ–

(၁) ထေရဝါဒမဟာယာန ဗုဒ္ဓဘာသာဟူသည်

(၂) သာသနာပြုသော့ချက်များ

(၃) သမိုင်းဝင်သာသနာပြု သူရဲကောင်းများ
(၄) မြတ်ဗုဒ္ဓ၏ သာသနာပြုစည်းရုံးအောင်မြင်နည်း
(၅) ကမ္ဘာလူသားများ ကိုးကွယ်ရာဘာသာကြီးများ၏ ဝါဒအယူအဆများ

ဟူသော ပြဋ္ဌာန်း(၅)အုပ်ကို ရေးသားပြုစုပေးခဲ့ပါသည်။

တတိယမျိုးဆက် ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့် လက်ထက်၌မူ–

၁။ ပြည်ထောင်စုတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများ ပထမတွဲ (ကချင်၊ကယား၊ကရင်)
၂။ ဒုတိယတွဲ (ချင်း၊မွန်၊ရခိုင်၊ရှမ်း)

စာအုပ်(၂)အုပ်ကို ပြုစုရေးသားပေးခဲ့ရပါသည်။

ယခုစတုတ္ထမျိုးဆက် ညွှန်ကြားရေးမှူးချုပ် ဦးခိုင်အောင် လက်ထက်တွင် ညွှန်ကြားရေးမှူးချုပ်၏မေတ္တာရပ်ခံလမ်းညွှန် ချက်နှင့် တောင်တန်းထေရဝါဒသြဝါဒစရိယအဖွဲ့ဥက္ကဋ္ဌ ဦးကုမာရ (သွံသာရ)ဆရာတော်၏ မေတ္တာရပ်ခံချက်အရ ကျန်ဘာသာရပ် များကို ဆက်လက်ပြုစုရေးသားပေးခဲ့ရာ–

၁။ သာသနာပြုအခြေခံကိုယ်ကျင့်တရား
၂။ ဘုရားလောင်း၏ ဝါဒလမ်းစဉ်များ

(၂)အုပ်ကိုရေးသားပြုစုပေးခဲ့ပြီးဖြစ်ပါသည်။

ယခုအခါ ပြည်တွင်းသာသနာပြုသင်တန်း၏ ပြဋ္ဌာန်း ဘာသာရပ် (၁၀)အုပ်တွင် နောက်ဆုံးကျန်နေသေးသော

"မြန်မာနိုင်ငံဘာသာသာသနာဆိုင်ရာကျင့်သုံးမှုများ" ပြဋ္ဌာန်းကျမ်းစာကို ဆက်လက်ပြုစုရေးသားပေးခဲ့ပါသည်။

ဤကျမ်းစာသည် ဤပြဋ္ဌာန်းချက်ဘာသာရပ်အတွက် အားလုံးပြီးပြည့်စုံသောကျမ်းစာ၊ သင်ခန်းစာဟူ၍မယူဆပါ၊ နောက်နောင်ပညာရှင်များအနေဖြင့် ပိုသည်ဖြုတ် လိုအပ်သည် ထပ်မံဖြည့်စွက်ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

မဟာသဒ္ဓမ္မဇောတိကဓဇ
တက္ကသိုလ်သျှင်သီရိ(ဓမ္မာစရိယ၊ ဘီအေ)
၂၀၁၃-ခုနှစ် ဇူလိုင်လ ( ၇ )ရက်

# အခန်း (၁)

## ၁။ လူသားများနှင့်ကိုးကွယ်ရာဖြစ်ပေါ်လာမှု

### (က) လူ့လောက လူ့သဘာဝများ

ဤကမ္ဘာဂြိုဟ်သည် သက်တန်းအားဖြင့် နှစ်သန်းပေါင်း (၅၀၀၀)ခန့်ရှိပြီးဟု ဘူမိဗေဒပညာရှင်များက ဆိုကြသည်။ သက်ရှိသတ္တဝါတို့ပေါ်ထွန်းလာသည်မှာ နှစ်ပေါင်းသန်းတစ်ထောင်ခန့်ရှိပြီးဟုခန့်မှန်းကြသည်။ ဤသက်ရှိလောကတွင်လည်း လူဖြစ်လာမည့်သတ္တဝါမျိုးထင်ရှားလာသည်မှာ နှစ်ပေါင်းတစ်သန်းခန့်ရှိပြီး လူသားစင်စစ်ဟုခေါ်ရလောက်အောင်အဆင့်သို့ရောက်သည်မှာ နှစ်ပေါင်းတစ်သိန်းခန့်သာရှိသေးသည်။ သို့သော် စာပေအရေးအသားနှင့်မှတ်တမ်းမှတ်ရာများထားရှိနိုင်သော အဆင့်သို့ရောက်ရှိလာသည်မှာ နှစ်ပေါင်း (၅၀၀၀)ခန့်သာရှိသေးသည် ဟု ခန့်မှန်းထားကြပါသည်။

ဤကမ္ဘာပေါ်ရှိ သက်ရှိသတ္တဝါအားလုံးတွင်လည်း လူသားသည် အထူးခြားဆုံးသတ္တဝါဖြစ်သည်။ ထူးခြားသောအရည်အချင်းမှာ–

–အတူပူးပေါင်းနေထိုင်ကာ အဖွဲ့အစည်းတည်ထောင်၍ နေနိုင်သည်။

–ပြောဆိုရသောဘာသာစကားကို တီထွင်တတ်သည်

–တီထွင်ပြီးသောဘာသာစကားများကို စဉ်ဆက်မပြတ်အောင်သင်ကြားပေးတတ်သည်။

–အဖွဲ့အစည်းတွင် လိုက်နာကျင့်သုံးရမည့်ဓလေ့စရိုက်များ ကိုယ်ကျင့်တရားများကို ဖေါ်ဆောင်ပေးသည်။

–တိရစ္ဆာန်များကို အသုံးဝင်သောတိရစ္ဆာန်များဖြစ်လာအောင်လေ့ကျင့်ပေးသောပညာ၊ မွေးမြူရေးပညာများ၊ သစ်ပင် သီးနှံများစိုက်ပျိုးသောနည်းပညာများကို လေ့လာတီထွင်တတ်သည်။

–အဆင့်ဆင့်သင်ကြားပေးတတ်သည်၊ ယနေ့ခေတ်အလွန်တိုးတက်သောစက်မှုလက်မှုသိပ္ပံပွားနည်းပညာများ၊ စီးပွားရေး နည်းပညာများစသော နည်းပညာမျိုးစုံတိုးတက်လာရသည်မှာ ဤသို့အဆင့်ဆင့်သင်ကြားပေးသောလူသားများ၏ ထူးခြားသောအရည်အသွေးကြောင့်ဖြစ်ပါသည်။

လူသားသည် မိမိတွေ့ထိသိမြင်ရသော သိမှတ်ရမှုများကို အခြေခံ၍ သူယူဆထားသော ဩကာသလောကမှာ သူ၏နေရာ ဤကမ္ဘာမြေသည် အချက်အချာဗဟိုဌာနဖြစ်သည်။ အခြား အခြားသော နေ,လ,နက္ခတ်ကြယ်တာရာတို့က မိမိတို့ကမ္ဘာကို လှည့်ပတ်သွားနေသည်ဟု နှစ်ပေါင်းများစွာက စွဲမှတ်ယူခဲ့သည် (ဗုဒ္ဓဂေါတမကလည်း လွန်ခဲ့သောနှစ်ပေါင်း(၂၅၀၀)ကထဲက ဟောကြားခဲ့သည်)

သို့သော်လူသား၏ထူးခြားသောအရည်အချင်းဖြစ်သည့် စူးစမ်းလေ့လာခြင်း ကြောင်းကျိုးဆက်စပ်ဆင်ခြင်တတ်ခြင်းများ သည် ဩကာသလောကအပေါ်တွင် သူ၏အသိအမြင်ကို ကျယ် ပြန့်အောင်ဆောင်ရွက်ပေးလေသည်။ သန်းထောင်ပေါင်းများစွာ သောနေအဖွဲ့အစည်းများကိုမြင်တွေ့လာကြရသည်။ ထိုနေအဖွဲ့ အစည်းထဲတွင် ကမ္ဘာဂြိုဟ်ကဲ့သို့သော ဂြိုဟ်များရှိနိုင်မည်ဟု တွက်ဆလာနိုင်ခဲ့သည်။ထိုကမ္ဘာဂြိုဟ်ကဲ့သို့သော ဂြိုဟ်ပေါ်တွင် ဤကမ္ဘာပေါ်ရှိလူသားများကဲ့သို့သော လူသတ္တဝါများရှိနိုင်မည်ဟု ယူဆလာကြသဖြင့် လူသား၏အတွေးအမြင်သည် အလွန်ပြောင်း လဲလာခဲ့ရသည်။

ထိုသို့လူသားအတွေးအခေါ်ပြောင်းလဲလာရာတွင် စာရေး တတ် မှတ်တတ်သောလူသားဖြစ်လာသောအချိန်နှင့် စာမရေး တတ် မမှတ်တတ်သောလူဆေးသောခေတ် လူသားအချိန် ဟူ၍ ခေတ်(၂)ခေတ်ခွဲ၍ မှတ်ယူရပါမည်။

စာရေးစာဖတ်မတတ်သေးသောလူသားသည် အတွေး အခေါ်များတိုးတက်ပြောင်းလဲလာသည်နှင့်အမျှ ကိုးကွယ်မှု ယုံကြည်မှု၊ ပူဇော်မှု၊ ပသမှု ဘာသာရေးလုပ်ငန်းများရှိနေခဲ့ကြ သည်။ ကိုးကွယ်မှုဆိုင်ရာ ဘာသာအယူဝါဒအချင်းချင်းပေါ်တွင် လည်း နှီးနှောဖလှယ်ခြင်း နှိုင်းယှဉ်လေ့လာခြင်းများဖြင့် တိုးတက်မှု ပြောင်းလဲမှုများ ဖြစ်ပေါ်လာရပါသည်။

လူသားအကြောင်းကိုလေ့လာသောအခါ လူသားအပေါ် တွင်လေ့လာရန် အကြောင်းအရာများပြားစွာထွက်ပေါ်လာသည့် တွက်ခွဲခြားစီစစ်လိုက်သောအခါ လူ့အဖွဲ့အစည်းအတွင်းတွင် လူတို့ဆောင်ရွက်နေကြသော လုပ်ငန်းများနှင့်ဆက်စပ်၍ နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး၊ ယဉ်ကျေးမှုစသောအကြောင်းအရာ များထွက်ပေါ်ထင်ရှားလာသလို ကိုးကွယ်ရာယုံကြည်ရာ ဘာသာ လည်းတစ်ခုပါဝင်လာပါသည်။

လူ့အဖွဲ့အစည်း၏ရှေ့ပိုင်းကို လေ့လာသောအခါ မဖွံ့ဖြိုး သေးသောအခြေအနေနှင့် မူလအခြေအနေတိုင်းနေကြစဉ်က ယခုကြီးပွားတိုးတက်နေသော လူ့အဖွဲ့အစည်းတွင်တွေ့ရသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးမျိုးမှာ မသိမသာမထင်မရှားလှ သေးသော်လည်း ရှေးလူသားတို့၏ကိုးကွယ်မှုဆိုင်ရာများကိုမူ ကောင်းစွာတွေ့မြင်ရပါသည်။

လူသားအဖွဲ့အစည်းများသည် ရှေးဦးမူလအခြေအနေမှ အချိန်ကာလအလိုက် တဖြည်းဖြည်းပြောင်းလဲလာကြသည်၊ ထိုသို့

ပြောင်းလဲလာသည်နှင့်အမျှ နေထိုင်မှု၊ လုပ်ကိုင်မှုများလည်း အဆင့်ဆင့်ပြောင်းလဲလာခဲ့ကြသည်၊ တိုးတက်လာခဲ့ကြသည်၊ လူမှုရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး၊ နိုင်ငံရေး၊ ယဉ်ကျေးမှုများလည်းအဆင့်ဆင့်ပြောင်းလဲတိုးတက်လာခဲ့သည်။

## ကိုးကွယ်ရာဘာသာများဖြစ်ပေါ်လာမှု

ဤနည်းအားဖြင့် လူအဖွဲ့အစည်း တစ်ခု သို့မဟုတ် လူမျိုးတစ်မျိုး၏ ကိုးကွယ်မှုဆိုင်ရာ အခြေအနေများသည် အဆင့်ဆင့်တိုးတက်လာခဲ့သည်။

လူသားသည် လူမျိုး၏သမိုင်းကြောင်းတစ်လျှောက် လျှောက်ခဲ့ရသောအတွေ့အကြုံများအပေါ် ထင်ဟပ်၍ မိမိတို့၏ လုံခြုံမှုရရှိရေးကို ဦးစားပေးကာ ယုံကြည်ကိုးကွယ်မှု ဘာသာရေးကိုတည်ဆောက်လာခဲ့ကြသည်။ ရှေးဦးမူလ လူအဖွဲ့အစည်းတွင်အခြေခံခဲ့သော ရှေးဦးမူလကိုးကွယ်မှု၊ ယုံကြည်မှုများသည် အတွေ့အကြုံရင့်ကျက်လာသည်နှင့်အမျှ အဆင့်ဆင့်ပြုပြင် ပြောင်းလဲပြီးပေါ်ထွန်းလာခဲ့ရခြင်း ဖြစ်သည်ကို လေ့လာသိရှိရပါသည်။

လူသည်အတွေ့အကြုံများအရ နေထိုင်ရေးလုံခြုံမှုရရှိရန် ကျေးရွာများတည်ထောင်သည်၊ ထိုမှတစ်ဆင့်တက်၍ မြို့ပြများ တည်ထောင်သည်၊ ထိုမှတစ်ဆင့်တက်၍ တိုင်းပြည်များတည်

ထောင်သည်၊ မိမိတိုင်းပြည်၏နယ်ကိုကျော်လွန်၍ အခြားတိုင်းပြည်များကိုပါသိမ်းယူကာ အင်ပါယာနိုင်ငံကြီးများတည်ထောင်သည့်အဆင့်သို့ရောက်လာကြသည်၊ ထိုကဲ့သို့ အင်ပါယာကြီးများပေါ်ပေါက်လာပြီး အကြောင်းအားလျော်စွာ ပျောက်ကွယ်သွားရပြန်ပါသည်၊ ထိုအင်ပါယာကြီးများတည်ထောင်သောလူမျိုးများတွင် ယင်းတို့ကိုးကွယ်သောဘာသာကြီးများ ရှိကြသည်၊ ထိုအင်ပါယာကြီးများ ပျောက်ကွယ်သွားကြသော်လည်း ထိုလူမျိုးတို့၏ကိုးကွယ်သောဘာသာကြီးများ၏ အရှိန်အဝါဓလေ့ထုံးစံများသည် နောက်တတ်လာသော လူ့အဖွဲ့အစည်းပေါ်တွင် ဆက်လက်သက်ရောက်နေခဲ့ကြသည်။

တိုက်ဂရစ်(စ်)နှင့် ယူဖရေးတီမြစ်ဝှမ်းရှိ မက်ဆိုပိုတေမီယားနှင့်နိုင်းမြစ်ဝှမ်းရှိ အီဂျစ်တို့၏ယဉ်ကျေးမှုသည် အလွန်ရှေးကျသည်၊ ထိုလူမျိုးကြီးများ၏ယဉ်ကျေးမှုနှင့် ကိုးကွယ်သောဘာသာကြီးများအသီးသီးရှိခဲ့ကြသော်လည်း ယနေ့တွင် ပျောက်ကွယ်သွားကြပြီးဖြစ်သော်လည်း ထိုအရပ်တွင် ထွန်းကားခဲ့သောအီဂျစ်၊ ဘေဘီလုံ၊ နီးယား၊ အဆီရီယားတို့၏ဘာသာ အယူဝါဒများသည် ဂရိနှင့်ရောမတို့၏အတွေးအခေါ်များပေါ်တွင် လွှမ်းမိုးခဲ့သည်။ အစ္စရေး(ဂျူး)တို့သည်ပင် ယင်းတို့၏အရှိန်အဝါအာဏာက မလွတ်ပေ၊ အစ္စရေး(ဂျူး)တို့သည် တစ်ဆူတည်းသောထာဝရဘုရားဝါဒကို စောစွာတည်ထောင်ခဲ့ကြပြီး ယနေ့ထိတည်မြဲနေ အောင်စွမ်းဆောင်နိုင်ကြသည်။

တစ်ဆူတည်းသောထာဝရဘုရားဝါဒ (Monotheism) ခေါ်သောကိုးကွယ်ရာဘာသာ တစ်ဆူတည်းသာရှိသည် ဟု ခံယူထားသောဘာသာများမှာ

–ဟိန္ဒူဘာသာ

–ဂျူး (အစ္စရေး)တို့ကိုးကွယ်သော ဂျူးဘာသာ

–ထိုဘာသာကိုအခြေခံ၍ပေါက်ဖွားလာသောခရစ်ယာန်ဘာသာ

–အစ္စလာမ်ဘာသာ

–ပါရာစီဘာသာ .....တို့ဖြစ်ကြသည်။

ထိုဘာသာကြီးများ၏ထူးခြားချက်မှာ အားလုံးအာရှတိုက်မှပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။

အနောက်အာရှတွင် ပါလက်စတိုင်း၊ အာရေဗျာကျွန်းဆွယ်နှင့် အီရန်ပြည်တို့ဖြစ်သည်၊ ထိုတိုင်းပြည်များသည် ခြောက်သွေ့သောသဲကန္တာရဉတုရှိသော နိုင်ငံများဖြစ်သည်။ ထိုပြည်များမှ ဂျူးဘာသာ၊ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာများပေါ်ထွန်းခဲ့သည်။

အာရှအလယ်ပိုင်း အိန္ဒိယပြည်မှ ဟိန္ဒူဘာသာ၊ ဗုဒ္ဓဘာသာ၊ ဂျိန်းဘာသာများပေါ်ထွန်းခဲ့သည်။

အာရှအရှေ့ပိုင်း တရုတ်ပြည်၊ ဂျပန်ပြည်တို့မှ တောက်ဘာသာ၊ ကွန်ဖြူးရှပ်တို့ဘာသာများ ပေါ်ထွန်းခဲ့သည်။

# အခန်း (၂)

## ၂။ မြန်မာနိုင်ငံတွင်းသို့ ဗုဒ္ဓသာသနာအမျိုးမျိုး ဝင်ရောက်လာမှုများ

### (က) မြန်မာနိုင်ငံ ရာမညတိုင်းသို့ ဗုဒ္ဓသာသနာ ရောက်ရှိလာခြင်း

ဂေါတမဗုဒ္ဓသည် သဗ္ဗညုတဉာဏ်ရှင်ဘုရားအဖြစ် ရောက်တော်မူပြီးနောက် သတ္တာသတ္တာဟစံနေစဉ် (၇× ၇=၄၉ရက်) တိုင်တိုင် မျက်နှာသစ်ခြင်း၊ ကိုယ်တော်ကိုသုတ်သင်ခြင်း၊ အာဟာရဘုဉ်းပေးသုဉ်းဆောင်ခြင်းကိစ္စမရှိ၊ ဈာနသုခ၊ မဂ္ဂသုခ၊ ဖလသုခဖြင့်သာ စံနေတော်မူသည်။

(၄၉)ရက်စေ့သောနေ့ အရဏ်တက်သောအခါ၌ မျက်နှာတော်သစ်လိုသောဆန္ဒဖြစ်တော်မူသည်ကို သိကြားမင်းသည် သိတော်မူ၍ဆေးကိစ္စကို ပြီးစေတတ်သော ကြစုသီး၊ ကွမ်းရိုး၊ ဒန်ပူ၊ အနဝတတ်မျက်နှာသစ်ရေများကို ကပ်လှူလာ၍ ကြစုသီးကိုဘုဉ်းပေးတော်မူခြင်းသည်ပင် ကိုယ်တော်သုတ်သင်ခြင်းကိစ္စပြီးသည်၊ ကွမ်းရိုး၊ ဒန်ပူ၊ အနဝတတ်မျက်နှာသစ်ရေများဖြင့် မျက်နှာသစ်တော်မူပြီးတွင် ရှေးပဥ္စမဘဝက ကုန်သည်ညီနောင်တို့၏ အမိဖြစ်ခဲ့ဘူးသော ထိုတောအုပ်ရှိနတ်သမီးသည် လှည်းငါးရာတို့မလည်မသွားတတ်အောင် ချုပ်လေသောကြောင့် ဗလိနတ်စာပေးခြင်း၊ပသခြင်းကို ပြုလုပ်ကြသည်ရှိသော်–

'အချင်းကုန်သည်တို့...လောက၌ဘုရားပွင့်တော်မူပြီး ဤလင်းလွန်ပင်ရင်း၌ ဘုရားသခင်ရှိတော်မူ၏၊ သင်တို့မှာပါသော ပျားမုံ့ဆုပ်၊ မုံ့ကြွက်ကျစ်များဖြင့် လုပ်ကျွေးကြလေ'

ဟုနတ်သမီးကဆိုလျှင် နတ်သမီးလမ်းညွှန်သည့်အတိုင်း ဘုရားရှင်ထံသို့သွား၍ မုန့်များဆက်ကပ်လှူဒါန်းကြသည်၊ ဘုရားရှင်က ဒွေဝါစိကသရဏဂုံဆောက်တည်စေသည်။

(ထို့ကြောင့် ကုန်သည်ညီနောင်တို့သည် ယောကျာ်းတို့တွင် ရှေးဦးစွာ သရဏဂုံတည်သောအရာ၌ ဧတဒဂ်ရကုန်သည်၊ အမျိုးသမီးတို့တွင် ဂဏနို့ဆွမ်းလှူသော သုဇာတာသည် ရှေးဦးစွာ သရဏဂုံတည်သောအရာ၌ ဧတဒဂ်ရသည်)

ကုန်သည်ညီနောင်တို့က ရေရှည်ကိုးကွယ်ပူဇော်ဘို့ရာကို တောင်းခံကြသည်ရှိသော် ဘုရားရှင်က လက်ျာလက်တော်ဖြင့် ဦးခေါင်းကိုသုံးသပ်၍ လက်တော်တွင်ကပ်ငြိပါလာသော ဆံတော် (၈)ဆူကိုပေးလေသည်။

တဖုဿ ဘလ္လိကညီနောင်တို့သည် ဘုရားရှင်ထံမှရလာသောဆံတော် (၈)ဆူကို မိမိတို့နေရာ ရာမညတိုင်း ဥက္ကလာပ ဇနပုဒ်၊ ပေါက္ခရဝတီမြို့သို့ပြန်ရောက်လျှင် ဥက္ကလာပမင်းကြီး၏ အကူအညီဖြင့် ဆံတော်များကို ရွှေကြုတ်တွင်ထည့်၍ ပထမ ဆံတော်စေတီကို တည်ထားကိုးကွယ်ခဲ့ကြသည်။

ထိုဘုရားဖြစ်တော်မူစအချိန်ကပင် မြန်မာပြည်သို့ ဗုဒ္ဓ သာသနာသည် ရောက်ရှိခဲ့သည်ဟု ဆိုရပါမည်။

## (ခ) ရာမညတိုင်း သုဝဏ္ဏဘူမိ(သထုံ)သို့ ဗုဒ္ဓသာသနာ ရောက်ရှိလာခြင်း

အိန္ဒိယနိုင်ငံ၌ ဗုဒ္ဓမပွင့်တော်မူမီ ကာလရှည်စွာကပင် ကရဏ္ဏတိုင်း သုဘိန္နမြို့ တိဿမင်းလက်ထက်၌ အမတ်ကြီး၏ သား တိဿကုမ္မာနှင့် ညီဇယကုမ္မာတို့သည် လူဘဝအဖြစ်၌ သံဝေဂရ၍ သမုဒ္ဒရာအနီး မစ္ဆဂိရိကျောက်တောင်ဝယ် ရသေ့ပြု နေကြသည်။

ထိုအခါ နဂါးမနှင့်ဝိဇ္ဇာမိုရ်ရဲတို့ဆက်ဆံကြ၍ ဥနှစ်လုံးဖွားပြီး နဂါးမကစွန့်သွားသည်၊ ထိုဥနှစ်လုံးကို နောင်တော်ရသေ့က ရလာ၍ ညီတော်နှင့်တစ်ယောက်တစ်လုံးစီ ထိန်းသိမ်းထားကြသည်။ အချိန်စေ့သော် ထိုဥမှကလေးသားနှစ်ယောက်မွေးဖွားခဲ့သည်။ (၁၀)နှစ်အရွယ်ရှိမှ ညီတော်ရသေ့မွေးသောကလေးသည် သေလွန်၍ မဏ္ဍိမတိုက် မိထိလာပြည်တွင် ဂဝံပတိသတို့သားဖြစ်ရလေသည်။

ခုနစ်နှစ်အရွယ်ရောက်လျှင် ဘုရားရှင်ထံအပ်၍ ရဟန်းပြုသဖြင့် ရဟန္တာဖြစ်လေသည်။

နောင်တော်ရသေ့ထံရှိသူငယ်သည် (၁၇)နှစ်အရွယ်ရှိလျှင် သိကြားမင်းက သုဓမ္မပါရ (သထုံ)မြို့ကို ဖန်ဆင်းပေးသဖြင့် သီရိမာသောက (သီဟရာဇာ)အမည်ခံလျက် မင်းပြုလေသည်။

ရဟန္တာအရှင်ဂဝံပတိသည် မိခင်ကိုတွေ့ချင်၍ မိထိလာပြည်သို့ ဘုရားထံခွင့်ပန်၍ ကြွသွားရန် စီစဉ်စဉ် အမိသေလွန်ကြောင်းသိရ၍–

'အမိသည် အဘယ်မှာဖြစ်လေသနည်း'

ဟုဆင်ခြင်လတ်သော် မုဆိုးတံငါတို့ဖြင့်အသက်မွေးမှုများသောရာမညတိုင်းပြည်မှာဖြစ်သည်ကို သိတော်မူသည်။

'ငါသွား၍ မဆုံးမသော် ငါ၏အမိသည် အပါယ်လားတော့မည်' ဟုကြံစည်မိ၍ ဘုရားရှင်ထံခွင့်ပန်၍ ရာမညတိုင်းသို့ကောင်းကင်ခရီးဖြင့် ကြွသွားလေသည်။

ရာမညတိုင်း သထုံပြည်သို့ရောက်သော် အထက်ယခင်ဘဝက အကိုတော်စပ်ခဲ့ဘူးသော သီဟရာဇာမင်းနှင့်တကွပြည်သူပြည်သားတို့အား တရားဟော၍ငါးပါးသီလဌ်တည်စေသည်။

ထိုအခါ သီဟရာဇာမင်းက–

'သခင်ကလူတွင်အထွတ်အဖျား ဖြစ်လေသလော' ဟုမေးသည်

'မင်းမြတ်...ငါကားလူတွင် အထွတ်အဖျားမဟုတ်၊ (၃၁)ဘုံတွင် လူနတ်ဗြဟ္မာသတ္တဝါတို့၏ အထွဋ်အဖျားမကိုဋ် သရဖူဖြစ်တော်မူသော ငါ၏ဆရာ မြတ်စွာဘုရားသည် မဇ္ဈိမတိုက် ရာဇဂြိုဟ်ပြည်မှာ ယခုရှိနေပါသည်'

'အရှင်ဘုရား...ထိုဘုရားရှင်ကို တပည့်တော်တို့ ဖူးမြင်ရလေအောင် ပင့်ဆောင်ပေးတော်မူပါ'

ဟုသီဟရာဇာမင်းက တောင်းပန်လျှောက်ထားသည်ကို အရှင်ဂဝံပတိကဝန်ခံ၍ ဘုရားရှင်အားပင့်ဘိတ်သော် (၈)ဝါမြောက်တွင်သံဃာတော်(၂)သောင်းနှင့် ရာမညတိုင်းသထုံသို့ ကောင်းကင်ခရီးဖြင့် ကြွတော်မူသည်။

ရောက်တော်မူလျှင် ရတနာမဏ္ဍပ်တွင် သီတင်းသုံးနေတော်မူ၍ မင်းနှင့်တကွပြည်သူပြည်သားတို့အား တရားရေအေးတိုက်ကျွေးတော်မူသည်၊ သရဏဂုံတည်စေသည်။

ထိုအခါ တရားလာနာပြီး ဘုရားရှင်ကိုဖူးမြော်ကြသော ရသေ့ခြောက်ဦးတို့အား ဆံတော် (၆)ဆူပေးသနားတော်မူသည်၊ ထို့နောက် (၄၅)ဝါရောက်၍ ပရိနိဗ္ဗာန်စံတော်မူသောအခါ၌လည်း အမိန့်ခွာန်တော် မူရင်းရှိသည့်အတိုင်း သင်္ဂြိုဟ်ရာ လောင်တိုက်တော်က (၃၃)ချောင်းသော သွားတော်ဓာတ်ကို အရှင်ဂဝံပတိ ထုတ်ယူ၍ သထုံပြည်သို့ဆောင်ပြီးလျှင် သီဟရာဇာမင်းအား ပေးအပ်၍ ကျောက်စေတီ ၃၃ ဆူ တည်ထားကိုးကွယ်ထားလေသည်။

ဤသို့လျှင် ဘုရားဖြစ်တော်မူပြီးနောက် (၈)ဝါမြောက်ကပင် ရဟန္တာဂဝံပတိပြုလုပ်ဆောင်ရွက်ခဲ့၍ ရာမညတိုင်းသထုံ၌ ဗုဒ္ဓသာသနာသည် စောစွာရောက်ရှိပျံ့နှံ့ခဲ့သည်။

## (ဂ) ရှင်သောဏ ရှင်ဥတ္တရတို့ သာသနာပြုရောက်ရှိခြင်း

ဗုဒ္ဓပရိနိဗ္ဗာန်စံဝင်ပြီးနောက် သာသနာ ၂၃၅ခု ရောက်သော် အိန္ဒိယနိုင်ငံ၌ မောရိယအင်ပါယာ သီရိဓမ္မာသောကမင်းကြီးသည် အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်၏အကူအညီဖြင့် သာသနာပတိတ္ထိအယူအဆများကို သုတ်သင်ရန် တတိယသံဂါယနာတင်ပြီးနောက် ပစ္စန္တရာဇ်တိုင်းတို့၌ သာသနာတည်စေရန် (၉)တိုင်း (၉)ဌာနသို့ပ သာသနာပြုမထေရ်များစေလွှတ်ခဲ့ရာတွင် သုဝဏ္ဏဘူမိသထုံသို့ ရှင်သောဏနှင့် ရှင်ဥတ္တရတို့သည် နောက်ပါသံဃာ(၅)ပါးတို့နှင့်အတူ သာသနာပြုကြွခဲ့သည်။

ထိုအချိန်၌ သုဝဏ္ဏဘူမိသထုံပြည်ဝယ် သီရိမာသောက မင်း-မင်းပြုနေသည်။ သထုံပြည်ကား ကေလာသတောင်ထိပ် အနောက်တောင်တွင် ရှေ့တစ်ဝက်တောင်ထိပ်၊ အနောက် တစ်ဝက်မြေညီ၌ တည်သည်၊ ထိုမြို့ကိုတင်လဲချက်သော လူတို့ အိမ်ကဲ့သို့အိမ်အများရှိသောကြောင့် ဂေါဠမတ္တိကာမြို့ ဟူ၍ ခေါ်သည်။

ထိုမြို့သည် သမုဒ္ဒရာနှင့်နီးသောကြောင့် ရေစောင့်ဘီလူးမ တို့သည် မင်းအိမ်၌သားဖွားတိုင်း ဝင်ယူစားသောက်ကြလေ့ရှိသည်။

သာသနာပြုမထေရ်တို့ရောက်သောနေ့သည် မင်းအိမ်၌ သားဖွားနေခိုက်ကြုံ၍ ဘီလူးမအုပ်စုသည် အရံငါးရာနှင့်လာသည် ကိုလူတို့မြင်၍ ကြောက်လန့်ကြွေးကြော်ကြ၏၊ ထိုသို့သောအချိန် တွင် မထေရ်တို့သည် ကြောက်မက်ဘွယ်ကောင်းသောခြင်္သေ့နှင့် တူသော ခေါင်းတစ်လုံး ကိုယ်(၂)ခုရှိသော မနုဿသီဟသဏ္ဌာန်နှင့် အရေအတွက်နှစ်ဆထက်သာအောင်ဖန်ဆင်းပြီးမှ ဘီလူးမတို့ကို လိုက်၍ပိတ်ဆီးကုန်လျှင် ဘီလူးမတို့ထွက်ပြေးကြကုန်သည်။

မထေရ်တို့သည် ဘီလူးမတို့တစ်ဖန်မလာစိမ့်သောငှါ ပရိတ် အရံအတားကိုပြုပေးသည်၊ ထိုအချိန် စည်းဝေးရောက်နေကြသော လူတို့အား ဗြဟ္မဇာလသုတ်ကိုဟောကြားရာ လူ(၆၀၀၀၀)တို့ အကျွတ်တရားရပြီး သောတာပန်စသော အရိယာဖြစ်ကြသည်၊ (၃၅၀၀)သောယောကျ်ားတို့သည် ရဟန်းပြုကြကုန်၏၊ရဟန်းပြု သောမင်းသားမင်းမျိုးနွယ် (၁၅၀၀)ရှိသည်။

ကျန်သောသူတို့ကား သရဏဂုံတည်စေသည်၊ ထိုကာလမှ စ၍ ယနေ့ဖွားစမင်းသားငယ်တို့ကို သောဏုတ္တရာဟူ၍ နာမည် မှည့်ကြသည်။

လူငယ်ခေပ်သိမ်းတို့အားလည်း ဘီလူးဘေးကိုတားဆီးခြင်းငှါ ထန်းရွက်၊ စလူးရွက်များတွင် မထေရ်တို့ဖန်ဆင်းပေးသော မနူသီဟရုပ်ကိုရေး၍ ဦးခေါင်းထက်တင်ထားကြကုန်သည်။

သထုံမြို့၏အရှေ့မြောက်ထောင့် တောင်ထိပ်၌ မနူသီဟ ရုပ်ကိုထုလုပ်ထားကြသည်။

ဤသို့လျှင် ဘုရားရှင်ပရိနိဗ္ဗာန်စံဝင်တော်မူပြီးသည်နောက် သက္ကရာဇ် ၂၃၅ ခုနှစ်တွင် အရှင်သောဏနှင့် အရှင်ဥတ္တရနှင့် သာမဏေမထေရ် (၅)ပါးတို့ ပြုစု၍ ရာမညတိုင်း၌ ဗုဒ္ဓသာသနာ သည် တတိယအကြိမ်မြောက်ထွန်းကားနေခဲ့သည်။

## (ဃ) မြန်မာနိုင်ငံ ရာမညတိုင်းသို့ ရှင်မဟာဗုဒ္ဓဃောသ ပိဋကတ် များသယ်ယူလာခြင်း

အရှင်ဗုဒ္ဓဃောသသည် ပုဏ္ဏားရွာတစ်ရွာမှ မွေးဖွားလာ သောပုဏ္ဏားလုလင်ဖြစ်သည်။ ဗေဒင်သုံးပုံကို တစ်ဘက်ကမ်းသို့ ရောက်အောင်တတ်၏၊ ထိုထိုအယူဝါဒကိုလည်းကောင်းစွာ သိကျွမ်း၍ သူတစ်ပါးနှင့်အပြောအဟော အဖြေအတင်းဝါဒကို လည်းအလွန်ကြူး၏၊ ဇမ္ဗူဒိပ်မြေပြင်အလုံးကို လှည့်ပတ်လတ်

သော် တစ်ဆောင်သောကျောင်းသို့ရောက်၍ တည်းခိုနေထိုင်သည်။

ထိုကျောင်း၌နေသော ရှင်ရေဝတမထေရ်အား ပုဏ္ဏားလုလင်က ဗေဒင်သုံးပုံနှင့်စပ်သောပြဿနာကိုမေးရာ ရှင်ရေဝတမထေရ်က အလုံးစုံဖြေပြသည်၊ တစ်ဖန်မထေရ်က ပရမတ်နှင့်စပ်သောပြဿနာကိုမေးရာ ပုဏ္ဏားလုလင်မဖြေဆိုနိုင်သောအခါ ပုဏ္ဏားလုလင်က-

'အဘယ်မန္တန်နည်း' ဟုမေးသည်

'ဗုဒ္ဓမန္တန်ဖြစ်သည်' ဟုရှင်ရေဝတကဖြေသည်။

'ထိုမန္တန်ကို သင်ကြားလိုပါသည်'

'ငါကဲ့သို့ ရဟန်းဝတ်ပါမှ သင်ကြားနိုင်မည်'

ဟုပြောသောအခါ ပုဏ္ဏားလုလင်သည် မိဘတို့ထံခွင့်ပန်၍ ရှင်ရေဝတထံရဟန်းပြုပြီး ပိဋကတ်သုံးပုံကိုသင်ယူခဲ့သည်။ ဆရာ့သခင်ကဲ့သို့ နက်နဲသောအကျော်အစောရှိသောကြောင့် ဗုဒ္ဓဃောသဟုဆရာကအမည်ပေးသည်။

အရှင်ဗုဒ္ဓဃောသသည် အရှင်ရေဝတထံ၌ နေလျက်ဉာဏောဒယကျမ်း၊ အဋ္ဌသာလီနီကျမ်းများကိုပြုစုပြီးမှ ပရိတ်အဋ္ဌကထာပြုမည်ဟု အားထုတ်ဆဲတွင် ရှင်ရေဝတမထေရ်က

'ဤဇမ္ဗူဒိပ်၌ ပါဠိတော်မျှသာရှိသည်၊ အဋ္ဌကထာလည်းမရှိ၊ အာစရိယဝါဒလည်းကွဲပြားခြားနားနေကြ၏၊ သို့တွက်ရှင်မဟိန္ဒဆောင်ယူသွားသော သီဟိုဠ်၌ရှိသော အဋ္ဌကထာ၊

သံဂါယနာသုံးတန်းတင်ထားသော ပါဠိတော်၊ အရှင်သာရိပုတ္တရာ စသောရဟန္တာတို့ဟောထားသော စကားစဉ်များသည် သီဟိုဠ်ကျွန်း၌ရှိသည်၊ သင်သွား၍မာဂဓဘာသာဖြင့် ရေးသားပြန်ယူချေ၊ ထိုသို့ပြန်ယူသော် လူခပ်သိမ်းတို့ စီးပွားများလတ္တံ့'

ဟု ဥပဇ္ဈာယ်ဆရာက စေခိုင်းသဖြင့် အရှင်ဗုဒ္ဓဃောသသည် သီဟိုဠ်သို့ကူး၍ အနုရာဓမြို့ မဟာဝိဟာရကျောင်းတိုက်သို့ဝင်ပြီးလျှင် သံဃပါလမထေရ်ထံ သီဟိုဠ်အဋ္ဌကထာနှင့် ထေရဝါဒ အလုံးစုံကိုကြားနာသင်ယူပြီးမှ အဋ္ဌကထာများကို ပြုအံ့သောငှာ ပန်ကြားသည်။

မထေရ်ကြီးက သီလေပတိဋ္ဌာယ စသောဂါထာကိုပေး၍

"ဤဂါထာ၌ သင်၏အစွမ်းကိုပြပါဦး"

ဟုမိန့်ကြားသဖြင့် အဋ္ဌကထာနှင့်တကွ ပိဋကတ်သုံးပုံအကျဉ်းချုံး၍ ဂါထာ (၁၄၀၀၀၀)ပမာဏရှိသော ဝိသုဒ္ဓိမဂ်ကျမ်းကို ပြုစုခဲ့သည်၊ ပထမပြုသောကျမ်းဝှက်ခံရ၍ ဒုတိယနေ့ဆက်ပြု၏၊ ဝှက်ခံရပြန်၏၊ တတိယနေ့ဆက်ပြုသည်၊ ထို့နောက် သုံးစောင်လုံးကို သံဃာအားပြသော် အားရနှစ်သက်ကြ၍ အဋ္ဌကထာနှင့်တကွ ပိဋကတ်များကို မာဂဓဘာသာသို့ ကူးယူခွင့်ပြုခဲ့သည်။

ပါဠိ၊အဋ္ဌကထာအားလုံးကို မာဂဓဘာသာဖြင့် ကူးယူပြီးသော် ဇမ္ဗူဒိပ်ကျွန်းသို့ပြန်ခဲ့သည်၊ သို့သော် သိကြားမင်းက ဇမ္ဗူဒိပ်ကျွန်း၌ ဗုဒ္ဓသာသနာကွယ်တော့မည်၊ ဗုဒ္ဓသာသနာသည် ပစ္စန္တရာဇ် သုဝဏ္ဏဘူမိ၌ထွန်းကားပါမည်ဟုလျှောက်ထားပြီး

လှေဦးကို သုဝဏ္ဏဘူမိသို့ လှည့်ပေးလိုက်ရာ ရှင်မဟာဗုဒ္ဓဃောသသည် ပိဋကတ်ပါဠိအဋ္ဌကထာများနှင့်အတူတကွ သုဝဏ္ဏဘူမိ(သထုံ)သို့ရောက်ရှိလာခဲ့သည်။

ထိုပါဠိတော်အဋ္ဌကထာစာပေများ ရောက်လာသောအခါမှ စာပေသင်ကြားမှုများရှိလာပြီး ဗုဒ္ဓသာသနာသည် အခြေကျနိုင်မြဲလာပါတော့သည်။

ရှင်မဟာဗုဒ္ဓဃောသသည် သီဟိုဠ်တွင် ဝဋ္ဋဂါမဏိမင်းလက်ထက်၌ကျင့်သုံးခဲ့သော ရွာထိပ်၌ဇရပ်ဆောက်၍ သံဃာတော်များက ကလေးသူငယ်များကို စာပေသင်ကြားပေးစေ၍ လူကြီးများကို တရားဓမ္မဟောကြားသွန်သင်ဆုံးမစေခဲ့ရာမှ ရာမညတိုင်းတွင် ရွာထိပ်၊ မြို့ထိပ်တို့၌ ဘုန်းကြီးကျောင်းပညာရေးစနစ်စတင်ပေါ်ပေါက်ခဲ့သည်။

## (၁) ရက္ခပူရ(ညောင်တော်)သို့ သာသနာတော် ရောက်ရှိခြင်း

ဗုဒ္ဓသည် ဝါတော်(၂၀) သက္ကရာဇ် ၁၂၃–ခုတွင် ရခိုင်ပြည်သို့ကြွရောက်၍ အနောက်ဘက်အရပ်၌ရှိသော ကစ္ဆပနဒီခေါ် ကုလားတန်မြစ်၏အရှေ့ဘက်ကမ်း သေလာဂိရိကျောက်ဆောင်ထက်၌သီတင်းသုံးနေသည်။

ဗုဒ္ဓ ရနိုင်ပြည်ကြွရောက်လာကြောင်းကို ဓညဝတီမင်း စန္ဒသူရိယမင်းသည်ကြားသိ၍ ယခင်ယခင် ဗုဒ္ဓ၏သတင်းကြားကတည်းက ဖူးမြော်လိုသောဆန္ဒရှိနေသူအားလျော်စွာ ယခုဘုရားရှင်ကြွလာသည်ဟု သတင်းကြားရသောအခါ ချက်ချင်းပင်နောက်ပါခြွေရံများစွာနှင့် သွားရောက်၍ ဘုရားရှင်ကို ဖူးတွေ့လေသည်။ ဘုရားရှင်ကို ဖူးမြော်ပြီးနောက်–

'အရှင်ဘုရား…တပည့်တော်တို့အား သနားစောင့်ရှောက်ချီးမြှင့်သောအားဖြင့် ဓညဝတီမြို့သို့ ကြွရောက်သီတင်းသုံးတော်မူပါ'

ဟုလျှောက်ထားတောင်းပန်လေသည်။

ဗုဒ္ဓသည်နောက်ပါရဟန္တာ (၅၀၀)နှင့်အတူ ကြွတော်မူ၍ထိုမြို့၌ (၃)လတိုင်တိုင် မင်းနှင့်ပြည်သူတို့အား တရားဟောကြားပေးတော်မူသည်၊ (၃)လပြည့်သော် မဇ္ဈိမဒေသသို့ပြန်ကြွမည်ပြုသော် စန္ဒာသူရိယမင်းသည် ဘုရားရှင်ကို ကြည်ညိုဖူးမြော်မဝနိုင်ရကား ဗုဒ္ဓကိုယ်စား နိမ္မိတကိုယ်ပွားရုပ်ထုသွန်းလုပ်ကိုးကွယ်မှုပြုပါရန် တောင်းပန်လျှောက်ထားသည်။

ဓညဝတီမြို့တော်၏အရှေ့မြောက်ဘက်အရပ်ရှိ သီရိဂုတ်တောင်ထိပ်တွင် သက္ကရာဇ် ၁၂၃–ခု ကဆုန်လပြည့်နေ့ ဗုဒ္ဓဟူးနေ့တွင် စတင်သွန်းလုပ်သည်။

မဟာမြတ်မုနိရုပ်ပွားတော်ကို စတင်သွန်းလုပ်ရာတွင် ရုပ်ပွားတော်၏ဦးခေါင်းတော်မှာ မဆက်စပ်ဘဲ ဟ,နေသော

ကြောင့် သုံးကြိမ်တိုင်အောင်ပြုလုပ်ရာ မထူးခြားကွာဟမြဲ ကွာဟနေသောကြောင့် ဗုဒ္ဓထံသွားရောက်လျှောက်ထားသည်။

ဗုဒ္ဓကကြွလာပြီး ရုပ်ပွားတော်ကို ရင်ငွေ့လုံ့ပြီးလက်ဖဝါးတော်ဖြင့် (၇)ကြိမ်သုံးသပ်ပေးတော်မူရာ ထိုအချိန်မှအောင်မြင်စွာ သွန်းလုပ်ပြီးစီးလေသည်။ ထိုအခါ ဘုရားရှင်က 'ညီတော်မုနိငါ၏ကိုယ်စားတော်အဖြစ် လူနတ်များစွာတို့၏ အကျိုးစီးပွားကို ဆောင်ရွက်တော်မူလေလော့' ဟုဗျာဒိတ်စကား မိန့်ကြားခဲ့သည်။

မဟာမုနိရုပ်ပွားသွန်းလောင်းပြီးနောက် ပိုလျှံသောရတနာသတ္တုများဖြင့် မဟာမြတ်မုနိ ညီတော်များအဖြစ် မုနိ(၃)ဆူ ထပ်မံသွန်းလောင်းခွင့်ပြုရန် ဗုဒ္ဓအားထပ်မံလျှောက်ထား တောင်းပန်ရာ ဗုဒ္ဓကခွင့်ပြုသဖြင့် မုနိ(၃)ဆူ ထပ်မံသွန်းလုပ်ပူဇော်ခဲ့ကြသည်။ သွန်းလုပ်ခဲ့သော မုနိ (၄)ဆူမှာ အရွယ်အစားမတူညီသော်လည်း မျက်နှာတော်များမှာ တစ်ဆူနှင့်တစ်ဆူ တူညီနေပါသည်။ ဤကားထူးခြားချက်ဖြစ်ပါသည်။

ထိုအချိန်မှစ၍ မြန်မာနိုင်ငံ ရက္ခပူရတိုင်းတွင် ဘုရားရှင်ကိုယ်တော်တိုင် ကြွရောက်သာသနာပြုသဖြင့် ဗုဒ္ဓသာသနာသည် ရောက်ရှိနေပြီးဟု မှတ်ယူရပါသည်။

## (ခ) မြန်မာနိုင်ငံ သုနာပရန္တတိုင်းသို့ သာသနာရောက်ရှိလာခြင်း

မြတ်စွာဘုရားရှင်ဝါတော် (၂၀)တွင် စူဠပုဏ္ဏ၊ မဟာပုဏ္ဏ ညီနောင်နှစ်ဦးတို့သည် အိန္ဒိယသို့ ကုန်ကူးသွားကြရင်း ဘုရားရှင်ထံ၌ တရားနာယူကြရသဖြင့် မဟာပုဏ္ဏသည် သံဃာဝင်ရကာ ရဟန်းပြုသွားခဲ့သည်၊ ရဟန္တာဖြစ်ပြီးသောအခါ သုနာပရန္တတိုင်း၌ ပြန်သီတင်းသုံးနေထိုင်ပြီး ညီတော်စူဠပုဏ္ဏကို မိမိတို့အရပ်ဒေသ၌ လက်လေးသစ်ခန့်ပင် အဖိုးတစ်သိန်းထိုက်သော စန္ဒကူးနီ ကျောင်းတော်ကို ဆောက်လုပ်စေသည်။

ကျောင်းဆောက်လုပ်ပြီးသောအခါ မဟာပုဏ္ဏမထေရ်က သုနာပရန္တတိုင်းသားများနှင့် ညှိနှိုင်းပြီး ဘုရားရှင်ကို သုနာပရန္တတိုင်းသို့ကြွရောက်ရန် ပင့်လျှောက်သည်။

ဘုရားရှင်က ကြွရောက်ရန် သဘောတူပြီး သုနာပရန္တတိုင်းသို့ မာတလိဖန်ဆင်းပေးသော ပြဿဒ်ယဉ်(၅၀၀)ဖြင့် ကြွတော်မူသည်။

ခရီးအကြားတွင် သစ္စဗန္ဓတောင်၌နေသော သစ္စဗန္ဓရသေ့ကိုချေချွတ်၍ ဆဠာဘိညာရဟန္တာအဖြစ်သို့ရောက်စေသည်၊ အစဉ်ထာဝရပူဇော်စေရန် ခြေတော်ရာများချထားပေးခဲ့သည်။

ဘုရားရှင်သည် စန္ဒကူးကျောင်းကို အလှူခံတော်မူပြီး ဝါဏိဇ္ဇဂါမရွာ ဣသိဒိန္နသူဌေးစသော ထင်ရှားသူတို့ကိုလည်း

ကောင်း၊ စည်းဝေးလာကြကုန်သော လူ၊နတ်၊ဗြဟ္မာတို့အား လည်းကောင်း တရားရေအေးအမြိုက်ဆေးတို့ကို တိုက်ကျွေးတော်မူရာ (၇)ရက်အတွက် မဂ်ဖိုလ်ရသော အရိယာအပေါင်း တစ်ရက်တစ်ရက်လျှင် (၈၄၀၀၀)စီအကျွတ်တရားရကြသည်။

မြန်မာနိုင်ငံတွင် ဘုရားရှင်လက်ထက်ကတည်းကပင် ဗုဒ္ဓသာသနာရောက်ခဲ့သလို အရိယာများလည်း ပေါ်ပေါက်ခဲ့သည်။

ဘုရားရှင်ပရိနိဗ္ဗာန်စံဝင်ပြီးနောက် သက္ကရာဇ်(၂၃၅)ခုတွင် တတိယသံဂါယနာတင်ပြီးသောအခါ အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်၏ တပည့်ရင်း အရှင်ယောနကဓမ္မရက္ခိတမထေရ်သည် နောက်ပါသံဃာလေးပါးနှင့်အတူ ဥပသမ္ပဒဆောင်လောက်သော သံဃာအရေအတွက်အတူ အပရန္တတိုင်းသို့ သာသနာပြုကြွရောက်ခဲ့သည်။ အဂ္ဂိခန္ဓောပမ သုတ္တန်ဒေသနာဖြင့် ဟောကြားပြ၍ သုနာပရန္တတိုင်းသား ခုနစ်သောင်းကို သာသနာ၌ကြည်ညိုစေပြီး မဂ်ဖိုလ်တရားကို ရစေသည်။

ဤသို့အားဖြင့် မြန်မာနိုင်ငံ သုနာပရန္တတိုင်း ဗုဒ္ဓသာသနာနှင့်အဆုံးအမများသည် ဘုရားရှင်လက်ထက်မှစ၍ စဉ်ဆက်မပြတ် ဆက်ရောက်ရှိခဲ့ပါသည်။

## (ဆ) မြန်မာနိုင်ငံ (သရေခေတ္တရာ)ပျူမြို့ ပြည်နိုင်ငံများသို့ သာသနာ ရောက်ရှိခြင်း

သာသနာနှစ်(၁၀၁)နှစ်ရှိသောအခါရသေ့၊ သိကြား၊ နဂါး၊ ဂဠုန်၊ ဂုမ္ဘဏ်၊ စန္ဒီပရမိသွာရ ဤသူတော်စဉ် (၇)ယောက်တို့ တည်ထားပေးသော သရေခေတ္တရာမည်သော ရသေ့ပြည်တွင် မင်းပြုသော မျက်စိ(၃)ခု အတုမဲ့ခေါင် ဒွတ္တဘောင်မင်းကြီး လက်ထက်၌ အိန္ဒိယမှ အရှင်သံဃရက္ခိတမထေရ်တို့ကြွရောက်၍ သာသနာပြုခဲ့သည်၊ ထိုသရေခေတ္တရာ၌ ရဟန္တာ(၃၀၀၀)ရှိခဲ့ပြီး မင်းကြီးကမပြတ် ပစ္စည်းလေးပါးလှူဒါန်းဆက်ကပ်ပေးခဲ့သည်။

ရဟန္တာမထေရ်မြတ်က ဘုရားရှင်၏ဓာတ်တော် (၆)ဆူကို ချီးမြှင့်သဖြင့် မင်းကြီးက ညည်းညည်း၊ စည်းစည်း၊ ပေါပေါ လျောလျော၊ မြသီတင်းသောကြမာ ဟူသောစေတီ (၆)ဆူတည် ခဲ့သည်၊ လက်ရုံးတော်ဓာတ်တော်ကို မြင်ဗာဟုစေတီနှင့်ဆိုသော် (၇)ဆူတည်ခဲ့သည်။

ဤသရေခေတ္တရာ ပျူမြို့ပြနိုင်ငံ၌ ဗုဒ္ဓဘာသာထွန်းကား ပြီး ဘုန်းကြီးကျောင်းများ ပေါ်ထွန်းနေပြီဖြစ်ကြောင်း ကျက်ခေါင်း စားတစ်ပါးမင်းသည် ဘုန်းကြီးကျောင်းထွက် မင်းတစ်ပါးဖြစ် ပြီး ဗုဒ္ဓသာသနာကို အထူးအားပေးဆောင်ရွက်ခဲ့သည်ဟု ဆိုပါ သည်။

တရုတ်မှတ်တမ်းအရ ပျူမြို့ပြနိုင်ငံတွင် ဘုန်းကြီးကျောင်းပေါင်း (၂၀)ရှိပြီး ယောကျ်ားလေးရော၊ မိန်းကလေးပါ အသက်(၇)နှစ်အရွယ်ရောက်လျှင် ဆံချ၍ ဘုန်းကြီးကျောင်းသို့ ပို့ကာ သံဃာဝါဒခံယူလေ့ရှိသည်၊ အသက်(၂၀)ပြည့်၍ သာသနာဘောင်၌မပျော်မွေ့လျှင် ဆံရှည်ပြန်ထားကာ လူဝတ်လဲပြီး လူတို့ကျင့်ဝတ်အတိုင်းနေသည် ဟုမှတ်တမ်းရေးထားသည်ကို တွေ့ရသည်။

ဤသရေခေတ္တရာ ဗိဿနိုး၊ဟန်လင်း၊ ပျူမြို့ပြနိုင်ငံတို့တွင် အောက်မြန်မာပြည်ရာမညတိုင်းမှတဆင့် ထေရဝါဒဗုဒ္ဓဘာသာသည် ရောက်လာပြီး ထေရဝါဒဗုဒ္ဓစစ်စစ် ထွန်းကားနေသေးသည်ဟု မှတ်ယူရပါမည်။

## (ဧ) မြန်မာနိုင်ငံအလယ်ပိုင်း-အထက်ပိုင်းသို့ မဟာယာနနှင့် ပြဟ္မဏရောသော သာသနာ ရောက်ရှိလာခြင်း

အိန္ဒိယနိုင်ငံမှ မြန်မာနိုင်ငံသို့ရောက်ရှိလာသော ဗုဒ္ဓသာသနာသည် မူလကထေရဝါဒစစ်စစ် ဖြစ်ခဲ့သော်လည်း မြန်မာနိုင်ငံအလယ်ပိုင်းတကောင်း သရေခေတ္တရာ၊ ပျူ၊ ပုဂံစသော မြန်မာပြည်အလယ်ပိုင်း၊ အထက်ပိုင်းသို့ ရောက်ရှိလာသော သာသနာမှာ စစ်မှန်သောထေရဝါဒမဟုတ်တော့ဘဲ အိန္ဒိယတွင်

အယူအဆအမျိုးမျိုးဖြင့် ဖြစ်ပေါ်ထွန်းနေသော မဟာယာနဂိုဏ်းကွဲ ဗုဒ္ဓဘာသာများ ရောနှောရောက်လာသည်ဟု ဆိုရပါမည်။

အေဒီ(၆)ရာစုနောက်ပိုင်းတွင် အိန္ဒိယ၌ မဟာယာန အတွေးအခေါ်အမျိုးမျိုးနှင့် ဂိုဏ်းအမျိုးမျိုး ပေါ်ထွန်းပေါ်ပေါက်လာခဲ့သည်၊ အိန္ဒိယနိုင်ငံသို့ မူစလင်တို့ တိုက်ခိုက်လာသောအခါ ထိုအိန္ဒိယရှိ မဟာယာနတို့သည် အိန္ဒိယနိုင်ငံမြောက်ပိုင်းမှသော်လည်းကောင်း အရှေ့ပိုင်းဘင်္ဂလားမှလည်းကောင်း မြန်မာနိုင်ငံသို့ ဝင်ရောက်သည် ဟုခန့်မှန်းကြသည်၊ ထိုသို့ဝင်လာရာတွင် ဟိန္ဒူ ဗြဟ္မဏဝါဒနှင့် ရောနှောဝင်လာသည်ဟုဆိုပါသည်။

သရေခေတ္တရာပျက်ကာနီးတွင် အိန္ဒိယမှရောက်လာသော သမ္မိတိနိကာယဂိုဏ်းသည် ဗုဒ္ဓဘာသာဂိုဏ်းကွဲ (၁၈)ခုတွင် အယူဝါဒအဖေါက်ပြန်ဆုံးဖြစ်သည်၊ ထိုဂိုဏ်းသည် ဝဇ္ဇီပုတ္တက ဂိုဏ်းခွဲဖြစ်ပြီး ဝဇိရယာနဂိုဏ်း၏ မ–သုံးလုံးကျင့်စဉ်ကို လိုက်ကျင့်သုံးခဲ့သည်ဟုဆိုပါသည်။

မသုံးလုံးကျင့်စဉ်မှာ–

မဇ္ဇ = သေရည်

မံသ = အသား

မေထုန = မေထုန်အကျင့်

ဤဂိုဏ်းသည် သရေခေတ္တရာပြည်ရောက်လာပြီး သုံးလေးလအကြာ မိမိတို့ဂိုဏ်းအယူအဆများ မပြန့်ဝေ၊ မတည်ဆောက်မီသရေခေတ္တရာပြည်သည် စေကောစစ်(စကောကရင်)တို့ ဝင်

ရောက်တိုက်ခိုက်မှုကြောင့် ပျက်သုဉ်းရသောအခါ ပျူမင်း သုပညာ နဂရဆိန္နမင်း၏ သားတော်တစ်ပါးဖြစ်သော သမုဒ္ဒရာဇ်မင်းသား သည် မိမိစုရုံးမိသောအလုံးအရင်းနှင့် အထက်သို့ဆန်တက် ထွက်ပြေးခဲ့သည်။

ထိုအချိန်တွင် ပျူ၊ကမ်းယံ၊မြန်မာဟူ၍ သုံးစုကွဲလေသည်။ ပျူနှင့်ကမ်းယံတို့ တစ်ဖန်ကွဲပြန်သော် ကမ်းယံတို့က ရခိုင်ဘက် သို့ထွက်ပြေးပြောင်းရွှေ့နေကြသည်၊ ပျူအချင်းချင်းစစ်ဖြစ်ပြန်၍ သုံးစုကွဲပြန်သည်၊ တစ်စုကို ကျပင်းတို့ယူသည်၊ တစ်စုကို သက်တို့ကယူသည်၊ တစ်စုကတောင်ညိုအရပ်၌ ပြည်ထောင်၍ နေလေသည်။ သုံးနှစ်ရှိသောအခါ မွန်တို့ကတိုက်ပြန်သဖြင့် ပျက်သည်၊ ထိုမှတဆင့် ပန်းတောင်သက်သာအရပ်၌ တည် ထောင်နေပြန်သည်၊ ခြောက်နှစ်ရှိလျှင် ကမ်းယံတို့ကတိုက်၍ ပျက်ပြန်သည်၊ ထိုမှတဆင့် မင်းတုန်းတွင် တည်ထောင်၍ နေသည်၊ (၃)နှစ်နေပြီးနောက် သမုဒ္ဒရာဇ်မင်းသည် သက္ကရာဇ် (၂၉) (အေဒီ ၁၀၈)ခုတွင် ပျူ–မြန်မာ (၁၉)ရွာကို စုစည်း၍ ယုန်လွှတ်ကျွန်း၌ မြို့ပြနိုင်ငံစတည်ထောင်နေခဲ့သည်။

ထိုအချိန် ထိုမြို့ပြနိုင်ငံတွင် သမ္မိတိနိကာယဂိုဏ်းဝင်တို့ သည် သမထီးအရပ်ကိုတည်ဆောက်၍ အရည်းကြီးကျင့်စဉ်ကို စတင်ဖြန့်ဖြူးသာသနာပြုခဲ့သည်၊ အရည်းကြီးဟူသောအမည်မှာ အရိယဟူသောပါဠိကိုယူထားခြင်းဖြစ်သည်၊ အရည်းကြီးရဟန်းတို့ သည် မဲနက်သောသင်္ကန်းကိုဝတ်ကာ ဆံမုတ်ဆိတ်နှင့် နှုတ်ခမ်း

မွေးတို့ကိုအရှည်ထားကြသည်၊ သူတို့သည် နတ်နဂါးတို့ကို ကိုးကွယ်ကြသည်။

အရည်းကြီးတို့၏လုပ်ငန်းကျင့်စဉ်မှာ မြင်းစီးခြင်း၊ လက်ဝှေ့သတ်ခြင်း၊ သေရည်သေရက်သောက်ခြင်း၊ အင်္ဂရတ်ထိုးခြင်း၊ အင်းချခြင်း၊ မန္တန်စုပ်ခြင်း၊ ယတြာစီရင်ခြင်း၊ နတ်ပူဇော်ပသခြင်း၊ ဗေဒင်ဟောခြင်း၊ ဆေးကုသခြင်း၊ သိုက်၊ တံပေါင်တနည်း အတိတ်နိမိတ်တို့ကောက်ယူပေးပြီး လိုက်နာစေခြင်း စသည့် အမှုများကို ပြုလုပ်ကြသည်။

တစ်နှစ်တစ်ကြိမ် တောင်ထိပ်ပေါ်၌ တိရစ္ဆာန်ကိုသတ်၍ ယဇ်ပူဇော်ရာ၌ ရှင်ဘုရင်များကို ကူညီကြသည်၊ ယဇ်ပူဇော်ပသခံရအောင် တိရစ္ဆာန်များ၏ဦးခေါင်းများကို သူတို့၏ဘုရားကျောင်း၌ဆွဲထားကြသည်၊ သူတို့၏အယူအဆမှာ အသက်ကိုသတ်မိသော်လည်း ပရိတ်မန္တာန် ရွတ်ဖတ်ခြင်းဖြင့် အကုသိုလ်အပြစ်များ ပျောက်သည်ဟု ဟောပြောကြသည်။

မိဘကိုသတ်မိသော် ပရိတ်မန္တာန်ရွတ်က ထိုအပြစ်မှ ပျောက်ကင်းသည်။ ထိမ်းမြားမင်္ဂလာပြုပြီးသောနေ့၌ သားကောင်းသမီးကောင်းများထွန်းကားရရှိစေရန် မင်္ဂလာဦးည၌ အရည်းကြီးထံသို့ပို့ဆောင်ကာ ပန်းဦးဆက်ကြရသည်။

အရည်းကြီးရဟန်းတို့သည် ဘုရင်များ၏ ကိုးကွယ်မှုကို ခံယူကာ တိုင်းသူပြည်သားအပေါ်၌ ဩဇာတန်ခိုးအာဏာလွှမ်းမိုးခဲ့ကြသည်။ သမုဒ္ဒရာဇ်မင်းမှစ၍ (၂၃)ဆက်မြောက် ပုပ္ပါးစော

ရဟန်းမင်းသည် ထီးနန်းသုံးခိုက်မှူးမတ်၊ပုရောဟိတ်၊ မိဖုရားတို့နှင့်တိုင်ပင်ကာ နန်းတင်ထားသောအရည်းကြီးရဟန်းတစ်ပါးဖြစ်သည်။ သူသည် တန်ခိုးအရှိန်အဝါကြီးသည့်အားလျော်စွာ သင်္ကရာဇ်မြို့လျက်၊သင်္ကရာဇ်အသစ်ကိုပြုလုပ်သဖြင့် မြန်မာရာဇဝင်တွင် သင်္ကရာဇ်အသစ်တည်သောမင်းအဖြစ် ထင်ရှားခဲ့သည်။

အေဒီ-၉၃၁-၉၄၆ တွင် နန်းစံကသော ညောင်ဦးစောရဟန်းမင်းမှာလည်း အရည်းကြီးရဟန်းတစ်ပါးဖြစ်သည်၊ သူသည် အရည်းကြီးရဟန်းတို့နှင့်တိုင်ပင်ကာ ပုထိုးငါးလုံးတည်ထောင်ခဲ့သည်၊ ထိုပုထိုး(၅)လုံးတွင် နတ်ရုပ်လည်းမဟုတ်၊ ဘုရားရုပ်လည်းမဟုတ်သော အရုပ်ထု[illegible]ကာ ညနံနက်ထမင်းဟင်းသေစာတင်၍ကိုးကွယ်သည် ဟုဆိုပါသည်၊ နတ်ကွန်းများကိုဆောက်လုပ်ကာ ပူဇော်သောကြောင့် နတ်ကျောင်းဒကာ မင်းချမ်းသာ ဟုခေါ်ဝေါ်ကြသည်။

သာသနာနှစ် ၁၂၀၀ကျော် (အေဒီ ၈ရာစု)လောက်တွင် အိန္ဒိယနိုင်ငံမှ တန္တရ မန္တရနှင့် ဝိဇ္ဇာအတတ်တို့သည် အထက်မြန်မာနိုင်ငံသို့ မြောက်ဘက် အနောက်ဘက်မှ အဆက်မပြတ်ဝင်ရောက်ခဲ့သည်၊ အရည်းကြီးရဟန်းတို့သည် ထိုတန္တရမန္တရဝိဇ္ဇာယအတတ်များကိုကျင့်သုံးကာ သာသနာပြုခဲ့ကြသဖြင့် မြန်မာနိုင်ငံတစ်နိုင်ငံလုံး ပျံ့နှံ့ထွန်းကားသွားလေ[illegible]သည်။

မဟာယာနနွယ်ဝင်အရည်းကြီးရဟန်းတို့သည် သမုဒ္ဒရာဇ် မင်းမှစ၍ အနော်ရထာမင်းတိုင်အောင် နှစ်ပေါင်း ၅၀၀ခန့် ကြီးစိုးလွှမ်းမိုးခဲ့သည်။

သရေခေတ္တရာမင်းဆက်မှ ဆင်းသက်လာခဲ့သော ပုဂံမင်းဆက်တို့သည်လည်း သရေခေတ္တရာနည်းတူ ဗြဟ္မဏဝါဒရောယှက်သောမဟာယာနဗုဒ္ဓဘာသာကို ကိုးကွယ်ခဲ့ကြသည်။

## (ဈ) မြန်မာနိုင်ငံနှင့် ဗြဟ္မဏဝါဒကြီးစိုးမှု

အာရိယန်လူမျိုးတို့ စတင်ကိုးကွယ်ယုံကြည်ခဲ့သော ဗြဟ္မဏဝါဒသည် ခရစ်နှစ်အစောပိုင်းကပင် အိန္ဒိယနိုင်ငံမှတဆင့် အိမ်နီးချင်းနိုင်ငံများသို့ ပျံ့နှံ့ထွန်းကားခဲ့သည်။ အိန္ဒူမြစ်ဝှမ်းတွင် အာရိယန်လူမျိုးတို့ တန်ခိုးအာဏာကြီးမားလာသည်နှင့်အမျှ သူတို့ကိုးကွယ်ယုံကြည်ခဲ့ကြသော ဗြဟ္မဏဘာသာလည်း ကျယ်ပြန့်ထွန်းကားလာခဲ့သည်။

အိန္ဒိယနိုင်ငံတွင် ရှိရင်းစွဲ အသားမည်းဒရာဗိဒိယန်း လူမျိုးများသည်ပင် နောက်ပိုင်း၌ ဗြဟ္မဏဘာသာသို့ သက်ဝင်ယုံကြည်လာကြသည်၊ ထို့ကြောင့် ဗြဟ္မဏဘာသာသည် အိန္ဒိယနိုင်ငံ၏ အဓိကဘာသာရေးအဖြစ် ယုံကြည်အားကိုးလာခဲ့ကြသည်။

ဗြဟ္မဏဘာသာသည် (အေဒီ ၃ရာစု)နောက်ပိုင်းတွင် မြန်မာနိုင်ငံအပါအဝင်အရှေ့တောင်အာရှနိုင်ငံများသို့ ပျံ့နှံ့ရောက်

ရှိခဲ့သည်။ အာရိယန်နွယ်ဖွားဟိန္ဒူများသည် ဘင်္ဂလားအော်ကို ဖြတ်ကျော်ကာ နိုင်ငံရပ်ခြားတိုင်းတစ်ပါးသို့ ကူးသန်းရောင်းဝယ် ရန်သွားလာခဲ့ကြသည်။ သူတို့ရောက်ရာအရပ်ဒေသတို့၌ မိမိတို့ ကိုးကွယ်သော ဗြဟ္မဏဘုရားရှိခိုးကျောင်းများကို တည်ဆောက် ကြသည်၊ သူတို့အယူဝါဒများထွန်းကားအောင် ဆောင်ရွက်ပြု လုပ်ကြသည်။

ထို့ကြောင့် မြန်မာနိုင်ငံတွင် တကောင်း၊ဗိဿနိုး၊ ပျူ သရေခေတ္တရာ၊ ပုဂံစသော ခေတ်အဆက်ဆက်တွင် ဗြဟ္မဏ အယူအဆဖြစ်သော နတ်ရုပ်များ၊ နတ်ကိုးကွယ်မှုများ ထွန်းကား ခဲ့သည်။

မြန်မာနိုင်ငံအထက်ပိုင်း တောင်တွင်းကြီးအနီး ဗိဿနိုး မြို့ဟောင်းများ ဗြဟ္မဏဘာသာဝင်တို့၏ နတ်ဘုရားတစ်ပါးဖြစ် သော ဗိဿနိုးနတ်မင်းကို ဂုဏ်ပြုမှုနှင့်ခေါ်ထားသောအမည် ဖြစ်သည်။ ဤမြို့အမည်ကို ထောက်ဆခြင်းအားဖြင့် ဗြဟ္မဏ ဝါဒမည်မျှလွှမ်းမိုးခဲ့သည်ကို မှန်းဆ၍သိနိုင်သည်။

သရေခေတ္တရာမြို့တည်ထောင်ရာတွင်လည်း ရသေ့၊ သိကြား၊ နဂါး၊ ဂဠုန်၊ စန္ဒီ၊ ပရမေသွားရ၊ မဟာပိန္နဲ ဤသူတော် (၇)ပါးက အချင်းတစ်ယူဇနာအဝန်း (၃)ယူဇနာတံခါးကြီး (၃၂) ပေါက်၊ ကျုံး မြုံးစသော အင်္ဂါ(၇)ပါးနှင့်ပြည့်စုံသော သရေ ခေတ္တရာမြို့ကို သက္ကရာဇ် (၁၀၁)ခုနှစ် တန်ခူးလဆန်း ၁၁ရက် နေ့တွင် ရွှေနန်းတော်နှင့်တကွတည်၍ ဒွတ္တဘောင်မင်းအား

သိကြားမ,၍ နန်းတက်လေသည်။ မြို့တည်ရာတွင်ပါဝင်သော စန္ဒီ၊ ပရမေသွားရ၊ မဟာပိန္နဲနတ်မင်းတို့မှာ ဗြဟ္မဏဘာသာဝင်တို့၏နတ်များဖြစ်ကြသည်၊ သရေခေတ္တရာခေတ်၌ ဗြဟ္မဏဘာသာ လွှမ်းမိုးမှုရှိနေခဲ့သည်။

မြန်မာနိုင်ငံဗုဒ္ဓဘာသာတွင် ဗြဟ္မဏယဉ်ကျေးမှု လွှမ်းမိုးရုံသာမက ဗြဟ္မဏကိုးကွယ်သော ဗိဿနိုးနတ်မင်းကြီးသီတင်းသုံးရာ ကျောင်းတော်ကြီးအဖြစ် ထင်ရှားသောကျောင်းမှာ နတ်လှျောင်းကျောင်းဖြစ်သည်၊ မူလက ထိုနတ်လှျောင်းကျောင်း၏ အဆောက်အဦးအတွင်း၌ သေသနဂါးမင်းပေါ်တွင် အိပ်စက်နေသော ဗိဿနိုးနတ်မင်းကြီးကိုတွေ့ရသည်။

ထိုဗိဿနိုးနတ်မင်းကြီး၏ချက်မှ ကြာပန်းသုံးခိုင်ပွင့်ဖူးလျက်ရှိပြီး ထိုကြာပန်းသုံးခိုင်ပေါ်တွင် ဗြဟ္မာ၊ ဗိဿနိုး၊ သျှိဝတို့ကို မုဒြာအမျိုးမျိုးဖြင့် တွေ့ရသည်။ ထိုသို့လှျောင်းနေသော ဗိဿနိုးနတ်မင်းကြီးကိုအကြောင်းပြု၍ နတ်လှျောင်းကျောင်း ဟု ခေါ်ကြခြင်းဖြစ်သည်။

အနော်ရထာမင်းလက်ထက် နတ်ကိုးကွယ်မှုကို တားမြစ်ရာတွင် နတ်ရုပ်များကိုသိုလှောင်ထားရာ ဌာနဖြစ်သောကြောင့် နတ်လှောင်ကျောင်းဟု ပြောင်း၍ခေါ်ခဲ့ကြသည်။

ပုဂံခေတ်ဘုရားများ၏ နံရံဆေးရေးပန်းချီရုပ်များတွင်လည်း ဗြဟ္မာ၊ ဗိဿနိုး၊ သျှိဝ၊ သူရဿတီ၊မဟာပိန္နဲ စသော ဗြဟ္မဏဝါဒဆိုင်ရာ နတ်ရုပ်များကို တွေ့ရပါသည်။

မြန်မာမင်းအဆက်ဆက်တို့သည် မြို့သစ်၊ နန်းသစ်တည်ရာ၌လည်းကောင်း၊ ဘုရင်များ ဘိသိက်ခံမင်္ဂလာမြှောက်ခြင်းကိစ္စများကိုပြုလုပ်ရာတွင်လည်းကောင်း ပုခက်တင်မင်္ဂလာ၊ လက်ထပ်မင်္ဂလာပြုလုပ်ရာတွင်လည်းကောင်း ဗြာဟ္မဏဝါဒီပုဏ္ဏားတို့သည် မပါလျှင်မဖြစ်သောမင်းဆရာများ ဖြစ်ကြသည်။ သူတို့၏ စီစဉ်ညွှန်ကြားပေးမှုအောက်တွင်လိုက်ပါဆောင်ရွက်ကြရသည်။

မင်္ဂလာအခမ်းအနား၌ ကြိုးသုံးချောင်းစလွယ်ကြိုးများကို လွယ်ထားရ၏၊ ကြိုးသုံးချောင်းအဓိပ္ပာယ်မှာ ဗြဟ္မာ၊ ဗိဿနိုး၊ သျှီဝ နတ်မင်းကြီးသုံးပါးကိုရည်ရွယ်၍ပြုလုပ်ထားခြင်းဖြစ်သည်။ ဗုဒ္ဓဘာသာစာပေ၌ ပိဋကတ်တော်များကို ပညာနတ်သမီး သူရဿတီက စောင့်ရှောက်သည်ဟုခံယူထားကြသည်။

မြန်မာလူမျိုးများ အဆောက်အဦတစ်ခုခုကို ဆောက်လုပ်ရာ၌ဖြစ်စေ၊ မင်္ဂလာအခမ်းအနားတစ်ခုခုကို ပြုလုပ်လိုရာ၌ဖြစ်စေ၊ ရက်ကောင်းအချိန်ကောင်း(မင်္ဂလာအချိန်) ရွေးချယ်ပြုလုပ်ကြသည်မှာ ထိုဗြဟ္မဏဝါဒနှင့်ပတ်သက်သော အယူအဆဖြစ်ပါသည်။

မြန်မာဘုရင်များသည် မိမိတို့ဘာသာ ထီးနန်းသိမ်းပိုက်ကာ တိုင်းပြည်အုပ်ချုပ်ရုံဖြင့် ဘုရင်အစစ်မဖြစ်သေးချေ။ ပုဏ္ဏားတို့က ဘိသိက်(ရေစင်)သွန်းပေးမှသာလျှင် ဘုရင်အစစ်ဖြစ်၍ ဘုန်းတန်ခိုးအာဏာတိုးတက်သည်ဟု ယူဆကြသည်။

ဤအကြောင်းအရာများကို ထောက်ဆ၍ ခေတ်အဆက်ဆက်မှသည် ယနေ့တိုင်အောင်မြန်မာလူမျိုးများအပေါ်တွင် ဗြဟ္မဏဝါဒယဉ်ကျေးမှုများ လွှမ်းမိုးလျက်ရှိနေသည်ကို သိရပါသည်။

## (ည) မြန်မာနိုင်ငံနှင့်ထေရဝါဒဗုဒ္ဓဘာသာပျံ့နှံ့ရောက်ရှိလာခြင်း

မြန်မာသက္ကရာဇ်–၁၅၆၀(အေ–ဒီ.၁၀၄၄)ခုတွင် ပုဂံနေပြည်တော်၌ အနော်ရထာမင်းစောသည် နောင်တော်စုက္ကတေးကို စစ်အောင်နိုင်၍ မင်းအဖြစ်သို့ရောက်ရှိခဲ့သည်။

ထိုအချိန်၌ မဟာယာနအနွယ်ဝင် အရည်းကြီးရဟန်းတို့ ကြီးစိုးနေချိန်ဖြစ်သည်။ အနော်ရထာမင်းသည် ဘုန်းလက်ရုံးနှင့်ပြည့်စုံပြီး ဉာဏ်အမြော်အမြင်ကြီးမားသော မင်းတစ်ပါးဖြစ်သည်။ သူသည် အရည်းကြီးတို့၏အမူအကျင့်များကို လုံးဝမနှစ်သက်ချေ။ စစ်မှန်သောသာသနာတော်ကိုသာ မျှော်မှန်းတောင့်တနေခဲ့သည်။

အနော်ရထာမင်းနန်းတက်၍(၉)နှစ်အကြာတွင် အောက်မြန်မာပြည်သုဝဏ္ဏဘူမိမှ အရှင်အရဟံသည် အထက်မြန်မာပြည်ပုဂံသို့သာသနာပြုကြွရောက်ခဲ့ရာ အနော်ရထာမင်းကြီးသည် တောထဲမှ မှဆိုးပင့်လာသောရှင်အရဟံကို ဖူးတွေ့မြင်ရသောအခါ အလွန်ကြည်ညိုမိသည်။ ရှင်အရဟံ၏တရားကို ကြားနာရသောအခါ ရှင်အရဟံအပေါ် လုံးဝယုံကြည်ခဲ့ပြီး ပုဂံတွင်ရှိနေသော ရဟန်းတု ရဟန်းယောင် အရည်းကြီးများ လူဝတ်လဲစေ၍ စစ်မှုထမ်းစေသည်။ တစ်ချို့ နယ်စပ်သို့ထွက်ပြေးကြသည်။ အနော်

ရထာမင်းသည် ရှင်အရဟံ၏အကူအညီဖြင့် ဗုဒ္ဓသာသနာစစ်မှန်သောတရားတော်များထွန်းကားရှိရေးကို ကြိုးစားဆောင်ရွက်ခဲ့သည်။

ရှင်အရဟံမထေရ်က မင်းကြီးအား-

"ဘုရားရှင်၏သာသနာတော်တွင် ပရိယတ္တိသာသနာရှိပါမှ ပဋိပတ္တိသာသနာ၊ ပဋိဝေဓသာသနာရှိနိုင်သည်။ ပရိယတ္တိဟူသော ပိဋကတ်သုံးပုံလည်းမရှိသေး၊ ဤပြည်တွင် ဘုရားရှင်၏သရီရဓာတ်တော်၊ မွေတော်လည်း မရှိသေးချေ။ မွေတော်ဓာတ်တော် ပိဋကတ်တော်ရှိသောပြည်ရွာသို့ လက်ဆောင်ပဏ္ဏာဖြင့်တောင်းခံ၍ ထိုအရာများရမှ သာသနာတော်အရှည်တည်မည်"

ဟုမိန့်ကြားကြသည်။

"အဘယ်တိုင်းပြည်မှာ ရပါအံ့နည်း"

ဟု မင်းကြီးမေးသော်-

"သုဝဏ္ဏဘူမိတိုင်း၊ သထုံပြည်မှာ ပိဋကတ်သုံးပုံ၊ အစုံ (၃၀)ရှိသည်၊ မွေတော်၊ ဓာတ်တော်များလည်းများစွာရှိသည်' ဟု မိန့်ကြားသောအခါ မင်းကြီးသည် လက်ဆောင်ပဏ္ဏာများ စီရင်၍ သထုံသို့စေလွှတ်၍တောင်းစေသည်။

သဿုံမနူဟာမင်းက မကောင်းသောစိတ်နှလုံးဖြင့် 'သင်တို့လူရိုင်းတွေနှင့်တန်သလော' ဟု မိန့်ကြားလိုက်သဖြင့် အနော်ရထာမင်းသည် ပြင်းစွာအမျက်ထွက်၍ စစ်အင်္ဂါလေးပါးစီရင်ပြီး သထုံကိုတိုက်စေသည်။

သထုံပြည်သို့အောင်မြင်သောအခါ မင်းအဆက်ဆက်တို့ ပန်းတောင်းတွင်ထား၍ကိုးကွယ်သော ဓာတ်တော်၊မွေတော်နှင့် ပိဋကတ်တော်အစုံ(၃၀)ကို သထုံမင်း၌ရှိသော ဆင်ဖြူတော်(၃၂)စီး တွင်တင်ကာ သယ်ယူခဲ့သည်။ ပိဋကတ်တတ် ရဟန်းပညာရှိ လူပညာရှိများ လက်မှုပညာသည် စသောပညာသည်အစုံတို့ကို လည်း သယ်ဆောင်ယူလာခဲ့သည်။

ပိဋကတ်တော်များ ပုဂံသို့ရောက်သောအချိန်မှစ၍ အနော်ရထာမင်းသည် ရှင်အရဟံ၏အကူအညီဖြင့် မြန်မာပြည်အနှံ့ မြို့ရွာတိုင်း၌ ကျောင်းကန်ဇရပ်များတည်ဆောက်စေပြီး သာသနာ ကျယ်ပြန့်အောင် ဆောင်ရွက်သည်၊ စေတီပုထိုးများတည်ထား ပေးသည်။

နတ်ကိုးကွယ်မှုနှင့်အရည်းကြီးကိုးကွယ်မှုကို အပြတ်နှိမ် နင်းပေးပြီး ထေရဝါဒပိဋကတ်တော်များ သင်ကြားမှုမြန်မာပြည် အနှံ့ ပျံ့အောင်ဆောင်ရွက်ခဲ့သည်။

ထိုအနော်ရထာမင်းနှင့် ရှင်အရဟံတို့လက်ထက်မှစ၍ မြန်မာနိုင်ငံခေတ်အဆက်ဆက်တွင် ထေရဝါဒဗုဒ္ဓသာသနာသည် နေလို–လလို ထွန်းကားလာခဲ့လေသည်။

## (၄) မြန်မာတိုင်းရင်းသားတို့၏ နတ်ယုံကြည်မှု

ကိုးကွယ်မှုဟူသည် လူသားတို့၏အားထားရာ သဘာဝ တရားတစ်ခုပင် ဖြစ်လာပါသည်။ လောကတွင် မည်သည့်သတ္တဝါ မဆို အားထားမှု၊ ကိုးစားမှု၊ ယုံကြည်မှုတို့မှ ကင်း၍မနေနိုင်ကြပါ။

လောကတွင် သတ္တဝါဟူသမျှတို့သည် မူလပထမတွင် မိမိတွင်ရှိသော ကိုယ်ပိုင်အားကိုးအားထားကိုးကွယ်ခဲ့ကြသည်။

ဥပမာ– ဦးချိုရှိသောသတ္တဝါသည် မိမိ၏ဦးချိုကိုသာ လျှင် အထူးအားကိုးသည်။
- အစွယ်,အဆိပ်ရှိသောသတ္တဝါသည် မိမိအစွယ် နှင့်အဆိပ်ကို အထူးအားကိုးသည်။
- ကုတ်ခြစ်တတ်သောသတ္တဝါသည် မိမိ၏ခြေ သည်း၊ လက်သည်းကို အထူးအားကိုးသည်။
- စစ်သည်သည် လက်နက်ကိုအထူးအားကိုးသည်။
- တွင်းအောင်းသတ္တဝါသည် တွင်းကိုသာ အထူး အားကိုးသည်။
- ပျံသန်းသောသတ္တဝါသည် အတောင်ကို အထူး အားကိုးသည်။
- ခွန်အားရှိသောသတ္တဝါသည် မိမိခွန်အားကို အထူးအားကိုးသည်။
- ရေသတ္တဝါသည် ရေကိုအထူးအားကိုးသည်။

သို့သော် သက်ရှိသတ္တဝါတို့သည် လောကစံအခက်အခဲကို မိမိတို့၏ စွမ်းရည်ဖြင့် မခုခံမကာကွယ်နိုင်ကြသည်ရှိသော် ဘုန်းရှင် ကံရှင်၊ ပညာရှင်၊ တန်ခိုးရှင်တို့ကိုလည်းကောင်း၊ ရဲရင့်သတ္တိ ဗျတ္တိရှိသောသူတို့ကိုလည်းကောင်း ကိုးကွယ်မှု၊ အားထားမှုပြုကြသည်မှာ လောကဓမ္မတာဖြစ်လာပါသည်။

ရတနာသုံးပါးအားကိုးကွယ်မှုနှင့် နတ် စသည်ကိုးကွယ်မှုများသည် သူတစ်ပါးအား,အားထားကိုးကွယ်မှုများပင် ဖြစ်ပါသည်။

ရှေးကျသော အိန္ဒိယဗြဟ္မဏတို့၏ ကျမ်းဂန်များကို ရှာဖွေထုတ်ပါက သတ္တဝါတို့၏ ကိုးကွယ်မှု အဆင့်ဆင့်ဖြစ်ပေါ်လာပုံကို တွေ့မြင်နိုင်ပါသည်။

ဗုဒ္ဓဂေါတမမပွင့်မီက ကမ္ဘာဦးအစ လူသားတို့သည် မည်သို့သောအရာကို ကိုးကွယ်ကြသည် ဟူသော ပြဿနာနှင့် ပတ်သက်၍ ဗုဒ္ဓက–

"ကမ္ဘာဦးပေါ်စ လူတို့သည် သစ်ပင်,တော,တောင်,မီး, လေ တို့ကို ကိုးကွယ်ဆည်းကပ်နေကြသည်" ဟူ၍ ဟောထားခဲ့ပါသည်။

## (၄) ဗုဒ္ဓ၏ နတ်ပူဇော်နည်းများ

နတ်ဟူသောစကားသည် (နာထ)ဟူသော ပါဠိစကားမှ ဆင်းသက်လာသောစကားဖြစ်သည်၊ မြန်မာအဓိပ္ပာယ်မှာ ယုံကြည်မှု၊ ကိုးကွယ်မှု ဟူ၍ဖြစ်ပါသည်။

နတ်နှင့်ပတ်သက်၍ ဗုဒ္ဓက မဟာပရိနိဗ္ဗာနသုတ်၌ အပရိဟာနိယတရား(မဆုတ်ယုတ်ကြောင်းတရား) ၇-ပါးကို ဟောရာ၌ (၆)ခုမြောက်တရားမှာ-

"အာနန္ဒ...ဝေသာလီပြည်ဝဇ္ဇီမင်းတို့သည် မြို့တွင်း မြို့ပြင်ရှိ ဝဇ္ဇီမင်းအဆက်ဆက်တို့ ပူဇော်ရာဖြစ်သော နတ်စင်၊ နတ်ကွန်း၊ နတ်နန်း၊ နေရာသစ်ပင် တည်းဟူသော စေတီတို့ကို အရိုအသေ ပြုမြဲပြုကြကုန်လတ့်၊ အမြဲတ်တနိုး ပြုမြဲပြုကြကုန်လတ့်၊ ထိုနတ်ကွန်းစေတီတို့အားလည်း ရှေးကတင်မြှောက်မြဲ၊ ပသမြဲ၊ ပြုလုပ်မြဲ ရိုးရာအစဉ်အလာဖြစ်သော သတ်ဖြတ်မှုဒုစရိုက်မှ လွတ်ကင်း၍ တရားနှင့်လျော်သောပူဇော်မှု(ဗလိနတ်စာ)ကို ပြုကြကုန်လတ့်၊ ယင်းသို့ပြုလုပ်နေသမျှကာလပတ်လုံး ဝဇ္ဇီမင်းအဆက်ဆက်တို့သည် ကြီးပွားရန်သာရှိသည်၊ ဆုတ်ယုတ်ရန် မရှိ"ဟူ၍ ဟောကြားထားခဲ့ပါသည်။

အင်္ဂုတ္တိုရ်ပဉ္စကနိပါတ ပုဏ္ဏရာဇာဝဂ်၌-

"မိရိုးဖလာကိုးကွယ်ကြသော နတ်များကို ရိုးရာအစဉ်အလာမပျက် အားထားခြင်း၊ ပူဇော်ခြင်း၊ ပသခြင်းအမှုသည် လူတို့အား ကောင်းကျိုးစီးပွားဖြစ်ထွန်းရန်အမှုဖြစ်သည်" ဟူ၍ ဟောကြားပြီး လူတို့သည် မိမိတို့ရှာဖွေရရှိထားသော ဥစ္စာပစ္စည်းများကို-

၁။ ဒေဝတာဗလိ -နတ်တို့ကို ပူဇော်ပသရှီးမြှင့်ခြင်း၊

၂။ အတိထိဗလိ -ရောက်လာသော ဧည့်သည်များကိုပြုစုကျွေးမွေးခြင်း၊

၃။ ဉာတိဗလိ –ဆွေမျိုးများအား ကျွေးမွေးထောက်ပံ့ခြင်း၊
၄။ ပုဗ္ဗပေတဗလိ –ကွယ်လွန်ပြီးသော မိဘဆွေမျိုးတို့အား အမျှပေးဝေခြင်း၊
၅။ ရာဇဗလိ –အစိုးရတို့အား အခွန်ပေးဆောင်ခြင်း၊

ဟူ၍ ပူဇော်ရမည့် ဗလိ(၅)ပါးကို ဟောထားပါသည်။

ဝိနည်းမဟာဝါတွင်–

"ပညာရှိပုဂ္ဂိုလ်သည် သီလဝန္တရဟန်းတော်တို့ကို ဆွမ်းကျွေးလှူဒါန်းရမည်၊ နတ်များကို ပူဇော်ပသ,အမျှပေးဝေရသည့်အတွက် နတ်များက ထိုပုဂ္ဂိုလ်ကို ပြန်လည်စောင့်ရှောက်သည်" ဟု ဟောကြားထားပါသည်။

ဒေဝတာသံယုတ်စသည်၌–

"လူတို့သည် အိမ်သစ်တက်သောအခါ ရဟန်းတော်များကို လှူဒါန်းကျွေးမွေးရာ မိရိုးဖလာရှိခဲ့သောနတ်တို့ကို အမျှပေးဝေရမည်၊ ငါတို့ကို အမျှပေးဝေသည်ဟူ၍ အိမ်စောင့်နတ်တို့က ဘေးကင်းအောင် အန္တရာယ်ကင်းအောင် စောင့်ရှောက်ခြင်းဖြင့် ထိုအိမ်ရှင်တို့ကို နတ်တို့က တစ်ဖန်ပူဇော်ကြကုန်သည်၊ မြတ်နိုးမှုပြုကြကုန်သည်။ ထိုနတ်တို့က ချစ်ခင်သနား၍စောင့်ရှောက်သည်ရှိသော် ထိုအိမ်ရှင်တို့သည် အခါခပ်သိမ်းကောင်းမြတ်သောမင်္ဂလာကျက်သရေတို့ကိုသာ ကြုံတွေ့ရသည်"
ဟူ၍ ဟောကြားထားပါသည်။

ရတနာသုတ်ပရိတ်တော်၌–

"နေ့နေ့ ညည ပူဇော်သက္ကာရများကို ဆောင်ယူပူဇော်ကြကုန်သောလူတို့အား နတ်အပေါင်းတို့သည် ချစ်ခြင်းမေတ္တာကို ပြု၍ စောင့်ရှောက်ကြကုန်လော့"
ဟူ၍လည်းကောင်း၊

မေတ္တာသုတ်တွင်–

"နတ်တို့ကို မေတ္တာပို့ကြ၍ နတ်တို့ကတရားအားထုတ်ကြသောရဟန်းတို့ကို စောင့်ရှောက်ကြသဖြင့် ရဟန်းတို့တရားထူးရခဲ့ကြပုံကိုလည်းကောင်း၊
ဟောကြားထားပါသည်။

ဇာတကတွင် "ကြက်ဆူပင်စောင့်နတ်ကို ဆန်ကွဲမှုန့်နှင့်ပူဇော်သဖြင့် ကြက်ဆူပင်စောင့်နတ်က တစ်ဖန် ရွှေအိုးများတူးဖော်ပြီး ပြန်လည်ကျေးဇူးဆပ်သည်"
ဟု ဟောထားခဲ့ပါသည်။

မဟာနိဗ္ဗာနသုတ်လာအရ အစဉ်အလာကိုးကွယ်ပူဇော်ပသမြဲတိုင်း မကိုးကွယ်၊ မပူဇော်မပသကြသောသူတို့အား အကျိုးစီးပွားဆုတ်ယုတ်ရန် အကြောင်းတစ်ခုဖြစ်ကြောင်း ထင်ရှားလှပါသည်။

ထိုသို့ကိုးကွယ်ရာတွင် ထိုနတ်တို့ကို သီလဂုဏ်၊ သမာဓိဂုဏ်နှင့်ပညာဂုဏ်တို့နှင့်ပြည့်စုံကြပေသည် ဟူ၍ မြတ်သော (ဒက္ခိဏေယျ)အဖြစ် မကိုးကွယ်ကြရပါ။ ကံနှင့်ကံ၏အကျိုးကို လုံးလုံးလွတ်၍ ထိုနတ်တို့သည်သာ ကောင်းကျိုး–မကောင်းကျိုးပေးနိုင်သည်ဟု ယုံကြည်ပြီးကိုးကွယ်ရမည်မဟုတ်ပါ။

–လောက၌ အနာရောဂါမကပ်ရောက်စေခြင်း၊ ပျောက်စေခြင်းအကျိုးငှာ ဆေးဆရာဝန်ကို ကိုးကွယ်ဆည်းကပ်ကြရသကဲ့သို့လည်းကောင်း၊

–ဥစ္စာပစ္စည်း အထောက်အပံ့ရပြီး ပေါကြွယ်မှုပြုနိုင်ရန်အတွက် သူဌေးသူကြွယ်ကုန်သည်တို့ထံမှ နီးကပ်မှီဝဲရသကဲ့သို့လည်းကောင်း၊

–ဥစ္စာစည်းစိမ်၊ ရာထူးကျက်သရေတက်စေခြင်းငှာ မင်းစိုးရာဇာတို့ကို ဆည်းကပ်ရသကဲ့သို့လည်းကောင်း၊

နတ်များကို ဆည်းကပ်အားထားကိုးကွယ်ရမည် ဖြစ်သည်ဟု ဟောထားပါသည်။

ဓမ္မပဒတွင် အဂ္ဂိဒတ္တရသေ့က မိမိအား ထောက်ပံ့ချီးမြှင့်သောလူအပေါင်းကို "တော၊ တောင်၊ ဥယျာဉ်၊ သစ်ပင်၌ရှိကြကုန်သော နတ်တို့ကို ကိုးကွယ်ဆည်းကပ်ကြပါ"
ဟု ဟောပြောပြသည်ကို ဘုရားရှင်ကတားမြစ်ပြီး–

"ဤကဲ့သို့ ကိုးကွယ်မှုသည် မြတ်သောကိုးကွယ်မှုမဟုတ်၊ ဆင်းရဲအပေါင်းမှ မလွတ်နိုင်၊ ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်မှသာ ဆင်းရဲအပေါင်းမှလွတ်မည်။ နတ်များကို ကိုးကွယ်ရန် မသင့်ပါ။ တင်မြှောက်၍သာ ပူဇော်မှု၊ အမျှပေးဝေမှုကိုသာ ပြုလုပ်ရမည်"
ဟု ဟောကြားလမ်းညွှန်ခဲ့ပါသည်။

ဗုဒ္ဓသည် နတ်နှင့်ပတ်သက်၍ဒေဝတာသံယုတ်၊ သက္ကပဉှာသံယုတ်၊ မဟာသမယသုတ်၊ အာဋာနာဋိယသုတ်၊ မေတ္တာသုတ်တို့၌ နတ်များအကြောင်းကို ဟောကြားခဲ့သလို အဘိဓမ္မာဒေသနာတော်၌ နတ်ဘုံနတ်နန်းများအကြောင်းစုံကို ဟောကြားခဲ့ပါသည်။

နတ်တွင် လူနှင့်မဆက်ဆံသော အထက်နတ်ပြည်(၆)ထပ်၊ လူနှင့်ဆက်ဆံသော အောက်နတ်ခေါ်ဘုမ္မစိုး၊ ရုက္ခစိုး မြေဘုတ်၊ ရက္ခိုက်၊ ကုမ္ဘာဏ်၊ ဝိနိပါတိက အသူရာနတ်များဖြစ်ကြသည်။ ထိုနတ်တို့တွင်လည်း နတ်ကောင်းများရှိသလို နတ်ဆိုးများလည်းရှိကြပါသည်။

လူ့လောကတွင် လူကောင်း–လူဆိုးရှိသကဲ့သို့ နတ်လောကတွင်လည်း နတ်ဆိုး–နတ်ကောင်းများရှိသည်။ လူကောင်းများက အခြားသူများကို အန္တရာယ်မပေးကူညီသလို နတ်ကောင်းများက အန္တရာယ်မပေး၊ လူများကို မ,စကြသည်၊ ကူညီကြသည်၊ နတ်ဆိုးများကမူ လူကိုအန္တရာယ်ပေးတတ်ကြပါသည်။

ထို့ကြောင့် လူသားတို့သည် အောက်နတ်ဟုခေါ်သော ဘုမ္မစိုး၊ ရုက္ခစိုး ရက္ခိုသ်ကုမ္ဘာဏ်၊ ဇော်ဂနိစသောနတ်များကို ဆက်ဆံရာတွင် သတိထား၍ဆက်ဆံရသည်။

## (၃) မြန်မာတို့၏ နတ်ကိုးကွယ်မှုအစ

နတ်ကိုးကွယ်မှုသည် ကမ္ဘာဦးအစကတည်းကပင်ရှိခဲ့သော အစဉ်အလာဖြစ်သလို မြန်မာနိုင်ငံတွင်လည်း တိဘက်တို့ဘားမင်း၊ မွန်ခမာ–ပျူကမ်းယံ၊ သက်လူမျိုးတို့မစခင် ကျောက်ခေတ်လက်နက်အသုံးအဆောင်များ ပြဒါးလင်းဂူအထောက်အထားများအရ ကျောက်ခေတ်လူသားတို့ရှိခဲ့သည်။ ထိုကျောက်ခေတ်လူသားတို့သည်လည်း တော၊ တောင်၊ ရေ၊ မီး စသောနတ်များကို ကိုးကွယ်ကြလိမ့်မည်ဟု ဆိုရပါမည်။

အိန္ဒိယပြည်တွင် မူလဒရာဗီဒိယန်လူမျိုးတို့ ကိုးကွယ်ခဲ့သော နတ်များအပြင် နှစ်ပေါင်း–၃၀၀၀–ကျော်၊ ၄၀၀၀–ကျော်လောက်က အနောက်မြောက်မှဝင်လာသော အာရိယာန်လူမျိုးတို့ ကိုးကွယ်သောနတ်များ ရောနှောပါလာခဲ့ရာ အိန္ဒိယတွင် နတ်ပေါင်း သန်းနှင့်ချီ၍ရှိနေပါသည်။

မြန်မာနိုင်ငံတွင် မြို့ပြနိုင်ငံမထူထောင်မီခေတ်၊ မြို့ပြနိုင်ငံထူထောင်ပြီးခေတ်အဆက်ဆက်တို့တွင် အိမ်နီးချင်းအိန္ဒိယနိုင်ငံနှင့် ကူးလူးဆက်ဆံရာမှ နတ်ကိုးကွယ်မှု ယုံကြည်မှုသည် အခြေစိုက်ပြီးအခြေခိုင်နေသည်။

အိန္ဒိယတွင် ဗုဒ္ဓပွင့်တော်မူလာပြီး ဗုဒ္ဓသာသနာယဉ်ကျေးမှုနှင့်အတူ နတ်ယဉ်ကျေးမှုများ ပါလာခဲ့သည်။

ဘုရားရှင်သည် သုတ်ပါထေယျပါဠိတော် အာဋာနာဋိယသုတ်၌ နတ်စစ်သူကြီး (၃၇)ပါးကိုဟောခဲ့သည်။ ယင်းတို့မှာ

၁။ ဆုန္ဒ
၂။ ဝရဏ
၃။ ပဇာပတိ
၄။ ကာမသေဋ္ဌ
၅။ နိဃဏ္ဋု
၆။ ဩပမည
၇။ သောမ
၈။ ဇဝနသဘ
၉။ ဘာရဒွါဇ
၁၀။ စန္ဒန
၁၁။ ကိန္နုဃဏ္ဋု
၁၂။ ပနာဒ
၁၃။ မာတလိ
၁၄။ မိတ္တသေန
၁၅။ နာဠောရာဇ
၁၆။ နေတ္ထိ
၁၇။ သာတာဂိရ
၁၈။ ဟေမဝတာ
၁၉။ ပုဏ္ဏက
၂၀။ ကရတိယ
၂၁။ သိဝက
၂၂။ မုစလိန္ဒ
၂၃။ ဝေဿာပိတ္တ
၂၄။ ယုဂန္ဓရ
၂၅။ ဂေါပါလ
၂၆။ သုပ္ပရောဓ
၂၇။ ဟိရိ
၂၈။ မိနိယျ
၂၉။ သဉ္စာလစန္ဒ
၃၀။ အာဠဝက
၃၁။ ပဇ္ဇုန္န
၃၂။ သုမန
၃၃။ ဒဓိမုခ
၃၄။ မဏိ
၃၅။ မဏိဝရ
၃၆။ သုခုမ
၃၇။ သေရီသက

မြန်မာနိုင်ငံအနော်ရထာမင်းလက်ထက်တွင် သထုံမှကြွလာသောရှင်အရဟံ၏ကျေးဇူးကြောင့် ထေရဝါဒသာသနာစစ်

သာသနာမှန်နှင့် ဘုရားဟောပိဋကတ်များရောက်လာသည်၊ အနော်ရထာမင်းသည် ထေရဝါဒဗုဒ္ဓသာသနာထွန်းကားရေး အတွက် အားသွန်ခွန်စိုက်ကြိုးပမ်းနေခဲ့သည်။

ထိုအချိန်တွင် ပုဂံပြည်အပါအဝင် အထက်မြန်မာပြည်၌ နတ်ကိုးကွယ်မှုသည် အထွတ်အထိပ်ရောက်နေသည်၊ အရည်းကြီး သာသနာကလည်း လွှမ်းမိုးနေသည်၊ အနော်ရထာမင်းသည် အရည်းကြီးရဟန်းများကို အရင်သုတ်သင်ရှင်းလင်းပြီးနောက် လူတို့ကိုးကွယ်မှုအရှိုးစွဲနေသော နတ်ကိုးကွယ်မှုရှေ့တန်းရောက် နေသည်ကို နှိမ်နင်းရန်အတွက် 'အသင်တို့ကိုးကွယ်နေသော နတ်များထက် ငါကပို၍ ဘုန်းတန်ခိုးကြီးသည်' ဟူသော အတွေး အခေါ်ပြည်သူတို့ လက်ခံယုံကြည်မှုရှိစေရန် နတ်များကို မင်းမိန့် ဖြင့် ဖမ်းဆီးပြီး သံကြိုးဖြင့်ချည်တွဲကာ ရွှေစည်းခုံဘုရားတံတိုင်း အတွင်း၌ စုပုံထားသည်၊ နတ်ကွန်း နတ်အိမ်များကိုလည်း ဖျက်ဆီးပစ်စေသည်။ ထိုအချိန်မှစ၍ ရွှေစည်းခုံဘုရားတံတိုင်း အတွင်း၌ရှိသော နတ်များကို အတွင်း (၃၇)မင်းအဖြစ် သတ်မှတ် ခေါ်ခဲ့ကြသည်၊ ရွှေစည်းခုံတံတိုင်းအပြင်၌ရှိသော နတ်များကို အပြင် (၃၇)မင်းဟု သတ်မှတ်ခေါ်ဝေါ်ခဲ့ကြသည်။

သို့သော် ပုဂံခေတ်တွင် အပြင်(၃၇)မင်းသည် အရေ အတွက်မပြည့်ချေ၊ (၂၂)ပါးသာရှိသည်၊ နောင်တောင်ငူခေတ်၊ ဒုတိယအင်းဝခေတ်ကျမှ ထပ်ဖြည့်စွက်လာသဖြင့် (၃၇)မင်း ပြည့်လာသည်။

အနော်ရထာမင်းကြီး၏ ပုဂံရွှေစည်းခုံဘုရားတံတိုင်း အတွင်းရှိ (၃၇)မင်းနတ်များမှာ-

| | |
|---|---|
| ၁။ ဝေရန္တ | ၂။ ဝိရူဠှက |
| ၃။ ဝိရူပက္ခ | ၄။ ကုဝေရ |
| ၅။ သိကြား | ၆။ မဟေသရ |
| ၇။ မဟာပိန္နဲ | ၈။ စန္ဒီ |
| ၉။ သူရဿတိ | ၁၀။ ပြဿမ်ဂိ |
| ၁၁။ စန္ဒာ | ၁၂။ အာဠဝိ |
| ၁၃။ မာန်နတ် | ၁၄။ သောတာပန် |
| ၁၅။ အနာဂါမ် | ၁၆။ ဇမ္ဗုဒီပ |
| ၁၇။ ဇမ္ဗုတံဆိပ် | ၁၈။ ဇမ္ဗုချမ်းသာ |
| ၁၉။ ဇမ္ဗုကြက်သရေ | ၂၀။ ဇမ္ဗုသပြေ |
| ၂၁။ ဇမ္ဗုတန်ဆောင် | ၂၂။ ဇမ္ဗုတမွတ် |
| ၂၃။ ဇမ္ဗုရန်အောင် | ၂၄။ ရွှေသက်စိုး |
| ၂၅။ ရွှေပြည်သင် | ၂၆။ ရွှေညိုသင် |
| ၂၇။ ရွှေစကား | ၂၈။ မန်ကျည်းပင်စောင့်နတ် |
| ၂၉။ ခယားပင်စောင့်နတ် | ၃၀။ ဆင်ဖြူရှင် |
| ၃၁။ မြင်းဖြူရှင် | ၃၂။ ငွေယ်သင် |
| ၃၃။ သနွယ်သင် | ၃၄။ ဖက်မသင် |
| ၃၅။ ကုံမသင် | ၃၆။ ထုံသင်းကြီး |
| ၃၇။ ပွဲစားကြီး | |

အပြင် (၃၇)မင်းများမှာ–

| | |
|---|---|
| ၁။ သိကြား | ၂။ မဟာဂီရိ |
| ၃။ နှမတော်တောင်ကြီး ရှင်မ | ၄။ ရွှေနဘေနတ် |
| ၅။ သုံးပန်လှ | ၆။ တောင်ငူရှင်မင်း |
| ၇။ မင်းတရား | ၈။ သံတော်ခံ |
| ၉။ ရွှေနော်ရထာ | ၁၀။ အောင်စွာမင်းကြီး |
| ၁၁။ ငါးစီးရှင် | ၁၂။ အောင်ပင်လယ် ဆင်ဖြူရှင် |
| ၁၃။ တောင်မကြီး | ၁၄။ မြောက်မင်းရှင်ဖြူ |
| ၁၅။ ရှင်တော် | ၁၆။ ညောင်ချင်း |
| ၁၇။ တပင်ရွှေထီး | ၁၈။ မင်းရဲအောင်ထင် |
| ၁၉။ ရွှေစစ်သင် | ၂၀။ မပန်းတော်ရွှေစကား |
| ၂၁။ မောင်ဘိုးတူ | ၂၂။ ယွန်းဘုရင် |
| ၂၃။ မမင်းဖြူ | ၂၄။ မန္တလေးဘိုးတော် |
| ၂၅။ ရွှေဖျင်းနောင်တော် | ၂၆။ ရွှေဖျင်းညီတော် |
| ၂၇။ မင်းသားမောင်ရှင် | ၂၈။ ထီးဖြူစောင်း |
| ၂၉။ ထီးဖြူဆောင်းမယ်တော် | ၃၀။ မရှိမ္မာရှင်မင်းခေါင် |
| ၃၁။ မင်းစည်သူ | ၃၂။ မင်းကျော်စွာ |
| ၃၃။ မြောက်ဘက်ရှင်မ | ၃၄။ အနောက်မိဖုရား |
| ၃၅။ ရှင်ကုန်း | ၃၆။ ရှင်ကွ |
| ၃၇။ ရှင်နှဲမိ | |

ဤသည်မှာ မြန်မာတို့ခေတ်အဆက်ဆက်က လက်ခံယုံကြည်ထားသောနတ်များဖြစ်ပြီး အရပ်ဒေသအလိုက် နတ်ကိုးကွယ်မှုကွဲသည်သာရှိသည်။ ဥပမာ -

- ဦးရှင်ကြီးနတ်ကို ရောဝတီ တိုင်းပြည်သူတို့က ပူဇော်ပသသည်။

- မောင်တင့်တယ်နတ်ကိုလည်း အုန်းသီးဆွဲ၍ အိမ်တွင်နတ်အဖြစ်ပူဇော်သည်။

- မြင်းဖြူရှင်၊ ကိုးမြို့ရှင်တို့ကို ရွာစောင့်နတ်အဖြစ် ရွာထိပ်နတ်စင် ဆောက်၍ပူဇော်သည်။

- ဦးမင်းကျော်နတ်ကို ရိုးရာအလိုက်ပူဇော်သည်

- အမေရေယာဉ်၊ အမေဂျမ်း၊ အမေပုလဲယာဉ်၊ မနဲ့လေး၊ မအောင်ဖြူနတ်တို့ကို ဒေသရိုးရာအလိုက် ပူဇော်ကြသည်။

- ပြင်လယ်ပြင်မောင်နှမ ပြည်ကန်တော်ရှင်မောင်နှမ စသောဒေသအသီးသီးရှိ နတ်များကို ဒေသအလိုက် ပူဇော်ပသကြသည်။

## (ခ) တိုင်းရင်းသားရိုးရာနတ်ယုံကြည်မှု ပူဇော်မှုများ

### (က) ကချင်

ကချင်အမျိုးသားတို့သည် ရှေးရိုးစဉ်လာကတည်းက နတ်ကိုးကွယ်ခဲ့ပြီး နတ်ကိုအလွန်ရိုသေလေးစားသည်၊ ကချင်တို့၏ မနောပွဲသည် ရိုးရာနတ်ပွဲမှအခြေခံခဲ့သည်၊ နတ်နှင့်ပတ်သက်၍

အရေးပါသောပုဂ္ဂိုလ်များမှာ

- ဂျိုင်းဝါခေါ်အကြီးဆုံးနတ်ဆရာ
- ဒွန်ဆာခေါ် နတ်ဆရာ
- နင်ဂေါ့ဒ်ခေါ် နတ်ဟောဆရာ
- မြီတွယ်ခေါ် နတ်ပူးဆရာကြီး
- ခင်ချောင် ခေါ် နတ်စာပြင်သူ
- ဒွန်လွင် ခေါ် ခေါင်ရည်အရက်ပြင်ဆင်သူ

ကချင်အမျိုးသားတို့တွင် နတ်ကောင်းနတ်ဆိုးအမျိုးမျိုးရှိသည်၊ နတ်ကောင်းများမှာ–

၁။ ဖန်နင်းဆန်ကြေးနင်ဆန်နတ် ၂။ မြေနတ်

၃။ ကောင်းကင်နတ် ၄။ ရိုးရာနတ် တို့ဖြစ်သည်။

(က) ရိုးရာနယ်ရှင်နတ်

(ခ) ရိုးရာနယ်စောင့်နတ်

(ဂ) စီးပွားရေးကောင်းကျိုးပေးသောနတ်

(၁) ဒိန်မူနတ်

(၂) ဒိန်ဝါနတ်

နတ်ဆိုးများမှာ–

၁။ ဂျာထောင်နတ်ဆိုး ၂။ ဆောန်း–နတ်ဆိုး

၃။ အဝါနတ်ဆိုး ၄။ ကြမ္မာနတ်ဆိုး ၅။ စုန်းနတ်

ဤနတ်များကို ကချင်လူမျိုးတို့၏ ရိုးရာအလိုက် ပူဇော်ပသမြဲပြုလုပ်လျက်ရှိနေကြသည်။

(ခ) ကယား

ကယားအမျိုးသားတို့တွင် နတ်အမျိုးမျိုးရှိသည်ဟု ယုံကြည်ကြသည်။ တောတောင်သစ်ပင်အစရှိသည်တို့၌ နတ်များရှိသည်ဟုယုံကြည်ကြသည်။ ကယားအမျိုးသားတို့၏ အရေးပါသောနတ်များမှာ–

(၁) ကေနတ်

(၂) တဖရုနတ်

(၃) ကီစိုးနတ်

(၄) ကူထိုးဘို့နတ်

ကူးထိုးဘိုးနတ်သည် မိုးရေပေးသောနတ်ဖြစ်၍ ကယားအမျိုးသားတို့အလေးထားပြီး ပူဇော်ပသကြသလို ပွဲတော်လည်းကျင်းပပြုလုပ်ကြသည်။

ကယားအမျိုးအနွယ် ဂေခို၊ ဂေဘား၊ ကယမ်း၊ ပရဲ၊ မနူမနော၊ ယင်းဆော်၊ ယင်းတလဲလူမျိုးတို့တွင်လည်း သက်ဆိုင်ရာနတ်များအသီးသီးရှိကြသည်။

ပရဲအမျိုးသားတို့က ဖုဒိုးခေါ် ရွာစောင့်နတ်ကိုအလေးထားသည်။

မနူမနောအမျိုးသားတို့က ဂါဘိုးနတ်၊ ကောနတ်၊ သော်ဖော်နတ်တို့ကို အလေးထားသည်

ကယမ်းအမျိုးသားတို့က ရိုးရာတံခွန်တိုင်နတ်ကို အလေးထားသည်။

(ဂ) ကရင်

ကရင်အမျိုးသားတို့၏ နတ်ကိုးကွယ်သောဓလေ့မှ ရှေးပဝေသဏီထဲက ရှိခဲ့သည်။ နတ်စားကရင်တို့က မြစ်၊ ချောင်း၊ တော၊ တောင်၊ သစ်ပင်၊ မုန်တိုင်း၊ မိုးကြိုး၊ နေ၊လ စသောအရာများ သည် မြင့်မြတ်သောတန်ခိုးတော်များကို ပိုင်ဆိုင်ကြပြီး တန်ခိုးရှိသောနတ်တို့၏ မှီခိုရာဖြစ်သည်ဟု ယုံကြည်ကြသည်။

ညောင်ပင်တွင် ရက္ခစိုးနတ်ရှိသည်ဟု ယုံကြည်ကြပြီး ညောင်ပင်တွင် နတ်ကွန်းနတ်နန်းများ ဆောက်လုပ်လျက်၊ ပန်းဆီမီး သောက်ရေ၊ ဖောင်းတော်ဖြူနီများဖြင့် ပူဇော်ပသလေ့ရှိကြသည်။

စကော (စဗ္ဗော်) ကရင်အမျိုးသားတို့၏ရိုးရာနတ်မှာ တော်သလင်းလတွင် မိရိုးဖလာစားခြင်း၊ လိပ်ပြာခေါ်ခြင်းများ ပြုလုပ်ကြလေ့ရှိသည်။

အရှေ့ပိုင်းကရင်တွင် ရှေးဘိုးဘွားအစဉ်အဆက်မှ ကိုးကွယ်ခဲ့သော

–ဒူးဝေရိုးရာနတ်

–အောင်နွဲ့ခေါ်လိပ်ပြာရိုးရာနတ်

–အောင်စောကလို ခေါ် ပန်းနတ်

–ပူးဖာဒို ခေါ် ဘိုးဘိုးကြီးနတ်

–ဒေသဆိုင်ရာနတ်ခေါ် ရက္ခစိုးနတ်၊ ရိုးရာနတ် စသည်တို့ဖြစ်သည်။ ပိုးကရင်တို့သည် နတ်စားခြင်းဖြင့် လူ တိရစ္ဆာန်များ

သည် ရောဂါအန္တရာယ်တို့မှ ကင်းဝေးစေရန်၊ ဆန်ရေစပါး ပေါများသည်၊ အကျိုးစီးပွားဖြစ်ထွန်းသည်ဟု ယုံကြည်ကြပါ သည်။

ညီအစ်ကိုမောင်နှမများ၊ စည်းစည်းလုံးလုံးညီညွတ်ရှိခြင်း၊ မှန်မှန်တွေ့ဆုံခွင့်ရသဖြင့် တစ်ဦးနှင့်တစ်ဦးတိုင်ပင်ခွင့်ရခြင်း၊ အကြောင်းကြီးငယ်ဖြေရှင်းပေးနိုင်ခြင်း၊ ဆွေမျိုးအနွယ်များ မတိမ် ကောမပျောက်ပျက်နိုင်ခြင်းစသော အကျိုးကျေးဇူးများရရှိသည်ဟု ယုံကြည်ကြသည်။

ပဲရှူးမယ်တော်ခေါ် နံ့ကလိုင်နတ် ငါးရံ့နဖားလိုးနတ်တို့ကို လည်း လက်ခံယုံကြည်ကြသည်။

(ဃ) ချင်း

ချင်းတို့တွင်လည်း နတ်ကိုးကွယ်မှုသည် မူလကတည်းက ရှိနေခဲ့သည်၊ တောင်ပိုင်းချင်းတောင်မင်းတပ် မတူပီ၊ကန်ပက် လက်နယ်တို့တွင် နတ်ကိုးကွယ်မှုအများဆုံးရှိကြသည်။

တောင်ပိုင်းချင်းများသည် ကိုဇင်ခေါ်နတ်များအချုပ် နတ် မင်းကြီးတစ်ပါးရှိသည်ဟု ယုံကြည်ပြီး ယင်းနတ်မင်းကြီးကို ပူဇော်ကြသည်။ ကိုဇင်နတ်မင်းကြီးအပြင်–

- ရွာဘုံနတ်များ
- အိမ်ထောင်စုပိုင်နတ်များ
- မျိုးရိုးဆိုင်ရာနတ်များ
- အိမ်စောင့်နတ်များ

- တောင်ယာနှင့်လယ်စောင့်နတ်များ
- တော,တောင်,ရေ,မြေ,အင်းအိုင်,ချောင်း၊ရေတံခွန်၊ ညောင်ပင်ကြီး၊ ကျောက်တုံးကျောက်ဆောင်၊ လူများကိုစောင့်သောနတ်များ

တီးတိန်၊ ဖလန်း၊ ဟားခါးနယ်တို့တွင် အိမ်တွင်း အင်ဒို့င်းနတ်၊ အိမ်အပြင်ဂမ်ဒို့င်နတ် ဟူ၍ရှိလေသည်။

(င) မွန်

မွန်အမျိုးသားတို့သည် ရိုးရာနတ်အမျိုးမျိုးကိုးကွယ်ကြပါသည်။ အရေးပါသောနတ်များမှာ–

- မိရိုးဖလာနတ်
- အိမ်စောင့်နတ်
- မြို့စောင့်နတ်
- ရွာစောင့်နတ်
- လယ်ယာစောင့်နတ်
- တောတောင်စောင့်နတ်
- မိသားစုရိုးရာနတ်

စသည်အမျိုးမျိုးရှိသည်ပြင်

- အုန်းသီးနတ်
- ဝတ်စုံနတ်
- ကျည်တောက်နတ်
- ဘိုးဘိုး(ရွာစောင့်)နတ် ဟူ၍ ရှိပြန်ပါသည်။

ယင်းနတ်များအပြင် အခြားရိုးရာနတ်များမှာ–

၁။ ရိုးရာပိုင်နတ် ၂။ ကောက်ညှင်းကင်နတ်
၃။ ငှက်နတ် ၄။ ကြက်နတ်
၅။ အိမ်နတ် ၆။ မြောက်ဘက်နတ်
၇။ ထုံး နတ် ၈။ ဆင်ရေကစားနတ်
၉။ မိဖုရားနတ် ၁၀။ လူပျိုနတ်
၁၁။ မင်းသမီးနတ် ၁၂။ ကမာမိုနတ်
၁၃။ မကောင်းဆိုးဝါးနတ် ၁၄။ ရိုးရာလိပ်နတ်
၁၅။ ဗန့်ပွေးနတ် ၁၆။ လက်ဖွဲ့ထိုးနတ်
၁၇။ အရှေ့နတ် ၁၈။ ခရေပင်နတ်
၁၉။ ကရင်နတ် ၂၀။ ကရင်နီနတ်
၂၁။ မွန်နတ် ၂၂။ ဓာသပြန်နတ်
၂၃။ မင်းတစ်ပါးနတ် ၂၄။ မင်းနှစ်ပါးနတ်
၂၅။ မင်းသုံးပါးနတ်

စသည်တို့ဖြစ်သည်။

ပဲခူးမယ်တော်ခေါ် နံကလိုင်းမယ်တော်နတ် မွန် (၉၉) မျိုးကိုစောင့်ရှောက်သည်၊ စီးပွားလာဘ်လာဘပေးသည်ဟု ဆိုကာ လက်ခံယုံကြည်ကြသည်။

(စ) ရခိုင်

ရခိုင်အမျိုးသားတို့သည် ရှေးအစဉ်အလာကပင် နေနတ်၊ လနတ်၊ ဗိဿနိုးနတ်၊ သီဝနတ်၊ လေနတ်၊ ရေနတ်၊ မြို့စောင့်

နတ်၊ ရွာစောင့်နတ် စသောနတ်များကို ကိုးကွယ်ကြလေ့ရှိသည်။

ရခိုင်အမျိုးသားတို့တွင် မယုရှင်မနှင့်မြောက်ဦးရှင်မတို့သည် ဒေသဆိုင်ရာနတ်အဖြစ် ထင်ရှားသည်။ ကျွန်းရှင်၊ ပြည်ရှင်၊ ရွာရှင်၊ အိမ်ရှင်နတ်များလည်းရှိသည်ဟု ယုံကြည်ကြသည်။

(ဆ) ရှမ်း

ရှမ်းအမျိုးသားတို့တွင် ကုံ၊ ယွန်း၊ ခနူ၊ ပအိုဝ်၊ တီယန်၊ ကိုးကန့်၊ ကော်လွယ်လ၊ အင်းသား၊ လားဟူ၊ ပလောင် အမျိုးသားတို့တွင် ရွာစောင့်နတ်၊ လယ်စောင့်နတ်၊ သာသနာစောင့်နတ်တို့သာရှိသည်။

အိမ်တွင်း အိမ်ပြင် နတ်ဆွဲခြင်း၊ နတ်ကနားပေးခြင်း လုံးဝမရှိပေ၊ (၃၇)မင်းကိုလည်း လက်မခံကြပေ။

ရှမ်းအမျိုးသားတို့သည် ရွာထိပ်၌ ကိုးမြို့ရှင်နှင့်အမေပုလဲယာဉ်နတ်ကွန်းကို တည်ဆောက်၍ ရွာစောင့်နတ်အဖြစ် ပူဇော်ပသကြလေ့ရှိသည်။

# အခန်း ( ၃ )

## ၄။ ကမ္ဘာ့အခြားဘာသာကြီးများ မြန်မာနိုင်ငံသို့ ဝင်ရောက်လာမှုများ

### (က) ဟိန္ဒူဘာသာပျံ့နှံ့ရောက်ရှိလာခြင်း

ဟိန္ဒူဘာသာ စတင်ပေါ်ပေါက်ချိန်နှင့်ပတ်သက်၍ တိကျစွာ မပြောနိုင်ချေ။ ဟိန္ဒူအယူဝါဒမှာ တစ်ချိန်တည်း–တစ်ပြိုင်တည်း ဖော်ထုတ်ပေါ်ပေါက်လာသော ဘာသာလည်း မဟုတ်ပေ။ ယုံကြည်ကိုးကွယ်မှုအမျိုးမျိုးကို တဖြည်းဖြည်းပေါင်းစပ် တည်ဆောက်ထားသော ဘာသာဖြစ်သည်။

သို့ရာတွင် ဤကမ္ဘာပေါ်တွင် ထင်ရှားသောဘာသာကြီး (၄)ခုအနက် ဟိန္ဒူဘာသာသည် ရှေးအကျဆုံးသောဘာသာဖြစ်ပြီး ပေါ်ပေါက်ရာအချိန်ကို ပညာရှင်တို့က လွန်ခဲ့သောနှစ်ပေါင်း ၃၅၀၀ ခန့်က ဖြစ်မည်။ ဂေါတမဘုရားမပွင့်ခင် နှစ်ပေါင်း

၈၀၀ ခန့်က ပေါ်ပေါက်ခဲ့သောဘာသာဖြစ်သည်ဟု မှတ်ယူရပါသည်။

ဟိန္ဒူဘာသာ၏အစများ အာရိယန်လူမျိုးများဖြစ်သည်။ ထိုအာရိယန်တို့သည် ဟိန္ဒူမြစ်ဝှမ်းဒေသ၊ ဂင်္ဂါမြစ်ဝှမ်းဒေသသို့ အီရန်ပါးရှားဘက်မှတစ်သွယ်၊ ဟိမဝန္တာမြောက်ဘက်မှတစ်သွယ် ဝင်ရောက်လာကြပြီး ဣသိခေါ် ရသေ့တို့တီထွင်ခဲ့သော ဝေဒ အယူအဆကို လက်ခံခဲ့ကြသည်။ ထိုဝေဒအရ မီးနတ်(အဂ္ဂိနိ)၊ ရေနတ်(ဝရုဏ)၊ မိုးကောင်းကင်နတ်(ဣန္ဒြ)၊ နေနတ်(သူရိယ)၊ အရုဏ်ဦးနတ်(ဦးရှ)တို့ကို ကိုးကွယ်ခဲ့ကြသည်။

ဟိန္ဒူဘာသာတွင် ပညာရှိဗြဟ္မဏနှင့်ယာဇ်ပူဇော်သော ပုရောဟိတ်ဗြဟ္မဏတို့၏ တီထွင်မှုဖြင့် ဣဿရ(ဣသွာရ)ခေါ် ဖန်ဆင်းရှင်ထာဝရဘုရား ဖြစ်ပေါ်ဖန်ဆင်းထားကြသည်။

ထိုဖန်ဆင်းရှင်ဘုရားကား ဤကမ္ဘာလောကကြီးမပေါ်ပေါက်ခင်ကပင် ရှိနေပြီးသူသည် အနာဒိအနန္တဖြစ်၍အစမရှိ၊ အဆုံးမရှိ၊ တစ်ဆူတည်းသောဘုရားဖြစ်သည်။ ထာဝရဘုရားသည် အကြောင်းလည်းဖြစ်၏။ အကျိုးလည်းဖြစ်၏။ ဖန်ဆင်းရှင်ဖြစ်သကဲ့သို့ ဖန်ဆင်းခံရသော ပုဂ္ဂိုလ်လည်းဖြစ်၏။ ထာဝရဘုရားအား ချုပ်ချယ်ထားသောအနှောင်အဖွဲ့များမရှိ၊ ချို့ယွင်းအားနည်းချက်များကင်း၏။ ထာဝရဘုရားတွင် အဖိုအမနှစ်ပါးစုံပါ၍ အဖေလည်းမည်၏။ အမေလည်း မည်၏။ အလုံးစုံသောဩကာသလောကနှင့်စကြဝဠာကို ဖန်ဆင်းသည်ဟု ယုံကြည်ကြသည်။

ထာဝရဘုရားရှင် ဣသွာရသည် စကြဝဠာနှင့်ဩကာသလောကကို ဖန်ဆင်းပြီးနောက် ထိုကမ္ဘာလောကကြီးကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ဖျက်သိမ်းချိန်ရောက်လျှင် ဖျက်သိမ်းခြင်း၊ ထာဝရကုသိုလ် တစ်ဖန်ဖန်ဆင်းခြင်းကိုပြုလုပ်ရန်အတွက် အခြားသောကိုယ်ပွားများကို တာဝန်ပေးအပ်နှင်းထားသည်ဟု ယုံကြည်ထားကြသည်။

၁။ ဗြဟ္မာ(ပဇာပတိ)။ ။ကမ္ဘာလောကကြီးနှင့် သက်ရှိသက်မဲ့ အရာဝတ္ထုဟူသမျှကို စနစ်တကျဖန်ဆင်းပေးရသည် ဖန်ဆင်းသောတာဝန်ဟူသမျှကို ဗြဟ္မာကြီးကတာဝန်ယူရသည်။ ထိုဗြဟ္မာကြီးကြင်ယာတော်မှာ သူရဿတီမယ်တော်ဖြစ်ပြီး စီးတော်ယာဉ်မှာ ဘဲငန်းဖြစ်သည်၊ ဗြဟ္မာဘုံ၌နေသည်၊ သူမကို ပညာပါရမီနတ်သမီးဟု ခေါ်သည်။

(မြန်မာတို့က ပိဋကတ်သုံးပုံစောင့်နတ်သမီးဆိုပြီး လက်ခံယုံကြည်ထားကြသည်)။

၂။ ဗိဿနိုး။ ။တစ်ဆူတည်းသောဘုရားက ဖန်ဆင်းသောလောကနှင့်ဗြဟ္မာကြီးက ဖန်ဆင်းသောသတ္တဝါများကို စောင့်ရှောက်ရသောတာဝန်ကိုယူရသည်။ ဗိဿနိုး၏ကြင်ယာတော်မှာ လက္ခမီဖြစ်သည်။ စီးတော်ယာဉ်မှာဂဠုန်ငှက်ဖြစ်သည်၊ ဗြဟ္မာဘုံ၌နေသည်။

၃။ သျှိဝ(သိဝ)(မဟာဒေဝ)။ ။စကြာဝဠာအတွင်း ဆိုးဝါးသောသူများပေါ်ပေါက်လာလျှင် ဆုံးမရန်တာဝန်နှင့်နောင့်ယှက်ဖျက်ဆီး

ဆိုးသွမ်းသူများကို နှိမ်နင်းရန်တာဝန်ကိုယူရသည်။ သျှိဝ၏ ကြင်ယာတော်မှာ ဒူရကာ(ကာလီ)(ပါရဝတီ)ဖြစ်ပြီး ကေလာသ တောင်၌နေထိုင်သည်၊ စီးတော်ယာဉ်မှာ နွားလားဥသဘ ဖြစ်သည်။

အေ–ဒီ (၃) ရာစုနောက်ပိုင်းတွင် ဟိန္ဒူဘာသာသည် မြန်မာနိုင်ငံသို့ရောက်ရှိပျံ့နှံ့ခဲ့ကြောင်း သုတေသီများက ခန့်မှန်းကြပါသည်၊ မြန်မာနိုင်ငံကမ်းရိုးတန်းဒေသရှိ ဝေသာလီ(ရခိုင်)၊ သုဝဏ္ဏဘူမိ(သထုံ)၊ ဥသဘ(ပဲခူး)၊ ဒဂုံ(ရန်ကုန်)၊ သရေခေတ္တရာ (ပြည်)တို့သို့ ကုန်ကူးသန်းရောင်းဝယ် ဝင်ထွက်လာရာမှ ရောက်ရှိလာသည်ဟု ခန့်မှန်းကြပါသည်။

ဟိန္ဒူလူမျိုးတို့သည် မိမိတို့ရောက်သောနေရာအရပ်ဒေသတို့၌ ဟိန္ဒူဘာသာနှင့်ယဉ်ကျေးမှုဓလေ့ထုံးစံများကို မျိုးစေ့ချပြီး ဒေသခံတိုင်းရင်းသား မွန်၊ ပျူ၊ ရခိုင်လူမျိုးများနှင့်ရောယှက်ရင်းနှီးလာရာမှ ပျံ့နှံ့လာခဲ့သည်ဟု ခန့်မှန်းကြပါသည်။

ဟိန္ဒူဘာသာနှင့်ဗုဒ္ဓဘာသာသည် မရှေးမနှောင်းပင် မြန်မာနိုင်ငံသို့ရောက်ရှိလာခြင်းဖြစ်သည်။

ဟိန္ဒူယဉ်ကျေးမှုများသည် မြန်မာယဉ်ကျေးမှုနယ်ပယ်၌ များစွာလွှမ်းမိုးခဲ့သည်၊ ဥပမာ–ဘုရင်နန်းတက်ရာ၌ ပုဏ္ဏားများ ဘိသိက်သွန်းပေးရခြင်း၊ ဗေဒင်လက္ခဏာ စသည်များယုံကြည်ခြင်း၊ ဘုရားကိုးဆူပူဇော်ပွဲများ ပြုလုပ်ခြင်း၊ ဘုရား၌ဂြိုဟ်တိုင်များထားခြင်း၊ ဘုရား၌ ဂြိုဟ်တိုင်ဂြိုဟ်ရုပ်များထား၍ ပူဇော်စေခြင်း၊

သူ့ရသတီကို ပိဋကတ်စောင့်မယ်တော်ဟု ယုံကြည်လက်ခံထားခြင်း၊ ရိုးရာနတ်များပူဇော်ပသမှု ပြုလုပ်ခြင်းစသည်တို့သည် ဟိန္ဒူဘာသာယဉ်ကျေးမှုမှ ဆင်းသက်လာသောအရာများ ဖြစ်ကြပါသည်။

ဟိန္ဒူဘာသာရေးဆိုင်ရာ အသင်းများအနက် မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူအမျိုးသားဗဟိုအဖွဲ့ချုပ်၊ ရာမကရစ်သျှနာမစ်ရှင် (Ramakrishma mission)၊ အာရ်ယဆမာရ် (Arya Sama) အဖွဲ့နှင့် သနန္တနဓမ္မပါလအသင်းအဖွဲ့တို့မှာ ထင်ရှားသောအဖွဲ့များ ဖြစ်ကြပါသည်။

မြန်မာနိုင်ငံအရပ်ရပ်ရှိ ဟိန္ဒူဘုရားကျောင်းများကို မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူအမျိုးသားအဖွဲ့ချုပ်မှ အုပ်ချုပ်အကြံပေးသည်။

ရာယကာရစ်သျှ နာမစ်ရှင်

ဤအသင်းကို စတင်တည်ထောင်သူမှာ ရာမကရစ်သျှနားပင် ဖြစ်ပါသည်။ သူ့ကို ရှေးရိုးဆန်၍ ရိုးသားသောဗြဟ္မဏအိမ်ထောင်စုမှ ၁၈၃၆-ခုတွင် မွေးဖွားခဲ့သည်၊ သူ၏မစ်ရှင်ကို ဆက်လက်အောင်မြင်အောင် ဆောင်ရွက်သူမှာ ဆွာမိဝိဝေကနန္ဒ ဖြစ်သည်။

ဤအသင်း၏အဓိကရည်ရွယ်ချက်မှာ အိန္ဒိယနိုင်ငံ၏စံပြပညာရေးနှင့်ဘာသာရေးယုံကြည်အားထုတ်မှု ကျယ်ပြန့်အောင်

ဆောင်ရွက်ခြင်းဖြစ်ပါသည်။ အသင်းတွင် အဓိကရည်ရွယ်ချက် (၂)ချက် ရှိသည်–

(၁) ဝေဒကျောင်းတို့ကို သင်ကြားပို့ချရန် ဘာသာရေးဆိုင်ရာ ဆရာအဖွဲ့ ဂိုဏ်းတစ်ဂိုဏ်းဖွဲ့စည်းရန်။

(၂) သာမန်လူပုဂ္ဂိုလ်များအတွက် သာသနာပြုနှင့်ပေးကမ်းမှု ဆိုင်ရာ ကိစ္စအဝဝကို လူမျိုးဘာသာ အသားအရောင် မရွေး ဖြန့်ဖြူးလှူဒါန်းရန်။

ဤမစ်ရှင်၏ဆောင်ရွက်မှုသည် ဘာသာရေးထက် လူမှုရေး လုပ်ငန်းများက ပို၍စိတ်ဝင်စားဖွယ်ကောင်းသည်၊ စာမတတ်သူ ပ,ပျောက်ရေး၊ ကျေးလက်တောရွာများ ဖွံ့ဖြိုးတိုးတက်ရေး၊ လူမှု အဆင့်အတန်းမြင့်မားရေး စသောလုပ်ငန်းများကြောင့် အိန္ဒိယ ပြည်တွင်း စာကြည့်တိုက်ကြီးများ၊ စက်မှုလက်မှုအဆောက်အဦ များ ပညာသင်ပေးသောကျောင်းပေါင်းစုံနှင့်ကောလိပ်ကျောင်း ပေါင်းစုံပေါ်ပေါက်လာခဲ့သည်။

ဤမစ်ရှင်၏ဌာနခွဲအဖြစ် ရန်ကုန်တွင် ရာမကရစ်ရှ္ဓနား မစ်ရှစ်အသင်းနှင့် ရာမကရစ်ရှ္ဓနားကုသိုလ်ဖြစ်ဆေးရုံ ၂–ဌာန ရှိခဲ့သည်။

၁၉၀၁–ခုနှစ်တွင် ကာလိပါဒါရှိရှိက ဦးဆောင်၍ ရာမ ကရစ်ရှ္ဓနားအဖွဲ့ကိုဖွဲ့စည်းခဲ့ပြီး ၁၉၁၁–ခုနှစ်တွင် မစ္စတာအက်(စ်)၊ ရာမာဆွာမိအိုင်က ရာမကရစ်ရှ္ဓနားမစ်ရှင်ကို တည်ထောင်ခဲ့ သည်။

ထိုအသင်းသည် ကယ်ဆယ်ရေးလုပ်ငန်းများ၊ အနားယူရိပ်သာ၊ အခမဲ့စာကြည့်တိုက်၊ လူထုတရားပွဲများနှင့် ဘာသာရေးသင်တန်းများ ဖွင့်လှစ်သင်ကြားခြင်းတို့ကို ထိရောက်စွာ ဆောင်ရွက်နိုင်ခဲ့သည်။

၁၉၂၁–ခုနှစ်တွင် ကုသိုလ်ဖြစ်ဆေးရုံတည်ဆောက်ခဲ့သည်၊ ထိုခေတ်က မြန်မာနိုင်ငံတွင် ဒုတိယအကြီးဆုံးဆေးရုံဖြစ်ခဲ့သည်။

၁၉၅၂–၅၃ ခုတွင် ကုတင်(၁၃၅)ကုတင်ဆန့်အထိ တိုးတက်ခဲ့သည်။ ဆေးရုံ၏ဖွဲ့စည်းအုပ်ချုပ်ပုံမှာ–

(၁) ဆေးဘက်ဆိုင်ရာဌာန

(၂) ခွဲစိပ်ဌာန

(၃) ကင်ဆာရောဂါဌာန

(၄) မျက်စိရောဂါဌာန

(၅) ကာလသားရောဂါဌာန

ဟူ၍အသီးသီးဖွဲ့စည်းထားသည်။

## သနာတနဓမ္မပါလအဖွဲ့

သနာတနဓမ္မပါလအဖွဲ့သည် မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူသာသနာရေးအဖွဲ့ချုပ်၏ လက်အောက်ခံအဖွဲ့အစည်းတစ်ခုဖြစ်သည်။

ဤအဖွဲ့သည် နှစ်စဉ်ဟိန္ဒူဘာသာဆိုင်ရာသင်တန်းများကို ပို့ချပေးသည်၊ ထို့ပြင် ဟိန္ဒူဘာသာရေးပြပွဲများကိုလည်း ကျင်းပ

နိုင်ရန် ကော်မတီတစ်ခု ဖွဲ့စည်းပြီးမြန်မာနိုင်ငံ အနယ်နယ် အရပ်ရပ်မှမြို့နယ်များသို့ ခင်းကျင်းပြသကြသည်။

ထိုအဖွဲ့သည် သက္ကတစာပေမကွယ်ပစေရန် သင်တန်းများ ကို နှစ်စဉ်ပို့ချပေးသည်၊ ဟိန္ဒူစာပေဖြန့်ချိရေးကိုလည်း ဆောင် ရွက်ပေးသည်၊ သစ္စာရောင်ခြည်စသောမဂ္ဂဇင်း၊ ဂျာနယ်များ ထုတ်ဝေ၍ ဟိန္ဒူကလေးများအတွက် အခြေခံဟိန္ဒူဘာသာရေး စာအုပ်များကိုလည်း ထုတ်ဝေခဲ့သည်။

မြန်မာနိုင်ငံရှိ ဟိန္ဒူဘာသာဝင်တို့သည် အခြားသော ခရစ်ယာ်၊ မွတ်စလင်ဘာသာတို့ကဲ့သို့ သာသနာရေး၊ လူမှုရေး ဆိုင်ရာကိစ္စများကို အခါအားလျော်စွာ ဆောင်ရွက်ကြသည်။

မြန်မာနိုင်ငံအနှံ့အပြားရှိ ဟိန္ဒူဘုရားရှိခိုးကျောင်းများ၌ ဘာသာရေးဓလေ့ထုံးစံအတိုင်း ပွဲတော်များပြုလုပ်ကြသည်။ ဥပမာ–မဟာပိန္နဲဘုရားပွဲတော်၊ မီးနင်းပွဲတော်၊ မြန်မာနိုင်ငံလုံး ဆိုင်ရာ ဟိန္ဒူအမျိုးသားအဖွဲ့ချုပ်က နှစ်စဉ်ကျင်းပသော သက် သတ်လွတ်မိတ်ဆုံစားပွဲတော်တို့ ဖြစ်ပါသည်။

## (ခ) ဟိန္ဒူနှင့်ဗုဒ္ဓဘာသာဝင်တို့(ဘာသာမတူ ငြိမ်းချမ်း စွာ နေနိုင်ရေးသဘောတူညီချက်)

ဝိပဿနာတရားပြဂုရုကြီး ဂိုအင်ကာနှင့်ဂျာဂဒ်ဂုရုကာစရိယ တို့သည် ၁၉၉၉–ခု၊ နိုဝင်ဘာလ(၃)ရက်နေ့တွင် ဗာရဏသီမြို့ အနီး ဆာရ်နသ်(မိဂဒါဝုန်၊ မဟာဗောဓိအသင်း)တိုက်၌ (၅)နာရီ

ကြာဆွေးနွေးပွဲပြုလုပ်ပြီး လုမ္ဗိနီ၌ကျင်းပရန်စီစဉ်ထားသော အပြည်ပြည်ဆိုင်ရာ ဟိန္ဒူဗုဒ္ဓဘာသာကွန်ဖရင့်၌ရည်ရွယ်ချက်မှာ–

အိန္ဒိယနှင့်အိမ်နီးချင်း ဗုဒ္ဓဘာသာနိုင်ငံများ အချင်းချင်း ခင်မင်ရင်းနှီးစွာ ဆက်ဆံကြရန်ဖြစ်ကြောင်း၊ ဘာသာရပ်မှာ ကရုဏာဖြစ်ကြောင်း ရှရီရှုံကာစရိယက ဂုရုကြီးဂိုအင်ကာအား ဆွေးနွေးပြသည်။

ဂုရုကြီးဂိုအင်ကာက ကရုဏာအပါအဝင်ဖြစ်သော ဗြဟ္မစိုရ် တရားလေးပါးကို ကျင့်ကြံလိုက်နာကြပြီး ယင်းတရားများကို အခြေခံ၍ အိမ်နီးချင်းနိုင်ငံများနှင့် ဆက်ဆံကြလျှင် အမှန်ပင် တစ်နိုင်ငံနှင့်တစ်နိုင်ငံ ဆက်ဆံရေးများ ချစ်ခင်ရင်းနှီးပြီး ကျစ်လစ် ခိုင်မာလာမည်ဖြစ်ကြောင်း၊ သို့ရာတွင် ရှောင်ရန်၊ ဆောင်ရန် အချက်များကို အထူးသတိပြုရန်လိုကြောင်း ပဏာမပျို့၍ ရှောင်ရန် ဆောင်ရန်အချက်(၃)ချက်ကို တင်ပြသည်။

ဂုရုကြီးဂိုအင်ကာ တင်ပြသောအချက်(၃)ချက်ကို ရှရီရှုံကာ စရိယက ကောင်းစွာသဘောတူလက်ခံလိုက်သဖြင့် နှစ်ဦးပူးတွဲ ကြေငြာချက် လက်မှတ်ထိုးထုတ်ပြန်ခဲ့သည်။

သဘောတူချက်မှာ–

(၁) မည်သည့်အကြောင်းများကြောင့်ဖြစ်စေ၊ ရှေးအခါက အိန္ဒိယ ပြည်တွင် ဗုဒ္ဓသည် ဗိဿနိုး၏လူဝင်စား(အဝတာရဝ)ဖြစ်သည် ဟု စာပေမျိုးစုံတွင် ရေးသားဖော်ပြခဲ့ကြသည်။ ဗုဒ္ဓဆိုင်ရာ အခြား အကြောင်းအရာများကိုလည်း ရေးသားခဲ့ဖူးသည်၊ ဗုဒ္ဓဆိုင်ရာ

အခြားအကြောင်းအရာများကိုလည်း ရေးသားခဲ့သည်၊ ဤရေးသားခဲ့သော စာပေများကြောင့် အိမ်နီးချင်းနိုင်ငံများအား စိတ်မချမ်းမသာဖြစ်စေခဲ့ပါသည်၊ ရေးယခင်ကဖြစ်ပျက်ခဲ့သည်များမှာ ဖြစ်ခဲ့ပြီးပြီ၊ ပြန်မြင်၍မရနိုင်တော့ပေ၊ ဘာသာနှစ်ခုအကြား အချင်းချင်း ချစ်ခင်ရင်းနှီးမှုပိုမိုစေရန် ယခုအချိန်တွင် ထိုအတိတ်ကာလက မနှစ်သက်ဖွယ်များကို လုံးဝမေ့ပျောက်ပစ်လိုက်ကြပြီး ယင်းအယူဝါဒမျိုးကို ဆက်လက်ဖြန့်ချီမှုမပြုလုပ်ရန် ကျွန်ုပ်တို့နှစ်ဦးသဘောတူကြသည်။

(၂) ဤအိန္ဒိယပြည်မှ ဟိန္ဒူဘာသာအဖွဲ့အစည်းကြီးသည် ဗုဒ္ဓဘာသာဝင်များအပေါ် လွှမ်းမိုးကြီးစိုးလိုသော ရည်ရွယ်ချက်ဖြင့် ဟိန္ဒူ–ဗုဒ္ဓဘာသာကွန်ဖရင့်များကျင်းပရန် စိုင်းပြင်းနေကြသည်ဟု အိမ်နီးချင်းနိုင်ငံများက အထင်လွဲမှားလျက်ရှိသည်။ ယင်းလွဲမှားမှုများ လုံးဝအစဉ်ကွယ်ပျောက်စေရန် ကျွန်ုပ်တို့သည် ဤအချက်ကို တင်ပြကြေငြာပါသည်–

"ဝေဒစဉ်လာ ကျင့်နည်းများနှင့်သမဏစဉ်လာကျင့်နည်းနှစ်ခုစလုံးသည် ရှေးပဝေသဏီက အိန္ဒိယပြည်တွင် ပေါ်ပေါက်ခဲ့သော သီးခြားဂုဏ်သြဇာတို့ဖြင့် ရပ်တည်ခဲ့ကြပါသည်၊ ကျင့်စဉ်နည်းလမ်းတစ်ခုကား အခြားကျင့်စဉ်နည်းလမ်းတစ်ခုထက်သာလွန်မြင့်မြတ်သည်ဟု ကြုံးပမ်းပါက အချင်းချင်းမလိုမုန်းထားရန်ပွားခြင်းသာ ဖြစ်စေပါလိမ့်မည်၊ ထို့ကြောင့် ဤကဲ့သို့ကြုံးပမ်းများ နောင်တွင်မပြုလုပ်ကြရန်နှင့် ကျင့်စဉ်နှစ်ခုစလုံးအပေါ်

ညီတူညီမျှ လေးစားမှု၊ တန်ဖိုးထားမှုရှိကြမည်ဟု သဘောတူကြသည်။

(၃) မည်သူမဆို လူ့အဖွဲ့အစည်းတွင် ကောင်းသောအပြုအမူများကြောင့် မြင့်မားသောနေရာသို့ရောက်နိုင်ပါသည်၊ မကောင်းမှုများကြောင့် လူ့အဖွဲ့အစည်းတွင် နိမ့်ကျသောနေရာသို့ရောက်မည်သာ ဖြစ်သည်၊ ထို့ကြောင့် လူတိုင်းသည်ကောင်းသောအမှုများကိုပြုလုပ်၍ မကောင်းသောလောဘ၊ တဏှာ၊ ရာဂ၊ ဒေါသ၊ ထောင်လွှားခြင်းမာန၊ မသိမှု(အဝိဇ္ဇာ)၊ မနာလိုစိတ်(တစ်ကိုယ်ကောင်းစိတ်) စသည့်စိတ်အညစ်အကြေးများ ကင်းစင်အောင်ကြိုးပမ်းပါက မည်သူမဆို လူ့အဖွဲ့အစည်းတွင်မြင့်မားသောနေရာဌာနသို့ရောက်ရှိနိုင်၍ ပျော်ရွှင်ချမ်းသာမှုကိုရနိုင်သည်ဟု သဘောတူကြသည်။

## (ဂ) ခရစ်ယာန်ဘာသာပျံ့နှံ့ရောက်ရှိလာခြင်း

ခရစ်ယာန်ဘာသာ၏နိဒါန်း

ခရစ်ယာန်ဘာသာ၏အစသည် ဂျူးဘာသာဖြစ်သည်၊ ဘီစီ-၁၇၅၀-ခုလောက်က အစ္စရေးနိုင်ငံတွင်ပေါ်ထွန်းခဲ့သော အိဘရာမ်ဟမ်က အစပြုခဲ့သည်ဟုဆိုသည်။ ထိုနောက် ဘီစီ-၁၃၀၀-ခန့်တွင် အီဂျစ်ဒုတိယမြောက် ရမ္မာဘေးဘုရင်လက်ထက် အီဂျစ်လူမျိုးတို့၏ကျေးကျွန်အဖြစ်ရောက်နေသော အစ္စရေး(ဂျူး)များကို မောဇက် (Moses) ဆိုသူ အီဂျစ်ပြည်မှကယ်တင်ခဲ့သည်။

မောဆက်သည် မိဒီယံသဲကန္တာရအတွင်းရှိနေစဉ် ဘုရားတစ်ဆူသည် သူ့အားထင်ရှားပြသည်။ ဘုရား၏အမည်မှာ ဂျေဟိုဗာ(JEHOVAR) ဖြစ်သည်။ ဘုရားသခင်က အီဂျစ်ပြည်သို့သွား၍ အစ္စရေးလူမျိုးတို့အား ကျေးကျွန်အဖြစ်မှ လွတ်မြောက်အောင် ဆောင်ရွက်ချေ၊ တန်ခိုးတော်နှင့်ကယ်တင်မည်ဟု မိန့်ကြားသည့်အတွက် မောဆက်က အစ္စရေးများကို ကယ်တင်နိုင်ခဲ့သည်။ လွတ်မြောက်လာသော အစ္စရေးတို့သည် မောဆက်ကိုကျင့်စဉ်များကို ဖော်ညွှန်းပေးသူ ဟူ၍လည်းကောင်း၊ ဂျေဟိုဗားဘုရားသခင်ကို တစ်ဆူတည်းသော ဘုရားရှင်ဟူ၍လည်းကောင်း၊ ယနေ့အထိ လက်ခံကိုးကွယ်ခဲ့ကြသည်။

ဂျူးဘာသာသည် သာသနာပြုဘာသာအဖြစ် မရပ်တည်ကြ၊ ဂျူးဘာသာသို့သက်ဝင်လာအောင် မဆောင်ရွက်ကြ၊ မိမိတို့လူမျိုးတစ်မျိုးတည်းကျင့်စဉ်အဖြစ် လေးလေးနက်နက်ကျင့်သုံးသည်။ မောဆက်ချပေးသောလမ်းစဉ်မှာ ပညတ်တော်(၁၀)ပါးဖြစ်သည်။

ခရစ်ယံဘာသာသည် ထိုဂျူးဘာသာမှတစ်ဆင့်ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။ ခရစ်တော်ယေရှုမပေါ်မီ နှစ်ပေါင်းများစွာကရောမလက်အောက်တွင် ကျွန်သဘောက်အဖြစ်ရောက်ကြသော ရဟူဒီ(ယုဒ)လူမျိုးတို့သည် ကယ်တင်ရှင်ပုဂ္ဂိုလ်ပေါ်လာလိမ့်မည်ဟု ကောလဟာလပေါ်နေ၍ ထိုကယ်တင်ရှင်ကို မျှော်လင့်နေခဲ့ကြသည်။

ပညာရှိကြီးများက ထာဝရဘုရားသခင်က လူသတ္တဝါတို့အား ကယ်တင်ရန် သာမန်လူတို့ထက်မြင့်မြတ်သော ပုဂ္ဂိုလ်မြတ်ကို လူလောကသို့ စေလွှတ်မည်ဟူသေ ကောလဟာလစကားများ ပြောကြားခဲ့သည်။

ထိုကာလတွင် အေ–ဒီ ၃၀၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (၂၅)ရက် (ခန့်မှန်းချက်)ရက်တွင်း နာဇရက်မြို့သား၊ လက်သမား ဂျိုးဇက်နှင့်မာရိယာတို့သည် သန်းကောင်စာရင်းပေးသွင်းရန် ဂျူဒါး ပြည်(ယုဒပြည်)ဘက်သလိဟန်မြို့သို့လာခဲ့သည်။ မြို့သို့ရောက် သောအခါ တည်းခိုစရာမရှိ၍ နွားတင်းကုပ်တစ်ခုထဲသို့ဝင်ပြီး တည်းခိုရသည်၊ ထိုညတွင် ယေရှုခရစ်ကိုဖွားမြင်ခဲ့သည်။

ထိုယေရှုခရစ်သည် အသက်(၁၂)နှင့် အသက် (၃၀) အတွင်း ပျောက်နေခဲ့သည်။ သမိုင်းဆရာအချို့က တိဘက် ရောက်၍ ဗုဒ္ဓဘာသာရဟန်းတော်အရှင်အရိယဝံသထံ ရောက် ကာရဟန်းပြုခဲ့သည်၊ ရဟန်းဘွဲ့မည် ဗီဝကိရိတမည်ရှိသည်၊ ယင်းကို ဟေဗြဲဘာသာအားဖြင့် ယေရှုခရစ်ဟုခေါ်ကြောင်းဆိုပါ သည်။ သူသည်မေတ္တာကမ္မဋ္ဌာန်း (သမထ)ကိုအောင်မြင်ပြီး သူ၏မွေးဖွားရာ ပါလက်စတိုင်းသို့ သူဆရာထံ ကတိခံဝန်ချက် (၇)ချက်ခံယူခဲ့ပြီး ပြန်လာခဲ့သည်။

သူသည် တရားတော်များကိုဟောကြားရာတွင် မူလထာဝရ ဘုရား၏ဟောကြားချက်များ၊ ဂျေဟိုဗာဘုရား၏အယူအဆများ ကို ဆန့်ကျင်ဟောခဲ့သဖြင့် ဂျူးတို့၏(priest) ပရိခေါ်ဆရာကြီး

များနှင့် ဆန့်ကျင်ဘက်ဖြစ်လာ၍ ထိုဆရာကြီးများက မကျေမနပ်ဖြစ်လာကြသည်၊ သူတို့၏လာဘ်လာဘကို ပိတ်သည့်ပြင် ဂျေဟိုဗာဘုရား၏အယူဝါဒကို ဆန့်ကျင်သူဟုယူဆလာကြသည်၊ ယေရှုခရစ်တော်၏ဟောပြောချက်များ၊ လုပ်ဆောင်ချက်များကို လူအများကကြိုက်နှစ်သက်လာသဖြင့် လူအုပ်စုဖြစ်လာသည်။

ထိုအခါ ဂျူးဘုန်းကြီးများက ယေရှုသည်လူတွေစုပြီး သူပုန်ထလိမ့်မည်ဟုဆိုကာ ဂျူးအာဏာပိုင်များက ဖမ်းဆီးပြီး ရောမအာဏာပိုင်ထံသို့အပ်နှံလိုက်ကြသည်။ ယေရှုခရစ်အား နိုင်ငံတော်ပုန်ကန်မည့်သူ ဟုစွပ်စွဲချက်ဖြင့် လက်ဝါးကပ်တိုင်တင်၍သတ်ခဲ့ကြသည်။

ခရစ်တော်ကွယ်လွန်ပြီးနောက် ခရစ်တော်၏ဟောပြောချက်များကို တိုးပွားအောင်ဆောင်ရွက်ခဲ့ကြသူများမှာ တပည့်ကြီး (၁၂)ဦးတွင်အပါအဝင်ဖြစ်သော ပေါ(လ်)နှင့်ပီတာတို့ဖြစ်သည်။ အစပိုင်းတွင် ပါလက်စတိုင်းနိုင်ငံတွင်ဟောပြောပြီး နောက်ပိုင်းတွင် ရောမမြို့သို့ပြောင်းရွှေ့ဟောပြောကြသည်၊ စည်းရုံးကြသည်။

ယေရှုခရစ်တော်မသေကြောင်း (၃)ရက်မြောက်တွင် ရှင်, ပြန်ထမြောက်ခြင်း အဖဘုရားထံပြန်ရောက်ကြောင်းကို အဓိကထား၍ဟောပြောကြရာ နောက်ဆုံးတွင် ရောမဘုရင်ကလက်ခံပြီး ရောမအင်ပါယာနိုင်ငံတွင် ခရစ်ယာန်ဘာသာကို နိုင်ငံတော်ဘာသာအဖြစ် အသိအမှတ်ပြုခံခဲ့ရသည်။

ရောမအင်ပါယာမှအစပြု၍ ဥရောပတိုက်တစ်ခုလုံး ခရစ်ယာန်သာသနာပျံ့နှံ့သွားသလို နောက်ပိုင်းကမ္ဘာတိုက်ကြီးများ အားလုံးပျံ့နှံ့သွားခဲ့လေသည်။

ကမ္ဘာအရပ်ရပ်တွင် မြေရှင်ပဒေသရာဇ်စနစ်ကျဆုံးပြီး နောက် အရင်းရှင်စနစ်ပေါ်ထွန်းလာသောအခါ စီးပွားရေးစား ကျက်အတွက် နယ်ချဲ့စနစ်ပေါ်လာခဲ့သည်။ ထိုစီးပွားရေးနယ်ချဲ့ သမားများ၏နိုင်ငံများ၌ ခရစ်ယာန်ဘာသာများသည် တိုးတက် ထွန်းကားပြန့်ပွားနေလျက်ရှိပြီဖြစ်ရာ (M) သုံးလုံးစနစ်ဖြင့် နယ်ချဲ့ ခဲ့ကြသည်။

1. Merchant –ကုန်သွယ်ရောင်းဝယ်မှု

2. Militrary –စစ်ရေးဖြင့်ဆောင်ရွက်မှု

3. Missionary –သာသနာပြုမှု

ဤ(၃)နည်းဖြင့် အရင်းရှင်တို့ စီးပွားရေးနယ်ချဲ့တိုက်ခိုက် လာခဲ့ရာ သူတို့နောက်တွင် ခရစ်ယာန်သာသနာပြုများသည်လည်း တစ်ပါတည်းခေါ်ဆောင်ပါလာရလေသည်။

မြန်မာနိုင်ငံအတွင်းသို့ ခရစ်ယာန်သာသနာရောက်ရှိလာပုံ သမိုင်းကောက်ကြောင်းကို လေ့လာကြည့်ပါက–

ခရစ်နှစ် ၁၄၈၆ ခုတွင် ရှမ်းသိုဟန်ဘွားတိုက်ခိုက်မှု သာသနာတော်ရှိ ရဟန်းသံဃာတော်များ သတ်ဖြတ်ခြင်း၊ ပိဋကတ်တော်များကို မီးရှို့ဖျက်ဆီးခြင်းများပြုလုပ်၍ ပထမ အင်းဝနိုင်ငံတော်ပျက်စီးသောအခါ ထိုအင်းဝရှိမြန်မာများ၊ ရဟန်း တော်များသည် တောင်ငူတွင်စုရုံးမိကြလေသည်။

ခရစ်နှစ် ၁၄၈၆ ခုနှစ်တွင် မင်းကြီးညိုသည် တောင်ငူကို စတင်တည်ထောင်ခဲ့သည်၊ ထိုအချိန်တွင် အနောက်နိုင်ငံမှ ရှေးဦး နယ်ချဲ့ (ကိုလိုနီ)ပေါ်တူဂီလူမျိုးတို့သည် ခရစ်ယံသာသနာပြု လုပ်ငန်းကို အိန္ဒိယပြည် ဂိုအာတွင်စတင်အခြေချခဲ့သည်။

၁၅၁၀ ခုတွင် ပေါ်တူဂီရေတပ်သည် အိန္ဒိယပြည်တောင် ပိုင်းကမ်းခြေ ဂိုအ (GOA) ပြည်နယ်ကို သိမ်းပိုက်သည်၊ ၁၅၁၁–ခုတွင် ပေါ်တူဂီရေတပ်မိုလ်ချုပ် အယ်လ်ဘူးကတ် (Albuquerque) သည် မလက္ကာရေလက်ကြားကို အပိုင်စီးယူခဲ့ သည်၊ ဂိုအာဘုရင်ခံဖြစ်လာသော ရေတပ်မိုလ်ချုပ်အယ်လ်ဘူး ကတ်သည် ပဲခူးနှင့်ယိုးဒယားသို့ သံတမန်စေလွှတ်ဆက်သွယ် ခဲ့သည်။

၁၅၁၉ ခုတွင် မုတ္တမ၌ ကုန်စည်ကူးသန်းရောင်းဝယ်ရေး စခန်းကိုဖွင့်လှစ်ခဲ့သည်၊ ရခိုင်ဘုရင်များနှင့်ဆက်သွယ်ခဲ့ကြသည်။

ဤသို့ကုန်သွယ်ရေးလမ်းကြောင်း စတင်ဖွင့်သော်လည်း အမှန်ရည်ရွယ်ချက်မှာ ထိုအချိန်တွင် တန်ခိုးကြွလာခါစဖြစ် သော ယိုးဒယား၊ ပဲခူးနှင့်ရခိုင်တို့ကို အချင်းချင်းသွေးခွဲတိုက်ခိုက် ရန်ကြေးစားပေါ်တူဂီအမြောက်စစ်သားများ ငှါးရမ်း၍ စစ် အင်အားဖြည့်ဆည်းရန် လက်နက်ရောင်းချခြင်းဖြစ်ပေသည်။

ဤသို့ဖြင့်ရခိုင်ဘုရင်သည် ပေါ်တူဂီအကူအညီဖြင့်ရေတပ် အင်အားတောင့်တင်းလာသည်၊ ပဲခူးနှင့်မုတ္တမတို့လည်း ကြေးစား ပေါ်တူဂီတို့ဖြင့် အင်အားပြည့်လာသည်၊ ပဲခူး–မုတ္တမဆိပ်ကမ်း၌

လွန်စွာရျမ်းသာသော ကူးသန်းရောင်းဝယ်ရေးဌာနကြီးများဖြစ်လာသည်။ ယိုးဒယားများလည်း အရှေ့ဘက်တစ်လွှားတွင် မွန်–ခမာတို့ဩဇာလွှမ်းမိုးမှုအောက်မှ ရုန်းကန်လွန်လူးစပြုနေချိန်ဖြစ်သည်။

ဤအချိန်တွင် တရုတ်တာတာစစ်သည်တို့ရန်ကြောင့် ပြိုကွဲသွားရသောမြန်မာပြည်ထောင်စုကြီးကို ပြန်လည်စုစည်းဖန်တီးရန်မင်းကြီးညို တောင်ငူတွင်စတင်အခြေချစုစည်းလာခဲ့သည်။ ထို့နောက်မင်းကြီးညို၏သား တပင်ရွှေထီးနှင့်လက်တွဲညီပြီး ဒုတိယမြန်မာနိုင်ငံကို စတင်ကြိုးပမ်းနေကြပြီးဖြစ်သည်။

နောင်တွင် တပင်ရွှေထီးတို့ ဟံသာဝတီကိုတိုက်ခိုက် သိမ်းပိုက်ပြီးနောက် ယိုးဒယားသို့ဆက်လက်တိုက်ခိုက်ရာတွင် ပေါ်တူဂီကြေးစားစစ်သား အမြောက်တပ်သားတို့သည် တောင်ငူဘက်မှလည်းကောင်း၊ မွန်–ယိုးဒယားဘက်တို့မှလည်းကောင်း ငှါးရမ်းအသုံးပြုခဲ့ကြသည်။

ဤသို့ဖြင့် ပေါ်တူဂီနယ်ချဲ့သာသနာပြုတို့သည် ဂိုအာနယ်နှင့်မဝေးလှသော သီဟိုဠ်နိုင်ငံကို တိုက်ခိုက်၍ခြေကုတ်ယူရန်ကြိုးပမ်းနေစဉ် မြန်မာ–မွန်–ယိုးဒယားပြည်များ၊ အချင်းချင်းတိုက်ခိုက်စေကာ အင်အားချိနဲ့သွားရန် ကြေးစားစစ်သားအမြောက်လက်နက်များဖြင့်ကူညီ၍ အမြတ်ထုတ်ခဲ့ကြသည်။

ထိုအချိန်မှာပင် ခရစ်ယံသာသနာပြုရန်အခြေခံကောင်းများ စတင်တည်ဆောက်ကြတော့သည်။

တပင်ရွှေထီးသည် တောင်ငူကိုအခြေပြု၍ မြန်မာပြည်ထောင်စုစည်းရုံးရေးကို ပြန်လည်ထူထောင်ရန် ကြိုးပမ်းရာ၌ နောင်တွင်ဘုရင်နောင်ဘွဲ့ခံ ဘုရင်ဖြစ်လာမည့် ယောက်ဖတော်ဖတော်၏အကူအညီကို များစွာယူနိုင်ခဲ့သည်။

သက်တော်(၃၂)နှစ်တွင် တပင်ရွှေထီးသည် ယိုးဒယားကိုအောင်နိုင်၍ မြန်မာ၊ရခိုင်၊ရှမ်းတို့သည် အေးချမ်းစွာနေထိုင်လျက်ရှိနေကြပြီးဖြစ်သည်၊ ဘခင်မင်းကြီးညိုလိုလားသော ပြည်ထောင်စုစုစည်းရေးကိစ္စအတော်ပင် အောင်မြင်နေပြီဖြစ်သည်။

ဤတွင် မျိုးမတူ၊ ဘာသာမတူ လျှို့ဝှက်ရန်သူဖြစ်သောကိုလိုနီနယ်ချဲ့ပေါ်တူဂီများ၏ ကျော့ကွင်းသို့ တပင်ရွှေထီးသည်တိုးဝင်သွားမိခဲ့သည်၊ တပင်ရွှေထီးစစ်ချီရာတွင် အနားမှအစဉ်လိုက်ပါခဲ့သော ပေါ်တူဂီကြေးစားစစ်ဗိုလ်သည် တပင်ရွှေထီးနှင့်ရင်းနှီးခင်မင်သွားပြီး ယင်းစစ်ဗိုလ်က မြန်မာသစ်သီးသစ်ရွက်တို့အလွန်ကောင်းသော စိမ်ရည်အရက်ကိုချက်လုပ်ပြီး တပင်ရွှေထီးကိုတိုက်ကျွေးခဲ့ရာ တပင်ရွှေထီးသည် အရက်စွဲသွားခဲ့သည်။ စစ်ချီစစ်တပ်များရပ်နား၍အနားယူစဉ် ထိုကြေးစားစစ်ဗိုလ်နှင့် တောကစားဆင်ဖမ်းထွက်ရင် အရက်သေစာသောက်စားကြသည်။

တစ်ကြိမ်တွင် စစ်တောင်းစား မွန်ဘုရင်ခံသည် ဘုရင်နောင်၏အကာအကွယ်မဲ့နေသော တပင်ရွှေထီးကို ချောင်းမြောင်းလုပ်ကြံသတ်ပစ်ခဲ့သည်။တပင်ရွှေထီးကျဆုံးပြီးနောက် ဘုရင်

နောင်ကျော်ထင်နော်ရထာသည် ရှမ်း၊ မွန်၊ မြန်မာ၊ ယိုးဒယား တို့ကို အောင်နိုင်၍ ဒုတိယ မြန်မာနိုင်ငံတော်ကြီးကို တည်ထောင် နိုင်ခဲ့သည်။ မြို့တော်ကိုတောင်ငူမှရွှေ့ပြောင်းပြီး ဟံသာဝတီ နေပြည်တော်ကို ဖန်ဆင်းတည်ထောင်ပေးခဲ့သည်။

ထိုစဉ်က ယိုးဒယားကိုအောင်နိုင်၍ ပြည်တော်ပြန်ခဲ့သော မြန်မာရစ်အင်အားသည် အရှေ့တောင်အာရှတွင် အကြီးမားဆုံး စစ်အင်အားဖြစ်ကြောင်း မျက်မြင်နိုင်ငံခြားသားများ မှတ်တမ်း တင်ခဲ့ကြသည်။

ဤသို့ဖြင့်ဟံသာဝတီနေပြည်တော်သည် အရှေ့တောင် အာရှတွင် ထင်ပေါ်ကျော်ကြားလာခဲ့ရသော်လည်း သင်္ခါရသဘော တရားအရ ပျက်ချိန်တန်၍ ပျက်ဆုံးရပြန်ပါသည်။

၁၅၈၁-ခု သက်တော် (၆၆)နှစ်တွင် ဘုရင့်နောင် ကျော်ထင်နော်ရထာမင်းကြီး နတ်ရွာစံခဲ့ပြီး သားတော်နန္ဒဘုရင် ထီးနန်းဆက်ခံသည်။ သားတော်နန္ဒဘုရင်သည် အသက်(၁၃) နှစ်သားအရွယ်ကပင် တပင်ရွှေထီးနှင့်အတူ ခမည်းတော်ဘုရင့် နောင်လက်ထက်တို့၌ စစ်ချီရာများ၌ပါဝင်ခဲ့သည့်အလျောက် စစ်ရည်ပြည့်ဝကျွမ်းကျင်လှသော်လည်း ပြည်၊ အင်းဝ၊ တောင်ငူ တို့၌ ဘုရင့်နောင်လက်ထက်က ဘုရင်ငယ်များအဖြစ်ခန့်ထားခံ ခဲ့ရသော ဦးရီးတော်များအနက် အင်းဝဘုရင်ခံ ဦးရီးတော်က စတင်သစ္စာဖောက်ပြီး ဟံသာဝတီကိုပုန်ကန်ရန်ကြံစည်ခဲ့သည်။ အင်းဝသို့ချီတက်နှိမ်နင်းနေစဉ် ယိုးဒယားလက်အောက်ခံ နယ်စား များက ပုန်ကန်တော်လှန်လာကြပြန်သည်။

ဟံသာဝတီကို ယိုးဒယားနှင့်မွန်တို့လက်အောက်သို့ ပြန်မရောက်စေလိုသော တောင်ငူဘုရင်ခံသည် ရခိုင်ဘုရင်၏ ရေတပ်အကူအညီဖြင့် ခရစ်နှစ် ၁၅၉၉ ခုတွင် ဟံသာဝတီကို ချီတက်ဝန်းရံထားသည်၊ ရခိုင်ဘုရင်ရေတပ်က သံလျင်ကို တိုက်သည်။

ဤနည်းဖြင့်အသားထဲကလောက်ထွက်ကြ၍ ဦးရီးတော်အရင်း သားတော်အရင်းများဖြစ်ကြသော တောင်ငူ၊ ပြည်၊ ရခိုင်တို့ တိုက်ခိုက်မှုကြောင့် ဟံသာဝတီပျက်သုဉ်းသွားရလေသည်။ တောင်ငူမင်းနှင့်ရခိုင်မင်းတို့သည် ဟံသာဝတီပြည်မှ ဥစ္စာပစ္စည်း ရွှေငွေအားလုံးတို့ကို သိမ်းယူသွားကြသည့်အတွက် မွန်၊ မြန်မာ၊ ရှမ်း၊ ရခိုင်တို့အမျိုးသားချင်း စိတ်ဝမ်းကွဲပြားကြပြီး အမျိုးသားစည်းလုံးရေးအားလုံးပျက်သွားပါလေသည်။

ဤအခြေအနေတွင် အကျိုးအမြတ်ထူးရသွားသူမှာ ရခိုင်ဘုရင်အသုံးပြုခဲ့သော ပေါ်တူဂီကြေးစားစစ်ဗိုလ် ဒီဘရစ်တို (DiBrito) ဖြစ်သည်။ ရခိုင်ဘုရင်သည် သူ၏ကြေးစားလက်ထောက် ကြေးစားစစ်ဗိုလ် ဒီဘရစ်တိုကို သံလျင်မြို့အစောင့်ထားခဲ့၍ ရခိုင်သို့ဆုတ်ခွာသွားခဲ့သည်။

ရှမ်းတို့ကို မြန်မာလက်အောက်မှ တွန်းလှန်ထွက်ရန် ယိုးဒယားကမြှောက်ပေး၍ မွန်တို့ကလည်း ဒီဘရစ်တိုနှင့်ပေါင်းကာ မြန်မာကိုယှဉ်ပြိုင်လာသော ခေတ်ဆိုးအခါဆိုးကြီးများဖြစ်နေသည်။

တောင်ငူတွင် နတ်ရှင်နောင်ဘုရင်ဖြစ်လာသောအခါ ဒီဘရစ်တိုသည် သံလျင်ကိုအခြေပြု၍ မြစ်ဝကျွန်းပေါ်တစ်ဝှမ်း ဩဇာလွှမ်းမိုးနိုင်ရန် စတင်ကြိုးပမ်းတော့သည်။

ဤအချိန်မှစ၍ မြန်မာပြည်တွင် ရိုမန်ကက်သလစ် ခရစ်သာသနာပြုလုပ်ငန်းစတင်သည်ဟု ယူဆနိုင်သည်။

ဒီဘရစ်တိုသည် ဂိုအာရှိဘုရင်ခံထံလှမ်း၍ အကူအညီတောင်းကာ သူ့ကို သံလျင်ဘုရင်ခံအဖြစ် ခန့်ရန်တောင်းဆိုခဲ့သည်။ ဂိုအာဘုရင်ခံကလည်း ခရစ်-၁၆၀၀-တွင် သံလျင်ဘုရင်ခံအဖြစ်အသိအမှတ်ပြုပြီး သူ၏သမီးတော်နှင့်လက်ထပ်ပေးခဲ့သည်။ စစ်သင်္ဘောနှင့်စစ်သားများကိုလည်း အကူအညီပေးခဲ့သည်။

တစ်ချိန်တည်းမှာပင် ရိုမန်ကက်သလစ်ဘုန်းကြီးများ စေလွှတ်ပေး၍ အောက်မြန်မာပြည် အထူးသဖြင့် မြစ်ဝကျွန်းပေါ်မှ မွန်ကရင်လူမျိုးများအား ခရစ်ယာန်သာသနာအတွင်းသို့ ဇွတ်အတင်းဝင်ခိုင်းခဲ့သည်။ ဗုဒ္ဓဘာသာဘုရားကျောင်းကန်စေတီပုထိုးဟူသမျှမှ ရွှေ၊ ငွေ၊ ကြေး၊ ဆင်းတုရုပ်ထုတော်၊ ခေါင်းလောင်း၊ ကြေးစည်များကို အကုန်သိမ်းယူ၍ အရည်ကျိုကာ အမြောက်များသွန်းလုပ်ခဲ့သည်။ (ရွှေတိဂုံကုန်းတော်မှ ဓမ္မစေတီမင်းကြီး၏ ခေါင်းလောင်းကြီးကိုပါ သယ်ယူသွားခဲ့ရာ ပုဇွန်တောင်ချောင်းတွင်ပြုတ်ကျကျန်ရစ်ခဲ့သဖြင့် ယနေ့ထိချောင်းထဲ၌ရှိနေသေးသည်၊ ပြန်မဖော်ယူနိုင်သေးချေ)

ဒိဘရစ်တိုသည် (၂၃)နှစ်ကာလအတွင်းဝယ် သူပိုင်ဥစ္စာအဖြစ် ရွှေဒဂ်ါးပြား (၃)သန်းတိတိ စုဆောင်းပိုင်ဆိုင်သွားခဲ့သည်။

ဤသို့သောအခြေအနေတွင် -၁၆၀၅-ခုတွင် အနောက်ဘက်လွန်မင်းသည် အင်းဝကိုဗဟိုပြု၍ စစ်အင်အားစုစည်းပြီး ၁၆၀၆-ခုတွင် ပြည်၊ -၁၆၀၈-ခုတွင် တောင်ငူကို ပြန်လည်သိမ်းပိုက်သိမ်းသွင်းခဲ့သည်၊ တောင်ငူတွင် နတ်သျှင်နောင်ကို တောင်ငူဘုရင်ခံအဖြစ် ပြန်လည်ခန့်ထားခဲ့သော်လည်း သစ္စာဖေါက်ပြီးတောင်ငူနန်းကို မီးရှို့ကာ ဒိဘရစ်တိုထံတွင် အညံ့သွားခံခဲ့သည်၊ ဘရင်ဂျီဘာသာဝင်အဖြစ်ခံယူသွားသည်။

၁၆၁၃-ခုတွင် အနောက်ဘက်လွန်မင်းသည် သံလျင်ကို ချီတက်တိုက်ခိုက်သည်။ ဒိဘရစ်တိုသည် ဂိုအာဘုရင်ခံထံ စစ်ကူတောင်းရာ ဂိုအာဘုရင်ခံက စစ်သင်္ဘော (၆)စီးနှင့် စစ်သား(၃၀၀)စေလွှတ်ပေးခဲ့သည်။ ဒိဘရစ်တိုသည် ထိုအကူစစ်သားကို မျှော်လင့်ရင်း မြို့တွင်းမှ ကြံ့ကြံ့ခံခဲ့သည်၊ သို့ရာတွင် အနောက်ဘက်လွန်မင်းသည် မြို့ရိုးအောက်မှ ဥမင်တူးစေ၍ မြို့တွင်းသို့ဝင်ရောက်ကာ ရန်သူအားလုံးကိုသုတ်သင်ရှင်းလင်းစေခဲ့သည်။

ဒိဘရစ်တိုနှင့် နတ်သျှင်နောင်ကိုဖမ်းဆီးကာ ရှေ့တော်သို့သွင်းကာစစ်ဆေးခဲ့သည်၊ မြန်မာနိုင်ငံကို သိမ်းပိုက်ရန် ပထမဆုံးအကြိမ်ကျူးကျော်စော်ကားလာသော ပေါ်တူဂီကုလားဖြူမိစ္ဆာဒိဋ္ဌိ ဒိဘရစ်တိုအား ဘုရားကျောင်းကန်များဖျက်ဆီးလုယက်မှုစသောပြစ်မှုကြီးများကြောင့် တံကျင်လျှို၍သတ်စေသည်။

နတ်သျှင်နောင်ကိုမူ သနားငဲ့ညှာသဖြင့် ဘရင်ဂျီဘာသာကိုစွန့်လွှတ်၍ အသက်ချမ်းသာစေရမည်ဟု ခွင့်ပြုသည့်တိုင်အောင် နတ်သျှင်နောင်က မိုက်မဲစွာငြင်းဆန်သဖြင့် သူ့အားလဲ အလားတူ သုတ်သင်ပစ်လိုက်ရလေသည်။

အနောက်ဘက်လွန်မင်းသည် ဖမ်းမိလာသောပေါ်တူဂီ စစ်သားအချို့နှင့် မိသားစုတို့ကို ချင်းတွင်းမြစ်နှင့် မူးမြစ်ကြားရှိ နဘက်အရပ်တွင်ချထားပေးပြီးနေစေသည်၊ ဘုရင်၏အလျှုတော်ကိုထမ်းဆောင်စေခဲ့သည်၊ သူတို့ကိုးကွယ်ရာ ဘရင်ဂျီခရစ်ယံ ဘာသာကိုလည်း လွတ်လပ်စွာကိုးကွယ်ခွင့်ပေးခဲ့သည်။

## (ဃ) အင်းဝခေတ် ရိုမန်ကက်သလစ်သာသနာပြု လုပ်ငန်းရောက်လာခြင်း

သံလျင်မှ ပေါ်တူဂီတို့၏သာသနာပြုလုပ်ငန်းများ ရပ်ဆိုင်း သွားပြီးနောက် ယင်းတို့၏နေရာတွင် အီတလီမှရိုမန်ကက်သလစ် ဘုန်းတော်ကြီးများဝင်ရောက်လာကြပြီး သာသနာပြုလုပ်ငန်းများ ကို ဆောင်ရွက်လာကြသည်။

အင်းဝဘုရင်များသည် သာလွန်မင်းတရားလက်ထက်မှစ၍ မြစ်ဝကျွန်းပေါ်ဒေသကို ဥပေက္ခာပြုထားပြီး အင်းဝကိုသာ ခိုင်မာ အောင်တည်ဆောက်နေလေသည်၊ သို့ရာတွင် ခရစ်ယံသာသနာ ပြုများအား လွတ်လပ်စွာဝင်ထွက်သွားလာခွင့်၊ သာသနာပြုခွင့် များကိုပေးထားခဲ့သည်။

ထိုအချိန်တွင် အီတလီမှ တရုတ်ပြည်သို့ သာသနာပြု စေလွှတ်ခဲ့သော အီတလီရှိမန်ကက်သလစ်ဘုန်းတော်ကြီး (၂) ပါးဖြစ်သော ဗစ်တိုနီ (Vittoni) နှင့် ကာလ်ချီ (Calchi)တို့ သည် မြန်မာပြည်သို့ရောက်လာခဲ့ကြပြီး –၁၇၀၂–ခုနှစ်မှစ၍ အင်းဝတွင်အခြေချ၍ သာသနာပြုခွင့်ရပြီး သာသနာပြုကြသည်။

ယင်းတို့မှစ၍ အခြားအီတလီဘုန်းတော်ကြီးများ တစ်စ တစ်စနှင့် မြန်မာပြည်တွင်းသို့ရောက်ရှိလာကြသည်၊ အင်းဝကို အခြေပြု၍ပေါ်တူဂီစစ်သားဟောင်း မိသားစုများနေထိုင်ရာ နဘက်၊ချောင်းဦးနယ်များသို့လည်းသွားရောက်၍ ခရစ်ယံဘာသာ ဝင်ဟောင်းများကို ဆက်လက်စောင့်ရှောက်ကြသည်။

အောက်မြန်မာပြည်၊ မွန်၊ ရခိုင်တို့ဘက်သို့လည်း ကူးလူး သွားလာဝင်ထွက်ခဲ့ကြသည်၊ ၁၇၄၉–ခုတွင် သန်လျင်၌အုတ် ဘုရားရှိခိုးကျောင်းတစ်ဆောင်၊ ဘုန်းကြီးကျောင်းတစ်ခုနှင့် မိဘမဲ့ ကျောင်းတစ်ကျောင်းကို တည်ထောင်လာခဲ့ကြသည်။

ထိုအချိန်ကာလတွင် အင်္ဂလိပ်နှင့်ပြင်သစ်နယ်ချဲ့တို့သည် ပေါ်တူဂီ ဒတ်ချ်(စပိန်)တို့နောက်မှကပ်လျက် နယ်ချဲ့လုပ်ငန်းကို လုပ်လာခဲ့ရာ အီတလီသာသနာပြုဘုန်းကြီးများသည် နယ်ချဲ့တို့ နောက်မှကပ်လိုက်ပါလာလျှက် မြန်မာ၊ ယိုးဒယားနိုင်ငံများသို့ ဝင်ရောက်ဖွက်ဖက်လာသလို သာသနာပြုလုပ်ငန်းကိုလည်း ဆောင်ရွက်လာကြသည်။

ထိုသို့ နိုင်ငံရေးဝင်စွက်မှု၊ ဘာသာရေးစည်းရုံးမှုပြုလုပ်လာရာတွင် အီတလီဘုန်းတော်ကြီးအချို့ပါဝင်ခဲ့ရာ ထင်ရှားသောဘုန်းတော်ကြီးမှာ ဆန်ဂါမနို (The Reverend Father Sangermano) ဖြစ်သည်။

ဘရင်ဂျီခရစ်ယံဘုန်းကြီး ဆန်ဂါမနိုသည် ၁၇၈၃–ခုအထိ အင်းဝ၊ဒဂုံ၊သန်လျင်တို့ကို လှူးလာတုန်ပြန်သွားလာခွင့်ရခဲ့ရာ သူ၏ ခရစ်ယံသာသနာပြုလုပ်ငန်း မြန်မာပြည်၌ထူးခြားစွာ အောင်မြင်ခဲ့သည်ဟု ဆိုရပါသည်၊ သူသည် အောက်ပြည်အောက်ရွာ ထားဝယ်၊ မြိတ်တို့အထိ လွတ်လပ်စွာသွားလာခွင့်ရမှုကို မိမိကိုယ်ကျိုးအတွက် ကောင်းစွာအသုံးချသွားနိုင်သည်ဟု ဆိုရပါမည်။

၁၇၉၅–ခုတွင် ဗြိတိသျှအရှေ့အိန္ဒိယကုမ္ပဏီက ကုန်သွယ်ရေးအတွက် သံအရာရှိ မိုက်ကယ်ဆိုင်း(Captain Michael Symes) ကိုအင်းဝဘုရင်ထံစေလွှတ်ခဲ့သည်။ မိုက်ကယ်ဆိုင်းရေးသားပြီး ၁၈၀၀ပြည့်တွင်ပုံနှိပ်ခဲ့သော An Account of an Embassy to the Kingdom of Ava (London 1800) စာအုပ်တွင် ကက်သလစ်သာသနာပြုအဖွဲ့ခေါင်းဆောင် ဆန်ဂါမနိုသည် သူအားရန်ကုန်တွင်လာရောက်တွေ့ဆုံကြောင်းကို အပြည့်အစုံရေးမှတ်ထားသည်ကို တွေ့ရပါမည်။

ထိုအချိန်မှစ၍ ဆန်ဂါမနိုသည် အင်္ဂလိပ်တို့အတွက် မြန်မာနိုင်ငံတော်၏ ပထဝီ၊မြစ်ချောင်း၊ အင်းအိုင်၊တော၊တောင်၊ရေမြေ၊

သယံဇာတပစ္စည်းများအကြောင်း၊ မြန်မာပြည်နှင့်မြန်မာလူမျိုးများ အကြောင်း၊ မြန်မာမင်းသမိုင်းများအကြောင်း၊ ဗုဒ္ဓဘာသာ အကြောင်း၊ ဗုဒ္ဓဘာသာဆရာတော်သံဃာတော်များအကြောင်း မကောင်းသုံးသပ်ထားမှုအလုံးစုံကို မြန်မာအကျိုးမလိုလားသူများ အတွက် အလွန်အသုံးကျမည့်စာအုပ်တစ်အုပ်အဖြစ် လက်တင် ဘာသာဖြင့်ပြုစု၍ အင်္ဂလိပ်တို့အားလက်သိပ်ထိုးပေးခဲ့သည်။

ယင်းစာအုပ်ကို (The Reverend Father Sangen mano: A Discription of the Burmese Empire) ဟု အင်္ဂလိပ်ဘာသာပြန်၍ ၁၈၃၃–ခုတွင်ထုတ်ဝေခဲ့သည်။

ဤစာအုပ်သည် မြန်မာအင်္ဂလိပ်စစ်ပွဲများ စတင်ဖြစ်ပွားခဲ့ သော ၁၈၂၄–ခုနှစ်အချိန်မှစ၍ မြန်မာပြည်ရောက် အင်္ဂလိပ် အားလုံးတို့အတွက် လက်စွဲစာအုပ်ဖြစ်သွားခဲ့သည်၊ မြန်မာပြည် မြေပုံများအပြည့်အစုံနှင့် ဧရာဝတီမြစ်ဝကျွန်းပေါ် ဗန်းမော်မှ မြစ်ကြီးနားတိုင်အောင် ဧရာဝတီမြစ်ကို မြစ်လက်တက်များ အပြည့်အစုံဖြင့် ဖေါ်ပြထားသည်။ အင်္ဂလိပ်များရေကြောင်း စစ်ချီရန်အတွက် အဆင့်ဆင့်အသုံးပြုနိုင်သွားခဲ့သောစာအုပ် ဖြစ်သည်။

ဆန်ဂါမနိုက နောက်တွင်၎င်းတို့အား အောင်နိုင်သူများ ဖြစ်လာမည့်အင်္ဂလိပ်တို့အတွက် အဖိုးတန်သောသတင်းများ ပြော ပေးအပ်နေသည်ကို မြန်မာတို့မသိရှိခဲ့ကြပေ၊ မည်သည့်သတင်း များပေါက်ကြားနေသည်ကိုလည်း မသိကြပေ၊ ထို့ပြင် အင်္ဂလိပ်တို့

က ဆန်ဂါမနိုအား ကျေးဇူးဆပ်သည့်အနေဖြင့်ပင် စစ်ရိက္ခာများ ပေးသွားသည်ကိုလည်း မြန်မာတို့မသိရှိ မရိပ်မိကြချေ၊ ၁၈၀၆–ခု တွင် ဆန်ဂါမနိုသည် အီတလီသို့အပြီးပြန်ရန် မြန်မာပြည်မှ အေးဆေးစွာထွက်ခွါသွားနိုင်ခဲ့သည်၊ မြန်မာတို့ဘက်ကလည်း သူ့အပေါ်မကျေနပ်မှုဟူ၍လည်း လုံးဝပေါ်ပြပြောဆိုမှုမရှိ ဟု Held Tragen ကသူ၏စာအုပ်တွင် ရေးသားပြခဲ့သည်။

## (င) ပြင်သစ်–ရိုမန်ကက်သလစ်ဘုန်းကြီးများ၏ သာသနာပြုလုပ်ငန်းရောက်လာခြင်း

ပါရီမြို့ နိုင်ငံခြားသာသနာပြုအဖွဲ့ Foreign Mission of Pairs သည် –၁၈၅၆–ခုတွင် မြန်မာပြည်သို့ သာသနာပြုဘုန်းကြီးများစေလွှတ်၍ ယခင်ကအီတလီဘုန်းကြီးများ၏ လုပ်ငန်းများကို လက်ခံဆောင်ရွက်ခဲ့ကြသည်။ ပြင်သစ်ဂိုဏ်းထောက် ဘုန်းတော်ကြီး ပေါလ်ဘီဂင်းဒတ် (Rishop Paul Bigndet) သည် ၁၈၅၆–ခုဧပြီလတွင် မော်လမြိုင်သို့ရောက်ရှိလာပြီး မြန်မာပြည်ရှိ ဘရင်ဂျီဂိုဏ်းကို ပြန်လည်စည်းရုံးမှုပြုခဲ့သည်။

ဘီဂင်ဒတ်သည် ရှေးဦးစွာမလေးရှားနိုင်ငံတွင် သာသနာပြုခဲ့ရာ မလေးစာပေကိုသင်ယူ၍ မလေးစကားကို ရောမအက္ခရာဖြင့်စတင်ရေးသားပြီး စာအုပ်ပြုစုခဲ့သည်၊ မြန်မာနိုင်ငံတွင်လည်း

မြန်မာစကားကို ကောင်းစွာတတ်မြောက်အောင်သင်ယူ၍ ဒေသန္တရဗဟုသုတအလို့ငှါ မြန်မာပြည်အရပ်ရပ်သို့ လှည့်လည်သွားရောက်လေ့လာခဲ့သည်။

အမရပူရမြို့တော်၌ မင်းတုန်းမင်းတရားနှင့်တွေ့ဆုံ၍ ဘာသာရေးကို နှီးနှောခဲ့သည်၊ဘုရင်မင်းမြတ်က ဆင်–၃–စီးနှင့်လှေတစ်စင်းပေးသဖြင့် ဆင်နှင့်လှေတို့ဖြင့် ဘရင်ဂျီဘာသာဝင်ဒေသများသို့ ဗန်းမော်အထိ လှည့်လည်နိုင်ခဲ့သည်။

၁၈၆၅–ခုတွင် ဘိရှော့ဘီဂင်ဒတ်သည် မန္တလေးနေပြည်တော်မှဘုရင်မင်းမြတ်ထံ အမိန့်ခံယူ၍ ဗန်းမော်မြို့သို့ သွားရောက်ခဲ့သည်၊ ကချင်တောင်တန်းမှတဆင့် ယူနန်သို့သွားရာ ကုန်သွယ်လမ်းကြောင်းကို လေ့လာစုံစမ်းခဲ့သည်၊ ကချင်ပြည်နယ်အကြောင်းကို စုံစေ့စွာလေ့လာ၍ (၆၄)မျက်နှာရှိစာတမ်းကို ပြုစုခဲ့သည်၊ ဤသို့ဖြင့် ဗန်းမော်မြို့သည် ယနေ့တိုင်အောင် ကက်သလစ်ဘရင်ဂျီဂိုဏ်း၏ အခြေခံနယ်မြေတစ်ခု ဖြစ်လျက်ရှိသည်။

မြန်မာပြည်တွင် ကက်သလစ်ခရစ်ယံစာသင်ကျောင်းတည်ထောင်ရာ၌ ဦးဆောင်ဦးရွက်ခဲ့သူဖြစ်သလို ရန်ကုန်မြို့ ဗိုလ်တစ်ထောင်ကျောင်းလမ်းတွင် တည်ရှိသော စိန့်မေရီဘုရားရှိခိုးကျောင်းကြီးကို တည်ဆောက်ခဲ့သည်၊အရှေ့ဘက်နိုင်ငံများ၌ အလှပဆုံးဟုထင်ရှားသည်။

ဘီဂင်ဒတ်၏ကြိုးပမ်းမှုကြောင့် ကက်သလစ်ကျောင်းပေါင်းများစွာတိုးတက်ခဲ့သည်။ သီလရှင်အဖွဲ့များ၊ သီလရှင်စာသင်ကျောင်းများ၊ ပုသိမ်နှင့်တောင်ငူတို့တွင် ဆရာဖြစ်ကျောင်းများကိုဖွင့်လှစ်နိုင်ခဲ့သည်။

## (ခ) အမေရိကန်နှစ်ချင်း ခရစ်ယံသာသနာပြုများ၏ သာသနာပြု လုပ်ငန်းရောက်လာခြင်း

ခရစ်ယံနှစ်ချင်း သာသနာပြုလုပ်ငန်းကို ၁၈၁၃-ခု၊ ဇူလိုင်လ(၁၃)ရက်နေ့တွင် ရန်ကုန်သို့ရောက်ရှိလာသော Adomiran Judson (အဒေါ်နီရံဂျဒ်ဆင်) အာနန်ဂျပ်ဆင် (Anam Judson) ခေါ် အမေရိကန်သာသနာပြု ဆရာဇနီးမောင်နှံက စတင်ခဲ့သည်။

သူတို့ဇနီးမောင်နှံတို့သည် မမျှော်လင့်ဘဲ မြန်မာပြည်သို့ရောက်လာရသည်မှာ ထိုအချိန်က အိန္ဒိယပြည်စားကျက်ကြီးကိုနယ်ချဲ့အင်္ဂလိပ်နှင့် ပြင်သစ်တို့က ယှဉ်ပြိုင်တိုက်ခိုက်နယ်ချဲ့နေရာ၌ အင်္ဂလိပ်တို့က အနိုင်ရနေချိန်ဖြစ်သည်၊ အင်္ဂလိပ်စီးပွားရေးကုမ္ပဏီ (East Indian Company) ကဦးဆောင်နယ်ချဲ့နေရာ အမေရိကန်သာသနာပြုလုပ်ငန်းများကို အိန္ဒိယပြည်တွင်စတင်ရန်ခွင့်မပြုသောကြောင့် ဂျွန်ဆင်တို့ဇနီးမောင်နှံသည် မလေးရှားသို့ကူးပြောင်း၍ သာသနာပြုရန်စိတ်ကူးဖြင့်

အိန္ဒိယမှ ရရာသင်္ဘောဖြင့်လိုက်ပါခဲ့ရာ ရန်ကုန်တွင်သောင်တင်နေခဲ့ကြသည်။

ရန်ကုန်မှခရီးဆက်ရန် သင်္ဘောစောင့်ရင်းနေထိုင်ကြစဉ် ရန်ကုန်၌သာသနာပြုအခြေခံရနေသော ရိုမန်ကက်သလစ်ဘုန်းတော်ကြီးများကိုအားကျ၍ သူတို့သည်ရန်ကုန်တွင် အခြေပြုဆောင်ရွက်ရန်ဆုံးဖြတ်လိုက်ကြသည်။

သူတို့သည် မြန်မာပြည်သို့မရောက်ဖူး မြန်မာအကြောင်းရေ၊ မြေ စိတ်ဓာတ်စသည်တို့ကိုမသိဘဲ အရှေ့တိုင်းသူ–တိုင်းသားများသည် သူတို့အနောက်နိုင်ငံသားများကဲ့သို့ ယဉ်ကျေးမှုမရှိ၊ ထာဝရဘုရားသခင်၏အစောင့်အရှောက်မရှိ၊ ပကတိလူရိုင်းများဖြစ်သည်ဟု တစ်ယူသန်အမြင်စောင်းနှင့် မြန်မာပြည်သို့မမျှော်လင့်ဘဲရောက်ရှိလာခဲ့ရာ မြန်မာပြည်၌ရိုမန်ကက်သလစ်တို့၏သာသနာပြုဆောင်ရွက်ချက်များ မြင်တွေ့ရပြီး မရိုတတ်စတင့်များမှခွဲထွက်လာခဲ့သော ဘတ်ပတစ် (Baptit) နှစ်ချင်းသာသနာပြုများပီပီ ကက်သလစ်ဘုန်းကြီးများ၏ဆောင်ရွက်မှုများကို ယှဉ်ပြိုင်အသာယူရန် အခြေခံသဘောထား မွေးခဲ့သည်။

တစ်ဖန် သူတို့၏နှစ်ချင်းသာသနာပြုလုပ်ငန်းကို သူတို့အားထုတ်လုပ်လာသောအခါ သူတို့ဗုဒ္ဓဘာသာအယူဝါဒကိုလက်ခံထားသော စာပေနှင့်ယဉ်ကျေးမှုရှိနေသော မြန်မာနိုင်ငံတွင် သူတို့ထင်သလောက် မျှော်မှန်းသလောက် ခရီးမရောက်သဖြင့် ကျေနပ်စိတ်များဖြစ်ပေါ်လာကြသည်၊ အခက်အခဲတွေ့လေလေ မခံချင်စိတ်ဖြစ်လာလေလေဖြစ်သည်။

သူတို့၏ရှေးဦးအခက်အခဲမှာ ဘာသာစကား စာပေအခက်အခဲပင်ဖြစ်သည်၊ သူတို့လေ့လာရင်းနှီးခဲ့သော ဂရိ၊လက်တင်၊ ပြင်သစ်–အင်္ဂလိပ်စာ စကားအခြေခံသဘောထားနှင့် မြန်မာစာ၊ ပါဠိ၊ အက္ခရာ၊ သဒ္ဒါအသုံးအနှုန်း၊ အစီအကုံးအဖွဲ့အနွဲ့များမှာ လုံးဝမတူ၍ သာသနာပြုလုပ်ငန်းလုပ်ဆောင်ရာ၌ အခက်အခဲတွေ့ရသည်။

သို့တွက် ဂျပ်ဆင်တို့ဇနီးမောင်နှံသည် နိုင်ငံခြားသာသနာပြုလုပ်ငန်းစနစ်အတွင်း၌ မြန်မာစာ၊ ပါဠိနှင့်ဗုဒ္ဓဘာသာအကြောင်းကို ကောင်းစွာသိမှဖြစ်မည်ဟု သဘောပေါက်ကြကာ အင်းဝမင်းနေပြည်တော်အထိ တက်ရောက်သွားကြပြီး မင်းမှူးမတ်ပြည်သူများနှင့် ရင်းနှီးအောင်ပြုလုပ်ပြီး သူတို့၏အလယ်တွင် လွတ်လပ်စွာသွားလာခွင့်ရလာသလို မြန်မာအကြောင်းကောင်းစွာ လေ့လာခွင့်ရခဲ့သည်။

ထို့နောက် ဂျပ်ဆင်သည်ခက်ခဲလှသော မြန်မစာနှင့် ပါဠိစာပေကို အပတ်တကုတ်ကြိုးစားအားထုတ်သင်ယူခဲ့သည်၊ မြန်မာစာပေ၊ ပါဠိစာပေများကို ကိုယ်တိုင်တတ်ကျွမ်းနာလည်ပြီးသောအခါ ခရစ်ယာန်ဘာသာဆိုင်ရာ ကျမ်းစာအုပ်အမျိုးမျိုးတို့ကို မြန်မာဘာသာသို့ရေးသားတော့သည်။

နှစ်ချင်းသာသနာပြုများ၏သမ္မာကျမ်းစာဟောင်း သမ္မာကျမ်းစာသစ် စသည်တို့သည် ဆရာဂျပ်ဆင်၏လက်ရာများဖြစ်ကြသည်။ မြန်မာယုဒသန်အဘိဓာန်စာအုပ်ကြီးကိုပါ ပြုစုထုတ်ဝေခဲ့ရာ ယနေ့ခေတ်အထိအသုံးပြုနေရဆဲဖြစ်သည်။

ကျမ်းစာအုပ်များပုံနှိပ်ထုတ်ဝေရန်အတွက် အိန္ဒိယပြည် ကာလကတ္တားနှင့်နောင်တွင် မော်လမြိုင်မြို့တွင် ပုံနှိပ်စက်များ တည်ထောင်ဖွင့်လှစ်ကာ စတင်ပုံနှိပ်ထုတ်ဝေခဲ့သည်။

ဂျပ်ဆင်တို့ဇနီးမောင်နှံသည် ရန်ကုန်နှင့်အင်းဝနေပြည်တော်တို့၌ အခက်အခဲဆင်းရဲများအကြား၌ ဇွဲ သတ္တိရှိစွာဖြင့် ရုန်းကန်ခဲ့ကြရပြီး နောက်တွင်သူတို့သည် ထိုအချိန်က မြန်မာပြည်သို့ရောက်နေကြသော မျက်နှာဖြူအင်္ဂလိပ်ကုန်သည်များ သံတမန်အရာထမ်းအမှုထမ်းများနှင့် ဆက်ဆံပေါင်းသင်းမိသွားပြီး စားဝတ်နေရေးအထောက်အပံ့များရခဲ့သည်၊ အင်္ဂလိပ်တို့က လည်း မြန်မာမှူးမတ် မင်းညီမင်းသားတို့နှင့် ရင်းနှီးနေသော ဂျပ်ဆင်တို့လင်မယားထံမှ မြန်မာမင်းတို့၏သတင်းမျိုးစုံကို ရရှိနေကြသဖြင့် နှစ်ဦးနှစ်ဘက်အကျိုးအမြတ်ရနေခဲ့ကြသည်။

သို့သော် ဗုဒ္ဓဘာသာဝင်တို့၏ကြားဝယ် လက်တွေ့ သာသနာပြုလုပ်ငန်းစမ်းကြည့်ရာ၌ ထင်သလောက်ခရီးမပေါက်သောအခက်အခဲများနှင့် ကြုံတွေ့လာကြသည်။

မြန်မာဗုဒ္ဓဘာသာဝင်ရဟန်း ရှင်လူအပေါင်းတို့က သူတို့ပြောပြသော ထာဝရဘုရားသခင်အကြောင်း၊ ကမ္ဘာကြီးစတင်ဖန်ဆင်းပုံနှင့် အာဒမ်ဧဝတို့အကြောင်းစသည်တို့၌ စိတ်ဝင်စားမှုမရှိ၊ ယုံကြည်မှုမရှိ၊ အထင်ကြီးမှုမရှိ ဖြစ်နေသောကြောင့် မအောင်မြင်ဖြစ်ရခြင်းဖြစ်သည်။

ယဉ်ကျေးမှုမရှိ၊ ရိုင်းစိုင်းသော မြန်မာဗုဒ္ဓဘာသာဝင်များကိုစီးကုပ်၍ ကောင်းကင်ဘုံသို့မြှင့်တင်ပေးရန် ကြိုးပမ်းခဲ့ရာ ၁၈၁၃ မှ ၁၈၁၉ခုထိ (၆)နှစ်အတွင်းဝယ် ဘာသာပြောင်းလာသူ ရန်ကုန်သား ဦးနော်ဆိုသူတစ်ဦးသာပေါ်ခဲ့သည်။

မိမိသာသနာပြုလုပ်ငန်း မအောင်မမြင်ဖြစ်နေသည်၊ ဖွဲ့မလျော့ဘဲကြိုးစားအားထုတ်နေခဲ့ရာ ဂျပ်ဆင်အတွက် ကံဆိုးမိုးမှောင်ကျလာရပြန်ပါသည်၊ ၁၈၂၄ ခုတွင် အင်္ဂလိပ်–မြန်မာစစ်ပွဲစတင်ဖြစ်ပွားရာ အင်းဝရှိနိုင်ငံခြားသားများ အင်္ဂလိပ်လူမျိုးများနှင့်သူတို့နှင့် အဆက်အသွယ်ရှိသူများကို စီစစ်ထိန်းသိမ်းခဲ့ရာတွင် ဂျပ်ဆင်သည်လည်း ထောင်သွင်းအကျဉ်းချခံခဲ့ရသည်၊ သူ၏ဇနီး အင်(န်)ဂျပ်ဆင်ကိုမူ မြန်မာတို့က မည်သို့မျှ အရေးမယူလွတ်လပ်စွာဆက်လက်နေထိုင်ခွင့်ပြုထားခဲ့သည်။

ဂျပ်ဆင်အား သူလျှိုမှုဖြင့် စွပ်စွဲခံရပြီး ဖမ်းဆီးထောင်ချလိုက်သောအချိန်မှစ၍ သူ၏ဇနီးအင်(န်)ဂျပ်ဆင်သည် သူ့ယောကျ်ားအားမဟုတ်တရားစွပ်စွဲ၍ဖမ်းဆီးအရေးယူသည်၊ ညှင်းပန်းနှိပ်စက်သည်၊ ရက်စက်စွာသံခြေကျင်း(၅)ကွင်းစွပ်ထားသည်၊ ထိပ်တုံးခတ်ထားသည်၊ တိုက်လှောင်ပိတ်ထားသည်..စသည်ဖြင့် မြန်မာတစ်မျိုးသားလုံးအပေါ်၌ ရိုင်းပြစော်ကားသော စာပေများ၊ ပေးစာများ၊ စာအုပ်များဖြင့် တစ်သက်လုံးထိုးနက်တိုက်ခိုက်သွားခဲ့သည်။

## (ဆ) အင်္ဂလန် အင်္ဂလိကန်ခရစ်ယာန်ဂိုဏ်းများ သာသနာပြု ရောက်လာခြင်း

၁၅–ရာစုအတွင်း တောင်ငူခေတ်အချိန်ကပင် အင်္ဂလိကန်ဂိုဏ်းဝင်ပုဂ္ဂိုလ်များသည် မြန်မာပြည်သို့ရောက်ရှိခဲ့ဖူးကြသော်လည်း ခရီးသည်အဖြစ် ကုန်သည်အဖြစ်သာဝင်ထွက်သွားလာခဲ့ကြသည်၊ သာသနာပြုမှုနှင့်ပတ်သက်၍ကား မည်သို့မျှဆောင်ရွက်ခြင်းမရှိခဲ့ပေ။

အင်္ဂလိကန်ဂိုဏ်းသည် ရိုမန်ကက်သလစ်ဂိုဏ်း အမေရိကန်နှင့်ချင်းသာသနာပြုဂိုဏ်းများထက် များစွာနောက်ကျပြီးမှ မြန်မာပြည်တွင်းသာသနာပြုလုပ်ငန်း စတင်ခဲ့ကြသည်၊ ပထမနှင့်ဒုတိယအင်္ဂလိပ်မြန်မာစစ်ပွဲများအပြီး မြန်မာနိုင်ငံအောက်ပိုင်းကို အင်္ဂလိပ်များအုပ်စိုးသောအချိန်အခါမှစ၍ သာသနာပြုလုပ်ငန်းများကို အထူးတလည်ဆောင်ရွက်ခဲ့ကြသည်။

၁၈၅၉–ခုတွင် လန်ဒန်မြို့၌ (S.P.G ခေါ် Society for the Gospel) ခေါ် သာသနာပြုအသင်းအဖွဲ့ဖွဲ့၍ မြန်မာပြည်သို့ သာသနာပြုလုပ်ငန်းနှင့်တွဲဘက်ကာ ပညာရေးလုပ်ငန်းကိုစတင်ဆောင်ရွက်ခဲ့သည်၊ ရှေးဦးစေလွှတ်ခံရသူမှာ ဒေါက်တာဂျွန်မတ် (Dr John Marks) ဆိုသူဖြစ်သည်။

သူသည် ၁၈၆၀–ခုနှစ်တွင် မော်လမြိုင်သို့ရောက်ရှိလာကာ မျက်နှာဖြူနှင့်တိုင်းရင်းသားကလေးများအတွက် ကျောင်း

တစ်ကျောင်းစတင်တည်ထောင်ခဲ့သည်၊ (၂)နှစ် (၃)နှစ်အတွင်း ကျောင်းသား/သူ ၃၀၀-ကျော်မျှရှိလာကာ အောင်မြင်ခဲ့သည်။ ကျောင်းဆရာဖြစ်လာခဲ့သော ဒေါက်တာမတ်အား အင်္ဂလိကန် ခရစ်ယံဂိုဏ်းတွင် ဘုန်းကြီးပြုစေပြီး(Deacom) သတင်းထောက် အဖြစ်တိုးမြှင့်ခန့်ထားကာ ရန်ကုန်တွင်ကျောင်းဖွင့်၍ သာသနာ ပြုလုပ်ငန်းပါစတင်ဆောင်ရွက်စေခဲ့သည်။

ဒေါက်တာမတ်သည် ရန်ကုန်တွင် စိန့်ဂျွန်းကျောင်းကို စတင်တည်ထောင်ပြီး အောင်မြင်လာသောအခါ အင်္ဂလိကန် အသင်းမှ ၎င်းနှင့်အတူဆောင်ရွက်ရန် အမျိုးသား(၃)ယောက်နှင့် အမျိုးသမီး (၄)ယောက်တို့ကို ပို့ပေးခဲ့သည်။ သူတို့သည် စိန့်ဂျွန်း ကျောင်းကိုတိုးချဲ့၍ အမျိုးသမီးများအတွက် ၁၈၆၈-ခုတွင် စိန့်မေရီ မိန်းကလေးကျောင်းကို ဖွင့်လှစ်သင်ကြားပေးခဲ့သည်။ ထိုကျောင်းများနှင့်အတူ မိဘမဲ့ဂေဟာများကို တွဲဘက်၍ တည်ထောင်ခဲ့ကြသည်။

ဒေါက်တာမတ်သည် ကျောင်းလုပ်ငန်းကိုသာမက အင်္ဂလိ ကန်ဂိုဏ်းသင်းအုပ်ဆရာအဖြစ်လည်း ဆောင်ရွက်ခဲ့သည်၊ ၁၈၆၇ ခုနှစ်တွင် ဧရာဝတီမြစ်ကြောင်းဒေသများသို့ လှည့်လည်ကာ ဟင်္သာတတွင် စိန့်ပီတလူးနှင့် ကြည်မြင့်တိုင်တွင် စိန့်မိုက်ကယ် ကျောင်းတို့ကို တည်ထောင်ခဲ့သည်။

၁၈၆၇-ခုနှစ်တွင် အင်္ဂလိပ်တို့က သူတို့၏ကိုယ်စားလှယ် မေဂျာစလေဒင်ကို မန္တလေး၌စတင်ထားရှိခဲ့သည်၊ မေဂျာစလေဒင်

၏ဖိတ်ခေါ်ချက်အရ ဒေါက်တာမတ်သည် ၁၈၆၈–ခုအောက်တို ဘာလ(၈)ရက်နေ့တွင် တပည့်ကြီး (၆)ယောက်နှင့်အတူ မန္တလေး သို့ရောက်ရှိလာခဲ့သည်။

ဒေါက်တာမတ်သည် မင်းတုန်းမင်းနှင့်တွေ့ဆုံပြီးနောက် အောက်ပါအခွင့်အရေးလေးမျိုးကို ဘုရင်ထံမှတောင်းခံယူခဲ့သည်။

၁။ မန္တလေးတွင် ခရစ်ယာန်သာသနာပြုလုပ်ငန်းဆောင်ရွက် ခွင့်ပြုရန်။

၂။ ခရစ်ယာန်ဘုရားရှိခိုးကျောင်းတစ်ဆောင် ဆောက်လုပ် ခွင့်ပြုရန်။

၃။ ခရစ်ယာန်ဘာသာဝင်တို့အတွက် သင်္ချိုင်းမြေတစ်နေရာ ရရှိရန်။

၄။ မြန်မာကလေးများအတွက် ခရစ်ယာန်စာသင်ကျောင်း တည်ဆောက်ခွင့်ရရန်။

မင်းတုန်းဘုရင်ခံတောင်းခံသောအခွင့်အရေးအားလုံးကို ပေးသနားသည့်အပြင် ဘုရားရှိခိုးကျောင်းနှင့်စာသင်ကျောင်းကို ဘုရင်၏ဘဏ္ဍာတော်ဖြင့် တည်ဆောက်ပေးခဲ့သည်။

၁၈၆၉–ခုတွင် အဆောက်အဦးများပြီးစီးသွားသောအခါ တပည့်ကြီး(၁၀)ယောက်နှင့်အတူ ဇွန်လ(၇)ရက်နေ့တွင် ရောက်ရှိ လာကြပြီး သာသနာပြုလုပ်ငန်းများကို စတင်ခဲ့ကြသည်။

ရှေးဦးစွာS.P.G Royal (နောင်အခါသံတဲကျောင်း)ကို စတင်ဖွင့်လှစ်ရာ ဘုရင်သားတော်(၉)ပါးနှင့် မှူးကြီးမတ်ရာ

သားသမီးများပါတက်ရောက်သင်ယူကြသည်။ ခရစ်ယာန်ဘာသာစာပေသင်ကြားပို့ချခြင်းကို မင်းတုန်းဘုရင်က ကန့်ကွက်ခြင်းမပြုခဲ့ပေ။

အင်္ဂလိကန်ဂိုဏ်း၏သာသနာပြုအုတ်မြစ်ကို ပညာရေးလုပ်ငန်းနှင့်တွဲဘက်ကာ စတင်ချပေးခဲ့သူဒေါက်တာမတ်သည် ၁၉၂၅-ခုတွင် ယင်းတာဝန်များကို ထမ်းဆောင်ရင်း မြန်မာပြည်၌ကွယ်လွန်သွားခဲ့သည်။

အင်္ဂလိကန်ဂိုဏ်းမှ တည်ထောင်သွားသောအခြားကျောင်းများမှာ-

၁။ ဒိုင်အိုစိစင် မိန်းကလေးကျောင်း (ရန်ကုန်)

၂။ စိန်မိုက်ကယ်ကျောင်း (မေမြို့)

၃။ စိန်မိုက်မက်သယူကျောင်း (မော်လမြိုင်မြို့)

၄။ စိန့်ဘက်သတစ်ကျောင်း (တောင်ငူ)

တို့ဖြစ်သည်။

ဒေါက်တာမတ်ကို ဆက်ခံ၍ဆောင်ရွက်သူတို့သည်-

၁။ ရက်စလီယံကျောင်း (မန္တလေး)

၂။ S.P.G ကျောင်း (ရွှေဘို)

များအပြင် ရန်ကုန်နှင့်မြစ်ဝကျွန်းပေါ်ဒေသတွင် ကျောင်းတော်တော်များများကို ဖွင့်လှစ်ပေးခဲ့သည်။

ဒေါက်တာမတ်နောက် ဆက်လက်ဆောင်ရွက်ခဲ့ကြသူများသည် အင်္ဂလိကန်သာသနာပြုလုပ်ငန်းကို ပြည်နှင့်သရက်စရိုင်

များတွင် ရဲ့ထွင်လုပ်ကိုင်ကြပြီး ချင်းတောင်တွင် သာသနာပြုလုပ်ငန်းများစတင်လုပ်ခဲ့ကြသည်။

ချင်းဘာသာဖြင့် ဆုတောင်းစာအုပ်တစ်အုပ်ကိုပြုစု၍ချင်းဒေသနယ်ပယ်အတွင်း၌ ကျောင်းငယ်ကလေးများတည်ထောင်ခဲ့ကြသည်။

အင်္ဂလိကန်သာသနာပြုလုပ်ငန်းမှ ဘုန်းကြီးပါဆား(Rev-purser) သည် ၁၉၁၄–ခုတွင် ကြည့်မြင်တိုင်မျက်မမြင်ကျောင်းကိုစတင်ဖွင့်လှစ်ခဲ့သည်၊ ထိုကျောင်းကြီးပွားတိုးတက်လာသောအခါ သူ၏ယောက်ဖတော်သူ ဘုန်းတော်ကြီး ဂျက်ကဆင်(Rev Jacksm) ကိုအင်္ဂလန်မှခေါ်ယူ၍ ကူညီဆောင်ရွက်စေခဲ့သည်။

ဘုန်းတော်ကြီးဂျက်ကဆင်သည် ထူးခြားသောပုဂ္ဂိုလ်ဖြစ်သည်။ သူသည် အသက်(၂)နှစ်အရွယ်ကပင် မျက်လုံးကွယ်ခဲ့သော်လည်း မျက်မမြင်ကျောင်းသို့တက်ကာ တက္ကသိုလ်မှ ရာဇဝင်နှင့်ဘာသာတရားစာပေတွင် ဂုဏ်ထူးနှင့်ဘွဲ့ရခဲ့ပေသည်။

မြန်မာပြည်သို့လာရောက်တာဝန် ထမ်းဆောင်သောအခါ မြန်မာဆင်းရဲသားတစ်ဦးကဲ့သို့ပင် ဝတ်စားဆင်ယင်နေထိုင်ကာ သာသနာပြုတာဝန်ကိုထမ်းဆောင်ခဲ့သည်။ အင်္ဂလန်မှမြန်မာပြည်သို့အလာခရီးတွင် သင်္ဘောပေါ်၌ပင် မြန်မာစာလုံးပေါင်း –၂၅၀–ကိုသင်ယူခဲ့သည်၊ မြန်မာစကားနှင့် ဆုတောင်းစာကိုရွတ်ဆိုနိုင်၍ လေ့ကျင့်ကြိုးပမ်းခဲ့သည်။ မြန်မာပြည်ရောက်ပြီး အတွင်းမှာပင် လက်စမ်းစူးဖေါက်နည်းဖြင့် မြန်မာစာရေးနိုင်ရန် တီထွင်ခဲ့သည်။

တောင်းရက်၊ ဖျာရက်စသော လက်မှုလုပ်ငန်းများအတွက် ပိုမိုလျင်မြန်သော ကောင်းမွန်သောနည်းလမ်းများကို တီထွင်၍ သင်ကြားပေးခဲ့သည်၊ အထူးခြားဆုံးမှာ မျက်မငြင်ဘုန်းတော်ကြီး ဂျက်ကဆင်သည် သဘော်များ၏ဘေးတွင်ချိတ်ဆွဲထားလေ့ရှိသော ကုန်းပတ်ကြိုးထုံးကြီးများပြုလုပ်နည်းကို တီထွင်ကြံဆပြီး မျက်မငြင်အား သင်ကြားပေးသည်။

အလုပ်လွှန်စွာကြိုးပမ်းသဖြင့် ၁၉၁၃–ခုတွင် အလုပ်ပင်ပန်းမှုကြောင့် အိပ်ရာထဲလဲခဲ့၍ အစိုးရက-K.J.RJ ရွှေတံဆိပ်ဖြင့် ချီးမြှင့်ဂုဏ်ပြုပေးခဲ့သည်၊ ၁၉၁၃–ခု ဒီဇင်ဘာလတွင် သွားခဲ့ရာ နောက်ဆုံးသူက 'ဟိုတစ်ဘက်ကမ်းမှာနေ၍ အစွမ်းကုန်အကူအညီပေးမည်' ဟုပြောကြားသွားသည်။

## (ဇ) မြန်မာပြည်မြောက်ပိုင်း၌ God Kingdom (ဘုရားသခင် နိုင်ငံတော်) တည်ထောင်၍ သာသနာပြု ဆောင်ရွက်မှု

၁၉၄၉–ခုနှစ်တွင် တရုတ်ပြည်တစ်ပြည်လုံး မော်စီတုန်း၏ ကွန်မြူနစ်တပ်မတော်က အုပ်စိုးလာသောအခါ ချန်ကေရှိတ်တို့၏ ကူမင်တန် (K.M.T) များသည် ထိုင်ဝမ်ကျွန်းသို့ ထွက်ပြေးခိုလှုံရသည်။

တရုတ်ပြည်တွင် နယ်ချဲ့ရှေ့ပြေးအဖြစ် ခြေရှုပ်နေကြသော A.B.M သာသနာပြုအဖွဲ့များကို ကွန်မြူနစ်စစ်တပ်ကနှင်ထုတ်ခဲ့လေရာ တရုတ်ပြည်၏အနောက်တောင်ပိုင်းတွင် ခြေကုတ်ယူ၍ A.B.M သာသနာပြုသော သာသနာပြုအဖွဲ့တစ်ဖွဲ့သည် နီးစပ်ဆက်သွယ်လျက်ရှိသော မြန်မာပြည်မြောက်ပိုင်းအကျဆုံးနယ်သို့ ခိုဝင်ပြေးလာကြပြီး အင်အားများစွာဖြင့် God's Kingdom ဘုရားသခင်နိုင်ငံတော်ကို စတင်တည်ထောင်ကာသာသနာပြုလုပ်ငန်းကို လုပ်ကိုင်ခဲ့ကြသည်။

ဦးစီးခေါင်းဆောင်သူမှာ J.Rosse Morse နှင့်သူ၏ဇနီး Gertrude Morse (ဂါထရုမိုဆီ)၊ သူတို့၏သားကြီး Eugene (အီယူဂျင်)နှင့်သူ၏ဇနီး ဟယ်လင် (Helen)၊သားငယ်ရောဘတ်မိုဆီ(Robet Morse) တို့ပါဝင်သောမိသားစုဖြစ်သည်။

မြန်မာပြည်မြောက်ဆုံးပိုင်း မချမ်းဘောမှ တိဘက်တရုတ်နယ်စပ်အထိ လွင်ပြင်ကျယ်တွင် လီဆူးတိုင်းရင်းသားမျိုးနွယ်တို့နေထိုင်ရာဖြစ်ပေသည်၊ ယင်းနယ်အတွင်းသို့ အလုံးအရင်းနှင့်ဝင်ရောက်လာသော ဂျေ ရုဆဲ(လ်)မိုဆီ (J Russell Morse) မိသားစုသည် သူတို့အတွက် အဆင်သင့်တွေ့ရသော ပတ်ဝန်းကျင်တွင်ဘုရားသခင်နိုင်ငံတော်ပြီး နယ်ခြားတစ်ဘက်တရုတ်ပြည်တွင်လည်း လီဆူးတိုင်းရင်းသားအုပ်စုများကိုပါ သာသနာပြုခဲ့ကြသည်။

သူတို့သည် လီဆူးစာကိုကောင်းစွာနားလည်ကြသဖြင့် ထိုနေရာဒေသတွင် သူတို့အဖွဲ့ကောင်းစွာအခြေကျနေထိုင်၍ သာသနာပြုနေကြချိန်မှာ မြန်မာပြည်တွင်း၌ ရောင်စုံသူပုန်ထကြွသောင်းကျန်းနေချိန်ဖြစ်သည်။

ထို့ကြောင့်မိုဆီမိသားစုများသည် ပူတာအိုမြောက်ဘက်သို့ အာဏာစက်မရောက်ရှိသော မြန်မာအစိုးရအုပ်ချုပ်မှုရန်မှ ကင်းဝေးကာ စိတ်ချလက်ချစိတ်တိုင်းကျ ဘုရားသခင်နိုင်ငံတော်ကို တည်ထောင်နိုင်ခဲ့ခြင်းဖြစ်သည်။

သားကြီးဖြစ်သူ အီယူဂျင်နီမိုဆီ (Eugene Morse)နှင့် သူ၏ဇနီး ဟယ်လင် (Helen) တို့သည် အမေရိကန်သို့ပြန်ရာ စိုက်ပျိုးရေးအတတ်ပညာကို သင်ယူခဲ့သည်၊ သားငယ်ရောဘတ် (Robert) သည်အင်ဂျီနီယာဘွဲ့သင်ယူခဲ့သည်။

မြန်မာပြည်မှအသွားခရီးတွင် ကချင်တောင်ရိုးများမှ ဝ, နယ်၊ ရှမ်းပြည်နယ်စွန်းတို့မှတဆင့် ထိုင်းနိုင်ငံမဲဆောက်၊ ဇင်းမယ်မှထွက်ခွာသွားခဲ့ကြသည်၊ ပညာစုံ၍ပြန်လာသောအခါတွင်လည်း ယင်းလမ်းမှပြန်လာခဲ့ကြပြီး သူတို့နှင့်အတူ လယ်ထွန်စိုက်ပျိုးရေး ကိရိယာများကို ထုပ်ပိုးသယ်ယူခဲ့ကြသည်။

ပူတာအို–မချမ်းဘောမြို့နယ်များ၏ မြောက်ဘက်ပြည်မမှ အရောက်အပေါက်နည်းရာ ချိုင့်ဝှမ်းတစ်နေရာတွင် သူတို့သည် မူလာဝီရွာကိုတည်ထောင်၍ အခြေချနေထိုင်ခဲ့ကြသည်၊ ဤရွာသည် မြန်မာပြည်မြောက်ပိုင်း ခရစ်ယာန်သာသနာပြုအခြေစိုက်

စခန်း(North Burma Chirstian Mossion Station) ဟုဖွင့်လှစ်ပြီး သာသနာပြုနေကြသည်။

သားကြီးသားငယ်များသည် ကွင်းပြင်ကျယ်ကြီးတွင် စက်ကိရိယာများဖြင့် မြေရိုင်းများကို ထွန်ယက်ပြုပြင်ကြ၍ စပါး၊ ဂျုံနှင့် စားဖွယ်သီးနှံမျိုးစုံ စိုက်ပျိုးကြသည်၊ စိုက်ပျိုးဥယျာဉ်တစ်ခုဖွင့်လှစ်ရာ မျိုးသစ်မျိုးကောင်းများ ထူထောင်ခါ လီဆူးများအား ဖြန့်ဝေစိုက်နိုင်းသည်။

(ဤသို့ဖြင့် ယခုအခါနာမည်ကြီးလှသော (Great Fruinto) ပန်းသီးများကို ကချင်ပြည်နယ်တစ်ဝိုက် ဖြန့်ဖြူးရောင်းချနိုင်ခဲ့သည်)

ပင်မသာသနာပြုဌာနတွင် ဘုရားရှိခိုးကျောင်း (Church) ကျောင်းကြီးတစ်ဆောင်နှင့် အနီးအပါးရွာငယ်အုပ်စုများတွင် စာသင်ကျောင်းများတည်ဆောက်ဖွင့်လှစ်ကာ ကျမ်းစာ၊ စိုက်ပျိုးရေးပညာများ၊ အသက်မွေးဝမ်းကျောင်းပညာများကို သင်ကြားပေးခဲ့သည်။

ဤသို့ဖြင့် မိုဆီတို့မိသားစု၏ ခရစ်ယာံသာသနာပြုအဖွဲ့ကြီးသည် အနှောက်အယှက်မရှိ ပျော်ရွှင်ချမ်းမြေ့စွာ သူတို့ယုံကြည်ချက်အတိုင်း သာသနာပြုလုပ်ငန်းများကို (၁၅)နှစ်တိုင်တိုင်လုပ်ကိုင်ခဲ့ကြရာ ၁၉၆၅-ခုအထိရှိခဲ့သည်။

ထိုအချိန်တွင် မြန်မာပြည်၌တော်လှန်ရေးကောင်စီအစိုးရတက်ရောက်လာခဲ့ပြီး မြန်မာပြည်အချုပ်အခြာအာဏာပိုင် နယ်မြေ

များကို တိကျစွာသတ်မှတ်ရန် တရုတ်ပြည်နှင့်တွဲ၍ မြန်မာပြည်နယ်နိမိတ်များကို ပြန်လည်တိုင်းတာစစ်ဆေးကြတော့သည်။

ဤတွင်နယ်ခြားစစ်ဆေးရေးပူးတွဲအဖွဲ့သည် တရုတ်ပြည်မှ ထွက်ပြေးလာသော A.B.M သာသနာပြုအဖွဲ့ကြီးအား မြန်မာပြည်မြောက်ပိုင်းတွင်အခြေချပြီး တရားမဝင်သာသနာပြုဌာနကြီးဖွင့်လှစ်ကာ သာသနာပြုနေသည်ကို မထင်မှတ်ဘဲ တွေ့ရှိခဲ့ကြသည်။

မြန်မာနယ်ခြားတိုင်းတာရေးအဖွဲ့၏ သတင်းပို့ချက်အရ မြန်မာပြည်အစိုးရက သာသနာပြုခေါင်းဆောင်ထံ ၁၉၆၅–ခု ဒီဇင်ဘာလ(၃၁)ရက်နေ့တွင် အခွင့်မရှိဘဲ မြန်မာပြည်ထဲသို့ မည်သည့်အတွက်ကြောင့် ဝင်ရောက်အခြေချနေထိုင်သည်ကို ရှင်းပြထုချေလျှောက်တင်ရန် မိသားစုအားလုံးကို မြစ်ကြီးနားမှတဆင့် ရန်ကုန်သို့လာရန် ဆင့်ခေါ်စာပေးပို့သည်။ ယင်းဆင့်ခေါ်စာကို မိုဆီတို့မိသားစုက လုံးဝလျစ်လျူရှုခဲ့သည်၊ ပူတာအိုစစ်တပ်သို့လည်းအကြောင်းပြန်မကြားချေ။

သို့အတွက် ၁၉၆၅–ခု ဒီဇင်ဘာလ(၃၁)ရက်နေ့လည်တွင် ဖူလာဒီဘုရားရှိခိုးကျောင်းအတွင်းသို့ ရဟတ်ယာဉ်ဆင်းသက်ရောက်၍ မြန်မာစစ်ဗိုလ်စစ်သားများရောက်လာကြသောအခါ မိုဆီတို့မိသားစုလွန်စွာအံ့သြတုန်လှုပ်သွားကြသည်၊ စစ်တပ်ခေါင်းဆောင်ဗိုလ်မှူးက မိမိတို့သည် မြန်မာပြည်အစိုးရကစေလွှတ်သောအဖွဲ့ဖြစ်ကြောင်း မိုဆီတို့မိသားစုအခွင့်မရှိဘဲ မြန်မာပြည်

တွင်းသို့ကျူးကျော်ဝင်ရောက်နေထိုင်သည့်အတွက် ပြည်နှင်ဒဏ် ချမှတ်လိုက်ပြီဖြစ်ကြောင်း မိမိတို့ရဟတ်ယာဉ်ဖြင့် မိသားစုအားလုံး လိုက်ပါရမည်ဖြစ်ကြောင်း အမိန့်စာအပ်၍ ပြောပြလိုက်သည်။

ထိုအခါ မိုဆီတို့မိသားစုတို့ ခေါင်းချင်းရိုက်တိုင်ပင်ကြ၍ ထိုနေ့သည်နှစ်သစ်ကူးပြောင်းမည့်နောက်ဆုံးနေ့ ညအခါ (New Year Eve)ဖြစ်ကြောင်း၊ မိမိတို့မှာ ဘာသာရေးပွဲတော်နှင့် နှစ်သစ်ကူးအကြိုပွဲတော်ပြုလုပ်၍ ပြင်ဆင်ထားကြောင်း၊ ထို့ကြောင့် ထိုညတစ်ညပွဲတော်ကို တိုင်းရင်းသားလီဆူးများနှင့် ကျင်းပခွင့်ပြုရန် ပန်ကြားသည်။

သူတို့မိသားစုသည် ထိုညနေတွင်ခရီးသွားရန် လိုအပ်သည် များကို ထုတ်ပိုးပြင်ဆင်ထားကြမည်ဖြစ်၍ နောက်တစ်နေ့ နှစ်ဆန်း(၁)ရက်နေ့တွင် ဗိုလ်မှူးခေါ်ဆောင်ရာသို့လိုက်ပါရန် အဆင်သင့်ဖြစ်မည်ဖြစ်ကြောင်း တင်ပြတောင်းခံသည်။

တာဝန်ခံဗိုလ်မှူးသည် သူတို့တင်ပြချက်မှာ အကျိုး အကြောင်းသင့်သည့်အတွက် ပြင်ဆင်စရာရှိသည်များကို ပြင်ဆင် ရန်အခွင့်ပေးသင့်သည်ဟုယူဆ၍ တောင်းခံတင်ပြလာသည်ကို လက်ခံလိုက်သည်။

ထိုနေ့တစ်ညလုံးဘုရားကျောင်းနှင့်မိုဆီအိမ်များတွင် မီး ရောင်စုံထွန်းညှိ၍ ကျမ်းစာဖတ်ခြင်း၊ ဓမ္မသီချင်းများသီဆိုခြင်း၊ စန္ဒယားအော်ဂင်များတီးမှုတ်ကြခြင်း ပွဲတော်ကျင်းပသူများက တရုံးရုံးဆူညံလှုပ်ရှားနေကြသည်။

မိုဆီအဖွဲ့များကလည်း သူတို့၏ပစ္စည်းများကို သေတ္တာများတွင် ထည့်သွင်းထုတ်ပိုးလျက် အလုပ်များနေကြသည်ကို မြင်တွေ့နေရသည်၊ သို့အတွက် စစ်တပ်အဖွဲ့လည်း မလှမ်းမကမ်းရှိ ရွက်ဖျင်တဲများ၌ မိုဆီတို့အဖွဲ့ကပေးပို့ထားသော စားသောက်ဖွယ်ရာ အဖျော်ယမကာများသုံးဆောင် ပျော်မြူးနေကြရင်း နက်ဖြန်နံနက် ရောက်မည့်နှစ်သစ်ကို ကောင်းစွာကြိုဆိုလိုက်ကြသည်။

နောက်တစ်နေ့ (၇)နာရီအချိန်တွင် စစ်တပ်အဖွဲ့များနိုးကြား လှုပ်ရှားလာပြီး ဘုရားရှိခိုးကျောင်းဆီသို့ မျှော်မှန်းကြည့်လိုက်ရာ အားလုံးငြိမ်သက်တိတ်ဆိတ်လျက်ရှိသည်ကိုတွေ့ရသည်။

'တစ်ညလုံးပျော်ရွှင်မြူးတူးစားသောက်ကြပြီး အထုတ်အပိုးများထုတ်ပိုးကြ၍ မောပန်းအိပ်ပျော်နေကြသည်' ဟုတပ်က အောက်မေ့နေလေသည်။

သို့ရာတွင် ဘုရားရှိခိုးကျောင်းနှင့် မိုဆီအိမ်များသို့ချဉ်းကပ်သွားရောက်လေ့လာကြည့်ရှုသောအခါ မည်သူတစ်ဦးတစ်ယောက်မျှမရှိတော့ကြောင်း၊ အိမ်တွင်သေတ္တာ၊အထုပ်အပိုးစသည်များကိုလည်း လုံးဝမတွေ့မြင်ရဘဲ သယ်ယူနိုင်သမျှပစ္စည်းအားလုံး သယ်ယူသွားကြကြောင်း အံ့သြခံပြင်းစွာတွေ့မြင်ကြရတော့သည်။

တာဝန်ခံဗိုလ်မှူးကြီးမှာ ကြီးစွာသောအခက်အခဲနှင့် ရင်ဆိုင်တော့သည်၊ မိမိတို့တပ်ဖွဲ့အင်အားအနည်းငယ်မျှဖြင့် မည်သို့ဆက်လက်ဆောင်ရွက်ရမည်နည်း၊ Mulodi ရွာတည်ရှိရာ လွင်ပြင်ဘက်ကလည်း လျှို့မြောင်ချောက်ကြား တောင်ကုန်းများ

သာရှိရာ အရပ်(၈)မျက်နှာ မည်သည့်ဘက်သို့ ထွက်ပြေးတိမ်းရှောင်သွားသည်ကို မသိရဘဲနှင့်လိုက်ကြရမည်မှာလည်း အကျိုးရှိမည်မဟုတ်၊ နောက်ဆုံးတွင် ပူတာအိုသို့အကြောင်းစုံအစီရင်ခံ၍ အင်အားဖြည့်တပ်ဖွဲ့များ ရောက်အလာကိုသာ စောင့်ဆိုင်းကြရတော့သည်။ ပူတာအိုမှအရေးပေါ်စေလွှတ်လိုက်သော တပ်ဖွဲ့များနှင့်အနောက်ဘက်နှင့်မြောက်ဘက်ဆီသို့ လူးဖြန့်၍လိုက်ကြသော်လည်း အချည်းနှီးပင်ဖြစ်သွားရသည်။

မိုဆီတို့အရိပ်အယောင်မျှပင်မတွေ့ရ၊ မည်သည့်ဘက်သို့ ထွက်ခွါသွားကြသည်ကိုပင် မသိနိုင်ရှိနေရာ တစ်ရက်ခရီးထွက်မိလျှင်ပင် သောင်းကျန်းသူ ကချင်သူပုန်များက ဆီးကြိုတိုက်ခိုက်ကြသဖြင့် မူလာဒီအရောက်နောက်ပြန်ဆုတ်ခဲ့ရသည်။

ဤသို့ဖြင့်မိုဆီမိသားစုသည် ညတွင်းချင်းပျောက်ကွယ်သွားရာမှ မည်သည့်တောကြိုတောင်ကြားများထဲသို့ ရောက်သွားကြသည်ကို မသိရှိနိုင်ဖြစ်ခဲ့ရသည်။

ရဟတ်ယာဉ်ဖြင့် မူလာဒီခရစ်ယံသာသနာပြုစခန်းသို့ ရောက်ရှိလာသော စစ်တပ်ဖွဲ့ကလေးသည် နှစ်ဆန်းတစ်ရက်အကြိုပွဲတော်အစားအသောက်များ စားသောက်ပျော်မြူးကြပြီး အိပ်မောကျနေစဉ် မိုဆီမိသားစုနှင့် လီဆူးရွာသူရွာသားအပေါင်းတို့သည် မိမိတို့အသုံးအဆောင်ပစ္စည်းများ၊ မွေ့ယာ၊ခေါင်းအုံး၊ စောင်၊ခြင်ထောင်၊ပုဂံခွက်ယောက်၊စပါး၊ဂျုံစက်အလုံးစုံကို ထုပ်ပိုးကြပြီး သန်းခေါင်ယံအချိန်မှစ၍ စစ်တပ်အဖွဲ့၏အရိပ်အခြေကို

ကြည့်ကာ တစ်သုတ်ပြီးတစ်သုတ် တိတ်တဆိတ်ထွက်ခွါခဲ့ကြသည်။

နာရီပြန် (၂)ချက်အချိန်တွင် ဘုရားရှိခိုးကျောင်းမှ ဓမ္မအဖွဲ့သည် နောက်ဆုံးအခြေအနေကြည့်ပြီး နောက်ပိုင်းအစောင့်ရှောက်သောကင်းအဖြစ် လျှို့ဝှက်စွာလိုက်သွားခဲ့လေသည်။

တောင်တက်-တောင်ဆင်း ကျင်လည်ကြသော လီဆူးရှာသားများနှင့်မိသားစုတို့သည် မိမိတို့ထွက်ခွါရာလမ်းကို စနစ်တကျခြေရာဖျောက်၍ ခရီးနှင်လာခဲ့ကြရာ နံနက်မိုးလင်းလျှင်ပင် တောင်ကြား ၃ခုကိုကျော်ဖြတ်သွားနိုင်ခဲ့ကြသည်။

စိတ်ချရသောနေရာတွင် ခေတ္တအနားယူ ချက်ပြုတ်စားသောက်ပြီး အနောက်ဘက်သို့ခရီးဆက်ခဲ့ကြသည်၊ ထို့နောက် ကချင်လွတ်မြောက်ရေးတပ်နှင့်တွေ့ဆုံမိကြပြီး သူတို့၏ဖြစ်စဉ်ကို ပြောပြအကူအညီတောင်းခဲ့ရာ ကချင်လွတ်မြောက်ရေးတပ်က အကာအကွယ်ပေးခဲ့သည်။

သူတို့သည် တစ်တောင်ဆင်း တစ်တောင်တက်ဖြင့် ဆက်လက်ထွက်ခွါလာခဲ့ရာ ကချင်ပြည်နယ် အနောက်မြောက်ပိုင်းတောတောင်များအတွင်း၌ တိမ်မြုပ်ပျောက်ကွယ်ပြီး စခန်းအသစ်ထူထောင်နေခဲ့ကြသည်။

၁၉၇၁-ခုနှစ် (၆)နှစ်အကြာတွင် သူတို့အဖွဲ့အား မြန်မာပြည်နယ်နိမိတ်မြောက်ဘက်နှင့် အရှေ့ဘက်တစ်လျှောက် တရုတ်ပြည်နှင့်ပူးတွဲတိုင်းတာသတ်မှတ်ရေးကို ဆောင်ရွက်စဉ် အနောက်

ဘက်နယ်နိမိတ်အတွက် အိန္ဒိယနှင့်အလားတူဆောင်ရွက်နေစဉ် မိုဆီတို့အဖွဲ့ကို ရွာကြီး၄ရွာတည်ထောင်ပြီး အခြေချနေထိုင်နေသည်ကို အမှတ်မထင်တွေ့မြင်ကြရသည်။

ယခုတစ်ကြိမ်တွင် ယခင်ကကဲ့သို့ သက်ညှာမှုမပေးတော့ဘဲသူတို့အား တွေ့ရှိသည်နှင့်သက်ဆိုင်ရာအား သတင်းပို့ပေးကြပြီးနောက် မော်လိုက်မြို့တို့မှ သက်ဆိုင်ရာတို့က ရဟတ်ယာဉ်များဖြင့် ထိုရွာကြီးသို့ရောက်ရှိလာကြပြီး မိုဆီမိသားစုကို မန္တလေးသို့တိုက်ရိုက်ဖမ်းဆီးလာခဲ့ပြီး ဥပဒေအရစစ်ဆေးပြီးနောက် ထောင်ဒဏ်ချမှတ်လိုက်သည်။

ထို့နောက်အမေရိကန်သံရုံးမှ ကြားဝင်တောင်းပန်သောကြောင့် မြန်မာပြည်မှပြည်နှင်ဒဏ်ပေးခဲ့ရသည်။

(သူတို့မိသားစုက မြန်မာပြည်တွင် သူတို့သာသနာပြုပုံ၊ အဖမ်းခံရပုံအကြောင်းစုံကို (Eugene Morse Exodus to a HiddenValley) စာအုပ်ရေးပြီး ဟောင်ကောင်မှ ထုတ်ဝေခဲ့သည်။

ထို့နောက် သူတို့မိသားစုမှ EugeneMorse ဇနီးမောင်နှံနှင့် သားသမီးများသည် ထိုင်းနိုင်ငံဇင်းမယ်တွင် အခြေချခါ သာသနာပြုလုပ်ငန်းကို ဆက်လက်လုပ်ကိုင်ခဲ့ကြပြီး တစ်ဘက်ကလဲ C.I.A သူလျှို Willam Yaung နှင့်ပူးပေါင်းကာ မြန်မာပြည်ကို လုပ်ကြံသည်ဟု ဆိုပါသည်။

(ဈ) ခရစ်ယံသာသနာပြုကျောင်းများဖွင့်လှစ်သာသနာပြု ခဲ့ကြသော အခြားဂိုဏ်းသာသနာပြုများရောက်လာခြင်း

မြန်မာပြည်တွင် (Brother of the Christian School) ဂိုဏ်းသည် မြန်မာကလေးသူငယ်ပညာရေး သင်ကြားရေးကို စတင်ဆောင်ရွက်ရန် မော်လမြိုင်မြို့သို့ ပြန်လည်ရောက်ရှိလာသောအခါ ၁၈၆၈ခုတွင် စိန်ပက်ထရစ်ကျောင်းကို တည်ထောင်ကြသည်။

- ၁၈၇၀-ခုနှစ်တွင် ရန်ကုန်စိန်ပေါလ်ကျောင်း
- ၁၈၇၂-ခုနှစ်တွင် ပုသိမ်စိန်ပီတာကျောင်း
- ၁၈၉၆-ခုနှစ်တွင် မန္တလေး၌ စိန်ပီတာကျောင်း
- ၁၉၄၇-ခုနှစ်တွင် မေမြို့၌ စိန်အယ်လ်ဘတ်ကျောင်း

များဖွင့်လှစ်ခဲ့သည်။

Sisters of the Good Shepherd ခေါ်သီလရှင်ဂိုဏ်းမှ ပုဂ္ဂိုလ်များသည် ၁၈၆၆-ခုနှစ်တွင် ရန်ကုန်မြို့သို့ရောက်ရှိလာ၍ ၎င်းတို့၏ လုပ်ငန်းကိုစတင်ကြသည်။

- ရန်ကုန်ဗိုလ်ချုပ်လမ်းရှိ စိန်ဂျွန်ကွန်ဗင့်အထက်တန်းကျောင်း
- ရန်ကုန် ပြည်လမ်းရှိ စိန်ဖလိုမိနာ အထက်တန်းကျောင်း
- ရန်ကုန် သိမ်ဖြူလမ်းရှိ ကွန်ဗင့်ကျောင်းခွဲ

–ရန်ကုန် ဘုရားလမ်းတွင် စိန့်ပတ်ထရစ်မူလတန်းကျောင်းများကို စတင်ဖွင့်လှစ်ခဲ့ကြသည်။

၁၈၇၄–ခုတွင် (Burmese Sisters of St.Frauces xavier) အမည်ရှိ မြန်မာသီလရှင်ဂိုဏ်းတစ်ဂိုဏ်းကို တည်ထောင်လိုက်သည်။ ယင်း၏ရည်ရွယ်ချက်မှာ–

–နယ်များတွင်ကျောင်းဆရာမ သီလရှင်များရရှိရန် ရည်ရွယ်၍သင်ကြားပေးခဲ့သည်၊ မူရင်းဌာနကို ပုသိမ်တွင်(Mother House) အမည်ဖြင့်ဖွင့်လှစ်ခဲ့သည်။ ကျောင်းနှင့်ဆေးပေးခန်းများကိုတွဲဖက် ဖွင့်ပေးခဲ့သည်။

ယင်းအမျိုးအစားကျောင်းများကို ဟင်္သာတ၊ မြောင်းမြ၊ သုံးဆယ်၊ ကြို့ပင်ကောက်၊ မအူပင်၊ ညောင်တုန်း၊ ဖျာပုံနှင့် မြိတ်မြို့များတွင်လည်း အသီးသီးဖွင့်လှစ်ပေးခဲ့သည်။

ထိုကက်သလစ်သာသနာပြုလုပ်ငန်းဆောင်ရွက်နိုင်ရန် မြန်မာကက်သလစ်ဘုန်းကြီး သီလရှင်များကိုမွေးထုတ်ရာတွင် ဘုန်းကြီး သီလရှင်များအဖြစ်ဝင်ရောက်လိုသော အမျိုးသားအမျိုးသမီးတို့ကို အရည်အချင်း (၄)မျိုး သတ်မှတ်၍ရွေးချယ်ခဲ့ကြသည်

ယင်းတို့မှာ

၁။ အမျိုး၏ကောင်းခြင်း

၂။ ကျန်းမာရေးနှင့်ပြည့်စုံခြင်း

၃။ သာမန်ဉာဏ်ပညာနှင့်ပြည့်စုံခြင်း

၄။ ဘုရားတရား၌ ကြည်ညိုခြင်း တို့ဖြစ်သည်။

ယင်းတို့အနက်မှ အဆင့်(၂)ဆင့်ခွဲ၍-

ပထမအဆင့်--ကက်သလစ်သာသနာ၌ ဘာသာရေးသက်သက် ဦးဆောင်မှုပေးမည်၊ ခရစ်ယံဘုန်းကြီး (Prriests)များကိုသီးခြား မွေးထုတ်သည်၊ ယင်းတို့သည် အနည်း ဆုံးတက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ရမည်၊ ယင်းတို့အား ကက်သလစ်ဘာသာရေး သင်တန်းကျောင်းများ(Semivenary) သို့စေလွှတ်၍ လက်တင် ဘာသာစာစီစာကုံးရေးသားနည်းပညာ၊ လူမှုရေးပညာနှင့် ဖီလော ဆိုဖီတို့ကို (၂)နှစ်တိုင်တိုင်သင်ကြား၍ theology ဘာသာတရား စာပေကို(၄)နှစ်သင်ကြားရသည်၊ ဘာသာရေးဆိုင်ရာ ဒေါက်တာ ဘွဲ့ရသည်အထိဖြစ်သည်။ ထို့နောက် ကက်သလစ်ရဟန်းဘောင် သို့သွတ်သွင်းသောအခါ-

(က) သန့်ရှင်းစင်ကြယ်သောအကျင့်

(ခ) အဗြဟ္မစရိယအကျင့် (Chastity)

(ဂ) အမိန့်နာခံခြင်း (Obedience)

တို့ကို ရာသက်ပန်ကျင့်သုံးရမည်ဟု ကတိပြုရသည်။

ဒုတိယအဆင့်--အရန်သာသနာ၀န်ထမ်းအဖြစ်ဆောင်ရွက်လို သောပုဂ္ဂိုလ်များအတွက်ဖြစ်သည်၊ သက်ဆိုင်ရာတာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် သူနာပြုအတတ်၊ ဆရာအတတ်သင် ပညာ၊ သက်မွေးဝမ်းကျောင်းပညာနှင့် ဘုရားတရားစာပေများကို နှစ်အတော်ကြာလုပ်ငန်းအလိုက် သင်ကြားကြရသည်။

ဤသို့သင်ကြားရာဌာနများကို ကိုရင်ဂေဟာ (Noviti-onte) ဟုခေါ်သည်။ ဤဂေဟာများမှ ပညာပြည့်စုံသောအခါ ဘုန်းကြီးများ (Brother) နှင့်သီလရှင်များ(Sisters,Nuns) အဖြစ် ဆင်းရဲနွမ်းပါးစွာ ဆင်းရဲခံခြင်း(Poverty)၊ ကိုယ်ကျင့်တရားသန့်စင်ခြင်း (Chastity)၊ အမိန့်နာခံခြင်း(Obdience) ကတိ-၃ချက်ကို ခံယူရသည်။ အချို့သောဂိုဏ်းများက ဧည့်ဝတ်ကျေပွန်ခြင်း (Hospitaty)ကို စတုတ္ထကတိအဖြစ် ထည့်သွင်းခံယူကြရသည်။

ခရစ်ယာန်သာသနာပြုတို့သည် မြန်မာပြည်တစ်ဝှမ်း အခြေခံမူလတန်းကျောင်းမှအစ အထက်တန်းကျောင်းများ၊ အသက်မွေးဝမ်းကျောင်းပညာသင်ကျောင်း၊ လက်မှုပညာသင်ကျောင်းများ အများအပြားဖွင့်လှစ်ခဲ့သလို ယခင်ကက်သလစ်ကျောင်းများနှင့် တွဲဘက်၍ မိဘမဲ့ဂေဟာများ၊ ကလေးမွေးမြူရေးဂေဟာများကို ဖွင့်လှစ်ခဲ့ကြသည်။

ကက်သလစ်ဌာနအသီးသီးတို့တွင်လည်း ဆေးပေးခန်းနှင့် ဆေးရုံငယ်များကိုလည်း ဗဟိုကျသောနေရာများ၌ အသီးသီး ဖွင့်လှစ်ခဲ့ကြသည်။

အထူးခြားဆုံးမှာ အနာကြီးရောဂါသည်များအတွက် အနာကြီးရောဂါကုဂေဟာများ ဖွင့်လှစ်၍ဆေးကုသပေးကြသည်။

၁၈၉၇-ခုနှစ်တွင်(Franciscan Missionaries of Mary) အမည်ရှိသော သီလရှင်ဂိုဏ်းတစ်ဂိုဏ်းသည် မြန်မာပြည်

သို့ရောက်ရှိလာကာ မန္တလေးတွင် တည်ထောင်ထားပြီးဖြစ်သော ကုဋ္ဌနူနာဆေးရုံကို ဆက်လက်တိုးချဲ့ဆောင်ရွက်ကြသည်။

၁၈၉၈-ခုတွင်ဘုန်းတော်ကြီး ဖရေနောက် (Father Freynot) တည်ထောင်ခဲ့သော ကြည်မြင့်တိုင်အနာကြီးရောဂါ ဆေးရုံကို ဆက်လက်ချဲ့ထွင်ပြုစုခဲ့ကြသည်။

ကက်သလစ်ဘုန်းတော်ကြီးများသည် လွယ်လင် ကျိုင်းတုံ နယ်များတွင် အနာကြီးရောဂါဆေးရုံများဖွင့်လှစ်ပေးခဲ့ကြသည်။

ဤသို့ဖြင့် ကက်သလစ်သာသနာပြုအဖွဲ့များသည် ကျောင်းများ၊ ဆေးပေးခန်းများ၊ ကလေးထိန်းဂေဟာများ၊ စာရိတ္တ မဲ့လေလွင့်မိန်းကလေးများစောင့်ရှောက်ရေးဂေဟာများကို ရန်ကုန်၊ မန္တလေးစသောမြို့ကြီးများတွင်သာမကဘဲ မြန်မာပြည်အလယ်ပိုင်း ရွာသိမ်ရွာငယ်များနှင့် ချင်းတောင်၊ ကချင်တောင်ဒေသများတွင် နေရာအနှံ့ဖွင့်လှစ်ပြုစုခဲ့ကြသည်။

## (ည) မြန်မာပြည်ခရစ်ယံသာသနာပြုများ၏ ခနစ်တကျ ဆောင်ရွက်မှုများ

မြန်မာပြည်သို့ ခရစ်ယံသာသနာပြုဂိုဏ်းအသီးသီးသည် မြန်မာပြည်တွင် သာသနာပြုမည့်လုပ်ငန်းကို စတင်အကောင် အထည်ဖေါ်မည်ပြုလုပ်သောအခါ-

၁။ မြန်မာစကား၊ မြန်မာစာနှင့် မြန်မာယဉ်ကျေးမှုများကို ကောင်းစွာတတ်ကျွမ်းအောင် လေ့လာသင်ယူသည်၊ တိုင်းရင်းသားအသီးသီးထံသို့ သာသနာပြုလုပ်ငန်းဆောင်ရွက်လာသောအခါ ကချင်၊ကရင်၊ကယား၊ချင်းစသော တိုင်းရင်းသားစကား၊ တိုင်းရင်းသားစာပေများယဉ်ကျေးမှုများကို အထူးလေ့လာသင်ကြားကြသည်၊ စာပေမရှိသောတိုင်းရင်းသားများအတွက် ရောမအက္ခရာနှင့်စာပေများတီထွင်ပေးခဲ့ကြသည်။

၂။ ထို့နောက်ခရစ်ယံမ္မကျမ်းများကို ယင်းတို့ဘာသာစကားဖြင့် ပြန်လည်ရေးသားခြင်း၊ စာအုပ်ပြုစုထုတ်ဝေခြင်း၊ စာပုံနှိပ်စက်များတည်ထောင်၍ ခမ္မကျမ်းအမျိုးမျိုးနှင့်ကျောင်းသုံးစာအုပ်အမျိုးမျိုးကိုပုံနှိပ်ထုတ်ဝေဖြန့်ချီကြသည်။

၃။ သာသနာပြုလက်ထောက်နှင့်တာဝန်ခံများ မွေးမြူရန် ဘာသာတရားစာပေလေ့လာရေးသင်တန်းနှင့် ကျောင်းများဖွင့်လှစ်ကာသင်ကြားမွေးထုတ်ခဲ့သည်၊ ဥပမာ ၁၈၄၅-ခုတွင် မော်လမြိုင်မြို့၌ ကရင်ဘာသာတရားစာသင်ကျောင်း (Karen Thelogical Seminary) ကိုစတင်ဖွင့်လှစ်ခဲ့သည်၊ နောင်အခါ ရန်ကုန်မြို့သို့ပြောင်းပြီးလျှင် ၁၈၉၄ခုနှစ်မှစတင်၍ အင်းစိန်တွင် ဖွင့်လှစ်ထားခဲ့သည်။

၄။၁၈၉၄-ခုတွင် သထုံမြို့၌ ကရင်အမျိုးသမီးဘာသာတရားစာသင်ကျောင်း(The Karen Women Brible School) ကို စတင်တည်ထောင်ပြီး ရန်ကုန်မှတဆင့် အင်းစိန်တွင်ရွှေ့ပြောင်းဖွင့်လှစ်ခဲ့သည်။

၅။အင်းစိန်တွင် မြန်မာဘာသာတရားစာပေသင်ကျောင်း(The Burmese Theological Seminary) နှင့် မြန်မာအမျိုးသမီး ဘာသာတရားစာပေသင်ကျောင်း(The Burmese Women Bible School) များကိုလည်း ဆက်လက်ဖွင့်လှစ်ခဲ့သည်။

ဤသင်တန်းကျောင်းများသို့ဝင်ရန် အနည်းဆုံး(၇)တန်း အောင်မြင်ရသည်၊ ဤကျောင်းများမှ သင်းအုပ်ဆရာအတတ်ကို (၄)နှစ်သင်ကြားပေးရာ ဓမ္မကျမ်း၊ ဘာသာရေး၊ ရာဇဝင်ပညာ သင်ကြားပေးရေးနှင့် ဘာသာရေးဆိုင်ရာခေါင်းဆောင်မှု၊ ရပ်ရွာ ဆိုင်ရာခေါင်းဆောင်မှုအတတ်များကို သင်ကြားပေးလေသည်။ အမျိုးသမီးကျောင်းများမှ အမျိုးသမီးနှင့်ကလေးသူငယ်များနှင့် ပတ်သက်သောလုပ်ငန်းများကို အဓိကထား၍သင်ကြားပေးလေ သည်။

ဤသင်တန်းသားများသည် ကျောင်းသင်တန်းများတွင် သာမက လက်တွေ့လေ့ကျင့်မှုအတွက် စနေ၊တနင်္ဂနွေနေ့များ တွင် တနင်္ဂနွေစာသင်ကျောင်း (Sunday School) ရက်အား ဓမ္မသင်ကျောင်းနှင့်အခြားဘာသာဆိုင်ရာလုပ်ငန်းများတွင် ပါဝင် ဆောင်ရွက်ကြရသည်။

ဤသင်တန်းကျောင်းများအပြင် (Divinity) ခေါ် အဆင့်မြင့် သင်တန်းကျောင်းတစ်ကျောင်းလည်း ရှိပါသည်။

ဤကျောင်းကိုဝင်နိုင်ရန် တက္ကသိုလ်ဝင်တန်းအောင်မြင် ရသည်၊ (၄)နှစ်ကြာသင်ကြားပြီးလျှင် အမေရိကန်ဘာသာရေး

တက္ကသိုလ်ကျောင်းမှ ဘာသာရေးဆိုင်ရာဝိဇ္ဇာဘွဲ့ (B.th) ကိုရရှိလေသည်။

သင်တန်းတွင်သင်ကြားရသောဘာသာရပ်များမှာ ဓမ္မကျမ်း ဘာသာရေးဆိုင်ရာပညာရေး၊ ဘာသာရေးဆိုင်ရာသမိုင်း၊ လူမှုရေးဗေဒ၊ လောကတတ်ပညာ၊ စိတ္တဗေဒပညာ၊ ပါလီမန်အုပ်ချုပ်ရေးအတတ် တို့ကိုသင်ကြားပေးသည်။ ဤကျောင်းမှအောင်မြင်သူတို့မှာ မြို့များတွင်တာဝန်ယူကြရသည်။

၆။ ၁၈၃၂–ခုနှစ်တွင် ကျေးရွာများ၌ မြန်မာစာသင်မူလတန်းကျောင်းများဖွင့်လှစ်သင်ကြားရာ ကျောင်းပေါင်း (၁၇၀)ခန့်စတင်ဖွင့်လှစ်နိုင်ခဲ့သည်၊နောက်တွင် (Baptist) သာသနာပြုကျောင်းပေါင်း ၈၀၀–ကျော်အထိရှိခဲ့သည်။

နောင်တွင် အင်္ဂလိပ်–မြန်မာနှစ်ဘာသာသင် အလယ်တန်းကျောင်းများနှင့် မော်လမြိုင်၊ ရန်ကုန်၊ ပုသိမ်၊ မန္တလေးမြို့ကြီးများတွင် အထက်တန်းကျောင်းများအထိ ဖွင့်လှစ်ခဲ့ကြသည်။

အထူးသဖြင့် အမျိုးသမီးများအတွက် သီးသန့်အထက်တန်းကျောင်းများဖွင့်လှစ်ခဲ့ရာ မော်လမြိုင်၌ မော်တင်လိန်းကျောင်း၊ ရန်ကုန်ကြည်မြင့်တိုင်နှင့်မန္တလေးတွင် အေ–ဘီ–အမ်ကျောင်း၊ တောင်ကြီးတွင် အမျိုးသမီးကျောင်းများဖွင့်လှစ်ပေးခဲ့ရာ အထူးနာမည်ကြီးခဲ့ကြသည်။

၇။ မြို့ကြီးများတွင် ဖွင့်လှစ်ခဲ့သောအထက်တန်းကျောင်းများ၌ ကျေးရွာမူလတန်းကျောင်းများအတွက် ဆရာဖြစ်သင်တန်းများကိုပူးတွဲဖွင့်လှစ်ထားရှိကြသည်။

ရန်ကုန်တွင် ဘက်ပတစ်ကောလိပ်ကျောင်းတစ်ကျောင်း ဖွင့်လှစ်ခဲ့ရာ နောင်တွင် ရန်ကုန်တက္ကသိုလ်၏လက်အောက်ခံ ကျောင်းတစ်ကျောင်းအဖြစ် ဂျပ်ဆင်ကောလိပ်အမည်တွင်ခဲ့သည်။

## အသက်မွေးဝမ်းကျောင်းပညာသင်ကျောင်းများ ဖွင့်ပေးခြင်း

၁၈၅၀–ခုနှစ်မှစ၍ စကောကရင်တို့အတွက် ပုသိမ်မြို့ တွင် ဆရာဖြစ်သင်နော်မန်ကျောင်းတွင် စက်မှုလက်မှုကျောင်း တစ်ခုကိုဖွင့်လှစ်ပေးခဲ့သည်။

ကျေးရွာ မူလတန်းကျောင်းများအတွက် ဆရာများမွေး ထုတ်ပေးရန် ကျေးရွာလူငယ်များအတွက် အသက်မွေးဝမ်းကျောင်း ပညာသင်ပေးမှုကို ဆောင်ရွက်ခဲ့သည်။

၁၈၈၈–ခုတွင် သစ်စက်တစ်ခုနှင့်ဆန်စက်တစ်ခုကို ဝယ်ယူ တည်ထောင်ပေး၍ ထိုစက်များတွင် ကျောင်းသားများအား လက်တွေ့ဆည်းပူးစေသည်။

လှေတည်ဆောက်သည့်အတတ်၊လက်သမားအတတ်၊ ကြိမ်ထိုးအတတ်၊ စာအုပ်ချုပ်အတတ်၊ မိန်းကလေးများအတွက် စက်ချုပ်အတတ်၊ အချက်အပြုတ်အတတ်၊ အိမ်ထောင်ထိန်းသိမ်းမှု အတတ်၊ ကျန်းမာရေးစောင့်ရှောက်မှုအတတ်တို့ကိုလည်းကောင်း အားလုံးအတွက် အတီးအမှုတ်စသောအတတ်များကိုလည်းကောင်း သင်ကြားပေးသည်။

## ဆေးရုံ-ဆေးခန်းများဖွင့်၍ ဆေးကုသရေးလုပ်ငန်း ဆောင်ရွက်ပေးခြင်း

(၁) ဆေးရုံဆေးပေးခန်း

၁၉၂၁-ခုတွင် နှစ်ချင်းဂိုဏ်း၏ဆေးကုသမှုလုပ်ငန်းကို စတင်ခဲ့ရာ သာသနာပြုဆရာဝန်များ စတင်ရောက်ရှိလာကြ၍ မော်လမြိုင်၊ဗန်းမော်၊နမ့်စံ၊ကျိုင်းတုံနှင့် ချင်းပြည်နယ်ဟားခါး မြို့များတွင် ဆေးရုံများဖွင့်လှစ်ခဲ့ကြသည်၊ လွိုင်ကော်၊ မိုးနဲ၊ တောင်ကြီး၊ လွယ်လင်နှင့်အခြားဒေသများတွင် ဆေးပေးခန်း များဖွင့်လှစ်ခဲ့ကြသည်။

သာသနာပြုဆေးရုံနှင့်ဆေးပေးခန်းများကို အစိုးရဆေးရုံ မရှိသောဒေသများတွင် ဖွင့်လှစ်ဆောင်ရွက်ခဲ့ကြသည်။ ယင်းဆေးရုံများတွင် သူနာပြုဆရာမ သင်တန်းများကိုတွဲဖက် ဖွင့်လှစ်သင်ကြားပေး၍ သူနာပြုဆရာမများကိုမွေးထုတ်ပေးခဲ့ ကြသည်။

(၂) အနာကြီးရောဂါကုသရေးလုပ်ငန်း

ကက်သလစ်သာသနာပြုအဖွဲ့များကဲ့သို့ပင်(Baptist) တို့ကလည်း မော်လမြိုင်၊ ကျိုင်းတုံနယ်များတွင် ကုဋ္ဌနူနာရောဂါ သည်များကို ကုသပေးရန် ဆေးရုံဖွင့်လှစ်ပေးခဲ့သည်။

(၃) တီဘီရောဂါကုသလုပ်ငန်း

ဒုတိယကမ္ဘာစစ်အပြီး၌ နေထိုင်စားသောက်မှုများချွတ် ယွင်းလာကြ၍ တီဘီ(အဆုတ်ရောဂါ)သည် မြန်မာပြည်၌

တိုးတက်များပြားလာခဲ့ရာ မော်လမြိုင်ခရစ်ယံဆေးရုံတွင် တီဘီရောဂါကုဌာနတစ်ခုဖွင့်လှစ်၍ ခေတ်မီကိရိယာများဖြင့် ဆေးကုသပေးခဲ့ကြသည်၊ တောင်ငူတွင်လည်း အလားတူဆေးကုသမှုများပြုလုပ်ပေး၍ အနားယူဂေဟာတစ်ခုကို ဖွင့်လှစ်ပေးခဲ့သည်။

**စိုက်ပျိုးရေးလုပ်ငန်း**

(Baptist) သာသနာပြုရန် မြန်မာပြည်သို့ရောက်ရှိလာသော သာသနာပြုဆရာခနီးမောင်နှံ (Reverend Case) တို့သည် စိုက်ပျိုးရေးနိုင်ငံဖြစ်သော မြန်မာပြည်တွင် သာသနာပြုရာ၌စိုက်ပျိုးရေးလုပ်ငန်းသည် အရေးကြီးကြောင်း သဘောပေါက်သိမြင်သွားခဲ့သည်။

ထို့ကြောင့် သူတို့သည်အမေရိကန်ပြည်သို့ ပြန်ကြပြီးစိုက်ပျိုးရေးပညာကိုသင်ယူခဲ့ကြသည်၊ ၁၉၁၇ခုတွင် မြန်မာပြည်သို့ပြန်လာကြကာ ပျဉ်းမနားတွင် စိုက်ပျိုးရေးနည်းပြဥယျာဉ်တစ်ခုကို တည်ထောင်ကြသည်။

၁၉၂၃-ခုတွင် ပျဉ်းမနားစိုက်ပျိုးရေးကျောင်းကို ဖွင့်လှစ်ခဲ့ကြသည်။ ထိုကျောင်းတွင် မြန်မာပြည်အရပ်ရပ်မှ လူငယ်များကိုခေါ်ယူပြီး စိုက်ပျိုးရေးနည်းလယ်ယာသီးပင်စိုက်နည်း၊ ကြက်၊ ငှက်၊ ဝက်မွေးမြူနည်း၊ စိုက်ပျိုးရေးသမဝါယမနည်းတို့ကို သင်ကြားပေးသည်။

မြန်မာပြည်နှင့်သင့်တော်မည့် ကြက်မျိုး၊ဝက်မျိုး၊ဘဲမျိုး၊ ကျွဲနွားမျိုးများနှင့် အသီးအနှံများကိုလည်း စမ်းသပ်တီထွင်ခါ

ချိုသာသောစျေးနှုန်းဖြင့် လယ်သမားတိုင်းအား ဖြန့်ဖြူးရောင်းချ ပေးခဲ့ကြသည်။

(ဤသာသနာပြုဆရာကြီးတီထွင်ခဲ့သော ပဲတစ်မျိုးကို ယခုတိုင် ဗိုလ်ကိတ်ပဲ အမည်ဖြင့်ယနေ့တိုင်ထင်ရှားလူသိများ နေခဲ့သည်။)

## (၄) ခရစ်ယာန်သာသနာပြုလုပ်ငန်းနှင့် မြန်မာလူမျိုးတို့၏ ကောင်းကျိုး–ဆိုးပြစ်များ

ခရစ်ယာန်သာသနာပြုတို့၏ မြန်မာပြည်တွင် သာသနာပြု လုပ်ငန်းဆောင်ရွက်ကြရာ၌ မြန်မာတိုင်းရင်းသားအားလုံးအတွက် အကျိုးဖြစ်ထွန်းစေသော လုပ်ငန်းအများအပြားရှိခဲ့သည်မှာ အတုယူဖွယ်ချီးကျူးဖွယ်ဖြစ်သလို မြန်မာတိုင်းရင်းသားများ အတွက်ဆိုးကျိုးများလည်း များစွာခံစားသွားရလေသည်။

လွန်ခဲ့သောနှစ်ပေါင်း (၂၅၅၀)ကျော်က အိန္ဒိယနိုင်ငံတွင် ဂေါတမဗုဒ္ဓပွင့်တော်မူခဲ့ရာ ထိုဗုဒ္ဓဂေါတမ၏အဆုံးအမတရား သည် မြန်မာပြည်သို့ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံသားအားလုံး တို့သည် ထိုအဆုံးအမများကို ယဉ်ကျေးမှုတစ်ရပ်အနေနှင့် လက်ခံ ကျင့်သုံးခဲ့ကြသည်၊ စာပေများတီထွင်၍ သင်ကြားနာယူမှတ် သားခဲ့သည်။

မြန်မာတစ်ပြည်လုံးသို့ ဗုဒ္ဓဘာသာနှင့်ဗုဒ္ဓစာပေများ ရောက်လာသောအချိန်မှစ၍ မြို့ရွာတိုင်း၌ ဘုန်းတော်ကြီးကျောင်း များပေါ်ပေါက်လာခဲ့ပြီး ထိုရွာထိပ်ဘုန်းကြီးများက ကလေးသူငယ် များကို ပညာသင်ပေးကြသည်။ လူကြီးများကို အသိအလိမ္မာ ဉာဏ်ပညာတိုးပွား သိကြားနားလည်စေရန် တရားများကို အခါ အားလျော်စွာ ဟောကြားပြသကြပါသည်။

ထိုဘုန်းကြီးကျောင်းပညာရေးတွင် ဘုရင်၊ မင်းညီမင်းသား မှူးမတ်စစ်သူကြီးမှအစ ဘုန်းကြီးကျောင်းထွက်များဖြစ်ကြသည်။ ထို့ကြောင့် ပြည်သူပြည်သားတို့သည် ဘုန်းတော်ကြီးကျောင်း ထွက်များပီပီ ဗုဒ္ဓယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့် ခဲ့ကြ၍ ယဉ်ကျေးသိမ်မွေ့ခဲ့ကြသည်။

မင်းကျင့်ဝတ်၊ပြည်သူ့ကျင့်ဝတ်၊မိဘကျင့်ဝတ်၊ သားသမီး ကျင့်ဝတ်၊ ဆရာကျင့်ဝတ်၊ တပည့်ကျင့်ဝတ်၊ လင်ကျင့်ဝတ်၊ အလုပ်ရှင်ကျင့်ဝတ်၊ အလုပ်သမားကျင့်ဝတ် စသည်ဖြင့် ဆိုင်ရာ ကျင့်ဝတ်တာဝန်များကို ထမ်းဆောင်ကြသည်။ ဂရုဓမ္မသီလခေါ် အလေးအမြတ်ထားအပ်သော ငါးပါးသီလကို အလေးထား စောင့်ရှောက်ပြီး လောကပါလတရားဆိုသော အရှက်အကြောက် တရားကို အထူးထိန်းသိမ်းခဲ့ကြ၍ မြန်မာတို့သည် အကျင့်စာရိတ္တ ကောင်းမွန်ခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ မေတ္တာတရားထားခြင်း၊ စေတနာသဒ္ဓါတရားကောင်းခြင်း ဟူသောဂုဏ်အပေါင်းဖြင့် ပြည့်စုံကြသည်ဟု ကမ္ဘာ၌ထင်ရှားခဲ့ပါသည်။ (၁၁၈၁) (၁၈၂၄)

ပထမမြန်မာအင်္ဂလိပ်စစ်ပွဲအပြီးတွင် မြန်မာတို့စစ်ရှုံး၍ ရခိုင်နှင့် တနင်္သာရီနယ်များကို အင်္ဂလိပ်သို့ပေးလိုက်ရသည်၊ ထိုအချိန်မှစ၍ ခရစ်ယာန်သာသနာပြုဂိုဏ်းအမျိုးမျိုးတို့သည် မြန်မာပြည်မနှင့် အင်္ဂလိပ်လက်အောက်ရောက်ပြည်နယ်များတွင် ခရစ်ယာန်သာသနာပြုလုပ်ငန်းကို နည်းမျိုးစုံဖြင့် စတင်လှုပ်ရှားသာသနာပြုခဲ့သည်။

(၁၂၁၄) (၁၈၅၇) ခု ဒုတိယ အင်္ဂလိပ်–မြန်မာ စစ်ပွဲအပြီးတွင် အောက်မြန်မာပြည်တစ်ခုလုံးကို အင်္ဂလိပ်တို့သိမ်းပိုက်မိကြသောအခါ ခရစ်ယာန်သာသနာပြုများသည် အောက်မြန်မာနိုင်ငံတွင် ပညာရေး၊ လူမှုရေးလုပ်ငန်းတို့ဖြင့် သာသနာပြုလုပ်ငန်းကိုစတင်ဆောင်ရွက်လာခဲ့သည်။

အိန္ဒိယတွင်ရှိသောအင်္ဂလိပ်ဘုရင်ခံနှင့် ပညာရေးအရာရှိမက်ကောလေစသောပုဂ္ဂိုလ်များက မြန်မာပြည်၌ဘုန်းကြီးကျောင်းပညာရေးကလွှမ်းမိုးထားသည်၊ ထိုပညာရေးကို ဖျက်ဆီးနိုင်မှမိမိတို့၏ ကိုလိုနီအုပ်ချုပ်ရေး တည်တံ့ကြာရှည်အုပ်ချုပ်နိုင်မည်ဟုဆုံးဖြတ်ကြကာ ခရစ်ယာန်သာသနာပြုကျောင်းများကို အထူးအားပေးခဲ့ကြပြီး ထိုကျောင်းများမှထွက်သောသူတို့ကိုသာ အလုပ်အကိုင်တာဝန်ပေးခဲ့သည်၊ ရာထူးအာဏာအပ်နှင်းခဲ့သည်၊ ရှေးခေတ်ကလို ဘုန်းကြီးကျောင်းပညာတတ်အသုံးပြုမှုကို လုံးဝမသုံးတော့ဘဲ ဘုန်းကြီးကျောင်းပညာတတ်များကို ဥပေက္ခာပြုလုပ်ထားပြီး ရေအိုးအောက်ကကရွတ်ခွေလို တဖြည်းဖြည်းတမြည့်မြည့်ပျက်စီးသွားရန် စီမံချက်ချဆောင်ရွက်ခဲ့သည်။

၁၈၈၅-ခုနှစ် မြန်မာပြည်တစ်ပြည်လုံးကို အုပ်စိုးသိမ်းပိုက်နိုင်သောအခါ အင်္ဂလိပ်အစိုးရသည် တစ်ဘက်ကမိမိတို့အုပ်ချုပ်ရေးအထောက်အကူရရှိရေးအတွက် ခရစ်ယံသာသနာပြုကျောင်းများကို အထူးအားပေးပြီး ဗုဒ္ဓဘာသာဘုန်းကြီးကျောင်းများ အထူးနှိမ်နင်းဥပေက္ခာပြုထားသည်။

အုပ်ချုပ်သူအနောက်နိုင်ငံသားမျက်နှာဖြူ ခရစ်ယံသာသနာပြုမျက်နှာဖြူအချင်းချင်း လိုက်လျောညီထွေပေါင်းသင်းလုပ်ကြံမှုကြီးထွားလာရာ၌ ပညာရေးနယ်ပယ်ပေါင်းစည်းမှု၊ အုပ်ချုပ်သူတို့ဘုရင်ခံကအစ ခရစ်ယံဘာသာကို ငွေအားလူအား အလုံးအရင်းဖြင့် ကူညီထောက်ပံ့မှုတို့ကြောင့် ခရစ်ယံသာသနာပြုကျောင်းများ လျင်မြန်စွာ ကျယ်ပြန့်ဖွင့်လှစ်နိုင်ခဲ့ကြသည်၊ သို့အတွက် မြန်မာတစ်နိုင်ငံလုံးတွင် ဘုန်းတော်ကြီးပညာရေးသင်ကျောင်းသည် တစ်စတစ်စ ဆုတ်ယုတ်လာခဲ့ရာ ယနေ့ခေတ်အထိ နာလံမထူနိုင်အောင်ရှိနေခဲ့ရသည်။

ထိုကဲ့သို့ ဘုန်းတော်ကြီးပညာရေးကျောင်းများ ဖျက်ဆီးခံရမှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက် ပညာရေးမင်းကြီးဦးကောင်းက သုတဂျာနယ်တွင် စာတမ်းတစ်စောင်တင်ခဲ့ရာ၌-

'ဤသာသနာပြုကျောင်းအမျိုးမျိုးသည် သင်ကြားမှုအမျိုးမျိုးဖြင့် အခိုင်အမာအခြေစိုက်ထားနေကြပြီးဖြစ်ရာ ဗုဒ္ဓဘာသာဝင်အများဆုံးဖြစ်သော မြန်မာလူဦးရေထံမှ ကောက်ခံရရှိလာ

သော ပြည်သူပိုင်ဘဏ္ဍာငွေအများအပြားဖြင့် ခရစ်ယာန်သာသနာ ပြုရန်ဟု အတိအလင်းသတ်မှတ်ရည်ရွယ်ဆောင်ရွက်နေကြသော ပညာရေးကျောင်းများကိုထောက်ပံ့နေမှုများကို မကြာမီတွင် ပြန်လည်စဉ်းစားသင့်ကြရန် အချိန်တန်ပေပြီ' ဟုအလေးအနက်မှတ်ချက်ပြုထားခဲ့သည်။

ခရစ်ယာန်သာသနာပြုများသည် တစ်ဘက်က သာသနာပြု လုပ်ငန်းလုပ်နေသော်လည်း တစ်ဘက်က နယ်ချဲ့တို့အတွက် ထောက်လှမ်းရေးလုပ်ငန်း၊ တိုင်းရင်းသားများအချင်းချင်းသွေးကွဲ စေမှုလုပ်ငန်းများကိုလည်း စနစ်တကျဆောင်ရွက်ခဲ့ကြသည်၊ ထိုသို့ ဆောင်ရွက်မှုများကြောင့် ရှေးအစဉ်အလာမင်းအဆက်ဆက် လက်ထက်ကတည်းက အေးအတူ ပူအမျှမေတ္တာဓာတ်နှင့်နေခဲ့ ကြသော တိုင်းရင်းသားတို့သည် လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် ခရစ်ယာန်သာသနာပြုတို့ မြှောက်ပင့်ပေးမှုကြောင့် ကရင်နှင့်မြန်မာ သွေးကွဲ၍ ဘာသာရေးနောက်ခံပြီး လူမျိုးရေးကွဲကာ ကရင်– မြန်မာ စစ်ပွဲများ၊ ကချင်–မြန်မာစစ်ပွဲများ၊ ကရင်နီ(ကယား)–မြန်မာစစ်ပွဲများ ယနေ့ခေတ်ကာလအထိ မဆုံးနိုင်အောင် ဆင်နွှဲတိုက်ခိုက်နေရဆဲ ဖြစ်သည်။

ခရစ်ယာန်သာသနာပြုနှင့်အုပ်ချုပ်သူကိုလိုနီတို့၏ စိတ်တူ ပေါင်းစည်းလုပ်ကြံမှုကြောင့် မြန်မာနိုင်ငံဝယ်ဗုဒ္ဓဘာသာဝင်တို့၏ နစ်နာဆုံးရှုံးရမှုများမှာ –

၁။ မြန်မာဘုန်းတော်ကြီးကျောင်းများသို့ မြန်မာလူငယ်များ ပညာသင်ရန် မသွားရောက်တော့၍ ဘုန်းကြီးကျောင်း ပညာရေးစနစ် ဖျက်ဆီးခံရခြင်း

၂။ ဘုန်းကြီးကျောင်းတွင် ကျောင်းသားမရှိတော့၍ရှင်သာမဏေ မရှိတော့ခြင်း၊ ရှင်သာမဏေမရှိတော့၍ သာသနာ့အမွေခံ ရှင်ရဟန်းပေါ်ထွက်မှု ဆုတ်ယုတ်လာရခြင်း

၃။ အနောက်တိုင်းဘာသာယဉ်ကျေးမှုများကို အရှိန်အဟုန်ဖြင့် သွတ်သွင်းဆောင်ရွက်လာခဲ့သဖြင့် မြန်မာတို့အနောက် တိုင်းယဉ်ကျေးမှုကိုအထင်ကြီးပြီး မိမိတို့၏အမျိုးသား ယဉ်ကျေးမှုကို အထင်သေးလာကြကာ မြန်မာယဉ်ကျေးမှု များ ဖျက်ဆီးခံရခြင်း စသောဆိုးကျိုးများကို မြန်မာတို့ နင့်နင့်သီးသီး ရရှိခံစားခဲ့ရသည်။

ဤသည်မှာတစ်ဘက်ကကြည့်လျှင် မြန်မာအမျိုးသားများနှင့် အမျိုးသားခေါင်းဆောင်ဖြစ်သော ရဟန်းသံဃာတို့ ခေတ်အမြင် ခေတ်အတွေးအားနည်းမှုကြောင့် အမျိုးသားပညာရေးကို ပင်းယ ခေတ်ကဲ့သို့ခေတ်နှင့်အညီ လိုက်လျောညီထွေမကျင့်သုံးခဲ့ကြသော ကြောင့် ဤမျှဆိုးဝါးစွာ ခံစားသွားရခြင်းဖြစ်ပါသည်။

ထိုခေတ်တွင် အချို့အမျိုးသားခေါင်းဆောင်၊ ဘာသာရေး ခေါင်းဆောင်ရဟန်းသံဃာတော်များက ပညာရေးကိုခေတ်နှင့် အညီ ပြုပြင်ဆောင်ရွက်ရန် အမျိုးသားပညာရေးကို ကြိုးပမ်းခဲ့ကြ သော်လည်း အုပ်ချုပ်သူ နယ်ချဲ့အစိုးရနှင့် ခရစ်ယာန်သာသနာပြု

တို့၏အရှိန်အဝါကို မလွှမ်းမိုးနိုင်၍ မအောင်မြင်ခဲ့ကြရပေ။

ပင်းယခေတ်မှ ကုန်းဘောင်ခေတ်အထိ ဗုဒ္ဓဘာသာမြန်မာတို့၏ ပညာရေးနှင့်ယဉ်ကျေးမှုအဓိကပန်းတိုင်သည်–

–အနန္တငါးဖြာကို ဦးထိပ်ထားတတ်ရန်

–ကိုယ်နှုတ်နှလုံး စောင့်စည်းတတ်ရန်

–စာရိတ္တကောင်းမွန်စေရန်

–ခေတ်ပေါ်လောကီပညာရေးများ တတ်ကျွမ်းပြီး အမျိုးဘာသာသာသနာကို ကာကွယ်တည်ထောင်ရန် ရည်သန်ကြသည်ကိုတွေ့ရပါသည်။

၁၈၈၅–သီပေါမင်းလက်ထက် မြန်မာတစ်နိုင်ငံလုံး သူ့ကျွန်လက်အောက်သို့ရောက်သွားသောအခါ နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးအားလုံးသည် ကိုလိုနီနယ်ချဲ့တို့၏ လက်ဝါးကြီးအုပ်ချုပ်မှုအောက်သို့ ရောက်ရှိသွားခဲ့ရသည်။

ထိုအချိန်တွင် နယ်ချဲ့ကိုလိုနီတို့သည် မိမိတို့အကျိုးစီးပွားအတွက် မြန်မာနိုင်ငံကို ရေရှည်အုပ်ချုပ်သွားနိုင်ရေးအတွက် အင်အားထုထည်ကြီးမားစွာနှင့်ရှိနေသော ဘုန်းတော်ကြီးသင်ပညာရေးနှင့်အမျိုးသားယဉ်ကျေးမှုကို တစ်စတစ်စ ဖျက်ဆီးရန် စီမံချက်ချဆောင်ရွက်ခဲ့ကြသည်။

ပထမမြန်မာနိုင်ငံ၏ဘုရင်ခံ ဆာအာသာဖယ်ဟာက မြန်မာနိုင်ငံ၏ဘုန်းကြီးကျောင်းများ၏ ကျယ်ဝန်းမှုအခြေအနေနှင့်စာတတ်မြောက်မှုပေါ်များမှုအခြေအနေကို သုံးသပ်ပြီး ဘုန်းကြီး

ကျောင်းများကိုအထောက်အပံ့ပေးပြီး အသိအမှတ်ပြုရန် စီမံခဲ့သည်။သို့သော် အိန္ဒိယအစိုးရ၏ဥပဒေတာဝန်ခံ လော့(ဒ်)မက်ကောလေးက အခြေခံပညာရေးမူ(၃)ချက်ကို ချမှတ်ပေးပြီး ဘုန်းတော်ကြီးသင်ပညာရေးယဉ်ကျေးမှုကို စတင်ဖျက်ဆီးရန် စီမံခဲ့သည်။

သူ၏အခြေခံမူဝါဒ(၃)ချက်မှာ–

၁။ အရှေ့တိုင်းပညာလေ့လာမှုအစား အင်္ဂလိပ်ဘာသာစာပေကိုလေ့လာဖို့ အားပေးရန်

၂။ အင်္ဂလိပ်ဘာသာကို သင်ကြားမှုမဏ္ဍိုင်အဖြစ်ထားရှိရန်

၃။ အသားအရောင်အားဖြင့်ညိုသော်လည်း အင်္ဂလိပ်ဘာသာတတ်ကျွမ်း၍ အင်္ဂလိပ်လိုတွေးခေါ်ကာ အင်္ဂလိပ်စိတ်ပေါက်နေသော လူတန်းစားတစ်ရပ်မွေးထုတ်ပြီးနောက် ယင်းတို့ကို တိုင်းရင်းသားလူမျိုးများနှင့်အုပ်ချုပ်မှုအကြားတွင် ပေါင်းကူးတံတားသဖွယ်ဆောင်ရွက်စေရန် မက်ကောလောင်းပညာရေးမူဝါဒသည် မြန်မာနိုင်ငံကိုလိုနီပညာရေးနှင့် ယဉ်ကျေးမှုအတွက်သော့ချက်ဖြစ်လာခဲ့သည်။

တစ်ဖန် ချားစဝုဒ်၏ စာချွန်တော်ဟုဆိုသော ပညာရေးစီမံကိန်းကို အရှေ့အိန္ဒိယကုမ္ပဏီက ထပ်မံကြေငြာလိုက်သောအခါ ထိုစဉ်ကမြန်မာပြည်သည် အိန္ဒိယပြည်၏နယ်ပယ်တစ်စိတ်တစ်ဒေသအဖြစ် တည်ရှိနေသောကြောင့် ထိုမက်ကောလေးပညာရေးစီမံကိန်းနှင့် ချားစဝုဒ်၏စာချွန်အမိန့်စာသည် မြန်မာ

ပြည်တွင် အကျုံးဝင်သွားပြီး ထိုပညာရေးကို အကောင်အထည်ဖော်ခဲ့သဖြင့် မြန်မာတို့၏ဘုန်းတော်ကြီးသင်ပညာရေးသည် အခြေမလှ၊ အနေမလှဖြစ်သွားခဲ့ရတော့သည်။

တစ်ဖန် မြန်မာနိုင်ငံတွင် လယ်မြေရိုင်းများ သယံဇာတပစ္စည်းများပေါများသဖြင့် နယ်ချဲ့ကိုလိုနီတို့ကိုခေါ်ယူ၍ အားပေးအားမြှောက်ပြုခေါ်သွင်းလာခဲ့သော လူမျိုးခြား၊ ဘာသာခြားတို့သည် အတားအဆီးမရှိ ဝင်ရောက်လာကြသည့်အပြင် အရှင်သခင်နယ်ချဲ့အားကိုးဖြင့် ရွှေကိုယူသည်၊ ငွေကိုယူသည်၊ ပြီးတော့ လူကိုပါယူသည်ဟူသောစကားအတိုင်း စီးပွားရေးသာမက လူမှုရေးယဉ်ကျေးမှု၊ ဘာသာရေးယဉ်ကျေးမှုတို့ကိုပါ ဝင်ရောက်စွက်ဖက်ဖျက်ဆီးခဲ့ကြသဖြင့် မြန်မာပညာရေးနှင့်မြန်မာယဉ်ကျေးမှုတို့သည် ရေအိုးအောက်က ကရွတ်ခွေတစ်စတစ်စ ဆွေးမြည့်ပျက်စီးရသလို ဆွေးမြည့်ပျက်စီးခဲ့ရပါသည်။

နောင်တစ်ချိန်တွင် မြန်မာတို့သည် အမျိုးဘာသာသာသနာယဉ်ကျေးမှုအပေါ်မူတည်၍ အမျိုးသားစည်းလုံးရေးကိုတည်ဆောက်ရန် Y.M.B.A စသောအသင်းများကို တည်ထောင်ကြပြီး အမျိုးဘာသာသာသနာနှင့် အမျိုးသားယဉ်ကျေးမှုပြန်လည်ထိန်းသိမ်းရေးကို ကြိုးစားခဲ့သည်။ ထိုသို့ကြိုးစားရင်း အမျိုးဘာသာသာသနာစည်းရုံးမှုအောက်ဝယ် အမျိုးသားလွတ်လပ်ရေးကိုတိုက်ပွဲဝင်ခဲ့ကြသည်။

ထိုသို့ အမျိုးဘာသာ၊ သာသနာစည်းရုံးမှုအောက်ဝယ် မြန်မာနိုင်ငံသည် ၁၉၄၈ခုနှစ်တွင် ကိုလိုနီနယ်ချဲ့လက်အောက်မှ လွတ်လပ်ရေးရခဲ့သည်၊ မြန်မာတို့လွတ်လပ်ရေးရခဲ့သော်လည်း သမိုင်းအမွေဆိုးက ပယ်ဖျက်၍မရတော့ပါ၊ အမာရွတ်သဖွယ် ကျန်ရစ်ခဲ့သည်။

ဘုန်းကြီးကျောင်းပညာရေးဖျက်ဆီးခံရမှုကို ဗုဒ္ဓဘာသာ ခေါင်းဆောင်မြို့ရွာထိပ်ရှိ ရဟန်းသံဃာတို့သည် ခေတ်နှင့်အညီ လိုက်၍ မပြုပြင်နိုင်ကြဘဲ ခေါင်းငုံ့ခံခဲ့ကြသည်၊ ထိုခေါင်းငုံ့ခံမှုနှင့်ခေတ်စနစ်နှင့်အညီ လိုက်လျောညီထွေပြုပြင်ပြောင်းလဲမှုကို မကျင့်သုံးနိုင်ခဲ့ကြသဖြင့် မြန်မာဘုန်းကြီးကျောင်းပညာရေးနှင့် ယဉ်ကျေးမှုတို့သည် လွတ်လပ်ရေးနောက်ပိုင်းကာလမှသည် ယနေ့ အထိကျဆုံး ဆုံးရှုံးနေရဆဲရှိနေပါသည်။

လွတ်လပ်ရေးရပြီးနောက် အစိုးရမင်းအဆက်ဆက်တို့က တစ်နိုင်ငံလုံးစာတတ်မြောက်ရေးနေ့တွင် အရေးပါလှသော ကျေးလက်ဘုန်းကြီးကျောင်းများ၏ ပညာသင်ကြားရေးကို လူထုပညာရေးစနစ်အသွင်ပြောင်းပြီး ဆက်စပ်ပေးခဲ့သော်လည်း ဘုန်းကြီးများက ရှေးရိုးစွဲအမြင်သာရှိပြီး ခေတ်အမြင်မရှိသဖြင့် မျှော်မှန်းသလောက် မအောင်မြင်ခဲ့ပါ၊ တော်လှန်ရေးအစိုးရလက်ထက်နှင့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအစိုးရလက်ထက်တို့၌ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ သီးသန့်ဖွင့်လှစ်အားပေးခဲ့သော်လည်း ဘုန်းကြီးများဘက်မှ လိုက်လိုက်

လှဲ့လှဲ့အားပေးမှု ကြိုးစားဆောင်ရွက်မှုများမရှိခဲ့သဖြင့် တိုင်းပြည်တစ်ခုလုံးနှင့်နှိုင်းယှဉ်သော် အောင်မြင်မှုအားနည်းသည်ဟု ဆိုရပါမည်။

ယနေ့သာသနာပြုအမည်ခံဆောင်ရွက်နေကြသော အဖွဲ့အစည်းများနှင့် သံဃာတော်အချို့သည် အမြစ်ရင်းကိုရေမလောင်းကြဘဲ အကိုင်းအခက်ကိုသာ ရေလောင်းပေးနေသကဲ့သို့ရှိပါသည်၊ အခြေခံကလေးသူငယ်များကို အမျိုးသားယဉ်ကျေးမှုနှင့်စာရိတ္တပညာပေးနိုင်သော ဘုန်းတော်ကြီးသင်ပညာရေးကျောင်းဖွင့်မှုကို မလုပ်ပေးနိုင်ကြသဖြင့် ဘုန်းတော်ကြီးကျောင်းတွင်ကျောင်းသားလူငယ်မရှိတော့ပါ၊ ကျောင်းသားလူငယ်မရှိက ကိုရင်ဦးပဥ္စင်းပေါ်ထွက်လာတော့မည်မဟုတ်ပါ၊ ထိုကိုရင်ဦးပဥ္စင်းမရှိကပရိယတ္တိပညာသင်ကြားမှုလည်း ရှိတော့မည်မဟုတ်ပါ၊ ထိုသို့မရှိက ပရိယတ္တိပညာရေးအပေါ်တွင် အခြေခံပေါ်ထွန်းလာခဲ့သော မြန်မာတို့၏အမျိုးဘာသာ၊ သာသနာယဉ်ကျေးမှုများသည်ဤနိုင်ငံ၊ဤမြေပေါ်တွင် အိန္ဒိယမှာ ဗုဒ္ဓဘာသာယဉ်ကျေးမှုကွယ်ပျောက်သကဲ့သို့ ပျောက်ကွယ်သွားနိုင်ပါသည်။

## (၄) မူစလင်ဘာသာရောက်ရှိပျံ့နှံ့လာခြင်း

အာရပ်နိုင်ငံများတွင် အစ္စလာမ်ဘာသာမထွန်းကားမီကကိုးကွယ်မှုဘာသာအမျိုးမျိုးရှိခဲ့သည်၊အချို့ကသဘာဝမှုဖြစ်

သောသစ်ပင်၊တော၊တောင်၊ရေမိုးကြိုး၊ကောင်းကင်၊နေ၊လတို့ကို ကိုးကွယ်ခဲ့ကြသည်၊ အချို့က နတ်ရုပ်ဆင်းတုအမျိုးမျိုးတို့ကို ကိုးကွယ်နေခဲ့ကြသည်။

အာရေဗျကျွန်းဆွယ်ရှိ အာရပ်လူမျိုးများသည် ဆီမိတစ် အနွယ်များဖြစ်ကြသည်၊ ယင်းတို့ကို ဘေဒိုအင်းလူမျိုးဟူ၍လည်း ခေါ်သည်၊ ယင်းတို့သည် မက္ကာမြို့ရှိ ကျောက်တုံးနက်ကိုသာ ကိုးကွယ်ခဲ့ကြသည်။

တစ်ချိန်က မက္ကာမြို့ကအာဗာ (Raaba) ကျောင်းကြီး၌ ကူရာရှိ (Kurashi) အနွယ်များအုပ်စိုး၍ ဘုရားဖူးများအား အခွန်ဘဏ္ဍာစည်းကြပ်ကောက်ခံပြီး စီးပွားထူထောင်နေကြသည်။

ထိုမြို့သည် အေဒီ(၆)ရာစုကတည်းက ကုန်သွယ်ရေး လမ်းကြောင်းဗဟို၍တည်ရှိ၍ စီးပွားရေးအချက်အချာကျသော ဒေသဖြစ်သည်၊ ကအာဗာကျောင်းတော်နှင့် အစ္စမေးရေကြည် တော်တွင်း၌ လူစည်ကားနေသည်ကို တွေ့မြင်ရာ စီးပွားရေး လာဘ်မြင်သူများက ဆီရီးယားနိုင်ငံမှ ရုပ်ထုအမျိုးမျိုးကိုးကွယ် မှုကိုအတုယူ၍ ရုပ်ထုများသယ်ယူရောင်းချကာ စီးပွားရေးအမြတ် ထုတ်ခဲ့ကြသဖြင့် မက္ကာသည်စီးပွားရေးမြို့သဖွယ်ဖြစ်လာခဲ့သည်။

တမန်တော်မိုဟာမတ်သည် အေဒီ ၅၇၀ ဧပြီလ၊တနင်္လာ နေ့တွင်ဖွားမြင်ခဲ့သည်၊ မိဘမဲ့ကလေးတစ်ဦးဖြစ်သည်၊ လူငယ် ဘဝ၌ ဆွေမျိုးများ၏ဆိတ်နှင့်ကုလားအုပ်များကို ထိန်းကျောင်း ခဲ့ရသည်။

ထို့နောက် ယီမင်နှင့်ဆီရီးယားသို့ ကူးသန်းရောင်းဝယ်ရန် ဝန်တင်ကုလားအုပ်အဖွဲ့၌ ကုလားအုပ်မောင်းသူအဖြစ် အသက်မွေးခဲ့သည်။ ထို့နောက် ခဒိချာအမည်ရှိသောချမ်းသာသောမုဆိုးမတစ်ဦးထံ အခစားအလုပ်သမားအဖြစ် ဝင်လုပ်ခဲ့သည်။ နောက်ခဒိဂျာနှင့် လက်ထပ်ခဲ့သည်။

မိုဟာမက်သည် (၁၅)နှစ်တိုင်တိုင် စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ခဲ့သည်၊ ထို့နောက် သဲကန္တာရ၌တရားသွား၍ အားထုတ်ခဲ့သည်၊ မက္ကာမြို့အနီးရှိ ဟီရာ (MT Hira) တောင်ကုန်းရှိလှူများသို့ သွားရောက်၍ ဂူတွင်းအောင်းဥပုသ်ဆောင်ဝင်ပြီး တရားကျင့်ခဲ့သည်၊ ထိုသို့ကျင့်၍ မိမိသိရှိလာသောတရားများကို မိမိ၏မယားနှင့်မိတ်ဆွေများကို ဟောပြောပြသည်။

တစ်နေ့တွင် မိုဟာမက်ထံသို့ အလ္လာအရှင်၏တမန်တော် အေဘရိယန်ရောက်လာပြီး ဘုရားသခင်၏ဆန္ဒကိုလာရောက်ပြောပြသည်ဟုဆိုသည်၊ ထိုပြောပြချက်များကို မိမိ၏ဇနီးအားပြောပြသည်။

ဤနည်းအားဖြင့် မိုဟာမက်သည် အစ္စလာမ်ဘာသာ၏တရားများကိုဖြန့်ဝေပေးခဲ့ရာ ပတ်ဝန်းကျင်၌အခြားဘာသာများ၏ဆန့်ကျင်တိုက်ခိုက်မှုကိုခံရသည်။

ခရစ်နှစ် ၆၂၂–ခုတွင် မိုဟာမက်သည် မက္ကာမြို့မှ မဒီနာမြို့သို့ထွက်ခွာသွားခဲ့သည်၊ (ဤနှစ်မှာပင် အစ္စလာမ်ဘာသာသက္ကရာဇ်စတင်သတ်မှတ်ခဲ့ကြသည်)

ခရစ်နှစ် ၆၃၀-ခုတွင် မက္ကာမြို့ကို မိုဟာမက်ဦးဆောင်သော အစ္စလာမ်ဘာသာဝင်တပ်များက တိုက်ခိုက်သိမ်းပိုက်ကြသည် (၆၃၂-ခုတွင် မိုဟာမက်ကွယ်လွန်ခဲ့သည်)

မိုဟာမက် (အလ္လာဘုရား)သည်ကား နောက်ဆုံးပေါ်ခဲ့သောဘုရားသခင်ဖြစ်သည်၊ ကိုရာအန်ကျမ်းစာပါအကြောင်းအရာများသည် အခြေခံအားဖြင့် ဂျူးနှင့်ခရစ်ယံဘာသာ၏ဘုရားတရားများနှင့်တူညီနေသည်၊ အေဗရာဟင်မှအစ ယေရှုခရစ်အထိ တမန်တော်များကို အလ္လာဘုရားသခင်က စေလွှတ်သောတမန်တော်များအဖြစ် လက်ခံထားသည်။

မိုဟာမက်က တစ်ဆူတည်းသောဘုရားသာရှိသည်၊ ထိုဘုရားသည် အလ္လာ(Allah) ဟူသော ကောင်းကင်ဘုံမှ ဘုရားဖြစ်သည်၊ ယင်းသည် လူတို့ကိုဖန်ဆင်းသူ၊ လူသားတို့ကို တရားစီရင်သူ၊ တန်ခိုးရှင်ဖြစ်သည်၊ ဆင်းတုရုပ်တုကိုးကွယ်ခြင်းသည် မှားယွင်းသည်၊ သေလွန်ပြီးနောက် ဘုရားသခင်၏အဆုံးအဖြတ်အတိုင်းကောင်းကျိုးနှင့်မကောင်းကျိုးအရ ကောင်းကင်ဘုံနှင့်ငရဲဘုံကျရောက်စံစားရမည်၊ ခံစားရမည်ဟု ဟောပြောသည်၊ ထိုဟောပြောချက်များကို ကိုရ်အန်ကျမ်းဟုခေါ်ခဲ့ကြသည်။

ထိုကိုရ်အန်ကျမ်းသည် ခရစ်ယံဓမ္မသန် သမ္မာကျမ်းစာလောက်ရှည်လျားပြီး စူရာဟ်ခေါ်အခန်းပေါင်း (၁၁၄)ခန်းခွဲထားသည်၊ ထိုကိုရ်အန်ကျမ်းတွင် ရာဇဝင်များ၊ ဒဏ္ဍာရီများ၊ ဗျာဒိတ်များ၊ ပညတ်ချက်များနှင့် ဥပဒေသများပါဝင်သည်။

အခြေခံယုံကြည်မှုနှင့်ပတ်သက်၍ မိုဟာမက်၏သင်ကြားချက်များသည် ရဟူဒီခရစ်ယံဘာသာအတိုင်းပင်ဖြစ်ပါသည်။

မိုဟာမက်ကွယ်လွန်ပြီးနောက် မူစလင်ဘာသာဝင်များ ပိုမိုအားတောင့်တင်းလာခဲ့သည်၊ ရောမအင်ပါယာနစ်ခြမ်းကွဲသွားချိန်တွင် မွတ်စလင်အာရပ်တို့သည် ပါလက်စတိုင်း၊ ဆီရီးယား၊ဘေဘိလုံနီးယား၊ အီဂျစ်၊ အီရန်၊ အီရတ်၊ ဆိုင်ရင်နေကား၊ ကျူးနစ်၊ အာမေနီးယား၊ ဂျော်ဂျီးယား၊ တာကစ္စတန်၊ တာရင့်(ဖ်)၊ အာဖဂန်နစ္စတန်၊ အိန္ဒိယပန်ဂျပ်၊ ပါကစ္စတန်နှင့် မလေးရှား၊ အင်ဒိုနီးရှားစသောနိုင်ငံများသို့ နယ်ချဲ့စစ်ပွဲနှင့် နည်းအမျိုးမျိုးထိုးကာ သိမ်းသွင်းခဲ့ကြသည်။

ဤသို့ဖြင့် မူစလင်ဘာသာကမ္ဘာနိုင်ငံအတော်များများ ပျံ့နှံ့ခဲ့သည်။

အစ္စလာမ်ဆိုသောစကားသည် ငြိမ်းချမ်းသာယာမှု ဟုဆိုကြပါသည်။

## (၃) မြန်မာနိုင်ငံအတွင်းသို့ မူစလင်ဘာသာဝင် ရောက်ရှိပျံ့နှံ့လာခြင်း

မြန်မာနိုင်ငံအတွင်းသို့ အစ္စလာမ်ဘာသာဝင်များသည် စစ်မှုထမ်းအဖြစ်နှင့်ရောက်ရှိလာသည်ဟု ဆိုရပါမည်။

ဦးစွာပထမအရှေ့ဘင်္ဂလားမှ ရခိုင်သို့ရောက်ရှိလာသည်၊ ထိုမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ ပျံ့နှံ့လာခဲ့သည်။

အေဒီ ၁၁ ရာစုနှစ်တွင် အနော်ရထာမင်းကြီးထံ၌ ဗျတ္တနှင့် သားတော်ရွှေဖျင်းကြီး ရွှေဖျင်းငယ်တို့သည် မွတ်စလင်ဘာသာဝင် များဟု ယုံကြည်ယူဆထားကြသည်။

မူစလင်သေနတ်ကိုင်အမှုထမ်းများသည် အေဒီ (၁၄)ရာစု နှစ်တွင် ရခိုင်မင်းများနှင့်မြန်မာမင်းများထံတွင် အမှုထမ်းခဲ့ကြ သည်။

ကျန်စစ်သားမင်းလက်ထက်တွင် ပဋိက္ခရာမင်းသားနှင့် မင်းသမီးရွှေအိမ်သည်တို့ ရည်ငံရာတွင် ကျန်စစ်မင်းကြီးက အမျိုးပျက်လေစွတကား ဟုမိန့်ကြားပြီး သမီးတော်ရွှေအိမ်သည်ကို မွန်မင်းသားနှင့်လက်ထပ်ပေးခဲ့သည်။

တောင်ငူခေတ်၊ ဟံသာဝတီဘုရင်နောင်မင်းလက်ထက်တွင် မူစလင်စစ်သားများနှင့် မူစလင်ဘာသာဝင်များရှိခဲ့၍ ထိုမူစလင် များ၏ ဘက္ကရိအစ်နေ့၌ သားသတ်ပူဇော်ခြင်းကို ဘုရင်နောင် မင်းတရားက တားမြစ်ပိတ်ပင်ခဲ့သည်။

ညောင်ရမ်းခေတ်အနောက်ဘက်လွန်မင်းလက်ထက် တွင် ဒီဘရစ်တိုကို ကူညီရန်ရောက်ရှိလာသော ပေါ်တူဂီစစ်သားများနှင့် မူစလင်သင်္ဘောသားအမှုထမ်းများကို ဖမ်းဆီးမိပြီး အထက် မြန်မာနိုင်ငံတွင် နေရာချထားပေးသည်။

စနေမင်းလက်ထက်တွင် မူစလင်စစ်မှုထမ်း (၃၇၀၀)ကို မြေနုအရပ်တွင် နေရာချထားပေးခဲ့ပြီး တပ်ခွဲလေးခုဖွဲ့စည်းပေး ထားပြီး ကုလားမျိုးသေနတ်စုဟုခေါ်ခဲ့သည်။

ကုန်းဘောင်ခေတ် အလောင်းမင်းတရားလက်ထက်တွင် မူစလင်အမှုထမ်းများကို ထပ်မံခန့်ထားပေးခဲ့သည်။ ဗဒုံမင်းလက်ထက်တွင် မူစလင်စစ်မှုထမ်းများကို မိတ္ထီလာ၊ ရမည်းသင်း၊ ပျော်ဘွယ်၊ ညောင်ရမ်း၊ မြေဒူး၊ တောင်ငူစသော ကျေးရွာ (၁၂)ရွာတွင် လယ်မြေသီးစားပေး၍ အခွန်လွတ်ငြိမ်းခွင့်ပေးသည်၊ ဘုရင်သည် ကုလားမျိုးသေနတ်တပ်ကို အထူးအားကိုး အားထားပြုခဲ့သည်၊ ကိုယ်ရံတော်တပ်၊ နန်းတော်စောင့်တပ်အဖြစ်လည်း ယုံကြည်စွာထားခဲ့သည်၊ သူတို့အတွက် ဝတ်ပြုရန် ဗလီဆောက်ပေးရာတွင် ဘုရင်ကိုယ်တိုင်ရွှေပန္နက်ရိုက်ပေးကြောင်း မှတ်တမ်းတွေ့ရပါသည်။

ရတနာပုံ မန္တလေးခေတ်တွင် မူစလင်ဦးရေ ပိုများလာသည်၊ မင်းတုန်းမင်းလက်ထက် အလုပ်တော်၊ အဆောင်တော် ဥပဒေတွင် ဗလီဆောက်လိုလျှင် လွှတ်တော်သို့လျှောက်ထားရန် ညွှန်ကြားခဲ့သည်၊ ဗလီ(၇၀)ခန့်ရှိလာသည်၊ မင်းတုန်းမင်းလက်ထက်တွင် သသမေဓအခွန်တော်လွတ်ငြိမ်းခွင့်ရသူစာရင်းတွင် မူစလင်ဗလီဆရာများလည်း ပါဝင်သည်ကိုတွေ့ရပါသည်။

နောက်ပိုင်းတွင် မူစလင်စစ်မှုထမ်းများသာမက မူစလင်ကုန်သည်များတိုးပွားလာသည်၊ သူတို့သည် ကျောက်မျက်ရတနာများကို နိုင်ငံခြားသို့တင်ပို့ရောင်းချလုပ်လာကြသည်၊ နိုင်ငံခြားပစ္စည်းများကို ဘုရင်ထံဝယ်ယူတင်သွင်းပေးခဲ့သည်၊ မြန်မာဘုရင်သည် နိုင်ငံခြားကုန်သွယ်ရေးတွင် မူစလင်များကို ပွဲစား၊

ရာဖြတ်အကောက်ခွန်အဖြစ် ခန့်ထားခဲ့သည်၊ ကြွယ်ဝလာသူကို ဘုရင်ကသူဌေးဘွဲ့ပေးသည်၊ အချို့ကိုမြို့ဝန်ရာထူးအထိ ခန့်ထားခဲ့သည်၊ ဥပမာ ပုဂံမင်းလက်ထက်တွင် မူစလင်ဘိုင်ဆတ်ကို မြို့ဝန်ခန့်ထားသည်။

မြန်မာဘုရင်တို့သည် သင်္ဘောများဝယ်ယူပြီး ရေကြောင်းကျွမ်းကျင်သော မူစလင်များကို ကပ္ပတိန်အဖြစ်ခန့်အပ်ခဲ့သည်၊ လက်နက်စက်ရုံတွင် ဘုရင်သည် မူစလင်ယမ်းချက်ကျွမ်းကျင်သူများကို ခန့်ခဲ့သည်။

အစောပိုင်းတွင် ကိုရ်အန်ကျမ်းစာကို မြန်မာဘာသာမပြန်ဆိုရသေး၍ အာရဗီဘာသာဖြင့် လေ့လာရသည်။

ဗဒုံမင်းလက်ထက်တွင် အစ္စလာမ်ကျမ်းစာများစုဆောင်းရန်အိန္ဒိယသို့စေလွှတ်ပေးသည်၊ အစ္စလာမ်ဘာသာ အကျဉ်းချုပ်ကျမ်းကို ဦးစွာဘာသာပြန်ဆိုစေသည်၊ ထို့နောက်ကိုရ်အန်ကျမ်းကိုမြန်မာဘာသာပြန်ဆိုစေသည်၊ ဗဒုံမင်းထံတွင် အမှုထမ်းခဲ့သောစာဆိုဦးနု၏ (၃၅)ကျမ်းတွင် အစ္စလာမ်ဘာသာတရားများပါဝင်သည်၊ ဦးနုသည် အစ္စလာမ်နှင့်ပတ်သက်သောစာအုပ်အများအပြားကိုရေးသားခဲ့သည်ဟု ဆိုသည်။

မူစလင်ဘာသာတွင် အဓိကအားဖြင့် ကိုရ်အန်ကျမ်းကြီးနှင့်တမန်တော်မိုဟာမက်၏ဩဝါဒများ၊ ဓမ္မသတ်များကိုစုစည်းထားသော ဟာဒီး(Hardis) ကျမ်းဟူ၍နှစ်စောင်ရှိလေသည်။

အစ္စလာမ်ဘာသာတွင် စွန်နီ၊ရှီအာ၊ ဟာနဖီ၊ မာလထိ စသည်ဖြင့် ဂိုဏ်းကွဲများရှိကြလေသည်၊ သို့သော်အားလုံးပင် ကိုရ်အန်ကျမ်းနှင့် ဟာဒီ(စ်) (Hardis) ကျမ်းများ၏ အဆိုအမိန့်ကို လိုက်နာကြသည်။

ဘာသာရေးရှေ့ဆောင်မှုပေးသည့် မော်လဝီမော်လာနာ ဆိုသောဗလီဆရာကြီးများရှိသည်၊ ထိုဆရာကြီးများသည် အထက်ပါကျမ်းကြီး (၂)ကျမ်းကို ကျွမ်းကျင်တတ်မြောက်ကြသည်၊ ကိုရ်အန်ကျမ်းကို အလွတ်ရအောင် ဆောင်နိုင်သူများလည်းရှိကြသည်။

မော်လဝီသင်တန်းသည် ကာလအားဖြင့်(၆)နှစ်ကြာသင်ရသည်။ မော်လဝီဆရာတို့သည် ဗလီဝတ်ပြုရာတွင် ရှေ့ဆောင်ကြရသည်၊ လူမှုရေးများကိုလည်း သွန်သင်ပြသပေးကြသည်၊ ဗလီများတွင် စာသင်ကျောင်းများဖွင့်ပေးပြီး ဘာသာရေးစာပေများကို သင်ပေးကြသည်။

အစ္စလာမ်ဘာသာဝင်များသည် လူမှုရေးကိစ္စ၊ လင်ကွာမယားကွာ၊ အမွေပြဿနာများကို ဗလီဆရာကြီး၏အဆုံးအဖြတ်အတိုင်း လိုက်နာကြသည်၊ အစ္စလာမ်ဘာသာတွင် လူမှုဝန်ထမ်းဆောင်ရွက်လုပ်ကိုင်ရမည့်ကိစ္စများကို ကျမ်းစာတွင် တိုက်ရိုက်ဖော်ပြထားသည်။

မိဘနှစ်ပါး ဆွေမျိုးသားချင်းများ၊ မိဘမဲ့များ၊ ချို့တဲ့သူများ၊ ခရီးသွားသူများကို ကူညီထောက်ပံ့ရသည်၊ ထို့ပြင် သက်ကြီး

ရှယ်အိုများ၊ ဆွံ့အသူများ၊ နားထိုင်းသူများကို စောင့်ရှောက်ကြရသည်။

အစ္စလာမ်ဘာသာဝင်တိုင်း ရွှေနီးစာမှ(၁၀၀)လျှင်(၂)ကျပ်ထည့်ဝင်လှူဒါန်းရသည်၊ ထိုငွေကို 'ဇကက်'အလှူရန်ပုံငွေဟုခေါ်သည်၊အစ္စလာမ်တိုင်းပြည်များတွင် ဇကက်နှင့်အခြားအလှူငွေများကို စနစ်တကျသုံးစွဲရန် အစိုးရက ဘိုင်တူလ်မား (Bitulmal) ခေါ် အဖွဲ့ ဖွဲ့ပေးသည်။

ဘိုင်တူလ်မာရန်ပုံငွေမှ မိဘမဲ့စောင့်ရှောက်ရေး၊ သက်ကြီးစောင့်ရှောက်ရေး၊ မုဆိုးမစောင့်ရှောက်ရေး၊ အခြားအမျိုးသမီးစောင့်ရှောက်ရေးကိစ္စများအတွက် ဆောင်ရွက်ပေးသည်။

မိဘမဲ့ကလေးများကို ပညာသင်ကြားပေးသည်၊ ထူးချွန်သူများအား ပညာသင်ကြားနိုင်ရန် ထောက်ပံ့ပေးသည်၊ မိသားစုစောင့်ရှောက်ရေးအတွက် သားစဉ်မြေးဆက်စားသောက်သွားနိုင်ရန် မိမိပိုင်ပစ္စည်းများကို ပေးလှူထားသော ဝကက် (Waqf) ဟူ၍လည်းရှိသည်။

ဝကက်သည် များသောအားဖြင့် ချမ်းသာကြွယ်ဝသူများသည် မိမိတို့သေဆုံးပြီးနောက် မိမိ၏သားစဉ်မြေးဆက် ဆင်းရဲခြင်းဘေးမှကင်းလွတ်အောင် မိမိ၏မိသားစုကောင်းစားရေးအတွက် မိမိပိုင်ပစ္စည်းကို ဒါနပြုထားခြင်းဖြစ်သည်။

ယင်းပစ္စည်းများမှ တိုးပွားလာသောငွေများကို ဤဒါနရှင်သားမြေးများကို စည်းကမ်းအတိုင်း ခွဲဝေပေးရလေသည်။ ထို

ပစ္စည်းများမှတိုးပွားလာသောငွေများကို ဒါနရှင်၏သားမြေးများကို စည်းကမ်းအတိုင်း ခွဲဝေပေးရလေသည်။ အကယ်၍ ၎င်းဒါနရှင်၏သားစဉ်မြေးဆက် ပြတ်သွားလျှင် ၎င်းပစ္စည်းများသည် အစိုးရဘဏ္ဍာတော်ဖြစ်သွားရသည်။

# အခန်း ( ၄ )

# ဘာသာတရားများအပေါ် ဆန်းစစ်ဝေဖန်သုံးသပ်မှုနှင့်နှိုင်းယှဉ်မှုများ

## (က) လောက၏အမှန်တရားသဘာဝ

လူသားတို့၏ဘာသာရေးသမိုင်းတစ်လျှောက် အတွေးအခေါ်သိပ္ပံအတတ် (Scientifical Reason) သဒ္ဓါတရားယုံကြည်မှု (Faith)သဘောတို့သည် အမြဲပဋိပက္ခဖြစ်လျက်ရှိသည်၊ ဤသည်ကား ဘာသာရေးသမိုင်း၏ မပြီးဆုံးသေးသောပန်းချီကာတစ်ချပ်ပင် ဖြစ်ပါသည်၊ ရှေ့သို့လည်း တိုးတက်ထွန်းကားလာသော ယဉ်ကျေးမှုအရ မည်သို့ဆက်လက် ဖြစ်မည်ကို မည်သူမျှအတတ်မပြောနိုင်ပါချေ။

မည်သည့်ဝါဒ မည်သည့်လမ်းစဉ်၊ ကျင့်စဉ်မဆို ယထာဘူတကျကျ တွေးတောဝေဖန်ဆန်းစစ်မှုမရှိဘဲ မျက်ကန်းတစ္ဆေမကြောက် မျက်စိမှိတ်လက်ခံယုံကြည်မှုမျိုး မပြုလုပ်မိကြရန်နှင့် အကျိုးရှိ–အကျိုးမဲ့သဘောကို ကိုယ်ပိုင်ဉာဏ်ဖြင့် ဝေဖန် ဆန်းစစ်ကာ အကျိုးရှိကိုလက်ခံကျင့်သုံးရန် အကျိုးမဲ့ကိုပယ်၍ လူသားတို့အား ဗုဒ္ဓဂေါတမလမ်းညွှန်သည့်အတိုင်း ကမ္ဘာလူသားတို့သည် မိမိတို့၏ဘာသာတရားများနှင့်ဝါဒများအပေါ် အမှန်တရားဟုတ်–မဟုတ်၊ စစ်–မစစ်၊ သဘာဝနှင့်ကိုက်–မကိုက်၊ သိပ္ပံနည်းကျ–မကျတို့ကို ဆန်းစစ်ကြရန် အချိန်တန်ကြပေပြီဖြစ်သည်။

## လောက၏အမှန်တရားသဘာဝ၏မိတ်ဆက်

လူသတ္တဝါမျိုးတို့သည် သိန်းသန်းအသင်္ချေ ကုဋေရှည်ကြာဝေးလှသော အတိတ်သမယ ခေတ်အခါကမှစ၍ မိမိတို့၏ အာသာဆန္ဒအလိုပြည့်ဝရေးအတွက် အခက်အခဲများကြား၊ ပြဿနာတွေကြားထဲမှ စွဲမြဲစွာကြံစည်၍ ထိုမှတဆင့် များလှသော ဥပါယ်အမျိုးမျိုးတို့ဖြင့် မိမိ၏အသိပညာ ရင့်သန်ထွားကြိုင်းဖွံ့ဖြိုးစေခဲ့ပါသည်။

အလွန်ရှေးကျ ရိုင်းစိုင်းလှသော(ဝါ)အသိပညာ၊ ဉာဏ်ပညာမရှိ၊ ထူပိန်လှသောအခြေအနေမှ တစ်ဆင့်ထက်တစ်ဆင့်မြင့်၍ တိုးတက်လာခဲ့ရသည်။

ကမ္ဘာဦးအစ လူသားတို့တွင် မသိမှု(အဝိဇ္ဇာ)ဟူသော တိမ်မဲ၊ တိမ်ပုပ်များ ဖုံးအုပ်လွှမ်းခြုံထားသော အမှောင်ထုထည် ထုပြောလှသော မိမိတို့၏ဦးနှောက်အတွင်းသို့ သုံးသပ်ဆင်ခြင် ခြင်းဉာဏ်တည်းဟူသော အလင်းရောင်တို့ ထိုးဖောက်ဝင်ရောက် လာခဲ့ကြသည်။

မသိမှု ထုထဲလှစွာဖုံးလွှမ်းနေခြင်းကြောင့်လည်းကောင်း၊ မှားယွင်းချွတ်ချော်မှုများကြောင့်လည်းကောင်း၊ ထိတ်လန့် ကြောက်ရွံ့မှုများကြောင့်လည်းကောင်း၊ လူသတ္တဝါတို့၏ အသိအမြင်နှင့် ဆင်ခြင်ဉာဏ်တို့သည် နှောင့်နှေးခဲ့ရသည်၊ တဖြည်းဖြည်း တရွေ့ရွေ့ ရှေ့သို့တိုးလာသောအခါကျမှသာလျှင် လူသတ္တဝါသည် လောကသဘာဝတရား၏အမှန်တရားကို စတင် တွေ့မြင်ခွင့်ရခဲ့ကြသည်။

နှစ်ပေါင်းများစွာ ကုဋေကုဋာတို့ပတ်လုံး လူသားများသည် အမှန်တည်းဟူသော အလင်းရောင်အောက်သို့ ခရီးဆိုက်ရောက် ရေးအတွက် ဖြေးဖြေးနှေးနှေး လေးလေးမှန်မှန် ယက်ကန် ယက်ကန်နှင့် ယိမ်းချည်တစ်ခါ၊ ယိုင်ချည်တစ်လှည့်၊ ကွေးချည် တစ်ပုံ၊ ကောက်ချည်တစ်မျိုး၊ အလျားထိုးတစ်လှည့်၊ တွားချည် တစ်လှည့် ဆင်းရဲများစွာဖြင့် ပင်ပန်းကြီးစွာတို့ဖြင့် ကြိုးစား အားထုတ်ခဲ့ကြရသည်။

ဤကဲ့သို့ အပတ်တကုတ်နောက်မဆုတ်ဘဲ အားထုတ် ကြိုးစားခဲ့ကြခြင်းကြောင့် လူသတ္တဝါများသည် နည်းများမဆို စဉ်းစားဆင်ခြင်ဉာဏ်ရင့်ကာ ရဲရဲရင့်ရင့် ကြံစည်စဉ်းစားစ ပြုလာခဲ့ ကြသည်။

လူသတ္တဝါတို့၏ပဓာနရည်ရွယ်ချက်သည် အမှန်ကို စူးစမ်းရှာဖွေရန်သာဖြစ်သည်၊ လောကသဘာဝနိယာမနှင့် ယနေ့ တိုးတက်နေသော သိပ္ပံပညာလေ့လာမှု၏ စမ်းသပ်ခံနိုင်ရန် အတွက်–

၁။ Freedom =လွတ်လပ်မှုရှိခြင်း

၂။ Fearlesness =ကြောက်ရွံ့မှုကင်းရခြင်း

၃။ Logic =အသင့်ယုတ္တိရှိခြင်း

ဟူသောအချက်(၃)ချက်ညီရန် လိုအပ်လှပါသည်။

မိမိတို့စူးစမ်း ရှာဖွေရရှိသော(ဝါ) အကြောင်းအကျိုး ကိုက်ညီသော(ဝါ)သုံးသပ်ဆင်ခြင်မှုမှတ်ကျောက်တင်ခံနိုင်သော အမှန်သည် မိမိတို့၏ရှေ့ဆောင်၊ မိမိတို့၏ဆရာအမှန် ဖြစ်သင့်ပါ သည်။ ယင်းသို့သောအမှန်တရားကို ယုံကြည်လိုက်နာရသူသည် လူဖြစ်ကျိုး၊ လူ့ဘဝရကျိုးနပ်သူဖြစ်သည်၊ သို့မဟုတ် ဖန်ဆင်းရှင် ကိုကြောက်၍ ထိုဖန်ဆင်းရှင်တပည့်ခေါင်းဆောင်များကို ဖန်ဆင်း ရှင်၏လမ်းညွှန်ချက်များကိုကြောက်၍ မိမိ၏ဆင်ခြင်သုံးသပ်မှုကို မပြုဝံ့သောသူသည် လူသားစစ်စစ်က ကျွန်ဖြစ်ရသူသာ ဖြစ်ပါသည်။

အမှန်တရားသည် လူသတ္တဝါတို့ကို ရဲရင့်စေ၏၊ အမှန် သည် ဖြောင့်မတ်တည်ကြည်စေပါ၏၊ အမှန်သည် အလင်း ဖြစ်သည်၊ အမှန်သည် လူသတ္တဝါတို့၏ဉာဏ်မျက်စိကို ဖွင့်ပေး တတ်ပါသည်။

အမှားသည် သူရဲဘောနည်းပါးတတ်သည်၊ အမှားသည် လိမ်လည်လှည့်ဖြားစကားကို ပြောဆိုစေပါ၏၊ အမှားသည် အမှောင်ဖြစ်၏၊ အမှားသည် လူသတ္တဝါ၏မျက်စိအမြင်ဓာတ်ကို တိမ်သလ္လာဖုံးအုပ်၍ အကန်းအတိဖြစ်စေပါ၏။

လူသတ္တဝါသည် မိမိနောက်၌ထင်လာသော(ဝါ)မိမိ၏ နား၌ကြားလာသော(ဝါ)မိမိမျက်စိ၌ဖြစ်လာသောအရာဟူသမျှကို ငုံကွက်ထောက်ထားညှာတာခြင်း၊ ကြောက်ရွံ့ထိတ်လန့်ခြင်း အလျဉ်းမရှိဘဲ(ဝါ) အာဂတိလေးပါးကို လိုက်စားခြင်းမပြုဘဲ စုံစမ်းစစ်ဆေးရပါမည်၊ အမှန်ကိုရအောင် စုံစမ်းရှာဖွေဖို့ ရည်ရွယ်ချက်တစ်ခုသာလျှင် ရှိရမည်။

အသိဉာဏ်ရှိသော လူသတ္တဝါသည် မည်သည့်ဘုရား၊ မည်သည့်တရားကိုမဆို ဉာဏ်ပညာချိန်ခွင်၌ ချိန်စက်ကြည့်ရမည်၊ မှတ်ကျောက်တင်ကြည့်ရမည်၊ ငရဲမီးနှင့် ကန့်နှင့် ပွတ်စားကြည့်ရမည်။

လူသည် ပုဂ္ဂိုလ်စွဲ၊ ဌာနစွဲ၊ ဘာသာစွဲ၊ တရားစွဲ စသည်တို့ကို အရင်းအမြစ်မှဖြတ်လှီးဖယ်ရှား၍ အကွယ်အကာ အတားအဆီးမရှိ၊ ပကတိနေရောင်ခြည်ဖြန့်၊ တောက်ပထွန်းလင်းနေသူဖြစ်ရမည်၊ အမှောင်ကင်းသောကွင်းပြင်၌ ရပ်တည်နေသူ ဖြစ်ရပါမည်။

အမှန်တရားကို ရှာဖွေသူသည် မိမိ၏ဉာဏ်မျက်စိကို အမြဲဖွင့်ထား၍ မြင်သမျှ-ကြားသမျှအရာတို့ကို ကြက်ကန်းဆန်တွေ့၊ လွေ့လွေ့ငန်းငန်း မစူးစမ်းဘဲ အရမ်းမယုံကြည်ရပါ။

ကျမ်းစာအုပ်အသီးသီး၌ပါဝင်သောကြောင့်မှန်သည်ဟု ယုံကြည်၍ ထိုကျမ်းစာအသီးသီး၌မပါခြင်း ကြောင့်မှားသည်ဟု မပယ်ဖျက်ရပါ၊ အကြောင်းအရာတစ်ခုသည် အလွန်ရှေးကျသော ခေတ်အခါမှ ဆရာအစဉ်အဆက်၊ တပည့်အစဉ်အဆက် လက်ဆင့်ကမ်းဆင်းသက်လာခဲ့သောကြောင့် မှန်သည်၊ ယခုမှပေါ်ပင်ဖြစ်သောကြောင့် မှားသည်ဟု ယုံကြည်ချက်ထား၍မရပါ၊ ပုဂ္ဂလဓိဋ္ဌာန်(ပုဂ္ဂိုလ်စွဲ)ဖြင့် မည်သူဟောပြော၍ မှန်သည် သို့မဟုတ်မှားသည် ဟုဆုံးဖြတ်ရမည်မဟုတ်ပါ၊ တန်ခိုးပြာဋိဟာနှင့်ပြည့်စုံသောသူ၏ နှုတ်ထွက်စကားဖြစ်၍ မှန်ရမည်၊ သို့မဟုတ်ပကတိလူသာမာန်ကပြောသောကြောင့် မှားသည်ဟူသောထုံးစံဓလေ့ကို မလိုက်နာရပါ၊ ဆရာသမားပြောသည်က မှန်သည်၊ တပည့်ပြောသည်က မှားသည်ဟု ယုံကြည်ရမည်မဟုတ်ပါ။

အစစ်အမှန်ကို ရှာဖွေသောသူသည် ရှေးကလူများပြောခဲ့သမျှ၊ ဟောခဲ့သမျှ အကုန်မှန်သည်ဟု လိုက်နာယုံကြည်၍ ယခုခေတ်လူများပြောသမျှ ဟောသမျှမှားသည်ဟု ငြင်းပယ်ရန်မဟုတ်ပါ၊ ပြောသောသူ၏ဂုဏ်သတင်းနှင့်နာမည်ကြီးခြင်း၊ ကျော်ဇောရှိခြင်းကိုပမာနမပြုဘဲ ကြောင်းကျိုးသာဓက ယုတ္တိရှိ-ယုတ္တိမဲ့ကိုသာ အဓိကထား၍ ဆုံးဖြတ်ကြရပါမည်။

ပြောဆိုရေးသားသူက မင်းဘဲဖြစ်ဖြစ်၊ သူတောင်းစားဘဲဖြစ်ဖြစ်၊ ရောမဘွဲ့ဒီဂရီရ ပညာတတ်ကြီး ဖြစ်ဖြစ်၊ အရေးမကြီးပမာနမကျပါ၊ အမှန်စင်စစ် ယင်းပုဂ္ဂိုလ်ပြောဆိုရေးသားချက်၌

ပါသော အကြောင်းအရာသည် ယုတ္တိရှိ-မရှိသာ အရေးကြီးပေသန ဖြစ်ပါသည်။

အမှန်တန်ဖိုးသည် စတင်ကြံစည်ရေးသားပြောဆိုသူကို အမှီပြု၍ ယုတ်လျော့မှုရှိး မရှိပါ၊ အများသည်သာလျှင် ပြင်ပ အကူအညီကို လိုပါသည်၊ အမှန်သည် အဆံဖြစ်ပြီး အများက အကာ ဖြစ်ပါသည်။

ထိုသည် အမှန်ကိုရရှိရေးအတွက် သုတေသနဘက်သို့ စိတ်ဝင်စားနေသော လူသတ္တဝါတို့သည် မနားမနေကြိုးစားပြီး သုတေသနပြုလုံးပမ်းနေကြရသည်။

တိုင်းပြည်ခေါင်းဆောင်တို့သည် လွန်ခဲ့သောအတိတ် သမိုင်းကအမှားများကို မိမိ၏လက်ရှိတိုင်းပြည်အပေါ်သို့ မကျ ရောက်စေရန် ကမ္ဘာ့ရာဇဝင်နှင့် တိုင်းရေးပြည်ရာပညာရပ်များကို နေ့မအား ညမလပ် အထပ်ထပ်လေ့လာဆည်းပူးနေရသည်။

ဘူမိဗေဒ(ပထဝီ)ဆရာသည် အမှန်ကိုရရှိရေးအတွက် ကျောက်တောင်၊ ကျောက်ဆောင်များကို ထွင်းဖောက်၍ ကြည့်ရ သည်၊ ငြိမ်းအေးပြီးသောမီးတောင်များ ပေါက်ကွဲလုလု မီးတောင် များကို သွားရောက်လေ့လာသုံးသပ်ကြရသည်၊ တိုက်ကြီး- တိုက်ငယ် ကျွန်းကြီး-ကျွန်းငယ်အသွယ်သွယ်တို့ကို လှည့်လည် ကြည့်ရှုရသည်။

ဓာတုဗေဒဆရာသည် စမ်းသပ်ကိရိယာတို့ဖြင့် အရာဝတ္ထုအထည်ဒြပ်တို့၏ အဆီအနှစ်ကို ညှစ်ထုတ်ယူရန် သုတေသနပြုရန် အမြဲကြိုးပမ်းနေရသည်။

ဆေးဆရာ စက်ဆရာတို့သည်လည်း ဆေးဝါးအမှန် စက်ယန္တရားအမှန်ကိုရရှိရန် နေ့ညမပြတ် စမ်းသပ်သုတေသနပြု အားထုတ်နေရသည်။

ဤသည်တို့မှာ အမှန်ကိုသာ အလိုရှိကြသောကြောင့် ဤမျှအဆင်းရဲခံကာ ကြိုးစားနေကြခြင်း ဖြစ်ပါသည်။

သို့သော် ထိုအမှန်များသည် အဘယ်မှာရှိပါသနည်း၊ အမှန်သည် ဤဖောက်လွဲ–ဖောက်ပြန်ဖြစ်နေသော(ဝါ)အမြဲတမ်း ပြောင်းလဲနေသော မမှန်သောအရာတို့၏အလယ်၌ တည်ရှိနေပါသည်။

အမှန်သည် မမြဲသောအရာများကို မှန်အောင်ပြုပြင် ဖန်တီးထိုက်ပါသည်၊ အမှန်သည် ဖြစ်တုံ–ပျက်တုံ၊ သွားတုံ–လာတုံ နည်းစုံကျင့်နေသောအရာတို့၏အလယ်၌ အမြဲထာဝရ တည်နေသောအရာများ ဖြစ်ကြပါသည်။

အမှန်သည် မွေးဖွားခြင်း၊ သေကြေပျက်စီးခြင်းကို လုံးဝ မသိပါ၊ အစမရှိ အဆုံးမရှိဖြစ်ပါ၏။ အမှန်သည် ကျောက်စရစ်၊ ကျောက်ခဲတို့၌သာရှိပါ၏၊ အဘယ်ကြောင့်နည်းဆိုသော ကျောက်ခဲ၊ ကျောက်စရစ်တို့သည် ထင်ရှားရှိခြင်းတို့ကြောင့် ဖြစ်ပါသည်။

ဤကမ္ဘာလောကအတွင်း၌ မည်မျှတန်ခိုးအာဏာကြီးသူ ပင်ဖြစ်စေ(ဝါ)ထာဝရဘုရား၊ ဖန်ဆင်းရှင်ပင်ဖြစ်စေ၊ မည်သူမျှ ကျောက်ခဲ၌စုပေါင်းပါဝင်ဖွဲ့စည်းထားသော ရုပ်ဓာတ်၊ ရုပ်ကလာပ် တို့ကို တစ်ခါတည်း အပြီးအပိုင်မြဲ လက်စသတ် ဖျောက်ဖျက်မပစ် နိုင်ပါချေ။

ပထဝီမြေပြင်၌ သဘာဝဓမ္မအလျောက် ပေါ်ပေါက်နေကြကုန်သောသစ်ပင်တို့၌လည်း အမှန်တရား တည်ရှိပါသည်။ သစ်ပင်သည် အစေ့၊ အညှောက်မှစ၍ တဖြေးဖြေး တစ်စတစ်စ တိုး၍တိုး၍ ရှင်သန်ထွားကြိုင်းလျှက် ကိုင်းခက်ဝေဆာခြင်းသို့ ရောက်လာရင်း အကိုင်းအခက်၊ အညွန့်အတက်၊ အလက်များ ဝေဖါးကြီးမားပြန့်ပြူးပြီး ကြည်နူးဖွယ်ရာဖြစ်လာရသည်။ အနံ့၊ အပွင့်၊ သီးကင်းအဆင့်ဆင့်စီရရီ ဖြစ်လာကြ၏ သီးကင်းသီးရင့် သီးမှည့်တွဲရရှိ သီးတွဲဖြစ်လာကြ၏။ သစ်ပင်၏အလုကျက်သရေသည် ရေး၍မကုန် ပြော၍မဆန်းဘဲ တနည်းထူးဆန်းလှသည်။ ထိုသစ်ပင်၌ အသိဉာဏ်ကားမရှိပါ။

အလားတူတိရစ္ဆာန်များ၌လည်း အမှန်တရားများရှိကြပါသည်။ သစ်ပင်တို့သည် ဟိုဟိုဒီဒီရွေ့လျားလာတတ်၏၊ မိမိထက်ဝန်းကျင်ရှိ အရာဟူသမျှတို့ကိုသိတတ်၏၊ အပူ-အအေးခွဲခြားတတ်၏၊ ရာသီဥတုသဘာဝကိုသိတတ်၏၊ ယင်း၏အသိစာတ်ကားပေါ်လာပါ၏။ သို့ရာတွင် အမှန်ကိုသိတတ်သောဉာဏ်ကား မရှိပါချေ။

ထို့ကြောင့် အမှန်တရားသည် ဤကမ္ဘာလောကကြီးအတွင်း၌ ထင်ရှားစွာရှိကြောင်း လယ်ပြင်တွင် ဆင်းသွားသကဲ့သို့ ထင်ရှားဖြစ်နေပါသည်၊ ထိုအမှန်တရားကိုသိဖို့၊ ဖော်ထုတ်ဖို့ဆိုသည်ကား လူသားတို့၏တာဝန်ဖြစ်နေပါသည်။

အမှန်တရားသည် မြင့်မြတ်၏၊ ချိုမြိန်လှ၏၊ ဆင်းရဲအပေါင်းမှကင်းလွတ်စေနိုင်၏၊ ဤကမ္ဘာလောကအတွင်း၌ အမှန်မှတစ်ပါး အခြားမရှိပါ။

ဖန်ဆင်းရှင်ဝါဒီတို့သည် အမှန်တရားရှာသူ၊ လူသတ္တဝါတို့ကို ချောက်လှန့်ခဲ့ကြသည်၊ လိမ်လည်ခဲ့ကြသည်၊ အသွေးအသားကို စုပ်ယူခဲ့ကြသည်၊ တန်ခိုးပြာဋိဟာများ မှားယွင်းချွတ်ချော် မလျော်သောအရာများ၊ မဟုတ်မမှန်သောတရားများ မဖြစ်နိုင်သောတရားများ အကြောင်းအကျိုးမညီ ယုတ္တိ ယုတ္တာမရှိသော အရာများကို ပညာရေးအနေဖြင့် မိမိတို့၏ဘာသာဝင်များကို သင်ကြားပြသပေးခဲ့ကြသည်၊ ဘာသာရေးအနေဖြင့် အောက်ကျနောက်ကျဖြစ်ရန်၊ မာနကြီးရန်၊ ချစ်ရန်–မုန်းရန်၊ ခွင့်လွှတ်သည်းခံရန်၊ လက်စားချေရန် နည်းမျိုးစုံတို့ကို သင်ကြားပေးခဲ့ကြသည်။

အမှန်တရားကို လိုချင်သောသူတို့က ကျဉ်းမြောင်းချုပ်ချယ်သော ထိုဘာသာရေးစည်းအတွင်းမှ အတင်းရုန်းကန်၍ ထွက်ခဲ့ကြသည်။

ကမ္ဘာလောကကြီးသည် လျင်မြန်သောအဟုန်ဖြင့် ပြောင်းလဲလျက်နေပါ၏။ အဟောင်းများနေရာတွင် အသစ်များက ပြောင်းလဲပေးလျက် ရှိနေပါပြီ၊ ရက်စက်ကြမ်းတမ်းပြီး ကြက်သီးဖျန်းထလောက်အောင် အသည်းနှလုံးတုန်လှုပ်ဖွယ်ရာများ များစွာပါဝင်နေသော ဖန်ဆင်းရှင်တို့၏ကျမ်းစာများနှင့် ရိုင်းစိုင်းသော အယူဝါဒများသည် တိုးတက်၍ အသိဉာဏ်ရင့်ကျက်သော လူသတ္တဝါတို့အတွက် မျိုချ၍မရနိုင်သော ဆေးခါးကြီးသဖွယ် တဖြေးဖြေးဖြစ်လာကြချေပြီ။

အမှောင်ထုဖုံးလွှမ်းနေသော ကမ္ဘာလောကကြီးအတွင်းရှိ မပြောပလောက်အောင် အရောင်တောက်၍ နေခဲ့ရသော အမှန်တရားကိုတွေ့ကြောင်း နည်းလမ်းကောင်းတို့ဖြင့် ကြောင်းကျိုးဆင်ခြင်လျက် လိုက်လံရှာဖွေရမှုလောက် ပိုမိုမြင့်မြတ်ပြီး လူသတ္တဝါ၏အသက်နှင့်လဲလှယ်၍ ပြုလုပ်အပ်သောအမှန်တရားရှာဖွေမှုလုပ်ငန်းသည် အနှိုင်းမရှိ မြတ်လှပါသည်။

အမှန်တရားသည် ဤကမ္ဘာလောကအတွင်းရှိ ရတနာအပေါင်းတို့တွင် အမြင့်ဆုံး–အမြတ်ဆုံး– အကောင်းဆုံးရတနာဖြစ်ပါသည်၊ အမှန်တရားသည် ပြောင်းလဲပျက်စီးတတ်သော ဤလောကအတွင်း၌မပြောင်းလွဲ အမြဲတည်နေသောအရာဖြစ်၏၊ အမှန်လူသတ္တဝါတို့၏ဆင်းရဲ–ချမ်းသာဖြစ်အောင် ဖန်ဆင်းနိုင်ပါ၏၊ ယင်းသည် သေမျိုးဖြစ်သော လူသတ္တဝါများအတွက် မသေစေသောအမြိုက်ဆေးဖြစ်ပါသည်၊ အမှန်တရားသည် ဂဏှာမငြိမ်၊ ဣန္ဒြေမရ–ပူပန်မှု၊ စိုးရိမ်မှုများနှင့်ကြောင့်ကြမှုများနေကြသော လူသတ္တဝါတို့အား စိုးရိမ်ကင်းပငြိမ်းချမ်းခြင်း၊ ချမ်းမြေ့ခြင်းကို ပေးတတ်ပါသည်။

အမှန်တရားသည် ဆာလောင်မွတ်သိပ်နေသော လူသတ္တဝါတို့အတွက် ကောင်းမြတ်သော ဘောဇဉ်အာဟာရ ကြည်လင်အေးမြသောရေသဖွယ်ဖြစ်ပါ၏၊ အမှောင်တွင်း၌ နေကြသူများအတွက် အလင်းရောင် ဖြစ်ပါ၏၊ မျှော်လင့်ချက်ကင်းမဲ့နေကြသောလူသားတို့အတွက် မှီခိုရာ–အားထားရာကိုင်းကျွန်းသဖွယ် ဖြစ်ပါ၏။ တော်ဖြောင့်–မှန်ကန်၊ ဉာဏ်အမြင်

သန့်သောသူတော်ကောင်းတို့အတွက် အမြတ်ဆုံးသော ကောင်းချီး မင်္ဂလာဖြစ်ပါ၏၊ အမှန်သည် လူသတ္တဝါတို့အသက်ရှင်စဉ်အခါ၌ လည်းကောင်း၊ သေသောအခါ၌ လည်းကောင်း၊ နောက်တွန့် ကြောက်ရွံ့သောစိတ်ကင်း၍ ရဲတင်းခြင်း၊ သတ္တိရှိခြင်းကို ဖြစ်စေ ပါ၏။

အမှန်တစ်ခုကိုတွေ့သောသူသည် ဤအမှောင်အမိုက် အတည့်ပြီးသော ကမ္ဘာလောကကြီးအတွင်း၌ အလွန်ထွန်းလင်း တောက်ပြောင် အရောင်လျှပ်သောမီးရှူးတိုင်တစ်ခုကို ညှိထွန်း သည် မည်ပါသည်။

ထိုအမှန်တရားကို စုံစမ်းခြင်း၊ စစ်ဆေးခြင်း၊ ဆွေးနွေး ခြင်းတို့ဖြင့်သာလျှင် ရရှိနိုင်ပါ၏။ ယင်းသည် ယုံကြည်ခြင်း သက်သက်ဖြင့်ရနိုင်သောအရာ မဟုတ်ပါ။

ထို့ကြောင့် အမှန်ကိုတွေ့မြင်သိနိုင်ရန် လူတိုင်း–လူတိုင်း မှာ စုံစမ်းစစ်ဆေးခွင့် ရှိရပါမည်။ လွတ်လွတ်လပ်လပ်ကြံစည် စဉ်းစားခွင့်ရှိရမည်၊ စုံစမ်းစစ်ဆေးခွင့်ရှိရပါမည်၊ ထိုသူကို ငရဲ တည်းဟူသောအပြစ်ဒဏ်ဖြင့် မခြိမ်းခြောက်သင့်သလို စူးစမ်း ရှာဖွေသူကို ကောင်းကင်ဘုံနန်းတည်းဟူသော မဟုတ်မမှန်လုပ်ကြံ သောလက်ဆောင်မျိုးဖြင့် လာဘ်ထိုး၍ အမျိုးမျိုးဖြားယောင်းခြင်း လည်း မပြုလုပ်သင့်ပါ။

လောကတွင်ပေါ်ထွန်းခဲ့သမျှသော ဘုရားဆိုသောပုဂ္ဂိုလ် များသည် မိမိတို့ပတ်ဝန်းကျင်အတွေ့အကြုံအရ ဟောပြောပြသ ကြသောတရားတို့ကို အဟုတ်အမှန်ဟုထင်ကြကာ ဟောပြောပြခဲ့

ကြ၏။ အချို့သောဖန်ဆင်းရှင်ကမူ လူသားတို့က ဖန်ဆင်းပေးလိုက်သောဘုရားများဖြစ်ပြီး ထိုဘုရားကလမ်းညွှန်ချက်ချပေးသယောင် ဟောပြောသယောင် လူအများကိုယုံကြည်ကိုးစားစေခဲ့ကြသည်၊ ထိုဘုရားတို့၏ဟောပြောချက်များသည် တိုးတက်လာသောလေ့လာစူးစမ်းမှု၊ ဆင်ခြင်သုံးသပ်မှု၊ သုတေသနပြုလာမှုအခြေအနေများနှင့် တိုင်းတာကြည့်လာကြသော် မမှန်သောသဘောတရားများကို တွေ့လာကြရသည်။

လွန်ခဲ့သောနှစ်ပေါင်း ၂၅၀၀ ကျော်ကပေါ်ထွန်းခဲ့သောဂေါတမဗုဒ္ဓသည် ဤကမ္ဘာလောကကြီးရှိ သက်ရှိ-သက်မဲ့အရာဝတ္ထုမှန်သမျှ၏ဖွဲ့စည်းမှုသဘာဝ၊ သက်ရှိသတ္တဝါတို့၏စိတ်နေသဘာဝ၊ ဖြစ်ပေါ်လာသောရုပ်သဘာဝ၊ ထိုရုပ်တို့၏ကွဲပြားခြားနားမှုသဘာဝတို့ကို ယထာဘူတကျကျ ခွဲခြမ်းစိတ်ဖြာ၍ အမှန်တရားကို ဖော်ထုတ်ပေးခဲ့ပါသည်၊ ထိုဗုဒ္ဓဂေါတမဖော်ထုတ်ပေးခဲ့သောအမှန်တရားနောက်သို့ ယနေ့ကမ္ဘာလောကကြီး၏သဘာဝကို လေ့လာစူးစမ်းနေကြသော ခေတ်အဆက်ဆက်သိပ္ပံပညာရှင်တို့သည် တစ်ဆင့်ပြီး တစ်ဆင့်နောက်ကလိုက်ကာထောက်ခံအတည်ပြုနေကြရပါသည်။

ထို့ကြောင့် ဗုဒ္ဓဂေါတမသည် အမှန်တရားကိုဖော်ထုတ်သူဖြစ်ကြောင်းနှင့် အခြားပုဂ္ဂိုလ်တို့၏ဖော်ထုတ်မှုတို့ကို နှိုင်းယှဉ်လေ့လာသုံးသပ်ပြီး ကမ္ဘာပေါ်ရှိ ဘာသာတရားတို့၏သဘာဝတရားကို စီစစ်ဆန်းစစ်နိုင်ရန်အတွက် ဤဂေါတမဗုဒ္ဓ၏ ဝါဒအယူအဆနှင့် ဖန်ဆင်းရှင်တို့၏ဝါဒအယူအဆနှိုင်းယှဉ်ချက်ကိုတင်ပြအပ်ပါသည်။

## (ခ) လောက၏အမှန်တရားသဘာဝကို ဖော်ထုတ်ပြသောဂေါတမဗုဒ္ဓ၏ဝါဒအယူအဆ

လောကသဘာဝနိယာမအရ ပကတိအခြေအနေတွင် လူစသော သတ္တဝါတို့၌-

-ပညာတတ်မှု၊ မတတ်မှု
-ရုပ်လှမှု၊ မလှမှု
-ဥစ္စာရှိမှု၊ မရှိမှု
-ရာထူးအာဏာတန်ခိုးရှိမှု၊ မရှိမှု
-ချမ်းသာခံစားရမှု၊ ဆင်းရဲခံစားရမှု

စသော မတူညီသော သဘာဝနိယာမတရားများ အထင်အရှား ရှိနေ၍ ကောင်းမှု-မကောင်းမှုအကျိုးအတိုင်းအတာပမာဏသည် ရှိရမည်သာ ဖြစ်သည်။

ဗုဒ္ဓဂေါတမ၏ဝါဒအယူအဆသည် တစ်စုံတစ်ယောက်သောတန်ခိုးရှင်၊ ဖန်ဆင်းရှင်ကို မျက်စိမှိတ်ယုံကြည်ပြီး မှီခိုနေရသောဝါဒမဟုတ်ပါ၊ အသိဉာဏ်ပညာ လက်တွေ့အကျင့်ပါရသော ယုံကြည်မှု(သဒ္ဓါ)တရားအပေါ်တွင် အခြေခံ၍တည်ဆောက်ထားသောဝါဒဖြစ်ပါသည်၊ အသိဉာဏ်ပညာအပေါ်မှာ အခြေခံသော ယုံကြည်မှု(သဒ္ဓါ)တရားနှင့်အကျင့်ပါမှ လောကီ-လောကုတ်ချမ်းသာစစ်၊ ချမ်းသာမှန်ကို ရနိုင်ပါသည်။

ဗုဒ္ဓဂေါတမ၏ဝါဒတွင် သဒ္ဓါကိုအရေးကြီးသော သဘာဝတရားတစ်ခုအနေနှင့်လက်ခံထားသည်၊ ဥပမာ- အနာရောဂါရ

နေသူသည် ဆေးကုပေးမည့်ဆရာ၏ အရည်အချင်းနှင့်မေတ္တာ၊ ကရုဏာကို ယုံကြည်သကဲ့သို့ ပညာသင်ကြားနေသူသည် မိမိအား ပညာသင်ကြားပေးနေသောဆရာ၏ အရည်အချင်းနှင့် ကရုဏာကို ယုံကြည်သကဲ့သို့ ဗုဒ္ဓဂေါတမသည် ဆင်းရဲအပေါင်းမှ လွတ်မြောက်ရေးအတွက် မှန်ကန်သောလမ်းစဉ်များချပေးနေသူ၊ ဆေးကုသပေးနေသူ၊ သင်ကြားပေးနေသူ ဟူသော ယုံကြည်မှု (သဒ္ဓါ)ရှိရပါမည်၊ အားကိုးမှု ရှိနေရပါမည်။

သတ္တဝါများစွာတို့၏သဘာဝသည် စည်းစိမ်းချမ်းသာ အဖြာဖြာကို လိုလားတောင့်တကြ၍လည်းကောင်း၊ ဘေးအန္တရာယ် တစ်ခုခုခြိမ်းခြောက်ခံရ၍လည်းကောင်း အားထားကိုးကွယ်ရာကို ရှာလေ့ရှိကြသည်။ အားထားကိုးကွယ်ရာက မိမိကို ချမ်းသာ စည်းစိမ်အမျိုးမျိုးပေးလိမ့်မည်၊ ဘေးအန္တရာယ်ကာကွယ်ပေးလိမ့်မည် ဟု ယုံကြည်မှုရှိနေကြပါသည်။

ဗုဒ္ဓဂေါတမ၏ဝါဒတွင် သင်တို့ကျူးလွန်ထားသော အပြစ်များကို ငါက အားလုံးဆေးကြောသုတ်သင်ပေးမည်၊ အပြစ်နှင့်ဆင်းရဲမှ ဆေးကြောသုတ်သင်ပေးမည်၊ အပြစ်နှင့်ဆင်းရဲမှ လွတ်မြောက်စေပြီး ချမ်းသာသောဘုံဌာနတစ်ခုခုသို့ ငါ ပို့ဆောင်ပေးမည်ဟူ၍ အာမခံချက်ပေးထားသည်မျိုး မရှိပါ။

–သစ်သီးစားချင်သူသည် သစ်ပင်ပေါ်မတက်ဘဲ သစ်ပင်ကို ရှိခိုးနေရုံမျှဖြင့် မရနိုင်ပါ၊ သစ်ပင်ပေါ်တက်ရပါမည်။

–ဟိုဘက်ကမ်းသို့သွားလိုသောသူသည် ဟိုဘက်ကမ်း ငါထံရောက်ပါစေဟု ဆုတောင်းနေ၍မရ၊ လှေရှာ၍ ကူးရပါမည်။

–အနာရောဂါပျောက်လိုသောသူသည် ဆရာဝန်ကို ရှိခိုးနေရုံမျှဖြင့် မပျောက်နိုင်၊ ဆရာဝန်ညွှန်ကြား သောဆေးကိုသောက်ပါမှ ပျောက်ပါမည်။

–တစ်စုံတစ်ခုချမ်းသာမှုကို ပြုလုပ်ပေးနိုင်မှု၊ အပြစ်များ ဖယ်ရှားပေးနိုင်မှု တန်ခိုးသတ္တိများကို ဗုဒ္ဓဂေါတမက မပေးနိုင်ဟု ဝန်ခံကြေငြာထားပါသည်။

မိမိသည်သာလျှင် မိမိကိုယ်ကို ညစ်နွမ်းစေနိုင်ပြီး မိမိ သည်ပင်လျှင် မိမိ၏သန့်ရှင်းရေးကို ဆောင်ရွက်နိုင်သည်၊ တစ်ယောက်ကတစ်ယောက်ကို မကယ်နိုင်၊ အမိအဖက သားကို၊ သားသမီးက အမိအဖကို မကယ်နိုင်ပါ။

ဒုစရိုက်(မကောင်းမှု)ဟူသည် အပြစ်လည်းသင့်သည်၊ ဆင်းရဲလည်းပေးတတ်သည်၊ သုစရိုက် (ကောင်းမှု)သည် အပြစ် ကင်းသည်၊ ချမ်းသာကိုပေးတတ်သည်။

"ဓမ္မော ဟဝေရက္ခတိတိဓမ္မစာရီ"

"တရားကိုကျင့်သူကို တရားကပြန်စောင့်ရှောက်သည်"

–မကောင်းမှုဟူသမျှ မပြုနှင့်(သဗ္ဗပါပဿ အကရဏံ)

–ကောင်းမှုနှင့်ပြည့်စုံကြစေ(ကုသလဿုပသမ္ပဒါ)

–မိမိစိတ်ကိုဖြူစင်အောင်ထား(သစိတ္တပရိယောဒါပနံ)

–မိမိကိုယ်ကို မိမိအားကိုးကြ(အတ္တဟိ အတ္တနော နာထော)

–ပင်လယ်တွင်းရောက်နေသူများ၏ မှီတွယ် မှီခိုစရာ ကျွန်းဖြစ်သလို မိမိကိုယ်ကို မိမိ မှီရာတွယ်ရာ ကျွန်းဖြစ်ပါစေ။

(အတ္တဒီပံ)

-မိမိကိုယ်ကိုယ် မိမိ ကိုးကွယ်နိုင်ပါစေ(အတ္တသရဏာ)
-မိမိကျင့်တည်ဆောက်သောတရားမှတစ်ပါး အခြားအား
ကိုးစရာ ဘာမျှမရှိ(နတ္ထိသရဏာ အညဲ)

ဟူ၍ ဗုဒ္ဓဂေါတမက မိမိ၏ဝါဒကို အတိအလင်းကြေငြာထားခဲ့ပါသည်။

တစ်ဖန် အင်္ဂုတ္တိုရ်-ပဉ္စကနိပါတ် အဘိဏှသုတ်၌-
-ငါသည် အလုပ်(ကံ)သာလျှင် မိမိဥစ္စာရှိ၏၊
(ကမ္မဿကောမှိ)
-အလုပ်၏ အမွေခံဖြစ်၏ (ကမ္မဒါယဒေါ)
-အလုပ်လျှင် အကြောင်းရှိ၏ (ကမ္မယောနီ)
-အလုပ်လျှင် အဆွေအမျိုးရှိ၏ (ကမ္မဗန္ဓု)
-အလုပ်လျှင် ကိုးကွယ်မှီခိုရာရှိ၏ (ကမ္မပဋိသရဏော)
-ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ မိမိပြုမိသောအလုပ်၏ အမွေခံသာဖြစ်ရပေမည်

(ယံကမ္မံ ပကရိဿာမိ ကလျာဏံဝါ၊ ပါပကံဝါ တဿဒါယဒေါ ဘဝိဿာမိ)

ဓမ္မပဒ၌ ဗုဒ္ဓဂေါတမက-

"မကောင်းမှုကိုပြုလုပ်ထားသူပင် ဖြစ်လင့်ကစား၊ ထိုအကုသိုလ်ကံ ရင့်ကျက်လာပြီး ဆိုးပြစ်ကို ဖော်ထုတ်၍မပေးမီ အချိန်ပိုင်း၌ ချမ်းသာကိုတွေ့မြင်ခံစားနေတတ်၏၊ သို့သော်လည်း ပြုလုပ်ခဲ့သော မကောင်းမှုကံရင့်ကျက်၍ သူ့၏အစွမ်းသတ္တိပြလာသောအခါ ဆိုးညစ်သောကံပိုင်းသည် ယုတ်မာဆိုးဝါးသောဆင်းရဲအမျိုးမျိုးကို တွေ့မြင်ခံစားရ၏။

"ကောင်းသောအမှုကိုပြုလုပ်ဆောင်ရွက်ထားသည် ဖြစ်လင့်ကစား ထိုကောင်းမှုကုသိုလ်ကံ မရင့်ကျက်သေးသဖြင့် ကောင်းကျိုးချမ်းသာပေးဆပ်နိုင်ခြင်း မရှိသေးမီ ဆင်းရဲကို တွေ့ကြုံခံစားရတတ်၏၊ သို့တစေလည်း ပြုလုပ်ထားသော ကုသိုလ်ကံရင့်ကျက်လာ၍ သူ၏အကျိုးတရားဖော်ထုတ်လာသောအခါ ကောင်းမှုကံက သူ့အား ချမ်းသာဟူသမျှကို အပြည့်အဝခံစားစေရသည်"

ဟူ၍ ဗုဒ္ဓဂေါတမက လမ်းညွှန်ဟောကြားထားပါသည်။

ဗုဒ္ဓဂေါတမ၏ဝါဒသည် ယုံကြည်မှုကိုသာ ဦးစားပေး၍ အသိဉာဏ်မပါသော ဝါဒမဟုတ်၊ ထိုသို့ ယုံကြည်မှု(သဒ္ဓါ)နှင့် အသိဉာဏ်(ပညာ)ကို အခြေခံပြီး အကျင့်(စရဏ)ကိုကျင့်ရန် လိုအပ်သောဝါဒ ဖြစ်ပါသည်။

ဗုဒ္ဓဂေါတမ၏ဝါဒသည် စစ်ရှုံးသူတစ်ယောက်က စစ်နိုင်သူ၏အမိန့်ကိုနာခံရသော အညွှန်ခံဘဝမျိုး၊ ဝါဒမျိုးမဟုတ်ပါ၊ လွတ်လပ်စွာ တွေးခေါ်ကြံစည် စဉ်းစားဝေဖန်ခြင်းကိုခွင့်ပြုထားသော(ဝိဘဇ္ဇ)ဝါဒ ဖြစ်ပါသည်။

ဗုဒ္ဓဂေါတမက သူ၏စီစစ်ဝေဖန်သုံးသပ်မှုဝါဒရှိကြောင်းကို ကာလာမအမျိုးသားတို့အား အောက်ပါအတိုင်း ထုတ်ဖော်ပြောကြားထားခဲ့ပါသည်–

–အဆင့်ဆင့်ပြောဆိုလာခဲ့သော ရှေးစကား ကြားရုံမျှနှင့်လည်း ဝါဒတစ်ခုကို လက်မခံလိုက်ပါနှင့်ဦး။

–အစဉ်အဆက်ကျင့်သုံးလာသော ဓလေ့ထုံးစံအားလုံးနှင့် ညီလို့ မှန်တယ်ထင်ပြီး သိမ်းကျုံးလက်မခံလိုက်နှင့်ဦး။

–သူတစ်ပါးပြောတိုင်းလည်း မစုံစမ်းမဆင်ခြင်ဘဲ လက်မခံလိုက်နှင့်ဦး။

–စာအုပ်စာပေ ရေးသားထားသည့်အတိုင်း အားလုံးမှန်သည်ဆိုပြီး လက်မခံနှင့်ဦး။

–မိမိတွေးတောကြံဆ၍ပေါ်လာသောအတွေးအခေါ်နှင့် တူလို့ မှန်သည်ဟုမယူဆနှင့်ဦး။

–မိုရာနည်းတွေနှင့် ယင်းနည်းတွေမှန်သည်ဆိုပြီး လက်မခံနှင့်ဦး။

–မိမိကြိုတင်စဉ်းစားထားသောအယူအဆနှင့် တစ်စုံတစ်ယောက် ဟောပြောရေးသားချက် အယူအဆကိုက်ညီသည်ဆိုပြီး လက်မခံပါနှင့်ဦး။

–ငါတို့လေးစားအပ်သောဆရာ၏စကားဘဲ ဆိုပြီးတော့လည်း လက်မခံနှင့်ဦး။

ဤတရားတို့ကား စက်ဆုပ်ဖွယ်ရာတရား၊ မကောင်းသောအကျင့်တရား၊ သူတော်ကောင်းတို့ ကဲ့ရဲ့သောအကျင့်ပါတကား၊ ဟု မိမိကိုယ်တိုင် ကိုယ်ပိုင်ဉာဏ်နှင့်သိအောင်ကြိုးစားပါ။

သိပြီးသောအခါ ထိုအကျင့်တရားများသည် ဆင်းရဲမည်၊ အကျိုးမဲ့ဖြစ်မည်ကိုသိရှိပါက ပယ်လိုက်ပါ။

ကိုယ်ပိုင်ဉာဏ်ဖြင့် ဤအကျင့်တရားကား အပြစ်ကင်း၍ သန့်ရှင်းသောတရား၊ ကောင်းကျိုးချမ်းသာဖြစ်မည့်တရား၊ ပညာရှိ

တို့ ရှိုးမွှမ်းအပ်သောအကျင့်တရား ဟုသိပါက ထိုအကျင့်တရားကို ကျင့်ပါ။

ဟူ၍ လမ်းညွှန်ထားခဲ့ရာ ဗုဒ္ဓဂေါတမ၏ဝါဒသည် မျက်စိမှိတ်ယုံကြည်သူများကို မျက်စိပွင့်စေပါသည်၊ တွေဝေနေသူများကို ကြည်လင်တက်ကြွစေပါသည်။

ဗုဒ္ဓဂေါတမဝါဒသည်–

ပူရာဏကဿပ၊ မက္ခလိဂေါသာလ၊ အဇိတကေသကမ္ဗလစသော ဘုရားအမည်ခံ ခေတ်ပြိုင်တိတ္ထိဆရာကြီးများ၏ အကိရိယဒိဋ္ဌိ၊ နတ္ထိကဒိဋ္ဌိ၊ အဟေတုကဒိဋ္ဌိများကိုပါ သိမ်မွေ့စွာ ရှင်းလင်းဖယ်ရှားသွားသည့်အပြင် တမလွန်ဘဝရှိ–မရှိနှင့်စပ်လျဉ်း၍လည်း တစ်ဘက်သတ်အယူမခိုင်း နှိုင်းယှဉ်စဉ်းစားနိုင်ရန် ကြောင်းကျိုးယုတ္တိပြ၍ ညွှန်ပြသည်မှာ–

"ကာလာမမင်းသားတို့... ဤသို့လျှင် ဘေးရန်ကင်းရှင်း၍ သူတစ်ပါးတို့အား ဖျက်စီးစေခြင်းမရှိ၊ ကိလေသာအညစ်အကြေးကင်းသဖြင့် အထူးသန့်ရှင်းစင်ကြယ်သောစိတ်ရှိသော အရိယာသာဝက(ဗုဒ္ဓဘာသာဝင်)တစ်ဦးအား လက်ရှိမျက်မှောက်ကာလဘဝမှာပင် အားကိုးရာ–သက်သာရာ–ထောက်တည်ရာ (၄)မျိုးတို့ကို ရရှိနိုင်သည်–

(၁) ထိုသို့ ကုသိုလ်၊ အကုသိုလ်တို့ကို လိုက်နာရှောင်ကြဉ်ရခြင်းကြောင့် အကယ်၍ နောက်ဘဝရှိငြားအံ့၊ ကုသိုလ်ကံ– အကုသိုလ်ကံတို့၏ အကျိုးရင်း–အကျိုးဆက်ရှိငြားအံ့၊ ထိုသို့ရှိခဲ့သော် သေပြီးသည်မှနောက်၌ နတ်ပြည်သို့

ရောက်ရလိမ့်မည်ဟူသော ပထမအားကိုးရာ-သက်သာရာ-ထောက်တည်ရာကို ရနိုင်သည်။

(၂) အကယ်၍ နောက်ဘဝမရှိခဲ့ပြားအံ့၊ ကုသိုလ်ကံ-အကုသိုလ်ကံတို့၏ အကျိုးရင်းအကျိုးဆက်မရှိပြားအံ့၊ ထိုသို့ မရှိစေကာမူလည်း မျက်မှောက်ဘဝ၌ပင်လျှင် ဘေးရန်ကြောင့်ကြမရှိ၊ ကိုယ်ရောစိတ်ပါ ချမ်းသာစွာနေထိုင်ရပေသည်ဟူသော ဒုတိယအားကိုးရာ-သက်သာရာ-ထောက်တည်ရာကို ရနိုင်သည်။

(၃) အကယ်၍ မကောင်းမှုပြုမိခဲ့၍ မကောင်းကျိုးခံစားရမည်ဖြစ်အံ့၊ ငါသည် ထိုမကောင်းမှုကိုမပြုလုပ်ခဲ့သည့်အတွက် ငါ့အား မကောင်းကျိုးသည် အဘယ်မှာလျှင်ဖြစ်နိုင်တော့အံ့နည်း ဟူသော တတိယအားကိုးရာ-သက်သာရာ-ထောက်တည်ရာကို ရနိုင်သည်။

(၄) အကယ်၍ မကောင်းမှုကိုပြုမိခဲ့သော်လည်း ပြုရာမရောက်၊ မကောင်းကျိုးကို မခံစားရ၊ မကောင်းကျိုးဟူ၍ မရှိနိုင်ဖြစ်အံ့၊ ငါသည် ထိုမကောင်းမှုကို မပြုလုပ်ခဲ့သောကြောင့်လည်းကောင်း၊ ထိုအယူဝါဒအရ လည်းကောင်း၊ နှစ်မျိုးစလုံးအရလည်း အပြစ်ကင်းစင်သူဖြစ်ရပေသည်ဟူသော စတုတ္ထအားကိုးရာ-သက်သာရာ-ထောက်တည်ရာကို ရနိုင်သည်။

ဗုဒ္ဓဂေါတမ၏ ဤဟောကြားချက်ကိုကြည့်လျှင် ဗုဒ္ဓဂေါတမသည် အယူဝါဒများကိုလေ့လာရာ၌ စစ်မှန်သောတရား

ခမ္မ၊ အယူဝါဒဟုတ်–မဟုတ်၊ မှန်–မမှန် မိမိဉာဏ်ဖြင့်ချင့်ချိန်ကာ ကိုယ်တိုင်သိနိုင်သောစမ်းသပ်နည်းဖြင့် စမ်းသပ်၍ကိုယ်တိုင်ထိတွေ့၊ ကျင့်ကြံအားထုတ်ပြီးမှသာ သက်ဝင်ယုံကြည်ရန် ညွှန်ပြတော်မူသည်။

ဗုဒ္ဓဂေါတမသည် ဤသို့လည်း မိမိ၏ဝါဒကိုသာ ဂုဏ်တင်၍ အခြားဆန့်ကျင်ဘက်ဝါဒများကို နှိမ့်ချပုတ်ခတ်တော်မမူ၊ အခြားဝါဒများကိုလည်း နာမည်တပ်ကာ မှန်သည်–မှားသည် သုံးသပ်တော်မမူဘဲ လူတိုင်းသိနိုင်သော သဘောတရားအရှိကိုသာ အရှိအတိုင်းဦးတည်၍ ဓမ္မဓိဋ္ဌာန်ကျကျ ဟောပြတော်မူခဲ့သည်၊ ဝါဒရေးရာ လွတ်လပ်စွာယုံကြည်မှုနှင့်စပ်လျဉ်း၍ သိပ္ပံနည်းကျ ဝေဖန်ဆန်းစစ်နည်း(၁၀)မျိုးကိုလည်း ဤသို့ အတိအကျ ညွှန်ပြတော်မူသည်။

## (ဂ) ပြုလုပ်သူနှင့်ပြုလုပ်မှုအကျိုး (ကံ–ကံ၏အကျိုး) ယုံကြည်မှု

ဗုဒ္ဓဂေါတမသည် ဖန်ဆင်းရှင်ကိုလက်မခံ၊ မိမိပြုလုပ်ဆောင်ရွက်သော ကောင်းမှု–မကောင်းမှုသည်သာ တူညီသော အကျိုးကို ရရှိခံစားရမည်ဟု ဟောကြားထားပါသည်။

ကောင်းမှုအလုပ်(ကုသိုလ်ကံ)ဟူသည် အပြစ်မရှိခြင်း၊ ကောင်းသောအကျိုးကိုပေးခြင်း သဘောရှိ၏။

ကောင်းမှုတစ်စုံတစ်ခု ပြုလုပ်နေချိန်၌ လောဘ၊ ဒေါသ၊ မာန၊ ဣဿာ,မစ္ဆရိယ စသော စိတ်၏အညစ်အကြေးအပြစ် အနာအဆာများ မရှိသဖြင့် အပြစ်မရှိဟု ဆိုလိုပါသည်။

ကောင်းမှုပြုနေသောသူသည် ကောင်းသောအမှုကိုပြုနေရသည့်အတွက် ဤဘဝ၌လည်း ဝမ်းသာရွှင်ပြချမ်းသာရာ ရ၏။ တမလွန်ဘဝ၌လည်း ကောင်းသောအကျိုးကို ခံစားရသောကြောင့် ဝမ်းသာရွှင်ပျချမ်းသာရ၏။

ဤကောင်းမှုအလုပ်တွင်-

(က) ကိုယ်ဖြင့်ပြုလုပ်ခြင်း (ကာယကံ)

(ခ) နှုတ်ဖြင့်ပြောဆိုခြင်း (ဝစီကံ)

(ဂ) စိတ်ဖြင့်ကြံစည်ခြင်း (မနောကံ)

ဟူ၍ (၃)မျိုး ရှိပါသည်။

မကောင်းမှုအလုပ်(အကုသိုလ်ကံ)ဟူသည် အပြစ်ရှိခြင်း၊ မကောင်းသောအကျိုးပေးခြင်းသဘော ရှိသည်၊ မကောင်းမှုပြုသောသူသည် မကောင်းမှုပြုသည့်အတွက် ဤဘဝ၌လည်း ဆင်းရဲအမျိုးမျိုးရရှိခံစားရသည်၊ တမလွန်ဘဝ၌လည်း ငရဲကျခြင်း စသော မကောင်းကျိုးများ ခံစားရသည်။

ထိုမကောင်းမှုအလုပ်တွင်-

(က) ကိုယ်ဖြင့်ပြုလုပ်ခြင်း (ကာယကံ)

(ခ) နှုတ်ဖြင့်ပြောဆိုခြင်း (ဝစီကံ)

(ဂ) စိတ်ဖြင့်ကြံစည်ခြင်း (မနောကံ)

ဟူ၍ (၃)မျိုး ရှိပါသည်။

ထို(၃)မျိုးတို့သည် စေတနာ(စေ့ဆော်နှိုးဆော်မှု)အရင်းခံ၍ ဖြစ်ပေါ်လာရသောကြောင့် စေတနာကို ကံ(ကမ္မ)ဟုခေါ်ပါသည်။

ဤလောကရှိ လူများသာမက အလုံးစုံသောသတ္တဝါဟူသမျှတို့သည်–

–အလုပ်သာလျှင် ကိုယ်ပိုင်ဥစ္စာရှိကုန်၏၊

–အလုပ်သာလျှင် အမွေအနှစ်ရှိကုန်၏၊

–အလုပ်သာလျှင် အဆွေအမျိုးရှိကုန်၏၊

–အလုပ်သာလျှင် အဆွေခင်ပွန်းရှိကုန်၏၊

–အလုပ်သာလျှင် ကိုးကွယ်အားထားရာရှိကြကုန်၏၊

–အလုပ်သည်သာလျှင် သတ္တဝါဟူသမျှတို့ကို အယုတ်, အလတ်,အမြတ် စသည့် ထူးခြားကွဲပြားအောင် ဖန်တီးတည်ဆောက်ပေးပါသည်။

"ဤသို့ –အလုပ်သာလျှင် ကိုယ်ပိုင်ဥစ္စာရှိသည်၊ မိမိပြုလုပ်သော ကောင်းမှု–မကောင်းမှုအလုပ်မှတစ်ပါး လောကကြီးအား စီမံဖန်တီးသူမရှိ"
ဟု သိသောဉာဏ်သည် ကမ္မဿကတာဉာဏ်(အလုပ်ကပြုလုပ်စီမံသောဉာဏ်)ဖြစ်ပါသည်၊ ထိုသို့ သိမှတ်ယုံကြည်ခြင်းကို ကမ္မဿကတာ သမ္မာဒိဋ္ဌိ(အလုပ်ကပြုလုပ်စီမံသော မှန်သောအယူ)ဟုလည်းခေါ်ပါသည်။

အလုပ်(ကံ)သည် ဤလောကကြီး၌ ရှိရှိသမျှသော သတ္တဝါအပေါင်းတို့တွင်–

–အချို့သောသူအား မင်း၊ မှူးမတ်ဖြစ်စေ၏၊
–အချို့သောသူအား သူဌေး၊ သူကြွယ်ဖြစ်စေ၏၊
–အချို့သောသူအား လူမွဲ၊ လူဆင်းရဲဖြစ်စေ၏၊
–အချို့သောသူအား အနာရောဂါနည်းစေ၏၊
–အချို့သောသူအား အနာရောဂါများစေ၏၊
–အချို့သောသူအား နား၊ နှာ၊ လျှာ၊ ခြေ၊ မျက်စိ စသောအင်္ဂါကြီးငယ် ချို့တဲ့စေ၏၊
–အချို့သောသူအား အလွန်လှပတင့်တယ်ခြင်း၊တန်ခိုး အာဏာကြီးမားစေခြင်း၊ အသိ,အလိမ္မာ,ဉာဏ်ပညာ ကြီးခြင်း၊ အသက်ရှည်ခြင်း၊ အမျိုးမြတ်ခြင်း စသော ဂုဏ်ထူးဝိသေသနင့်ပြည့်စုံစေ၏။
–အချို့သောသူအား အဆင်း,အရောင် မလှမပမတင့် တယ်ခြင်း၊ တန်ခိုးအာဏာနည်းပါးခြင်း၊ အသက်တိုခြင်း စသော အယုတ်တရားတို့နှင့်ပြည့်စုံစေရန် ဖန်တီးခြင်းဟာ စွမ်းနိုင်သည်။

သက်ရှိသတ္တဝါမှန်သမျှတို့သည် ထိုမိမိတို့ပြုလုပ်သော ထိုကောင်းအလုပ်–အဆိုးအလုပ် အရသာခံကြရ–စံကြရသည်။ ထိုအလုပ်(ကံ)အကျိုးပေးမှုကို တစ်မျိုးတစ်မည်ဖြစ်အောင် မည်သည့်တန်ခိုးရှင်ကမျှ ပြုပြင်–ပြောင်းလွဲ–ဖယ်ရှား–ခုခံနိုင်ခြင်း မရှိပါ၊ မလွဲမသွေ ကေန်မုချဖြစ်တတ်သောသဘောရှိ၍ နိယာမ တရားဟု ခေါ်ကြပါသည်။

ကောင်းမှု–မကောင်းမှုပြုသူနှင့်ပတ်သက်၍–

–သူများအသက် သတ်သည့်အတွက် အသက်ကိုယ်မှာတို
မသတ်ရှောင်ရှား၊ ထိုသူများ၊ ရှည်လျားအသက်ကို
–နှိပ်စက်ကလူ၊ ညှင်းဆဲသူ၊ ပြောထူရောဂါဆို
သနားစိတ်သွင်း၊ မနှိမ်နှင်း၊ ကင်းရှင်းရောဂါကို
–ထန်ပြင်းဒေါသ၊ ကြီးတတ်က၊ အလှပျက်မည်ဆို
ဒေါသကင်းစင်၊ မေတ္တာယှဉ်၊ ကြည်လင်လှသကို
–မနာလိုပြန်၊ ဣဿထန်၊ ခြံရံကင်းမည်ဆို
ဣဿမထား၊ ဝမ်းမြောက်ငြား၊ ပေါများခြွေရံကို
–မလှူမဒါန်း၊ မပေးကမ်း၊ ခြောက်ခန်းဥစ္စာလို
စွန့်ကြဲလေတုံ၊ ပြုပါကုန်၊ လုံလုံကြွယ်ဝလို
–မာန်မာနကြွယ်၊ ထိုသူဝယ်၊ မျိုးနွယ်ညံ့မည်ဆို
ထိုက်သူရိုကျိုး၊ မာန်လိုချိုး၊ အမျိုးမြတ်သကို
–သိမှတ်ဟူသမျှ၊ မမေးက၊ ပျင်းအ ပညာဆို
ကြားမြင်များအောင်၊ မေးလေ့ဆောင်၊ခုနှောင်တတ်သိလို

မကောင်းမှုကိုယ်ဖြင့်ပြုသော (ကာယကံ) (၃) မျိုး

(၁) သူတစ်ပါးအသက်သတ်ခြင်း၊
(၂) ပိုင်ရှင်သည် ကိုယ်,နှုတ်တို့ဖြင့် မပေးအပ်သောသူတစ်ပါး ဥစ္စာကို ခိုးနည်းအမျိုးမျိုးဖြင့်ခိုးယူခြင်း၊
(၃) သူတစ်ပါးသားမယားအား ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်ခြင်း

မကောင်းမှု နှုတ်ဖြင့်ပြုသော (ဝစီကံ)(၄)မျိုး

(၁) မဟုတ်မမှန် ပြောဆိုခြင်း၊
(၂) ချစ်သူနှစ်ဦးကွဲအောင် ကုန်းတိုက်စကား၊ ရန်တိုက်စကား သွေးခွဲစကားပြောခြင်း၊
(၃) ဆဲရေးတိုင်းထွာခြင်းစသော ကြမ်းတမ်းစကားပြောကြားခြင်း၊
(၄) အကျိုးမရှိ၊ အနှစ်မဲ့သောစကားများပြောဆိုနေခြင်း၊

မကောင်းမှု စိတ်အကြံ (မနောကံ)(၃)မျိုး

(၁) သူတစ်ပါးပစ္စည်းကို ငါ့ဟာဖြစ်လျှင် ကောင်းလေစွဟု တမရားကြံစည်ခြင်း၊
(၂) သူတစ်ပါးကို သေကြေပျက်စီးစေလိုခြင်း၊
(၃) အယူမှား(ကောင်းမှု-မကောင်းမှုတို့၏ အကျိုးအပြစ်)ကို မယုံကြည်ခြင်း၊

ဤ(၁၀)ပါးကို ပြုလုပ်ပါက ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် ဟူသောဆင်းရဲသောဘုံများသို့ရောက်စေတတ်သော ကြောင့် မကောင်းမှုသွားရာ-ဖြစ်ရာလမ်းကြောင်း(အကုသလ ကမ္မပထ)အမှုများဟုခေါ်ပါသည်။

ဤ(၁၀)မျိုးတွင် ကောင်းမှု-မကောင်းမှုအကျိုးအပြစ်ကို မယုံကြည်မှု(မိစ္ဆာဒိဋ္ဌိ)သည် အပြစ်အကြီးဆုံးဖြစ်ကြောင်း ဗုဒ္ဓ ဂေါတမက ဟောခဲ့ပါသည်။

မှားသောအယူ(မိစ္ဆာဒိဋ္ဌိ)အယူအစွဲသန်လျှင် သန်သလောက် အယူသည်းလျှင်သည်းသလောက် သေပြီးနောက် ငရဲသို့(၈)ထပ်

တွင် အဆင့်လိုက်ကျရောက်တတ်ရသည်။ ကမ္ဘာပျက်၍သတ္တဝါများ ဗြဟ္မာဘုံသို့ပြောင်းရွှေ့ကြရသော်လည်း မိစ္ဆာဒိဋ္ဌိရှိသော ငရဲသားများ ပြောင်းခွင့်မရ ဆက်၍ခံနေရကြောင်း ဟောထားပါသည်။

အထက်ပါ မကောင်းမှု(၁၀)ပါးရှောင်ကြဉ်မှုကို ကောင်းမှုအလေ့အကျင့်(သုစရိုက်)ဟု ခေါ်ပါသည်၊ ထိုကောင်းမှု(၁၀)ပါးရှိသူတို့သည် လူ့ပြည်,နတ်ပြည်သို့ရောက်စေတတ်၍ ကောင်းမှုဖြစ်ရာ လမ်းကြောင်း(ကုသလကမ္မပထ)အမှုများဟု ခေါ်ပါသည်။

ဤလောကဝယ် သတ္တဝါတို့ပြုထိုက်သော ကောင်းမှု(၁၀)ပါးရှိသည်ဟု ဟောထားပါသည်–

၁။ ဒါန –စွန့်ကြဲပေးကမ်းလှူဒါန်းခြင်း၊

၂။ သီလ –ကိုယ်ကျင့်များစောင့်ထိန်းခြင်း၊

၃။ ဘာဝနာ –ဘုရားဂုဏ်စသည်များကို အာရုံပြုပွားများနေခြင်း၊

၄။ အပစာယန –ရိုသေထိုက်သူကို ရိုသေခြင်း၊

၅။ ဝေယျာဝစ္စ –သူတစ်ပါးအမှုကြီးငယ်တို့ကိုပြုစုဆောင်ရွက်ပေးခြင်း၊

၆။ ပတ္တိဒါန –မိမိပြုသောကုသိုလ်ကို အမျှပေးဝေခြင်း၊

၇။ ပတ္တာနုမောဒန–သူတစ်ပါးပြုသော ကောင်းမှုအမျှဝေသည်ကို မြင်–ကြားလျှင်ဝမ်းမြောက်စွာသာဓုခေါ်ခြင်း၊

၈။ ဓမ္မဿဝန –တရားတော်များ နာကြားဖတ်ရှုလေ့လာခြင်း၊

၉။ ဓမ္မဒေသနာ –တရားဟောပြောပြသခြင်း၊

၁၀။ဒိဋ္ဌိဇုကမ္မ –ဖြောင့်မှန်သောအယူရှိခြင်း၊(ကောင်းမှု–
မကောင်းမှု၏အကျိုးအပြစ်ကိုယုံကြည်ခြင်း)

ဗုဒ္ဓဂေါတမသည် လောကီကောင်းကျိုးတရားများဖြစ်သော အုပ်ချုပ်ရေး၊ စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကျင့်စဉ်အစုံများကို သူဟောကြားခဲ့သော သုတ္တန်–ဝိနည်း–အဘိဓမ္မာတရားတို့၌ဟောကြားထားခဲ့သလို ဤသံသရာလောကမှ လွတ်မြောက်ရေးအတွက် နည်းလမ်းအစုံ ကျင့်စဉ်အစုံကို ဟောကြားလမ်းညွှန်ပြခဲ့ပါသည်၊ ဗုဒ္ဓဂေါတမ၏ သံသရာလွတ်မြောက်ရေးလမ်းစဉ်အကျဉ်းချုပ်မှာ–

–အသိဉာဏ်မှန်ကန်မှု(သမ္မာဒိဋ္ဌိ)အယူအဆ

–အတွေးအခေါ်မှန်ကန်မှု (သမ္မာသင်္ကပ္ပ)အယူအဆ

–ကောင်းသောစကားပြောဆိုမှု(သမ္မာဝါစာ)အယူအဆ

–ကောင်းသောအလုပ်များပြုလုပ်မှု(သမ္မာကမ္မန္တ)အယူအဆ

–ကောင်းသောအသက်မွေးမှု (သမ္မာအာဇီဝ)အယူအဆ

–ကောင်းသောကြိုးစားအားထုတ်မှု(သမ္မာဝါယမ) အယူအဆ

–ကောင်းသောအစဉ်အောက်မေ့မှု(သမ္မာသတိ)အယူအဆ

–ကောင်းသောစိတ်ဓာတ်တည်ကြည်မှု (သမ္မာသမာဓိ) အယူအဆ

ဟူသော မဂ္ဂင်(၈)ပါး ကျင့်စဉ်ဝါဒဖြစ်ပါသည်။

ဤကျင့်စဉ်များကိုကျင့်နိုင်ရန် မိမိ၏စိတ်၊ စေတသိက်၊ စွမ်းရည်သတ္တိကို လွတ်လပ်စွာအသုံးချပြီး ကျင့်ဆောင်ရန် လမ်းညွှန်ထားခဲ့ပါသည်။

ထိုသို့ကျင့်နိုင်ပါက ဆင်းရဲမှုအမှန်တရား၊ ဆင်းရဲဖြစ်ရာအမှန်များ၊ ဆင်းရဲချုပ်ရာအမှန်များ၊ ဆင်းရဲချုပ်ရာကျင့်စဉ်အမှန်များကို သိမည်ဖြစ်ပါသည်။

ဤသည်မှာ ဗုဒ္ဓဂေါတမ၏ဝါဒလမ်းစဉ်ဖြစ်ပါသည်၊ ဤဝါဒလမ်းစဉ်မျိုးသည် ဤကမ္ဘာပေါ်တွင် ပေါ်ထွန်းခဲ့သောဘုရားဟုအမည်ခံခဲ့သောပုဂ္ဂိုလ်များအနက် မည်သည့်ဘုရားမှာမျှ မရှိပါ။

ဗုဒ္ဓဂေါတမ၏ဝါဒသည် ယနေ့ခေတ်ပြောဆိုနေကြသော လွတ်လပ်စွာတွေးခေါ်မှုအခွင့်အရေး၊ လွတ်လပ်စွာ ပြောဆိုမှုအခွင့်အရေး၊ လွတ်လပ်စွာလုပ်ကိုင်မှုအခွင့်အရေးဆိုသော ဒီမိုကရေစီဟူသောဝါဒနှင့် ကိုက်ညီနေပါသည်။

## (ဃ) ဂေါတမဗုဒ္ဓ၏ဝါဒလမ်းနှင့်ပန်ဆင်းရှင်တို့၏ ဝါဒလမ်းစဉ်များ ကွဲပြားခြားနားမှု

ဤကမ္ဘာလောကကြီးအတွင်း၀ယ် လူသတ္တဝါအများ နေထိုင်ကျင့်ကြံရန် နည်းလမ်း(၂)ခုသာ ရှိသည်ကို တွေ့ရပေမည်။

ပထမနည်းမှာ ဗုဒ္ဓဂေါတမ၏ ကြောင်းကျိုးဆက်စပ်ဖြစ်ပေါ်ခွင့် လျှောက်လှမ်းမှု

ဒုတိယနည်းမှာ -ဖန်ဆင်းရှင်တို့၏ထာဝရတည်ရှိမှု၊ အပြစ်မှ ကယ်တင်ပေးမှု၊ အပြစ်ပေးမှုတို့ဖြင့်လျှောက်လှမ်းမှု

**ဗုဒ္ဓဂေါတမ၏နည်းမှာ-**

- ယခုလူတို့နေထိုင်လျက်ရှိသော ကမ္ဘာလောက ကြီးတိုးတက်စည်ပင်သာယာစေရန် စုံစမ်းစစ်ဆေးဆွေးနွေးသင်ကြားပေးခြင်းဖြင့် လူသားတို့ ဉာဏ်ပညာ တိုးတက်လာစေရန်၊ ကြံစည် တီထွင်ခြင်းဖြင့် မြေ,ရေ,လေ,မီး (ပထဝီ,အာပေါ,ဝါယော,တေဇော) စသော ဓာတ်သဘာဝတို့ကို အသုံးချရန် ဝိဇ္ဇာ,သိပ္ပံအတတ်ပညာအဖြာဖြာဖြင့် လူသားတို့၏စိတ်ကို တဖြေးဖြေး တိုးတက်ရင့်ကျက်လာပြီး နေထိုင်နိုင်ရန်၊
- ကြံစည်ရန်၊ စုံစမ်းစစ်ဆေးရန်၊ ရှုးစမ်းရှာဖွေရန်၊ သုံးသပ်ဉာဏ်အလင်းရောင် ထွန်းပြထားသော လမ်းကို လိုက်ရန်၊
- လောကတ္ထစရိယ=သတ္တလောကတစ်ဝှမ်းလုံးရှိ ပုဂ္ဂိုလ်, သတ္တဝါ,သူငါမရွေး(ဝါ) အဖြူအမဲမရွေး(ဝါ) နှာခေါင်းပြား၊ နှာခေါင်းချွန်မရွေး၊ အားလုံးတို့၏ အကျိုးစီးပွားထွန်းကားရေးအတွက် အားထုတ်ရန်၊
- ဉာတတ္ထစရိယံ =သားသမီး,မယားဇနီး၊ တပည့် ဆရာအစ မိမိနိုင်ငံ၊မိမိအကျိုးစသော

ဉာတိသင်္ဂဟတို့၏ အကျိုးကြီးရန်
အတွက် အားကြိုးမာန်တက်ဆောင်
ရွက်ရန်၊

- ဗုဒ္ဓတ္တစရိယ =ဉာဏ်အလင်းရောင် ထွန်းပြောင်ဝင်း
လက်တန်ခိုးထက်၍ အခက်အခဲ၊
အမှားအမှန် ဝေဘန်ပိုင်းခြားရေး
အတွက် မဆုတ်မနစ်ကြိုးပမ်းရန်၊
- သတ္တဝါအများ လောကသားတို့၏ ဆင်းရဲဟူသမျှကို အရင်းအမြစ်မှ ခုတ်ဖြတ်လှီးပယ်၍ ချမ်းသာမှုကို တစပြီးတစ တိုးတက်ရရှိကြစေရန်၊
- ဉာဏ်ပညာတည်းဟူသော ဆီမီးတန်ဆောင်ဖြင့် ထွန်းပြောင်ဝင်းလက်နေသော လမ်း၌ လျှောက်သွားရန်၊ မြင်သမျှကြားသမျှ၊ တွေ့ထိသမျှတို့ကို အကြောင်းအကျိုးစစ်ဆေး၍ အမှားအမှန်ကို ခွဲခြားပြီးလျှင် အမှားကိုပယ် အမှန်ကိုသယ်ဆောင်သွားရန် ဖြစ်သည်။
- ရိုးသားတည်ကြည် သမာဓိညီသောသူဖြစ်၍ ဖန်ဆင်းရှင်နှင့်ယင်း၏ငရဲကို လေးလေးစားစား အရေးမထား၊ ဂရုမစိုက်ဘဲ မိမိ၌မြင့်မြတ်သော စိတ်ကူးအကြံဉာဏ်တို့ကို ရဲရဲရင့်ရင့် အကျိုးသင့်အကြောင်းသင့် ဖွင့်ပြပြောနိုင်ရန်၊
- လူသတ္တဝါတို့နေကြသော ဤကမ္ဘာလောကကြီး၏ အကျိုးစီးပွားများ များပြားလာစေခြင်းငှာ နေထိုင်

ကျင့်ကြံပြုလုပ်ရန် ဖြစ်၏။ လူသား၏ ဦးနှောက် ဉာဏ်ပညာဖွံ့ထွား၍ လူသား၏စိတ်နှလုံးယဉ်ကျေးမှု အတွက် ဖြစ်ပါသည်။

– ဗုဒ္ဓဂေါတမ၏လမ်းသည် ကျယ်ဝန်းပြန့်ပြူးသော လမ်းဖြစ်သည်၊ ခလုပ်ကန်သင်းဆူးငြောင့် ချုံပုတ်ကင်းသော အဖုအထစ်၊ အနိမ့်အမြင့်ကင်းသော အကွေ့အကောက်မရှိ၊ ဖြောင့်စဉ်းသော လမ်းဖြစ်သည်၊ လူသားအားလုံး ချောင်ချိစွာ သက်သက်သာသာ ရင်ဘောင်တန်းလက်တွဲ၍ ပျော်ပွဲဆင်ကာ ရွှင်ရွှင်ပြပြ ဘေးမသီရန်မခဘဲ သွားရသောလမ်းဖြစ်သည်။

လူမျိုးမရွေး၊ ဘာသာမရွေး၊ ကမ္ဘာလောကရှိ သတ္တဝါအပေါင်းတို့သည် ရှိုမြိန်သာယာသော ကျေးငှက်တို့၏ ကွန့်မြူးကြွေးကြော်သံတို့နှင့် စောင်းညှင်းပတ်သား ဒုံးမင်း ကြားရသူတို့၏ နားဝ၌ ပျားရည်နှင့်သကြားစုပေါင်းကသကဲ့သို့ ကြားမဝနိုင်သော စမ်းရေစီးသံတို့၏အသံများကို နာခံလျက်၊ တပျံ့ပျံ့ကြူ ရနံ့စုံလှုံးလျှက် ရှူရှိုက်သူတို့၏နားတွင်း၌ တလှိုင်လှိုင်ကြိုင်သင်းနေသော ပန်းရနံ့မျိုးစုံတို့ကို အာရုံသွင်းယူရှိုက်ကာရှုလျက် ကြည်လင်သန့်ရှင်း ရွှေရောင်ကဲ့သို့ဝင်းနေသော နေမင်း၏အရောင်ကို ခိုလှုံလျက် ထိုကျယ်ပြန့်သော လမ်းမတော်က သွားလာနိုင်ပါသည်။

ဤလမ်းကား သဘာဝဓမ္မအတိုင်း၊ အကြောင်းအကျိုး ဆက်သွယ်လျက်ရှိသော လမ်းဖြစ်ပါသည်။ လင်ရောမယားပါ သားသမီးမြေးမြစ်ပါ ဆွေရောမျိုးပါ မိတ်ဆွေသင်္ဂဟပေါင်းများစွာ ကြည်သာရွှင်ပြ အတူတကွ သွားနိုင်သောလမ်းဖြစ်ပါသည်။

ဤလမ်းကား တဆင့်တက်တဆင့် မြင့်၍မြင့်၍တက် သွားသောလမ်းဖြစ်ပါသည်။ ထိုလမ်းပေါ်သို့ လျှောက်လှမ်းမိကြသော် မျိုးခတ်တူ–မတူ၊ အဖြူအမဲ ကွဲပြားခြင်းမရှိတော့ဘဲ တစ်လုံးတစ်စည်းတည်း ညီရင်းအကိုကဲ့သို့ ဖြစ်ကြတော့သည်။

**ဖန်ဆင်းရှင်၏နည်းမှာ–**

- ယုတ္တိသဘောသဘာဝကင်းမဲ့သော ကောင်းကင်ဘုံနန်းကို မျှော်မှန်း၍နေရန်၊ မိမိတို့ ယခုရရှိထားသော အသက်ကို မိမိနားလည်သော (ဝါ) ထင်ရှားမရှိနိုင်သော (ဝါ) ဘယ်နည်းနှင့်မှမဖြစ်နိုင်သောမြဲမှုအတွက်စွန့်လွှတ်ရန် ဆုတောင်းမေတ္တာပို့ခြင်း၊ ယစ်ပူဇော်ခြင်းဖြင့် အထက်ကောင်းကင်မှာ ရှိသည်ဟု ယုံကြည်နေကြသော ဖန်ဆင်းရှင်သတ္တဝါ၏အကူအညီကို ရရှိရန်ဖြစ်နေပါ၏။
- အကန်းကဲ့သို့ ယုံကြည်ရန်၊ အရမ်းလိုက်နာရန်၊မိမိတို့၏အသိဉာဏ်,စဉ်းစားမှုဉာဏ်, ဆင်ခြင်ဉာဏ်တို့ကို အသုံးမပြုရန်၊ သိဟန်မြင်ဟန်ဆောင်ကြကုန်သော မျက်မမြင် ကြောင်တောင်ကန်းမို့ တောင်ဝှေးဆွဲရာသို့ မမြင်မဆန်း လိုက်ပါရန် ဖြစ်သည်။

- တစ္ဆေသရဲများ,နတ်ဆိုးမိစ္ဆာများ,ဖန်ဆင်းရှင် နန်းများသည် အခြားသော ကမ္ဘာလောက ဒုတိယဘဝသို့ ရောက်သောအခါ မိမိတို့အား ကောင်းမြတ်သော ဆုလာဒ်ပေးလိမ့်မည်ဟု ယုံကြည်ကိုးစားနေရန် ဖြစ်သည်။
- မြင့်မြတ်သော ဉာဏ်ရောင်,ပညာရောင်,သုံးသပ်ဆင်ခြင်ရောင်တို့ ငြိမ်းသတ်၍ အမှောင်အတွင်း၌ သွားသွားရန် ဖြစ်သည်။ အကြောင်းအကျိုးနှစ်ရပ်ကို မည်သို့မျှ မမြင်တတ်၊ မည်သည့်အရာကိုမျှ မဆင်ခြင်၊ စေခိုင်းသူ၏ နောက်သို့လိုက်ရန် ဖြစ်သည်။
- သူတစ်ပါးနို့သက်စို့ ရေသာခိုလျက်၊ မိမိ၏ ပင်ကိုယ်ဉာဏ်ကို ကျွန်အစေခံ၍ ကြောက်ရွံ့ထိတ်လန့်သော စိတ်ထားဖြင့် ပြားပြားဝပ်ထွားပြီးသွားလာရန်၊ မိမိ၏ မြင့်မြတ်သောအတွင်း ဉာဏ်ဓာတ်ကိုတော်လှန်ရန်၊ အခြားသူ၏လွတ်လပ်ခွင့်ကို ငြင်းပယ်ရန်၊ မိမိကိုယ်တိုင်လည်း ရုပ်ရော နာမ်ပါ ကျွန်ဇာတာပါပြီးကျွန်သဘောက်အခြေ ဆိုက်ရောက်ရန် ဖြစ်သည်။
- ဖန်ဆင်းရှင်အတွက် နေထိုင်ကျင့်ကြံပြုလုပ်ရန် ဖြစ်သည်။ ယင်းနည်းကို ဖန်ဆင်းရှင်ကို အားထားယုံကြည်ကိုးကွယ်ခဲ့ကြသော နိုင်ငံများက စမ်းသပ်ကြည့်ခဲ့ကြသည်။ ပထမဦးဆုံး ဖန်ဆင်းရှင်တို့ကို ယုံကြည်ကိုးကွယ်ခဲ့ကြသော အိန္ဒိယနိုင်ငံ, ပါလေ

တိန(ပါလက်စတိုင်း, နိုင်ငံနှင့် နောက်ပိုင်း ရောမ၊ ဥရောပစသော နိုင်ငံများကို ဖန်ဆင်းရှင်တို့သည် မစောင့်ရှောက်နိုင်၊ မကယ်နိုင်၊ မကာကွယ်နိုင်ခဲ့ကြ၍ တစ်ရှိုနိုင်ငံပျောက်ခဲ့ရသည်။ တစ်ရှို့ မိမိတိုင်းပြည်မှ နှင်ထုတ်ခံခဲ့ရသည်၊ သူတို့သည် မိမိတို့ အားထားသောဖန်ဆင်းရှင်ကို အားကိုးရာ တိုင်းမဲ့ပြည်မဲ့ဖြစ်ခဲ့ကြရသည်။ စစ်ပွဲတွေ အလီလီဖြစ်ခဲ့ကြရပြီး၊ သူတစ်ပါး လက်အောက်ရောက်ခဲ့ကြရသည်။ ဖန်ဆင်းရှင်က မည်သို့မျှ မကယ်နိုင်။

သို့သော် ထိုသူတို့သည် တစ်ဖန် ဖန်ဆင်းရှင်က စည်းလုံးပေးပြီး ရန်သူများကိုနှိမ်နင်ပြီး မိမိတို့နိုင်ငံမှကမ္ဘာကြီးကို အုပ်စိုးနိုင်လိမ့်မည်ဟု မျှော်လင့်နေကြဆဲဖြစ်သည်။

ဤကမ္ဘာလောကကြီးအတွင်း၌ လူသားတို့ လျှောက်လှမ်းကြရာဝယ် ဖန်ဆင်းရှင်ချမှတ်ပေးထားသောလမ်းကို လျှောက်လှမ်းသည်။

အတ္တသမားတို့ ဦးစီး စီတန်း၍သွားရန် ဖြစ်သည်။ လင်နှင့်မယား၊ သားနှင့်အမိ၊ မောင်နှင့်နှမ အတူတကွ ဘေးချင်းယှဉ်တွဲလျက်သွားနိုင်အောင် မကျယ်လှချေ၊ လမ်းကျဉ်းသည်၊ ခွဲလမ်းမှု (ဥပါဒါန်) ဟူသော သံကန္တရပေါ်မှ ဖြတ်သွားပါ၏။ ခရီးသွားတို့ကား ပြောက်ကြား ပြောက်ကြားသာ ရှိပါသည်။

ယင်းလမ်းကျဉ်းကား ကျောက်စရစ်,ကျောက်ခဲ,ဖန်ကျိုး, မှန်ကွဲများ ဖြန့်ကြဲလျက်၊ ဆူးငြောင့်ခလုပ်၊ ချုံပုတ်ထူထပ်လှပါ၏။

အယူသီခေါင်းမာသောသူတို့သည် သွေးချင်းချင်းနီသော ခြေဖဝါး တို့ဖြင့်သာ ထိုလမ်းပေါ်မှာ လျှောက်သွားနေကြရပါသည်။

ဖန်ဆင်းရှင်တစ်ပါးက–အသင်တို့သည် လမ်းဘေး၌ ပန်းပွင့်များ မြင်တွေ့ခဲ့သော် ယင်းတို့ကို မဆွတ်ခူးကြကုန်လင့်၊ ယင်းပန်းဝတ်လွှာ၏အောက်၌ ကြောက်ဖွယ်,လန့်ဖွယ်သော မြွေဆိုးတို့ ပုန်းဝပ်လျက်နေ၏။ လက်ဝဲလက်ျာဘက်များသို့ စောင်းငဲ့၍မျှ မကြည့်ကြလေနှင့်၊ ဂျေရုစလင်မြို့တော်သစ်ဆီကိုသာ စိတ်အာရုံမှန်း၍ ဖြောင့်ဖြောင့်တန်းတန်း ကြည့်ရှုဘိလော၊ သင်တို့၏ သားမယား,မိဘဆွေမျိုးဉာတိ, မိတ်ဆွေတို့ကို ပြန်လှည့်၍ပင် မကြည့်ကြကုန်လင့်။

သင်တစ်ယောက်တည်း လွတ်လပ်၍ ချမ်းသာရေးကိုသာ အာရုံပြုလော့၊ သင်တို့ချစ်ခင်သောသူများ ငရဲမှာဆင်းရနေ သလောက် သင်တို့သည် ကောင်းကင်ဘုံနန်း၌ ပျော်မြူးနေကြရ ကုန်အံ့၊ ယုံလော့၊ ကြည့်လော့၊ သင်တို့သည် သူတစ်ပါး၏ ကောင်းမှုအတွက် ဆုတော်လာဘ်တော်များ ရကြကုန်လတ့်၊ ဖြောင့်ဖြောင့်တန်းတန်း စိတ်အာရုံမျှော်မှန်းယုံကြည်၍ သွားကြ ကုန်လော့၊ သင်တို့၏အသုံးမကျသော(ဝါ)ခြောက်သွေ့နေသော (ဝါ)ကိုယ်ကျိုးသာ ငဲ့ကွက်တတ်သော ဝိညာဏ်ကို ကယ်တင်ခြင်း ပြုနိုင်လေလိမ့်မည်ဟု လမ်းညွှန်ဆိုထားပါသည်။

ဤကျဉ်းမြောင်းသော တစ်ကိုယ်ကောင်းဝါဒ လမ်းစဉ် သည်ကား ဤကမ္ဘာမြေလောက၌ ဖန်ဆင်းရှင်တို့၏နှလုံးသားနှင့် မြင့်မြတ်သောတရားစုမှကင်းမဲ့သော ကောင်းကင်ဘုံနန်းသို့ သွားရာလမ်း ဖြစ်ပါသည်။

# ဗုဒ္ဓဂေါတမ၏ဝါဒနှင့် ဖန်ဆင်းရှင်(ထာဝရ)တို့၏ ဝါဒ ခြားနားချက်အချုပ်

| စဉ် | ဂေါတမဗုဒ္ဓ | | ဖန်ဆင်းရှင်(ထာဝရ) |
|---|---|---|---|
| ၁။ | သနားကြင်နာတတ်၏ | ၁။ | ရက်စက်ကြမ်းကြုတ်၏ |
| ၂။ | သူတစ်ပါးအသက်သတ်မှုကိုရှောင်ကြဉ်တော်မူ၏၊ ရှုံ့ချတော်မူ၏။ | ၂။ | သူတစ်ပါးအသက်သတ်ရန်အမိန့်ပေး၏ |
| ၃။ | ကိုယ်တိုင်သတ်တော်မမူ | ၃။ | ကိုယ်တိုင်လည်း သူ့အသက်သတ်တတ်၏ |
| ၄။ | သူတစ်ပါးကို ကျိန်ဆဲလေ့မရှိ | ၄။ | အထပ်ထပ်အကြိမ်ကြိမ် ယုတ်ယုတ်မာမာ ကြိမ်ဆဲလေ့ရှိ၏ |
| ၅။ | ဝန်တို၊ငြူစူမရှိ | ၅။ | ဝန်တို၏၊ငြူစူ၏ |

| စဉ် | ဂေါတမဗုဒ္ဓ | | ဖန်ဆင်းရှင်(ထာဝရ) |
|---|---|---|---|
| ၆။ | သေရည်သေရက်ကို ကိုယ်တိုင်လည်းမသောက် သုံး၊ တပည့်များကိုလည်း မသုံးစေရ(၁၇၁-၁၆-၃) | ၆။ | အရက်ကိုကိုယ်တိုင် သောက်၏၊တပည့်တို့ကို လည်း သောက်စေ၏ |
| ၇။ | ရန်သူနှင့်မိတ်ဆွေကို အတူတူပင်ချစ်ရမည်။ (မေတ္တာထားရမည်) ဟောတော်မူ၏ ဟောသည့်အတိုင်း ကိုယ်တိုင်ကျင့်သုံး၏ | ၇။ | ရန်သူကို ချစ်ရမည်ဟု ပြောကား ပြော၏။ ကိုယ်တိုင်ကမူ ရန်သူကို မုန်း၏၊ အခြားဘုရားများ ကိုမုန်း၏၊အခြားဘာသာ ဝင်များကို ကျိန်ဆဲ၏ |
| ၈။ | အသားကိုသတ်စားခြင်းမှ ရှောင်ကြဉ်တော်မူ၏ | ၈။ | အသားစားကြူး၏၊ချိုးကင် သိုးကင်ကို ကြိုက်တော် မူ၏၊ အသွေးကြိုက်၏ (ထွက်-တော) |
| ၉။ | သားဦးကိုယစ်ပူဇော်ရမည် ဟုဘယ်အခါမှအမိန့်မရှိ၊ ဗလိဒါန-ယစ်ပူဇော်ခြင်းကို စက်ဆုပ်တော်မူ၏။ | ၉။ | သားဦးကို ငါအား ပူဇော် လော့ဟုအမိန့်ပေး၏။ မပူဇော်က ကျိန်ဆဲ၏ (ထွက်-၂၂ ၂၉ ၃၀) |

| စဉ် | ဂေါတမဗုဒ္ဓ | | ဖန်ဆင်းရှင်(ထာဝရ) |
|---|---|---|---|
| ၁၀။ | လူနှင့်တကွအခြားသက်ရှိ သတ္တဝါတို့ကိုသတ်ဖြတ်ဖို့ မဆိုထားဘိ၊နာကျည်း အောင်ပင်ပြုလုပ်တော် မမူခဲ့။ | ၁၀။ | အဲဂုတ္တုပြည်ရှိ သားဦးတို့ကို သတ်၏၊လူသတ္တဝါမှအပ ဖြစ်သော ကျွဲ၊နွားတို့၏ သားဦးကိုပင် သတ်ခဲ့၏ (ထွက်၊၁၂၊၂၉) |
| ၁၁။ | စစ်မက်ကိုရှုံ့ချတော်မူ ခဲ့၏။ စစ်ကိုတားမြစ် တော်မူခဲ့၏။ | ၁၁။ | စစ်မက်ဝါသနာပါ၏ |
| ၁၂။ | ရန်ကိုရန်ချင်းမတုံ့လျှဉ်း နှင့်ဟုသည်းခံခြင်းတရား ကိုဟော၏ | ၁၂။ | ရန်တုံ့မှုရန်၊ လက်စားချေ ရန် အရေးတကြီးဟောခဲ့ ၏(ဝက်–၂၄၊၃၀) |
| ၁၃။ | သူသားအိမ်ယာ ပြစ်မှား ခြင်းကို လေးနက်စွာ အပြစ်ဆိုတော်မူ၏၊မိန်းမ များကို အမိဟူ၍သာ အမှတ်ဖြင့် ကြည့်ရမည် ဟု ဟောကြားခဲ့၏ | ၁၃။ | ယောက်ျားနှင့်တွေ့ဘူးသော မိန်းမဟူသမျှကိုသတ်၍ အပျိုစင်များကိုမသတ်ဘဲ သင်တို့အဖို့ သိမ်းယူငင်လော့ (တော–၃၀–၁၇–၁၈) |

| စဉ် | ဂေါတမဗုဒ္ဓ | | ဖန်ဆင်းရှင်(ထာဝရ) |
|---|---|---|---|
| ၁၄။ | ဆိုးသွမ်းသောသူတို့ကို ကောင်းအောင်ပြုပြင်ပြီး လျှင်ကရုဏာပွား၍ သနားတော်မူ၏၊ အမျက်ထွက်တော်မမူချေ | ၁၄။ | ဆိုးသွမ်းသောသူများကို အမျက်ထွက်၍နှိပ်စက်ခဲ့၏၊ ကောင်းအောင်မပြုဘဲ ငရဲသို့ ပို့ခဲ့၏(၉-၁၇)(၁-ရ-သ) |
| ၁၅။ | လူမျိုးမခွဲခြားဘဲ အားလုံး သောသက်ရှိသတ္တဝါတို့၏ တို့၏အကျိုးကိုသည်ပိုး ဆောင်ရွက်တော်မူလေ့ရှိ၏ | ၁၅။ | နာခေါင်းချွန်း၊ နွားခေါင်းပြား ခွဲခြားခဲ့၏။ဣသရေလ လူမျိုးတို့၏အကျိုးကိုသာ ဆောင်ရွက်၏ (ဝတ်-၂၀၊၂၁) |
| ၁၆။ | သစ္စဝါဒီ၊ဘူတဝါဒီဖြစ် တော်မူ၍အမှန်ကိုသာချစ် တော်မူလေ့ရှိ၏၊သတ္တဝါ တို့ကိုလှည့်စားတော်မူ လေ့မရှိ။ | ၁၆။ | သတ္တဝါတို့ မှသားနှင့် အမှားကိုယုံရန် လှည့်စားခဲ့ သည်၊ထိုလှည့်စားခဲ့သဖြင့် မှသား ယုံသူတို့ကို အပြစ် ပေးခဲ့၏ (၁-သက်-၂-၁၂-၁၂) |

| စဉ် | ဂေါတမဗုဒ္ဓ | | ဖန်ဆင်းရှင်(ထာဝရ) |
|---|---|---|---|
| ၁၇။ | သူ့အသက်သတ်ခြင်းကို မဆိုထားဘိ၊မိမိကိုယ်ကို ဥပမာပြု၍ မရိုက်မနှက်ရဟူ၍ပင်ဟောခဲ့သည်။ | ၁၇။ | အသက်သတ်ခြင်းကိုရိုးရိုး မဟုတ်၊ လည်ပင်းကို လိမ်ချိုးရမည်၊ပြန်မသွားစေရ။ (ဝက်–၅–၇) |
| ၁၈။ | လူတိုင်းမှာလွတ်လပ်ခွင့်ရှိ၏ဟု ဟောခဲ့၏ | ၁၈။ | ကျွန်မွေးမြူခြင်း၊ကျွန်းအရောင်းအဝယ်ပြုခြင်းကို သဘောတူ၏(တွ–၂၁) |
| ၁၉။ | မျက်နှာလိုက်ခြင်းမရှိ၊ သမာသမတ်ကျင့်တော်မူ၏၊ အခြားဘာသာဝင်များကို မုန်းတီးတော်မမူ | ၁၉။ | မျက်နှာလိုက်၍အခြား ဘာသာဝင်များကို မုန်း၏၊ ကျိန်ဆဲ၏၊ရဟူဒီများကိုသာ ကယ်တင်လိုစိတ်ရှိ၏ |
| ၂၀။ | မုသားပြောဆိုခြင်းကို အပြစ်ကြီးစွာပြု၍တားမြစ်တော်မူ၏ | ၂၀။ | လူသတ္တဝါတို့၏စိတ်အတွင်းသို့မုသားပြောဆိုစိတ်ကိုယ်ထည့်သွင်းပေးခဲ့၏ (၃၊၇၊၂၂၊၂၃) |

| စဉ် | ဂေါတမဗုဒ္ဓ | | ဖန်ဆင်းရှင်(ထာဝရ) |
|---|---|---|---|
| ၂၁။ | မိမိ၏ပယောဂပါစေ၍ သတ္တဝါကိုနာကျင်အောင် ပြုတော်မမူခဲ့။ | ၂၁။ | မိမိကိုယ်တိုင် ယာကုတ်နှင့် နပမ်းလုံးခဲ့၏၊ပေါင်ကျိုး အောင် ထိုးခဲ့၏ (က-၃၂၊၂၇) |
| ၂၂။ | မိမိကိုယ်တိုင်ဖြစ်စေ၊ ပယောဂပါ၍ဖြစ်စေ၊ သူတစ်ပါးအသက်သတ် မှုကို ဘယ်ခါမျှမပြုခဲ့။ | ၂၂။ | ဒါဝိတ်ကို သန်းခေါင်း စာရင်းကောက်ခိုင်းပြီးလျှင် လူ-၇၀၀၀၀ကိုသတ်ခဲ့၏ (၂-ရာ-၂၄-၁၅) |
| ၂၃။ | ဒေါသကို ဖယ်ရှားပြီး မေတ္တာကိုပွားစေ၏ | ၂၃။ | ဒေါသကြီး၏၊ဒေါသကြီး သောကြောင့်မောရှေ့က တောင်းပန်ရ၏ (တွ-၃၂၊၁၁) |
| ၂၄။ | ဘာသာအယူဝါဒကွဲပြားရုံ မျှမကမိမိဘာသာကိုစော် ကားလာသူအပေါ်မှာပင် မေတ္တာပွားရန် ဆုံးမ တော်မူ၏ | ၂၄။ | ညီအရင်းက အခြားဘုရား အကြောင်းကို ဟောလာ ပါက၊၎င်းကို အစ်ကို အရင်းက ရှေးဦးစွာ သတ်ရမည်-ဟုဆုံးမခဲ့၏ (တရား-၁၃၇၊၈၊၉) |

| စဉ် | ဂေါတမဗုဒ္ဓ | | ဖန်ဆင်းရှင်(ထာဝရ) |
|---|---|---|---|
| ၂၅။ | တစ်ဦးကိုမုန်း၍ တစ်ဦးကိုချစ်သည်မရှိ၊သတ္တဝါအားလုံးကို တစ်သားတည်းချစ်၏။ | ၂၅။ | ယာကုပ်ကိုချစ်၍ ဧသောကို မုန်းခဲ့၏၊ ယင်းကို မကောင်းသော လယ်မြေကိုပေးခဲ့၏(မ–၁၊၁၂၊၁၃) |

## ဂေါတမဗုဒ္ဓနှင့်ထာဝရမွေးဖွား
## ယေရှုခရစ်တို့၏ ခြားနားမှုများ

| စဉ် | ဂေါတမဗုဒ္ဓ | | ဖန်ဆင်းရှင်(ထာဝရ) |
|---|---|---|---|
| ၁။ | မိဘသုဒ္ဓေါဒန-မဟာ မာယာဒေဝီမွေးဖွားသော လူသားစစ်စစ်သား | ၁။ | ယောယပ်နှင့်မပြားမိက သန္ဓေအရင့်အမာရှိပြီး ဖြစ်၍ အဖေခေါ်စရာ မရှိဘဲ-မာရီမှမွေး၏ |
| ၂။ | အကျင့်သီလမဖေါက် ပြားသော မိကောင်းဖခင် ဘုရင်၏သား ဖြစ်ခဲ့၏ | ၂။ | အဖေတည်းဟူသော လက်သည်ရှာမရသဖြင့် အကျင့်ဖေါက်ပြန်သော အမိမှဖွားသောသား ဖြစ်ခဲ့၏ |
| ၃။ | အဥ္စနမင်း၏ သက္ကရာဇ် ၆၈-ခု၊ကဆုန်လပြည့်၊ သောကြာနေ့တွင် ဖွားမြင်သော ရက်,နှစ်,နေ့ အတိ အကွာရှိ၏ | ၃။ | အခြေမကျ နွားစာကျင်မှာ မွေးရသဖြင့် မွေးနေ့ မွေး ရက်မှတ်တမ်းမရှိ |

| စဉ် | ဂေါတမဗုဒ္ဓ | | ဖန်ဆင်းရှင်(ထာဝရ) |
|---|---|---|---|
| ၄။ | သဘာဝဓမ္မအရ သက်တော် (၈၀)ပြည့်သောအခါ ဘုရားရှင်တို့၏ ဣန္ဒြေဖြင့် တည်ကြည်စွာ ကုသိနာရုံပြည် အင်ကြင်းတောဥယျာဉ်၌ ပရိနိဗ္ဗာန်ပြုခဲ့၏ | ၄။ | မဟုတ်မမှန်လုပ်ကြံ ပြောဆိုမှုများကြောင့် သူခိုး၊ ဓါးပြတို့ကဲ့သို့ သူခိုးကြီး (၂)ယောက်အလယ်မှာ ကားစင်တင်ခံရပြီး အသတ်ခံခဲ့ရ၏ |
| ၅။ | သတ္တလောကရှိသတ္တဝါအပေါင်းတို့ကို ကယ်တင်ရန် ဖြစ်၏ | ၅။ | ဣသရေလခေါ်ရဟူဒီ တို့အတွက်သာဖြစ်၏၊ အခြားသတ္တဝါတို့ကို ကယ်တင်ရန် မဟုတ်။ (မ–၁၅၊၂၄) |
| ၆။ | သတ္တလောကအတွင်း အေးငြိမ်းခြင်းချမ်းသာတရားဖြစ်ပေါ်စေရန် ကြွလာတော်မူ၏ | ၆။ | ကမ္ဘာလောကအတွင်း အေးငြိမ်းခြင်းကို လွှတ်ရန်မဟုတ်ဘဲ၊ ဓားကို စေလွှတ်ရန်၊ အချင်းချင်း ကွဲပြားစေရန် ဖြစ်၏ (မ–၁၀၊၃၄၊၃၅) |

| စဉ် | ဂေါတမဗုဒ္ဓ | | ဖန်ဆင်းရှင်(ထာဝရ) |
|---|---|---|---|
| ၇။ | ခြောက်ကျိပ်သော တပည့်များကို သာသနာပြုစေလွှတ်ရာ၌ သတ္တဝါတို့၏ အကျိုးစီးပွားချမ်းသာဖြစ်စေရန်အတွက် မြတ်သောတရားကို ဟောကြားပြကြလော့-ဟုမိန့်မှာခဲ့၏ | ၇။ | တစ်ကျိပ်နှစ်ယောက်သောတပည့်များကိုစေလွှတ်ရာ၌ ဣသရေလလူမျိုးမှတစ်ပါး အခြားလူမျိုးများရှိရာ မြို့ပြပြည်ရွာများသို့ မဝင်ကြနှင့်-ဟုပြောဟောခဲ့၏(မ-၁၀၊၅၊၆) |
| ၈။ | သူလူ-ငါလူ စသည်ဖြင့် ဘယ်သောအခါမျှ လူမျိုးခွဲခြားသောစိတ်ရှိတော်မမူခဲ့ချေ။ ခွဲခြားသောစိတ်ကို ထင်ရှားစွာ ဖော်ပြခဲ့၏ | ၈။ | သူကိုအကူအညီတောင်းသော ဂရိမိန်းမတစ်ယောက်နှင့် တွေ့သောအခါ လူမျိုးခွဲခြားသောစိတ်ကို ထင်ရှားစွာ ဖေါ်ပြခဲ့၏(မာ-၇၊၂၆၊၂၇) |

| စဉ် | ဂေါတမဗုဒ္ဓ | | ဖန်ဆင်းရှင်(ထာဝရ) |
|---|---|---|---|
| ၉။ | တစ်စုံတစ်ယောက်ကို ကြောက်လန့်၍ မည်သည့်အခါမျှ လျှို့ဝှက်စွာ မသွားမလာခဲ့ချေ အင်္ဂုလိမာလကဲ့သို့ ဓားပြ ဗိုလ်ကလိုက်စေကာမူ မပြေးဘဲ သူ့ရသတ္တိကို ပြသခဲ့၏ | ၉။ | သူ့ကို ကျောက်ခဲနှင့်ပစ်သည်ရှိခဲ့သောအခါ မုန်းပြီးထွက်ပြေးခဲ့၏ (ယော-၈၊၅၉)ထာဝရ သားဟု ပြောသဖြင့် ဖမ်းမည်ဟု လိုက်သောအခါ ကိုယ်လွတ်ရုန်းပြေးခဲ့၏၊ သူ့ရဲဘောကြောင်ကြောင်း ထင်ရှားပြခဲ့၏ (ယော-၁၀၊၃၀) |
| ၁၀။ | မှန်သောတရားအတွက် မကြောက်မရွံ့ နောက်မတွန့်ဘဲ တိုးကြလော့၊ ဟောကြားလော့-ဟု မိန့်မှာခဲ့၏ | ၁၀။ | သင်တို့ကို ဤမြို့က တရားစွဲဆိုအံ့၊ အခြားမြို့သို့ ထွက်ပြေးကြလော့ဟု အမိန့်ပေးခဲ့၏ (မေ-၁၀-၂၃) |

| စဉ် | ဂေါတမဗုဒ္ဓ | | ဖန်ဆင်းရှင်(ထာဝရ) |
|---|---|---|---|
| ၁၁။ | ယထာဝါဒီ၊တထာကာရီ (ပြောသည့်အတိုင်း ပြုလုပ်လော့) ဂုဏ်နှင့် ပြည့်စုံတော်မူသဖြင့် ရန်သူ–မိတ်ဆွေမရွေး ချစ်ကြ၊ မိန့်ကြားထား သည့်အတိုင်း ကိုယ်တိုင် လည်း ရန်သူမိတ်ဆွေ မခွဲခြားဘဲ ချစ်တော်မူ၏ | ၁၁။ | ရန်သူများကို ချစ်ရမည် ဟုပြောဟောခဲ့သော်လည်း သူကိုယ်တိုင်ကမူ ရန်သူ များကို ကျိန်ဆဲခဲ့၏၊ သူ့ကိုမယုံကြည်သူများကို ခွေး၊ ဝက်၊ မြွေဆိုး၊ စာ တန်၊ စာတန်၏ သား၊ သမီးဟူသော ညစ်စုပ် သောအသုံးအနှုန်းတို့ဖြင့် သုံးစွဲခေါ်ဝေါ်ခဲ့၏ (လု–၈၃) |
| ၁၂။ | မိဘနှင့်အကိုမောင်နှမ တို့ကိုချစ်ရန် ဟောတော် မူခဲ့၏၊ | ၁၂။ | မိဘစသည်တို့ကို မုန်းရန် ပြောခဲ့၏၊(လု–၁၄၊၂၆) ကိုယ်တိုင်ကလည်း သူ့မ ယုံကြည်သူများကို မုန်း ခဲ့၏၊(လု–၁၉၊၂၇) |

| စဉ် | ဂေါတမဗုဒ္ဓ | | ဖန်ဆင်းရှင်(ထာဝရ) |
|---|---|---|---|
| ၁၃။ | ကမ္မဝါဒီဖြစ်၍ အလုပ်, လုပ်ခြင်းကို ချီးမွမ်းတော်မူ၏၊ ကောင်းသော အလုပ်ဖြင့် အသက်မွေးရန် မိန့်ကြားလမ်းညွှန်ခဲ့၏၊ | ၁၃။ | အလုပ်,လုပ်ခြင်းကို ရှုံ့ချ၏၊ နေ့စဉ် အစာရဖို့ ဆုတောင်းရမည်၊ နက်ဖြန်အဖို့ကြိုတင် ဆုတောင်းရမည် ဟုဟောခဲ့၏၊ (မာ-၆၊၁၁) (လု-၉၊၃) |
| ၁၄။ | ဗလိဒါန-ဟူသော သူ့အသက်ဖြင့်ယာစ်ပူဇော်ခြင်းကို ရှုံ့ချခဲ့၏၊ တားမြစ်ခဲ့၏ | ၁၄။ | သူကိုယ်တိုင်ပင် သက်ရှိသတ္တဝါတို့ဖြင့် ယာဇ်ပူဇော်ခဲ့၏(လု-၂၂၊၇) |
| ၁၅။ | မည်သည့်သတ္တဝါကိုမျှ ထိန်ဝှက်၍ တရားဟောတော်မမူခဲ့၊ မိမိတရားတော်ကို ရှင်းရှင်းနားလည်ကြစေရန် အတိအလင်း ဟောပြတော်မူခဲ့၏ | ၁၅။ | မိမိ၏အမျိုးအနွယ်ရဟူဒီတို့ကိုသာအတိအလင်း ဟော၍ အခြားသူများကိုမူ နားမလည်နိုင်အောင် လှည့်စား၍ ဟောကြားခဲ့၏ (မ-၁၃၊၁၃၊၂၅) |

| စဉ် | ဂေါတမဗုဒ္ဓ | | ဖန်ဆင်းရှင်(ထာဝရ) |
|---|---|---|---|
| ၁၆၊ | သူတစ်ပါးကို နာကျင်စေ<br>ကြောင်းဖြစ်သော ဓား,လှံ<br>စသည်တို့ကို အသုံးမပြုရ<br>ဟု တားမြစ်တော်မူခဲ့၏ | ၁၆။ | ဓားမရှိသောသူများသည်<br>မိမိ၏အဝတ်ကို ရောင်း၍<br>ဓားကိုဝယ်ကြလော့-ဟု<br>ပြောခဲ့၏(လု-၂၂၊၃၆) |
| ၁၇။ | ကမ္ဘာသူကမ္ဘာသားတို့အား<br>အလင်းရောင်,အသိဉာဏ်<br>ရစေရန် တရားပြသော<br>ပုဂ္ဂိုလ်များကို မည်သည့်<br>အခါမျှ မပုတ်ခတ်ခဲ့ပါ | ၁၇။ | သူမပေါ်ပေါက်မီက ပေါ်<br>ပေါက်ခဲ့သော ပုဂ္ဂိုလ်များကို<br>သူခိုး,ဓားပြများ-ဟု ပုတ်<br>ခတ်ပြောဆိုခဲ့၏<br>(ယော-၁၀၄၈) |
| ၁၈၊ | စာပေ-ပညာတတ်သူ<br>များကို အထူးအရေးပေး<br>ချီးမြှောက်ခဲ့၏ | ၁၈။ | စာပေ-ပညာတတ်သူများ<br>ကို ရှုံ့မှုန်း၍မြွေဆိုးတွေ၊<br>သီလကြောင်တွေ စသည်<br>ဖြင့် မဖွယ်မရာပြောဆိုခဲ့၏ |
| ၁၉၊ | ဣန္ဒြေမဲ့သောအလုပ်ကို<br>အမြဲရှောင်ကြဉ်တော်<br>မူ၏၊တရားသဖြင့် နူးညံ့<br>ပြေပြစ်စွာသာ ဟော<br>လေ့ရှိ၏ | ၁၉။ | အလွန်ဣန္ဒြေမဲ့သော အလုပ်<br>ကိုလုပ်ခဲ့၏၊တရားသဖြင့်<br>ပြောပြသင့်ပါလျက်<br>ဟိုဟာဒီဟာ ဆွဲလွှဲလွှင့်<br>ပစ်ခဲ့၏(မာ-၁၁၊၁၅) |

| စဉ် | ဂေါတမဗုဒ္ဓ | | ဖန်ဆင်းရှင်(ထာဝရ) |
|---|---|---|---|
| ၂၀။ | အရက်သေစာတို့ကို ကိုယ်တိုင်လည်း မသောက်သုံး၊ တပည့်နောက်လိုက် များကိုလည်းမသောက်ရန် တားမြစ်၏ | ၂၀။ | အရက်သေစာကို အလွန်ကြိုက်၏၊ တပည့်နောက်လိုက်များကိုသောက်ရန် အမိန့်ပေးခဲ့၏(ယော-၂) |
| ၂၁။ | အမဲ,သား,ငါးဟူသော သက်သတ်ခြင်းမှ ရှောင်ကြဉ်၏ | ၂၁။ | အမဲ,သား,ငါးတို့ကို ကိုယ်တိုင်ပင်သတ်၍ စားသောက်ခဲ့၏၊ တပည့်အတွက် ပြောဘွယ်မရှိပါ |
| ၂၂။ | ကိုယ်တိုင်ကျင့်ကြံစမ်းသပ်ပြီးသော တရားကိုသာ ဟောသဖြင့် ထိုအတိုင်း ကျင့်သူများ မဂ်-ဖိုလ်နိဗ္ဗာန်ရကြသည်မှာ မရေ မတွက်နိုင်လောက်အောင်များပြားလှ၏၊ နောင်အခါ၌လည်း ထိုအတိုင်း ကျင့်သူများ | ၂၂။ | ယေရှုကား သူမသိသောကောင်းကင်ဘုံကိုတန်းပြပြီး တရားဟောခဲ့၏၊ ကောင်းကင် ဘုံကျလာတော့မည်၊ ကမ္ဘာကြီးပျက်တော့မည် ဟု မမှန်သောချောက်လုံး၊ လှည်းလုံးတို့ဖြင့် ဟောစေကာမူ သူကိုယ်တိုင် ကောင်းကင်ဘုံသို့ရောက်သူ တစ်ဦး |

| စဉ် | ဂေါတမဗုဒ္ဓ | | ဖန်ဆင်းရှင်(ထာဝရ) |
|---|---|---|---|
| | အတိုင်းမသိ နိဗ္ဗာန် ရောက်ကြလိမ့်မည်။ | | တစ်ယောက်မျှ မပြနိုင်၊ ခရစ်ယံထိပ်သီး တမန်တော်ကြီးများပင် ယခု ဘယ်ရောက်နေသည်ကို မသိရ၊ အခြားသူတို့ကား ပြောဘွယ်ရာ မရှိပါ။ |
| ၂၃။ | သက်တော်(၈၀)ပြည့်၍ ခန္ဓာနာမ်–ရုပ်ချုပ်တော် မူသောအခါ မည်သို့မျှ မညည်းညူတော်ဘဲ ဘ၀အဆုံးသတ်တော်မူ ခဲ့၏ | ၂၃။ | သေအံ့ဆဲခဏ၌ အသံဆိုး ကြီးဖြင့် ကျွန်ုပ်ကို အဘ ဘုရား အဘယ်ကြောင့် မကယ်ဘဲ စွန့်ပစ်ထား သည်ဟုအော်ဟစ်ညည်းညူ ခဲ့၏၊ အကူအညီတောင်း ခဲ့၏။ |
| ၂၄။ | သက်တော်(၈၀)ပြည့် အောင်နေခဲ့ရပြီး အသေ ကောင်းဖြင့် သေရ၏ | ၂၄။ | အသက်(၃၃)နှစ်သာ နေရ ပြီးအသေဆိုးဖြင့် သေရ၏ |

| စဉ် | ဂေါတမဗုဒ္ဓ | | ဖန်ဆင်းရှင်(ထာဝရ) |
|---|---|---|---|
| ၂၅။ | မြင့်မြတ်ယဉ်ကျေးသော တရားကိုဟောပြ၍ ဖြောင့်တန်းသော လွတ်မြောက်ရာလမ်းကို ပြခဲ့သည် | ၂၅။ | ယုတ်နိမ့်ရိုင်းစိုင်းသော တရားကိုဟော၍ ကောက်ကွေ့သောလမ်း၊ကျွန်ဖြစ်သောလမ်းကို ပြောပြခဲ့၏ |

## ဂေါတမဗုဒ္ဓ၏တရားသဘောနှင့်ဖန်ဆင်းရှင် (ထာဝရ)ဘုရားတို့၏တရားသဘောများခြားနားမှုများ

| စဉ် | ဂေါတမဗုဒ္ဓဘုရား | | ထာဝရနှင့်ယေရှုတရား |
|---|---|---|---|
| ၁။ | အတတ်ပညာအသိကို လက်ခံသည် | ၁။ | ဖန်ဆင်းရှင်ကိုသာ လက်ခံသည် |
| ၂။ | ဘုရားကိုယ်စားလှယ် မရှိ၊ လက်မခံ၊ | ၂။ | ဘုရားရှင်ကိုယ်စားလှယ်ရှိ၊ လက်ခံ |
| ၃။ | အကြောင်းကြောင့် အကျိုး ဖြစ်လက်ခံ | ၃။ | လက်မခံ၊ဖန်ဆင်းရှင် ကြောင့်ဖြစ်ဟု လက်ခံ |
| ၄။ | အလုပ်(ကံ) အကျိုးကြောင့် သတ္တဝါများ မတူ၊ ဂုဏ် ရည်ကွဲပြားမှုကို လက်ခံ | ၄။ | လက်မခံ၊ ဖန်ဆင်းရှင် အလိုဆန္ဒသာလက်ခံ |
| ၅။ | အတင်းအကြပ် ပြုလုပ် ရန် အမိန့်ပေးမှုမရှိ | ၅။ | အတင်းအကြပ်ပြုလုပ်ရန် အမိန့်ပေးမှုရှိ |
| ၆။ | ဝေဘန်ခံသည်၊စမ်းသပ်ခံ သည် | ၆။ | ဝေဘန်မခံ၊ စမ်းသပ်မခံ |

| စဉ် | ဂေါတမဗုဒ္ဓဘုရား | | ထာဝရနှင့်ယေရှုတရား |
|---|---|---|---|
| ၇။ | ရုပ်–နာမ်ခွဲခြားဟောကြား | ၇။ | ရုပ်နာမ်ခွဲခြားဟောမှုမရှိ |
| ၈။ | ဝိရိယကြောင့် ဥစ္စာ၊ ပညာ၊ အာဏာရသည်ကို လက်ခံ | ၈။ | ဖန်ဆင်းရှင်ကြောင့်ရသည်ဟု လက်ခံ |
| ၉။ | စိတ်၊စေတသိက်၊ရုပ်ကို ခွဲပြထား | ၉။ | ထိုသို့ ခွဲပြမှုမရှိ |
| ၁၀။ | ကံ၊စိတ်၊ဥတု၊အာဟာရကြောင့် လောကနှင့် သတ္တဝါများ ဖြစ်သည် | ၁၀။ | ထိုသို့လက်မခံ၊ဖန်ဆင်းရှင်ကြောင့်ဖြစ်သည်ဟု လက်ခံ |
| ၁၁။ | လောကီ၊လောကုတ္တရာကျင့်စဉ်နှင့် အကျိုးလမ်းညွှန်မှုရှိ | ၁၁။ | မရှိ၊ ဖန်ဆင်းရှင်အလိုအရသာရှိ |
| ၁၂။ | သစ္စာလေးပါး၊မဂ္ဂရှစ်ပါး ကျင့်စဉ်ရှိ | ၁၂။ | ထိုတရားများ မရှိ |

| စဉ် | ဂေါတမဗုဒ္ဓဘုရား | | ထာ၀ရနှင့်ယေရှုတရား |
|---|---|---|---|
| ၁၃။ | အဘိဓမ္မတရားရှိ | ၁၃။ | ထိုတရား လုံး၀မရှိ |
| ၁၄။ | သမထ,ဝိပဿနာ ကျင့်စဉ် ရှိ | ၁၄။ | ထိုကျင့်စဉ်များ မရှိ |
| ၁၅။ | ဒါန,သီလ,ဘာ၀နာ ရှိ | ၁၅။ | ဒါန,သီလသာရှိ၊ ဘာ၀နာ မရှိ |
| ၁၆။ | အနတ္တ(မမြဲ) | ၁၆။ | အတ္တ(ထာ၀ရ)ဘုံရှိ လက်ခံ |
| ၁၇။ | အလုံးစုံသိသူ(သမ္မာသမ္ဗုဒ္ဓ) ဟု ၀န်ခံ | ၁၇။ | ထိုသို့ ၀န်ခံမှု မရှိ |
| ၁၈။ | တရားအကျိုးလက်တွေ့ ခံစားနိုင်မှု ရှိ | ၁၈။ | တရားအကျိုးမရှိ ဖန်ဆင်းရှင် အလိုအရသာရှိ |
| ၁၉။ | မိမိစိတ်,မိမိကြိုးစားမှုကို သာ လက်ခံ | ၁၉။ | မိမိစိတ်,မိမိကြိုးစားမှုကို လက်မခံ၊ ဘုရားသခင် အလိုအရသာ ဖြစ်သည်ဟု လက်ခံ |

## (င) ဘာသာအယူဝါဒတို့အပေါ် ပညာရှင်များ၏ အမြင်များ

ဤကမ္ဘာပေါ်တွင် ပေါ်ထွန်းခဲ့သော အကြောင်းအကျိုး ဝါဒရှင်–ဂေါတမဗုဒ္ဓ၏ အယူအဆနှင့် ဖန်ဆင်းရှင်တို့၏ဝါဒ အယူအဆများနှင့်ပတ်သက်၍ ဘာသာရေးပညာရှင်, သိပ္ပံပညာ ရှင်တို့၏အမြင်ကို လေ့လာကြည့်သင့်ပါသည်။

ဖန်ဆင်းရှင်နှင့်ပတ်သက်၍ ရာဇဝင်ဆရာကြီး အိပ်ချ်ဂျီ ဝါလ်စ်()က–

"အနန္တတန်ခိုးတော်ရှင်–ဖန်ဆင်းရှင်သည် တကယ် ထင်ရှားရှိ၍ ဤကမ္ဘာလောကအတွင်း၌ တိုက်ခိုက်နေကြသော စစ်ပွဲများ၊ သေကြေပျက်စီးခြင်းမှာ စစ်နှင့်ပတ်သက်သော ကြောက်မက်ဖွယ်လန့်ဖွယ်များကို တားဆီးခြင်းငှာ တတ်နိုင်သော သတ္တဝါရှိပါလျက်နှင့် တမင်ဓိမ်ခံပြီး ကြည့်နေခဲ့သည်ဆိုလျှင် ကျွန်ုပ်သည် ထိုဖန်ဆင်းရှင်၏ အဖုံးအကာမရှိသောမျက်နှာကို တံတွေးနှင့် ထွေးမည်အမှန်ဖြစ်သည်"သည်ဟု ဆိုခဲ့ပါသည်။

(MR.BRITTLIN0SEES-THROUGE)

တစ်ဖန်အမေရိကတိုက်မှ ယူနစ်တာရိယံခရစ်ယံဓမ္မတရား သီအိုဒိုပါကားက–

"ဖန်ဆင်းရှင်(ထာဝရ)သည် ခဏခဏစိတ် ပြောင်းလဲ တတ်၏။ လက်စားချေတတ်၏၊ အလွန်အကြူး ဒေါသကြီး၏၊ ဖန်ဆင်းရှင်(ထာဝရ)သည် အမျက်နှာဒေါသထွက်လွယ်၏၊

အဆမတန် ရက်စက်ကြမ်းကြုတ်၏၊ မိမိ၏အချစ်တော် ရဟူဒီ လူမျိုးကိုပင် တစ်ခါတစ်ရံ စိတ်ဆိုး၏၊ တစ်နေ့သော် ဖန်ဆင်းရှင် (ထာဝရ)လူအပေါင်းတို့၏ ဦးခေါင်းကိုဖြတ်၍ ငါ့အား ပူဇော်လော့ ဟု မောရှေအားပြောခဲ့သတတ်”ဟု ဆိုထားပါသည်။

ခရစ်ယံပါဒရီစီး(န်)အင်းဂျိတ်က ကမ္ဘာမြေပေါ်ရှိ သတ္တဝါနှင့် ဖန်ဆင်းရှင်၏ဆက်ဆံပုံသည် ယခုကျွန်ုပ်တို့ တွေ့မြင်ရသမျှသာအကုန်မြင်ခဲ့လျှင် ထိုဖန်ဆင်းရှင်သည် မိမိလုပ်ငန်းရှိ ဖြောင့်မှန်ခြင်း, ရိုးသားခြင်းတရားတို့ကို များစွာအလေးမပြုကြောင့် ထင်ရှားလှသည်။

(THE TAITH AND THE WAP)

ခရစ်ယံဝါဒ၌ အယူသီးခေါင်းမာသော ခရစ်ယံဘုန်းကြီး ဂျီ-အေစတုဒါတ်ကင်နက်ဒီ (TEV.G.A STRDENT KENNEDY)က-

“ခရစ်လက်ထက်မှစ၍ နှစ်ပေါင်း(၂၀၀၀) ရာဇဝင်သည် မဲမှောင်၍ ကြောက်လန့်ဖွယ်ဖြစ်ခဲ့၏၊ ထိုကြောက်မက်ဖွယ် အခြင်းအရာနှင့်ပတ်သက်သောအချက်တို့ကို လည်းကောင်း၊ အဆုံးမရှိတိုက်ခိုက်နေသောစစ်တို့ကို လည်းကောင်း၊ ဖိနှိပ်ခြင်း, တရားစွဲဆိုခြင်း,ရက်စက်ခြင်း,လိမ်လည်ခြင်းတို့ကိုလည်းကောင်း ပြည့်စုံအောင်ဖော်ပြရန် စကားလုံးမရှိတော့ပြီး ခရစ်လက်ဝါးကပ်တိုင်ကို အလံထူ၍ မြို့ရွာများကို တိုက်ခိုက်ဖျက်ဆီးရန်၊ မီးရှို့ရန်၊ မိန်းမသားများကိုသတ်ရန် ကလေးများကို စွန့်ပစ်ရန်,ကောင်းမွန်လှပသောအရာဝတ္ထုများကို ချေမှုန်းပစ်ရန် လူအပေါင်းတို့ ချီတက်ကြလေသည်”ဟု ဆိုခဲ့သည်။

ဟာဘတ်(စ်)စပင်းဆာ(HARBVS SPENZ)ဆိုသော ပုဂ္ဂိုလ်က သူ၏အတ္ထုပ္ပတ္တိရေးသားရာ၌-

"သမ္မာကျမ်းစာပါ" ခြိမ်းခြောက်ချက်များ၊ ဂတိပေးချက်များ အနည်းငယ်မျှ အကျိုးမရှိပုံ၊ မမှန်ကန်ပုံနှင့်တကွ ဥရောပတိုက်၏ရာဇဝင်လည်း ရာဇဝတ်မှုတည်းဟူသော သွေးအလိမ်းလိမ်းလူးပေးခဲ့ရသည်"ဟု ရေးသားခဲ့သည်။

ဒေါက်တာဂျေအက်စ်လင်ကာပင်းတား (J.S.Lenta)က-

"ဗုဒ္ဓဝါဒသည် ဘာသာရေးစစ်တိုက်ခြင်းကို မိမိတို့၏နိုင်ငံခြားစနစ်တစ်ခုပြုလုပ်ထားသော (ဝါ)မြို့ရွာရေးရာ၌ အာဏာတန်ခိုးအရှိန်အဝါယူထားသော ယုတ်မာသောရဟန်းမင်းတို့၏ဝါဒကဲ့သို့ စစ်မက်တိုက်ခိုက်ခြင်းကို ဘယ်အခါမျှ အားမပေးခဲ့ချေ"ဟု ရေးသားခဲ့သည်။

ရိုက်(စ်)ဒေးဗစ်က "ဗုဒ္ဓဝါဒသည် ဘာသာရေးစစ်ပွဲများကို ဘယ်သောအခါမျှ မတိုက်ခဲ့၊ သွေးတစ်စက်မျှ မယိုစီးစေခဲ့၊ အခြားဘာသာများကို ဘယ်သောအခါမျှ မနှိပ်စက်ခဲ့၊ ဗုဒ္ဓဘာသာဂိုဏ်းတစ်ခုသည် အခြားဂိုဏ်းတစ်ခုကို ဘယ်သောအခါမျှ မဖိစီးမနှိပ်စက်ခဲ့"ဟု ကိုယ်တိုင်ဝန်ခံ ရေးသွားခဲ့သည်။

၂၀၁၂-ခု

ခရစ်ယံဆရာကြီး အေဒွက်ဂရီ(န်)လီးက-

"ခရစ်သက္ကရာဇ်အစမှစ၍ ၁၅၀၀၀ တိုင်အောင် မှတ်သားထားသော ခရစ်ဝါဒ ရာဇဝင်စာအုပ်ပါ စာရွက်များသည် သွေးအလိမ်းလိမ်းလူးကျံ၍ မီးလောင်ကွက်များဖြင့် ပြည့်နှက်လျက်

ရှိခဲ့သည်၊ အကြောင်းကား တစ်ခေတ်ပြီးတစ်ခေတ် သူတစ်ပါး နိုင်ငံသို့ဝင်ရောက်တိုက်ခိုက်ခြင်းများ၊ အပြစ်မဲ့သူများကို အစုလိုက် အပြုံလိုက်သတ်ခြင်းများ၊ ဘာသာရေးစစ်ပွဲများ၊ ဘာသိုလိုမြူနေ့ များ (Bartholomew Days)၊ မြို့ရွာများကို ဖျက်ဆီးခြင်းများ၊ အနှစ်(၃၀)တိုက်သောစစ်ပွဲများ၊ ရဟူဒီထောင်ခြင်းများ(Jew Baritings) စုန်းများကို မီးရှို့သတ်ခြင်းများ၊ ဘာသာရေးနှိပ်ကွပ် သောဥပဒေများ (Ingulations) ညှင်းပန်းနှိပ်စက်မှုများ ဤသို့ စသောအားဖြင့် များပြားလှသော မတရားမှုများသည် အဆုံးမှ ရှိပါဦးမည်လားဟု ထင်မြင်ရလေသည်”
ဟု ဆိုခဲ့သည်။

ဗုဒ္ဓဂေါတမ၏ဝါဒအယူအဆနှင့်ပတ်သက်၍ သိပ္ပံပညာ ရှင်များ၏ ဘိုအေကြီးအိုင်စတိုင်နှင့် ဘာသာအသီးသီးဝင်တို့၏ ခေါင်းဆောင်များ၏ ဘေဖန်သုံးသပ်ချက်များကို လေ့လာသင့်ပါ သည်။ ကမ္ဘာ့သိပ္ပံပညာရှင်ကြီးအိုင်စတိုင်က-

## Cosmic Religion

The religion of the furture will be a cosmic religion. It should transcend a personal God and avoid dogmas and theology. Covering both the natural and the sparitual. It should be based on a religious sense arising from the experience of all things, natural and spritual and a meaning full unity.

Buddhism answers thins deseriation,if there is any religion that would cope with morderm,scientifice needs. It would be Buddhism.

Dr.ALBERT.EINSTEIN
THeGREATEST SCIENTIST

## စကြာဝဠာကိုးကွယ်မှုဘာသာ

နောင်တစ်ချိန်မှာ စကြာဝဠာတစ်ခုလုံးကိုးကွယ်ကြသည့် ဘာသာရေးတစ်ခုဖြစ်ပေးလာလိမ့်မည်၊ ထိုဘာသာတရားသည် ထာဝရဘုရားအယူအဆကို လွှမ်းမိုးသွားလိမ့်မည်၊ တစ်ယူသန်ဝါဒ၊ တရားသေဝါဒများကိုလည်း ရှောင်လွှဲနိုင်လိမ့်မည်၊ သဘာဝတရားနှင့်ဘာသာတရားနှစ်ခုလုံးကို လွှမ်းခြုံမိသည့် ဤဘာသာတရားသည် ရုပ်–နာမ်နှစ်ပါးကို ကိုယ်တွေ့ခံစားသိမြင်မှုနှင့် အစိပ္ပါယ်ပြည့်ဝသည့် ပေါင်းစည်းညီညွတ်မှုပေါ်မှာ အခြေခံလိမ့်မည်၊ ဤအချက်အလက်များကို ဗုဒ္ဓဘာသာက အဖြေထုတ်ပေးလိမ့်မည်၊ အကယ်၍သာ ခေတ်သစ်သိပ္ပံနည်းကျ လိုအပ်ချက်များကို အဖြေထုတ်ဖြည့်ဆည်းပေးနိုင်မည့် ဘာသာတရားတစ်ခု ရှိလာမည်ဆိုလျှင် အဲ့ဒီဘာသာတရားသည် ဗုဒ္ဓဘာသာပင် ဖြစ်လိမ့်မည်။

ဒေါက်တာ - အယ်လ်ဘတ်အိုင်းစတိုင်
ကမ္ဘာကျော်သိပ္ပံပညာရှင်ကြီး

အိုင်စတိုင်သည် သိပ္ပံပညာရှင်ဖြစ်သဖြင့် သိပ္ပံနည်းကျ စနစ်တကျလေ့လာသည်၊ ဘာသာအယူဝါဒတို့၏အဆိုအမိန့်ကို သိပ္ပံနည်းကျ ဆန်းစစ်လေ့လာသုံးသပ်ခဲ့သည်။ သိပ္ပံပေတံဖြင့် တိုင်းထွာကြည့်သောအခါ သူ့အတွက် သံသယဝင်စရာအကွက်များကို စတင်တွေ့ရှိလာခဲ့သည်။ သို့သော် သူသည် မိမိ၏ တွေ့ရှိချက်များကို ထုတ်ဖော်မပြခဲ့ပေ။

သူသည် နောက်ဆုံးတွင် ဗုဒ္ဓဝါဒကို လေ့လာခဲ့သည်၊ ဗုဒ္ဓဝါဒကို လေ့လာပြီးသောအခါ သူ၏သံသယစိတ်တို့သည် ပျောက်ကွယ်ခဲ့သည်။ ဗုဒ္ဓဝါဒ၏အဆိုအမိန့်တို့ကို အားရခဲ့သည်။ သူသည် ဗုဒ္ဓဘာသာ ဝင်အဖြစ်သို့ ကူးပြောင်းမှုမပြုခဲ့သော်လည်း ဗုဒ္ဓဘာသာဝင်၏သွန်သင်မှုများကို လိုက်နာခဲ့သည်၊ ဗုဒ္ဓဘာသာသည် ဤကမ္ဘာ ဤစကြာဝဠာတစ်ခုလုံးတွင် အကောင်းဆုံး၊ အမှန်ဆုံး၊ သဘာဝအကျဆုံးဘာသာတစ်ရပ်ဖြစ်သည်ဟု သူယူဆခဲ့သည်။

သိပ္ပံပညာရှင်တို့မည်သည် မိမိတို့လေ့လာမှုနယ်ပယ်တွင် အမှန်တကယ်တွေ့ရှိရသောအဖြစ်မှန်တို့ကို ရဲဝံ့စွာ ထုတ်ဖော်ရဲကြသည်၊ မိမိ၏ အယူအဆအစွဲအလမ်းတို့သည် သိပ္ပံနည်းကျ အဖြေမှန်များ မဟုတ်ကြပါက စွန့်ပယ်ရဲသောသတ္တိရှိသူ, ယုံကြည်ချက်ခိုင်မြဲသူများ ဖြစ်ကြသည်။

သို့ဖြစ်၍ ဒေါက်တာအယ်လ်ဘတ်အိုင်စတိုင်သည် သိဒ္ဓတ္ထသည် ဆရာဥဒကနှင့်အာဠာရထံမှရသော ကျင့်စဉ်များသည် သံသရာမှလွတ်မြောက်ရာမဟုတ်ဟုဆိုကာ ဆရာအာဠာရ

နှင့်ဥဒကကိုစွန့်လွှတ်ပြီး ရှုးစမ်းမှုအသစ်ရှာသကဲ့သို့ မိမိကိုးကွယ်သောဘာသာ၏ မျက်နှာငဲ့ကွက်မှုမရှိဘဲ ဗုဒ္ဓဘာသာသည် ကမ္ဘာတစ်ရပ်လုံး ကိုးကွယ်ရမည့်ဘာသာကြီးဖြစ်လိမ့်မည်ဟု ကြိုတင်ဟောကိန်းထုတ်ခဲ့သည်။

၂၀၀၉ ခုနှစ်၊ ဆွစ်ဇလန်နိုင်ငံ၊ ဂျနီဗာ၌ ဘာသာပေါင်းစုံဘာသာရေးသုတေသီ ၂၀၀ ကျော်တို့ တက်ရောက်ဆွေးနွေးခဲ့ကြသည်။ နောက်ဆုံး ကမ္ဘာ့အကောင်းဆုံးဘာသာရွေးချယ်ရာတွင် ကမ္ဘာပေါ်တွင် ဗုဒ္ဓဘာသာသည် အကောင်းဆုံးဘာသာအဖြစ်ရွေးချယ်ခဲ့ကြသည်။

ရွေးချယ်မဲပေးသော ဘာသာရေးခေါင်းဆောင်များကို စုံစမ်းမေးမြန်းရာ၌ ဂျူးနှင့်ခရစ်ယာန်ဘာသာ ခေါင်းဆောင်က ဗုဒ္ဓဘာသာသည် စိတ်အေးချမ်းမှုကို လက်တွေ့ရနိုင်သောဘာသာဖြစ်၍ မဲပေးပါသည်ဟု ဆိုသည်။

အစ္စလာမ်ဘာသာဝင်ခေါင်းဆောင်ကမူ ကမ္ဘာ၌ ဗုဒ္ဓဘာသာသည် စစ်ပွဲဆိုသည်ကို ယနေ့အထိ တစ်ခါမျှမဖြစ်ခဲ့ဘူး၍ထောက်ခံသည်ဟု ဆိုပါသည်။

ဗုဒ္ဓဂေါတမသည် (၄၅)ဝါလုံး သူ၏တရားတော်များ၊ နည်းပေးလမ်းပြများကို ပုဂ္ဂိုလ်အလိုက် ဒေသအလိုက် ဟောကြားခဲ့သည်။ ဗုဒ္ဓဂေါတမ ပရိနိဗ္ဗာန်စံဝင်ပြီး၍ (၃)လအကြာတွင် အရှင်မဟာကဿပ စသော ပဋိသမ္ဘိဒါပတ္တရဟန္တာ(၅၀၀)တို့က ထိုဗုဒ္ဓဂေါတမ ဟောကြားခဲ့သောတရားတော်များကို စုစည်းထားခဲ့ကြပြီး ဝိနယ,သုတ္တန္တ,အဘိဓမ္မ ဟူ၍ ပိဋကတ်အားဖြင့်(၃)ပုံ၊

ဒီဃနိကာယ်, မဇ္ဈိမနိကာယ်, သံယုတ္တ နိကာယ်, အင်္ဂုတ္တရနိကာယ်, ခုဒ္ဒကနိကာယ်ဟူ၍ နိကာယ်(၅)ဖြင့် အတိအကျ ပိုင်းခြားထား ပေးခဲ့ပါသည်။

ထိုဗုဒ္ဓဂေါတမ၏ဝါဒတို့တွင် ဗုဒ္ဓဂေါတမလက်ထက်မှစ၍ နှစ်ပေါင်း(၂၅၀၀)အတွင်း၌ ဗုဒ္ဓဘာသာတို့၏ နိုင်ငံရာဇဝင်များ၌ အထက်ကြောက်မက်ဖွယ်,လန့်ဖွယ်စစ်ပွဲများ,လူသတ်ပွဲများ, ညှင်းဆဲမှုများ မတွေ့ရပါပေ။

ဖန်ဆင်းရှင်တို့၏ ဓမ္မသစ်-ဓမ္မဟောင်းကျမ်းတို့ကား ထိုကဲ့သို့ စနစ်တကျ ပညာရှင်များညှိနှိုင်းစုဝေးပြီး စုစည်းထားမှုမျိုးမဟုတ် သူတစ်မျိုး-ငါတစ်ဖုံ ရေးသားစုစည်းထားမှု ဖြစ်သည်။

ဓမ္မဟောင်းကျမ်းပါ အစဦး(၅)ကျမ်းကို မောရှေ့ရေးသည် ဟု ခရစ်ယံတို့ကပြောပြီး၊ ထိုအတိုင်း ယုံကြည်လာခဲ့ပါသည်။ သို့သော် ထိုအတိုင်းမဟုတ်ပါချေ၊ မောရှေသေပြီးနောက် မောရှေ၏ တပည့်များသေပြီးနောက် နှစ်ပေါင်းများစွာကြာမှ ယင်းကျမ်းများကို ရေးသားခဲ့ပါသည်။ ရေးသူသည် တစ်ဦးတည်း မဟုတ်ပါ။

ယခုအခါ ဆင်ခြင်ဉာဏ်ရှိသော ပညာရှင်တို့သည် ယင်းငါးကျမ်းကိုစီရင်သူမှာ မောရှေမဟုတ်ကြောင်း သိကြလေပြီ၊ အကြောင်းမှာ-

(၁) ယင်းကျမ်းတို့သည် မောရှေထင်ရှားရှိစဉ်အခါမှာ မရှိခဲ့သော မြို့ပြများ၏အမည်များကို ဖော်ပြထားသော ကြောင့် လည်းကောင်း၊

(၂) မောရှေသေပြီးနောက် နှစ်ပေါင်းများစွာ ကာလကြာညောင်းသောအခါမှ သွန်းလုပ်သောဒဂုံါးများကို ဖေါ်ပြထားသောကြောင့်လည်းကောင်း၊

(၃) ထိုပြင် သဲကန္တာရ၌နေသောသူတို့နှင့်မသင့်လျော်သော လယ်ယာစိုက်ပျိုးရေး ဥပဒေ,သဲကန္တာရ၌မရှိသော နွား,သိုး, ကျိုးတို့ဖြင့် ယာဇ်ပူဇော်သော ဥပဒေတို့ကို ဖေါ်ပြခဲ့သောကြောင့် လည်းကောင်း၊

(၄) သဲကန္တာရ၌ မဖြစ်နိုင်သော လယ်ယာစိုက်ပျိုးခြင်း၊ စပါးရိတ်သိမ်းခြင်း၊ နယ်ခြင်းတို့ကို လည်းကောင်း ဖော်ပြထား၍ ဖြစ်ပါသည်။

ဤသို့ဖြစ်သော ယင်း(၅)ကျမ်းကို ရေးသားသူလက်သည် ရှာမရတော့ချေ၊ ဤသို့မတွေ့သဖြင့် ဤကျမ်းများသည် မရေမရာ လုပ်ဇာတ်ကျမ်းများသဘော ဖြစ်နေပါသည်။

ယေရှုအမည်ရှိသောသူသည် ယင်း၏အမည်တပ်ထားသော "မှတ်စာ"ကို ရေးသားသူမဟုတ်ပါချေ။ အကြောင်းမှာ သူရေးသောကျမ်း၌ သူသေပြီးမှဖြစ်ပျက်သော အကြောင်းအရာများပါနေသောကြောင့် ဖြစ်ပါသည်။

အလားတူ တရားသူကြီးအမည်ပါ ကျမ်းများကို မည်သူရေးသည်ဟု သိသူမရှိချေ၊ ထိုတရားသူကြီးများမရှိသည်နောက် နှစ်ပေါင်းများစွာကြာမှ တိုကျမ်းများကို ရေးသူဟုသိကြလေသည်။

ထိုပြင် ရှာသဝတ္ထုနှင့် ၁၇၀–၂၀၀ တို့ကို မည်သူရေးသည်ဟု မသိပါ၊ ဆင်မြူရယ်(လ်)ဆိုသူ မရေးကြောင်း ထင်ရှားပါ

သည်။ အကြောင်းမှာ ၁–၇၁ အခန်း(၂၅)၌ ဆင်မြူရယ်(လ်) သေသောအကြောင်းကို ဆင်မြူရယ်(လ်)ကိုယ်တိုင်က ရေးသား ထားသောကြောင့် ဖြစ်ပါသည်။

အလားတူ ၁၇၁ မှ ၄၇၁၊ (၅၀၀) (၆၀၀)ရေးသူတို့ကို လည်း သေချာစွာ မသိရပါချေ။

ဒါဝိဒ်သည် ဆာလံကျမ်းပြုဆရာ မဟုတ်ပါ။ အကြောင်း မှာ– ယင်းကျမ်း၌ (coputrity)က ဖမ်းဆီးချုပ်နှောင် သောအချိန်ကာလကို ဖော်ပြ၏၊ ထိုအရေးအသားသည် ဒါဝိဒ် သေပြီးနောက် နှစ်ပေါင်း ၅၀၀ လောက်ရှိသောကြောင့် ဖြစ်ပါ သည်။

ရှောလမွန်သည် သုတ္တန်ကျမ်းနှင့်ရှောလမွန် သီချင်းကို ရေးသားစီရင်ခဲ့သူမဟုတ်ပါ၊ မောရှေယလည်း ယင်း၏အမည် တပ်ထားသော အနာဂတ္တိကျမ်းကို ရေးသားသူမဟုတ်၊ ယောသတ် ကို မည်သူရေးသည်ဟု မည်သူမျှ အတတ်မပြောနိုင်ချေ။

ဂေထာနှင့်ဒေသနနာကျမ်းကိုပြုသော စာရေးဆရာ၏ အမည်လည်း တိမ်မြုပ်နေသဖြင့် မည်သူမျှ မဖော်ထုတ်နိုင်ပါ၊ ဧရကျမ်းမှတစ်ပါး အခြားဓမ္မဟောင်းပါကျမ်းတို့ကို ရေးသားသူ၏ အမည်ကို သေချာရေရာစွာ သိရှိသူမပေါ်ပေါက်သေးပါ။

ဂေါထာကျမ်း၌ ဖန်ဆင်းရှင်ကို အရိပ်အမြွက်မျှပင် မဖော်ပြသလို ရှောလမွန်သီချင်း၌လည်း ဖန်ဆင်းရှင်ကို အရိပ်အမြွက် မျှပင် မဖော်ပြပါချေ။ ဖန်ဆင်းရှင်ကို မရည်ညွှန်းပါ။ ဒေသနာ ကျမ်းကို ရေးသူသည်လည်း ခရစ်ယံမဟုတ်ပါ၊ ထို့ကြောင့်

ခမ္မဟောင်းကျမ်းသည် ယုတ္တိကင်းမဲ့ပါသည်။ ရက်စက်သည် မဖြစ်နိုင်သည်များကို ရေးသားထားသောကျမ်းဟု ဆိုကြပါသည်။

ထိုကျမ်းကို ခရစ်ယံတို့က ဖန်ဆင်းရှင်၏ နှုတ်ထွက်ဟု ယုံကြည်ကြလေသည်။ အမွှန်းတင်ထားကြသည်၊ သို့သော် ရဟူဒီတို့ကိုယ်တိုင်ကမူ ခရစ်သေပြီးနောက် နှစ်ပေါင်း(၁၀၀)ကျော်ရောက်သောအခါကျမှသာ ဘယ်ကျမ်းမှ မမှန်ဆိုသောအချက်ကို ဆုံးဖြတ်ကြလေသည်။

သို့သော် ရဟူဒီအများစုကမူ ဖန်ဆင်းရှင်၏နှုတ်ထွက်အစစ်ဟု ဆုံးဖြတ်ထားသော ခမ္မဟောင်းကျမ်းမှ များစွာသောကျမ်းတို့ကို ဂျိုစက်ဖင်စိ(Josephus)မည်သောပုဂ္ဂိုလ်က ဖယ်ထုတ်ခဲ့လေသည်။

ယခုခေတ်မှာပင် ဘုရင်ဂျီခရစ်ယံတို့၏ကျမ်း၌ စောင်ရေ(၇၂)ရှိ၍ ပရိုစတင့်ကျမ်း၌ စောင်ရေ(၆၆) ရှိလေသည်။

ဤသည်တို့ကိုထောက်ကာ ခရစ်ယံတို့၏ ခမ္မဟောင်းကျမ်းသည် မရေမရာ၊ မသေမချာသောစာ ဖြစ်လေသည်။

ခမ္မသစ်ကို ဘယ်သူရေးသည်ဟူသော ပြဿနာကို ခရစ်ယံဝါဒီပညာရှိတို့ကမူ ဘယ်သူရေးသည် မသိဟု ရိုးသားစွာ ဝန်ခံကြသည်။

ပညာမဲ့သူများကတော့ မသဲ, လုကာ, မာဟု, ယောဟံ တို့ ရေးသည်ဟု ယုံကြည်နေကြသည်။

ထိုပုဂ္ဂိုလ်လေးဦးတို့ ရေးခဲ့သည်မှန်လျှင် ဟေဗြဲဘာသာနှင့် ရေးခဲ့ရာ၏၊ သို့သော် ဟေဗြဲဘာသာနှင့်ရှိသော ခမ္မသစ်မူ

များကို တစ်ခုမျှမတွေ့ရချေ၊ ထိုသူလေးယောက်တို့သည် ရဟူဒီများ ဖြစ်ကြသည်။

ခမ္မသစ်ကျမ်းပါ ရှင်ယာကုပ်,ရှင်ယုဒတို့ကို ရေးသားသူများသည် ခရစ်ဝင်(၄)ကျမ်းကို တွေ့မြင်ဘူးသူများမဟုတ် ဟု ပညာရှင်ခရစ်ယံတို့က ပြောဆိုကြသည်။

ယခု ခရစ်ဝင်(၄)ကျမ်းမှတစ်ပါး အခြားခရစ်ဝင် အမြောက်အမြားတို့ရှိတုံသေး၏၊ အချို့ပျောက်ဆုံးကုန်လေပြီ၊ ရှင်ပေါလု ခရစ်ဝင် (Gospel of paul)၊ အဲဂုတ္တုခရစ် (Gopel of Egypttams) ဟောပြခရစ်ဝင်၊ ယုဒခရစ်ဝင်၊ သောဒီယတ် ခရစ်ဝင်၊ သူငယ်ခရစ်ဝင် စသော ခရစ်ဝင်အမြောက်အမြား ရှိပါသေးသည်။

ယခုလက်ရှိ ခမ္မသစ်ပါ တမန်တော်ဝတ္ထုအပြင် ဖိလိတ် တမန်တော်,အင်းဒရူးတမန်တော်, မာရိတမန်တော်,သေကလ တမန်တော်ဝတ္ထုများစွာ ရှိကုန်သေး၏။

ဤဖေါ်ပြပါ ခရစ်ဝင်များနှင့်တမန်တော်ဝတ္ထုများကို မကောင်း၍ ပစ်ပယ်ခဲ့ကြခြင်း ဖြစ်ပါသည်။ ယခုကျန်နေခဲ့သော ကျမ်းများကမူ ပစ်ပယ်ခဲ့သော ခရစ်ယံကျမ်းများလောက် မဆိုးဝါး လှသောကြောင့် ဖြစ်သည်ဟု ဆိုရပါမည်။

မသဲ,လုကာ,ယောဟန်တို့သည် ခရစ်ကိုယုံကြည်တိုင်း ယင်းတို့အမည်ပါဝင်သော ခရစ်ဝင်တို့ကို ရေးသူများဖြစ်-မဖြစ် စိစစ်ကြည့်ရမည်၊ ယင်းတို့ကို ရေးသူများသည် ခရစ်နှင့်အတူ နေခဲ့သူများဖြစ်ခဲ့လျှင် မိမိတို့၏ မျက်စိဖြင့်မြင်ရ,နားဖြင့်ကြား

ရသောအကြောင်းအရာများကို ရေးသားကြမည်ဖြစ်ပါသည်။ တစ်ဦးနှင့်တစ်ဦးစကားသည် ထပ်တူထပ်မျှ ဖြစ်ရပါမည်။ ယနုမှု မတူကြချေ၊ မတူပုံမှာ–လုကာသည် မသဲရေးသော ကောင်းကင်ကြယ်၏အကြောင်းကို မသိခဲ့သလို၊ မသဲကလည်း လုကာရေးသော ကောင်းကင်မိုလ်ခြေများကို မကြားခဲ့ချေ၊ လုကာသည် မသဲ၏အရေ့အရပ်က ပညာရှိများအကြောင်းကို မသိခဲ့သလို မသဲသည် လုကာ၏သိုးထိန်းသမား၏အကြောင်းကို မကြားခဲ့ ပါချေ၊ လုကာ၌ ဟောဒဒ်ဘုရင်က ကလေးသူငယ်များကို သတ်ဖြတ်ကြောင်းနှင့်တကွ ယောသပ်–မာရိ–သူငယ်ခရစ်တို့ အဲဂုတ္တုပြည်သို့ ထွက်ပြေးကြောင်းမပါချေ၊ မသဲအလိုအားဖြင့် ယောသပ်သည် တမန်တော်ကသတိပေးသဖြင့် မာရိနှင့်ခရစ်တို့ ယူဆောင်ပြီးလျှင် အဲဂုတ္တုပြည်သို့ထွက်ပြေးကြသည်ဟုဆိုသလို လုကာ၏အလိုအားဖြင့် သူတို့အားလုံး ဂျေရုစလင်မြို့သို့သွားပြီး ထိုမှ နဇရက်သို့ ပြန်သည်ဟု ဆိုသည်။

ခရစ်မွေးဖွားသောအကြောင်းအရာကို ရေးသားရာ၌ ခရစ်သည် ဆီရင်နိယပ်(စ်)ဘုရင်ခံ ခန့်စေသောအခါ၌ မွေးဖွားသည်ဟု လုကာက ဆိုခဲ့သည်။ ဤအချက်ကိုထောက်သော် လုကာကို ရေးသူသည် ခရစ်နှင့်အတူနေခဲ့ဘူးသူမဟုတ်ကြောင်း ထင်ရှားပါသည်။

အကြောင်းမှာ– ဆီရင်နိယပ်(စ်)ကို မောရှေသေပြီးမှ ဘုရင်ခံခန့်သဖြင့် ယင်းသည် ခရစ်မွေးပြီး(၁၀)နှစ်ကြာမှ ဘုရင်ခံ ဖြစ်၍ အခွန်ကောက်နိုင်ပေးမည်။ လုကာ၏အလိုအားဖြင့်

ယောသပ်,မာရိတို့သည် နဇရက်၌နေကြ၏။ ကလေးကိုသတ်မှတ်သောနေရာ၌ မွေးနိုင်ရန်အလို့ငှာ ဆီရင်နိယပ်(စ်)၏ အခွန်ကောက်ခံရေးကို ထည့်သွင်းထားလေသည်။ ထိုထည့်သွင်းသော်လည်း ခရစ်မွေးသည်နှင့် အခွန်ကောက်မှု(၁၀)နှစ် ကွာခြားနေပါသည်။

မသဲကမူ–ဟေရုဒ်လက်ထက်၌ ခရစ်မွေးကြောင်းကိုသာဆိုပါသည်။ ဟေရုဒ်သေ၍ (၁၀)နှစ်အကြာမှ ပြောမိရက်သားဖြစ်နေကြလေသည်။ အကယ်၍ မသဲရော လုကာပါမှန်ခဲ့လျှင် ခရစ်ကိုသူ–မမွေးမီ(၁၀)နှစ် ကထဲက အဲဂုတ်ပြည်သို့ ယူဆောင်သွားခြင်း ဖြစ်ရမည်၊ ဟေရုဒ်သေပြီး(၁၀)နှစ်ကြာမှ ကလေးများကိုသတ်နေရရချေမည်။

ဤမှားယွင်းသောအချက်များကို ကမ္ဘာပေါ်ရှိ မည်သည့်ခရစ်ဝါဒီများက ညီညွတ်အောင် မဖြေရှင်းနိုင်သေးချေ။

ထို့ပြင် မသဲ,လုကာတို့၌ ခရစ်၏ဆွေးစဉ်မျိုးဆက်စာရင်းပါ၏၊ မာကု,ယောဟန်တို့၌ မပါချေ၊ မသဲနှင့်လုကာတို့၌ ပါဝင်သောစာရင်းလည်း မတူကြချေ။

ခရစ်သေခန်းရေးသားရာ၌လည်း ခရစ်ဝင်ကျမ်းတို့၏အဆိုသည် တစ်ဦးနှင့်တစ်ဦး ကွဲပြားကြကုန်၏။

(သင်ချိုင်းတို့သည် ပွင့်လင်းသဖြင့် ကျိန်းစက်လျက်ရှိသော သန့်ရှင်းသူတို့၏အလောင်းများစွာတို့သည် ထကြ၍) ဟု မသဲက ဆိုသည်။

ထိုလူသေတို့သည် ခရစ်ထသည်တိုင်အောင် တွင်းထဲက နေ၍ စောင့်နေကြသောသဘော ဖြစ်နေပါသည်။ ခရစ်က ပထမထ, ဒုတိယထ သည်ဟု ဆိုထားရာ ရေးသားစိမ်ပုံသည် သဘာဝကျ–မကျ စိစစ်သင့်သည်။

ထိုထ,လာသူများကို မည်သူက မြင်ရပါသနည်း၊ မသိကြပါ၊ ထို့နောက်သူတို့ ဘာဖြစ်သွားကြသနည်း၊ သူတို့သည် ခရစ်ကောင်းကင်တက်သွားရာ၌ အတူပါမသွားကြချေ၊ သူတို့သည် တွင်းထဲသို့ ပြန်ဝင်သွားကြသလား၊ မာကု,လုကာ,ယောဟန် တို့သည် သူတို့၏အကြောင်းကို အဘယ်ကြောင့် မရေးခဲ့ကြပါသနည်း၊ ထိုသန့်ရှင်းသူတို့ကား အဘယ်သူတို့နည်း၊ စင်စစ် အားဖြင့် သူတို့သည် သန့်ရှင်းသူများမဟုတ်ကြ၍လော၊ မေးစရာ ရှိလာပါသည်။

ခရစ်ကို သစ္စာဖေါက်သူ၊ ယုဒရှကာရက်အကြောင်းနှင့် ပတ်သက်၍လည်း ထိုခရစ်ဝင်ကျမ်းတို့သည် အဆိုမတူ ကွဲပြားနေကြသည်။

မဿဲအဆိုအားဖြင့် ယုဒသည် ခရစ်ကိုသစ္စာဖေါက်ပြီး လက်ထောက်ချ၍ရသောငွေကို ဘုန်းကြီးများသို့ ပြန်ပေးသည်။ ဘုန်းကြီးများက ထိုငွေကိုလက်မခံသောကြောင့် ယုဒသည် ထိုငွေများကိုပစ်ချခဲ့ပြီးနောက် ကြိုးဆွဲချသေလေ၏။ ထိုနောက် ဘုန်းကြီးများက ထိုငွေစဖြင့် အိုးလုပ်သမား၏ မြေကိုဝယ်၏၊ ထိုမြေကို အကာလုမဒ ဟု တွင်စေခဲ့သည်။ အဓိပ္ပါယ်က သွေးမြေဟု ဆိုလိုပါသည်။

တမန်တော်ဝတ္ထုဦကား ပေထရုသည် ထပြီးလျှင်– "ထိုသူသည် မတရားသောအမှုအတွက်ဖြင့်ရသော အခငွေဖြင့် မြေအကွက်ကိုဝယ်ပြီးမှ မှောက်လျက်လဲကျ၍ ဝမ်းကွဲသဖြင့် အူများပေါက်ကာ သေလေသည်"ဟု ဆိုသည်။ ထိုမြေကို အကေလမဒ(သွေးမြေ)ဟု ခေါ်သည်။

ဤနှစ်ယောက်၏ အတွင်းတွင် မည်သူကမှန်ပါသနည်း၊ နှစ်ဦးစလုံးမှားပုံရပါသည်။ ဤသို့ မဆီမလျော် ချွတ်ချော်အလီလီ မညီသောအချက်အလက်များ ထောင်သောင်းမက များလှသော ဓမ္မဟောင်း၊ ဓမ္မသစ်ကျမ်းတို့၏အဆိုသည် ခေတ်သိပ္ပံဆန်းစစ် ချက်နှင့်ကိုက်ညီ–မညီ ဗုဒ္ဓဂေါတမဟောကြားခဲ့သော တရားဓမ္မ သဘာဝအမှန်တရားများနှင့်ကိုက်ညီ–မညီတို့ကို ခေတ်ပညာတတ် လူသားတို့က ဆန်းစစ်ရပေတော့မည်သာ ဖြစ်ပါသည်။

ကမ္ဘာမြေကြီး ဖန်ဆင်းသောဖန်ဆင်းရှင်သည် မိမိကိုယ် တိုင်ဖန်ဆင်းထားသောမြေကြီးကို သေချာစွာ မသိပါချေ၊ ကမ္ဘာကြီးကို လေးထောင့်ပုံသဏ္ဌာန်ရှိ၏၊ ထောင့်ပိုင်း၌ တမန် တော်တစ်ယောက်စီ ရှိ၏၊ အထက်မိုးကောင်းကင်ကို အစိုင်အခဲ မာသောအရာဟု ပြောခဲ့၏၊ ဘယ်အခါမှမသွားသောနေရာကို ရပ်တန့်အောင်ပင် ပြုလုပ်နိုင်ခဲ့၏၊ ရေသည်ညီညာသော မျက်နှာ ပြင်ရှိ၏ဟူသောအချက်ကိုမျှ နားမလည်သော ဖန်ဆင်းရှင်သည် ပင်လယ်ရေကို ထက်ခြမ်းခွဲစေခဲ့၍ ရေနံရုံဖြစ်စေ၏၊ ကမ္ဘာ မြေကြီးကို စကြာဝဠာ၏ဗဟိုဟု ထင်မြင်ခဲ့၏၊ စကြာဝဠာအနန္တ ဟူသော ယနေ့ခေတ်နောက်ဆုံးပေါ် ဝိဇ္ဇာနှင့်ဆန့်ကျင်စေရန်

ဤကမ္ဘာမြေကြီးတစ်ခုကိုသာ စွဲစွဲမြဲမြဲပြောခဲ့၏၊ ကမ္ဘာသစ်ဖြစ်သော တောင်,မြောက်အမေရိကတိုက်ကြီးတို့သည် လည်းကောင်း၊ အယုတ်သဖြင့် မြန်မာနိုင်ငံသည်ပင် ခရစ်၏မြေပုံ၌ မပါဝင်ချေ။

ဗုဒ္ဓဂေါတမ၏ ကမ္ဘာမြေကြီးတည်ရှိပုံ၊ အနန္တစကြာဝဠာတည်ရှိပုံတို့ကား ယနေ့သိပ္ပံပညာနှင့်တိုက်ဆိုင်ဆန်းစစ်ကြည့်ပါ။

နိဂုံး

ဤကမ္ဘာပေါ်ရှိ သက်ရှိသတ္တဝါတို့တွင် အသိဉာဏ်အရှိဆုံးလူသားသည် မိမိတို့ဘဝရပ်တည်ရေးအတွက် နိုင်ငံရေး,စီးပွားရေး, ကျန်းမာရေး,နိုင်ငံရေး,စစ်ရေးစသည်များကို ပြုလုပ်ခဲ့သလို ကိုးကွယ်မှုဘာသာကိုလည်း တီထွင်လုပ်ကိုင်ခဲ့ကြလေပြီ၊ ယနေ့ အသိပညာတိုးတက်သောသိပ္ပံခေတ်တွင် လူသားတို့သည် လူသားတို့၏အသုံးအဆောင်များကို တဖြည်းဖြည်းတိုးတက်အောင် ပြုပြင်တည်ဆောက်ခဲ့ကြသလို ဘာသာရေးကိုလည်း ပြုပြင်တည်ဆောက်ခဲ့ကြပါသည်။

ယနေ့ခေတ်သည် သဘာဝဓမ္မနှင့်သိပ္ပံပညာ အထူးတိုးတက်နေသောခေတ်ဖြစ်သည့်အားလျော်စွာ ဘာသာတရားတို့၏ ခေတ်အဆက်ဆက် လူသားတို့အား ပြုပြင်မှု,စီမံမှုတို့ကို ဆန်းစစ်သွားရတော့မည့် အချိန်အခါ ဖြစ်ပါသည်။

ဖန်ဆင်းရှင်၏ နည်းကို ဥရောပစသော တိုက်ကြီး, တိုက်ငယ်,ပြည်ကြီး,ပြည်ငယ်တို့၌ စမ်းသပ်ဆောင်ရွက်ခဲ့ကြသော်လည်း အကျိုးကား ကျွန်စိတ်သွေး,ကျွန်းသွေးဆူ၍ နှိပ်စက်ညှင်းပန်းခြင်းအမျိုးမျိုးတို့ဖြင့် လည်းကောင်း၊ နိုင်ထက်စီးနင်း စစ်ပွဲများ

ခင်းကာ လုယက်ဖျက်ဆီးမှုတို့ဖြင့်လည်းကောင်း အဆုံးသတ်ခဲ့ကြလေပြီ။

ကြီးပွားတိုးတက်ရေးလမ်းဟူသမျှ အကုန်ပိတ်ဆို့ခံခဲ့ရပြီ၊ ဘာသာရေးလွတ်လပ်ခွင့်ကို ရာဇဝတ်မှုဟု အသိအမှတ်ပြုခဲ့ကြသည်။ ဖန်ဆင်းရှင်ကို စော်ကားသူဟု ယူဆခဲ့ကြကုန်သည်၊ အယူဝါဒမတူမျှသူ, လက်မခံသူ, လိုက်မနာသူများကို တရားစွဲခဲ့ကြကုန်သည်။ ရိုက်နှက်ခဲ့ကြသည်၊ ချိုးဖဲ့သတ်ဖြတ်ခဲ့ကြသည်။ မီးရှို့ခဲ့ကြသည်၊ လက်ခြေဖြတ်ခဲ့ကြ၊ တံစိုးထိုးသတ်ခဲ့သည်၊ မီးလောင်တိုက်သွင်းသတ်ခဲ့ကြသည်။

ဖန်ဆင်းရှင်၏ နည်းဝါဒတို့ကို အမှောင်ခေတ် (DARK. AGE)(ဝါ) ဖန်ဆင်းရှင်ဝါဒ အထွန်းကားဆုံးခေတ်၌ စမ်းသပ်ခဲ့ကြလေပြီ၊ အကျိုးကား မည်သို့မျှမရ၊ အနန္တအသချေ် မရေတွက်နိုင်သော များပြားလှသောကြိုးစင်တို့သည် အပြစ်မဲ့သော လူပညာရှိများ၊ ထိုပြင်အာဏာရှင်,အာဏာပိုင်တို့နှင့် အယူအဆမတူမျှသော လူသားအာဇာနည်တို့၏သွေးဖြင့် ရွှဲရွှဲစိုခဲ့ရလေသည်။

ရေတွက်မှန်းဆဂဏာန်းချ၍ မရနိုင်လောက်သော ဓါးတို့သည် လူသတ္တဝါတို့၏အသည်းနှလုံးတို့ကို ထိုးမွှေချေမှုန်းခဲ့ကြလေပြီ၊ ကြီးကျယ်ခမ်းနား အလွန်ကြီးမားသောထင်းပုံတို့မှာ အငွေ့မစဲ, အလျှံမစဲ, တဟဲဟဲ, တရွှဲရွှဲဆူညံနေသော မီးတောက်မီးလျှံတို့သည် အစာငတ်နေသော တောခြင်္သေ့, ကျားတို့ကဲ့သို့ လူသတ္တဝါတို့၏အသားကို မညှာမတာ စားသောက်ခဲ့ကြလေပြီ။

အကျဉ်းထောင်ဟူသမျှတို့သည် အကြံအစည် ဉာဏ်ရည် ရှိကြသောသူတို့ဖြင့် ပြည့်နက်နေခဲ့ရသည်၊ ဖန်ဆင်းရှင်အတွက် ရက်စက်ကြမ်းကြုတ်မှုဟူသမျှတို့ကို ပြုကျင့်ခဲ့ကြလေပြီ၊ ရာဇဝတ်မှုဟူသမျှတို့ကို ကျူးလွန်ခဲ့ကြလေပြီ။

အလွန်မြင့်မြတ်၍နားဝင်ချိုသော လွတ်လပ်ခြင်းဟူသော စကားသည် ကမ္ဘာမြေပြင်၌ ရပ်တန့်မတည်နေနိုင်ဘဲ ယိုင်လဲ ပျက်စီးခဲ့ရလေပြီ၊ ဖန်ဆင်းရှင်တို့၏ တရားဖြင့် ဤကမ္ဘာလောက ကြီးတစ်ခုလုံးသည် အတိတ်ခေတ် ယနေ့ခေတ်အထိ သွေးရောင် ဖျန်း၍ မီးဟုန်းဟုန်းတောက်လောင်နေခဲ့ရပြီ။

ဤကမ္ဘာလောကကြီးကား အငုံ,အပွင့်,သီးရင့်,သီးမှည့် တို့ဖြင့် တင့်တယ်လှပသောလိမ္မော်ပင်နှင့် တူလှပါသည်။ သီးမှည့် တဝင်းဝင်း၊ သီးကင်းတစ်ဖုတ်ဖုတ်ဆိုသကဲ့သို့ မခိုင်မမြဲဘဲ ကြွေကျ သော သီးကင်း, သီးနု,သီးရင့်တို့ကား မြေဩဇာဖြစ်ကြကုန်လေပြီ။

ယင်းအပင်ရှိ အသီးတိုင်းတို့သည် လူသားတို့၏ ဘဝ အသီးသီးနှင့်တူကြကုန်၏၊ လူသားတို့သည် အချိန်စေ့၍ သေနေ့သို့ ရောက်သောအခါ ယင်းလိမ္မော်သီးတည်းဟူသော ဘဝအသီးသီး၌ အဖတ်သာကျန်တော့သည်ဟု မြွက်ဆိုပြောနိုင်ရန် ကောင်းမြတ် သော အနှစ်အဆီတို့ကို ထုတ်ယူကြပါ။

လူသားတို့သည် မွန်မြတ်ကောင်းမွန်သောလူ့ဘဝကို ရလာခဲ့သူများဖြစ်၍ မှန်မှန်ကန်ကန် ကျယ်ပြန့်သော သဘာဝ ဓမ္မလမ်းကို လျှောက်သင့်ကြသည်၊ လောကလူသားတို့၏ အကျိုး စီးပွားတိုးတက်စေခြင်းအကျိုးငှါ နေထိုင်ကျင့်ကြံသင့်ကြပါသည်။

အမှောင်ထုပြောဘေးရန်ပေါ်များသော ကျဉ်းမြောင်း ကြပ်တည်းလှသောလမ်းမှဖယ်ခွာလျက် ထွန်းပြောင်ဝင်းပအလင်းရောင်းရ၍ ဘေးမခ,ရန်မသီ ညီညာကျယ်ပြန့်သော လူအများလျှောက်နိုင်သောလမ်းမှသာ လျှောက်သင့်ကြသည်၊ အလင်းမှအမှောင်သို့ မလိုက်သင့်ပါ။

ဤလမ်းပေါ်မှ လျှောက်သွားသူသည် မင်္ဂလာရှိသည်၊ ဘေးရန်လွန်မြောက် အလင်းရောင်အောက်သို့ ရောက်ရှိလာသူသည် ကျက်သရေရှိလှပေသည်။

ကျဉ်းမြောင်းသော ဉာဏ်မျက်စီအစွဲအလန်းပါသော နှလုံး, မသိမှု(မောဟ)ဖုံးလွှမ်းသော စိတ်တို့ကိုလွန်မြောက်၍ ဤလမ်းမှန်အကျယ်သို့လျှောက်မိသောသူသည် ဘုန်းကံကြီးမားသူ ဖြစ်ပါမည်။

အများကိုပယ်၍ အမှန်နယ်အတွင်းသို့ ချဉ်းနင်းဝင်ရောက်လာမိသောသူသည် မြင့်မြတ်လှပါသည်။

အမှန်နယ်အတွင်းသို့ ချဉ်းနင်းဝင်ရောက်ပြီးလျှင် ဗုဒ္ဓဂေါတမ၏အလင်းရောင်တိုင်းကိုယူ၍ အပူပျောက်ကင်း အေးမြခြင်းသို့ ရောက်အောင် အားထုတ်နိုင်သူကား မဟာလူသား မ,တစ်ထောင်တစ်ကောင်ဘွား ဖြစ်ပါတော့မည်။

ထို့ကြောင့် ဗုဒ္ဓဂေါတမ၏ လောကသဘာဝဓမ္မအမှန်တရားကို ရှာဖွေကြရင်း အမှန်တရားကို ရှာဖွေတွေ့ပြီးပါက သံသရာဝဋ်ဆင်းရဲက လွတ်ကင်းနိုင်ကြပါမည်။

## (ခ) ဘာသာတစ်ခုနှင့်တစ်ခု ချစ်ကြည်မှုအတွက် ကျင့်သုံးရန်နည်းလမ်းများ

မြန်မာနိုင်ငံသည် ဘာသာပေါင်းစုံရောက်ရှိနေပြီး ဘာသာအသီးသီးတို့သည် မိမိတို့ဘာသာ သာသနာတိုးတက်ထွန်းကားပြန့်ပွားရေးအတွက် နည်းလမ်းမျိုးစုံဖြင့် သာသနာပြုလုပ်ငန်းများကို ပြုလုပ်ဆောင်ရွက်နေကြပါသည်။

ထိုသို့ဆောင်ရွက်ကြရာတွင် ဘာသာတစ်ခုနှင့်တစ်ခု မထိခိုက် မစော်ကားမိစေရန်၊ တစ်ဘာသာအပေါ် တစ်ဘာသာအပေါ် ဖိနှိပ်မှုများမဖြစ်ပေါ်စေရန်၊ ဘာသာဝင်အသီးသီးတို့သည် တစ်ဦးအပေါ်တစ်ဦး အခိုင်အမာယုံကြည်မှုရှိကြရန် လိုအပ်ပါသည်။ အပြန်အလှန်ယုံကြည်မှုသည် တစ်ကြိမ်တစ်ခါတည်း တည်ဆောက်ထားရုံမျှဖြင့် ရာသက်ပန်တည်တံ့နေရိုး ပုံစံမရှိပါ။ အကြောင်းအမျိုးမျိုးကြောင့် ပျက်ပြားသွားနိုင်သည်၊ အပြန်အလှန်ယုံကြည်မှုကို လိုအပ်သောအချိန်ကျမှ တဒင်္ဂတည်ဆောက်၍ မရနိုင်ပါ။ မှန်ကန်သောနည်းစနစ်များကို အခြေခံ၍ ခန္တီ-မေတ္တာ-စေတနာတရားများကို နှစ်ဦးနှစ်ဘက်စလုံးက အစဉ်အမြဲတည်ဆောက်နေမှသာ ရရှိနိုင်ပါသည်။

ထိုသို့ အပြန်အလှန်တည်ဆောက်ရာတွင် မိမိတို့၌ အောက်ပါအခြေခံကျင့်ဝတ်များကို လက်ခံကျင့်သုံးထားရန် လိုအပ်ပါသည်-

## (၁) မြင့်မြတ်သောကိုယ်ကျင့်တရားရှိရမည်

မိမိတို့၌အကျင့်စာရိတ္တကောင်းမွန်မှု ပြည့်စုံရန် လိုအပ်ပါသည်။ ထိုအကျင့်စာရိတ္တကောင်းမွန်မှုသည် မြင့်မြတ်သော ကိုယ်ကျင့်တရားဖြစ်သည်၊ ထိုမြင့်မြတ်သော ကိုယ်ကျင့်တရားသည် အပြန်အလှန်ယုံကြည်မှုကိုဖြစ်စေသည်၊ မြင့်မြတ်သော ကိုယ်ကျင့်တရားဖြင့် တစ်ဦးနှင့်တစ်ဦး ဆက်ဆံခြင်းသည် တစ်ဦးကိုတစ်ဦးက ကာကွယ်စောင့်ရှောက်ခြင်း၊ တစ်ဦး၏ကောင်းကျိုးကို တစ်ဦးက ဆောင်ရွက်ခြင်း၊ တစ်ဦးအပေါ်တစ်ဦးက မြင့်မြတ်စွာ ကျင့်ကြံခြင်းဖြစ်သည်။

ဤသို့တစ်ဦးအပေါ်တစ်ဦး အဆုံးအမနှင့်အညီ ပြုမူကျင့်ကြံကြသည့်အတွက် အပြန်အလှန် ယုံကြည်ခြင်း ဖြစ်ပေါ်လာစေပါသည်။

သို့သော် အကျင့်သိက္ခာမရှိ၊ မာယာပရိယာယ်မျိုးစုံဖြင့် ကိုယ်ကျိုးကိုယ့်ဘာသာအတွက်သာ နိမ့်ကျသော ကိုယ်ကျင့်တရား မတရားအနိုင်ယူလိုသော လောဘ၊ ဒေါသ၊ မာန၊ ဣဿ၊ မစ္ဆရိယတရားတို့ဖြင့် ဆက်ဆံကြပါက အပြန်အလှန်မယုံကြည်မှု ဖြစ်ပေါ်လာမည်။

ထို့ကြောင့် တစ်ဦးနှင့်တစ်ဦး ဘာသာတရားတို့က အလေးအနက်ထားဆုံးမထားသော ကိုယ်ကျင့်ကောင်းမှုတရား၊ မေတ္တာတရားတို့ဖြင့်သာ ဆက်ဆံနေကြရပါမည်။

## (၂) ရိုးသားပွင့်လင်းမှု ရှိရပါမည်

တစ်ဦးနှင့်တစ်ဦး တစ်ဘာသာနှင့်တစ်ဘာသာအပေါ် ရိုးသားပွင့်လင်းစွာ ဆက်ဆံခြင်းသည် အပြန်အလှန်ယုံကြည်မှုကို ရစေပါသည်၊ တစ်ဦးအပေါ်တစ်ဦး လိမ်ညာခြင်း၊ ဟန်ဆောင်ခြင်း၊ လျှို့ဝှက်ခြင်း၊ ထိန်ချန်ခြင်း၊ လှည့်စားခြင်း စသည်တို့ဖြင့် မမှန်မကန်ဆက်ဆံပါက အပြန်အလှန်မယုံကြည်မှု ဖြစ်ပေါ်လာပါမည်။

အရှိကို အရှိအတိုင်း၊ အမှန်ကိုအမှန်အတိုင်း ပြောဆိုဆက်ဆံမှုကြောင့် တစ်ဦး၏အကြောင်းကိုတစ်ဦးက အမှန်အတိုင်း သိရှိနားလည်ပြီး အပြန်အလှန်ယုံကြည်မှု ဖြစ်ပေါ်လာပါမည်။

မိမိတို့တစ်ဦးနှင့်တစ်ဦး ဆက်ဆံရာ၌ မှန်ကန်စွာပြောဆိုမှုသည် တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ယုံကြည်မှုကို ဖြစ်စေပါသည်။ တစ်ဘက်သား၏ကောင်းကျိုး၊ မိမိ၏ကောင်းကျိုးကိုလည်း ဖြစ်ပေါ်စေပါသည်။

မမှန်မကန် ဆက်ဆံပြောဆိုမှုများ ရိုးသားပွင့်လင်းမှုမရှိ၊ မာယာပရိယာယ် ကောက်ကျစ်သောဆက်ဆံပြောဆိုမှု၌ နှစ်ဦးနှစ်ဘက် အပြန်အလှန်ယုံကြည်မှုကင်းမဲ့စေပြီး ရန်သူသဖွယ်ဖြစ်သွားစေတတ်ပါသည်။

ထို့ကြောင့် တစ်ဦးကိုတစ်ဦး ရိုးသားပွင့်လင်းစွာ ဆက်ဆံကြရန် လိုအပ်ပါသည်။

## (၃) ကတိတည်မှုရှိရမည်

တစ်ဦးအပေါ်တစ်ဦး ကတိတည်မှုသည် အပြန်အလှန် ယုံကြည်မှုကို ဖြစ်စေပါသည်၊ ထိုသို့ကတိတည်မှုနှင့် တစ်ဦး အပေါ်တစ်ဦးဆက်ဆံခြင်းသည် မိမိကိုယ်ကို မိမိတန်ဖိုးထားသလို တစ်ဘက်သားအပေါ်တွင်လည်း လေးစားတန်ဖိုးထားရာ ရောက် ပါသည်၊ မိမိအပေါ်တစ်ဘက်က လေးစားတန်ဖိုးထားလာစေရန် ကြိုးပမ်းခြင်းလည်း မည်ပါသည်။

အကယ်၍ တစ်ဦးအပေါ်တစ်ဦးကတိမတည်ကြပါက အပြန်အလှန် ယုံကြည်မှုဖြစ်ပေါ်လာတော့မည် မဟုတ်ပေ။ ထိုသို့ မဖြစ်ပေါ်က နှစ်ဦးနှစ်ဘက် ဆိုးကျိုးတရားများသာ ဖြစ်ပေါ်လာစေပါမည်။

လူတစ်ဦးတစ်ယောက်တွင်-

-ထမ်းဆောင်ရမည့်တာဝန်၊

-ကျေပွန်ရမည့်ဝတ္တရား၊

-လိုက်နာရမည့်စည်းကမ်း

-စောင့်စည်းရမည့်ကျင့်ဝတ်များ ရှိနေပါသည်။

ယင်းကျင့်ဝတ်များကို တစ်ဦးချင်းစီ လိုက်နာကျင့်သုံးခြင်း၊ ဆောင်ရွက်ခြင်းသည် တစ်ဦး၏အကျိုးကို တစ်ဦးကဖြည့်ဆည်း သည်းပိုးပေးခြင်း ဖြစ်ပါသည်။

ဤသို့ ကတိတည်စွာ ပြုမူဆက်ဆံမှုကြောင့် အပြန် အလှန်ယုံကြည်မှု ရလာကြသည်။

အကယ်၍ တစ်ဦးအပေါ်တစ်ဦးက ကတိမတည်၊ တာဝန်ဝတ္တရားကျင့်ဝတ်စသည်တို့ ပျက်ကွက်မှုရှိပါက အပြန်အလှန် ယုံကြည်မှုကင်းမဲ့ကြကာ အကျိုးမဲ့များသာ ဖြစ်ပေါ်ခံစားလာကြရမည်သာ ဖြစ်သည်။

## (၄) တရားမျှတမှု ရှိရမည်

တစ်ဦးနှင့်တစ်ဦး တရားမျှတစွာ ဆက်ဆံခြင်း၊ တရားမျှတစွာ စဉ်းစားဆုံးဖြတ်ဆောင်ရွက်ခြင်းသည် အဆင့်မြင့်တည်ကြည်ရိုးသားမှုနှင့် ဖြောင့်မတ်တည်ကြည်မှန်ကန်မှုရှိစွာ ဆက်ဆံခြင်းဖြစ်ပါသည်။

တရားမျှတစွာ စဉ်းစားဆုံးဖြတ်ဆောင်ရွက်ခြင်းသည် အဆင့်မြင့်တည်ကြည်ရိုးသားမှုနှင့် ဖြောင့်မတ်မှန်ကန်မှုရှိစွာ ဆက်ဆံခြင်းဖြစ်ပါသည်။

တစ်ဦးအပေါ်တစ်ဦး ဤသို့သောနည်းဖြင့် ဆက်ဆံသည့်အတွက် တစ်ဦးအပေါ်တစ်ဦး အပြန်အလှန်ယုံကြည်မှု ရရှိပါသည်။ အကယ်၍ တရားမျှတစွာ မဆက်ဆံ၊ မပြုမူပါက တစ်ဦးက တစ်ဦးအပေါ် အသာစီးရလိုသောသဘော၊ မရိုးသားသောသဘော ဖြစ်သွားပါမည်။

ဤသို့ တစ်ဦးနှင့်တစ်ဦး တရားမျှတမှု အပြန်အလှန်မရှိသည့်အတွက် အပြန်အလှန် မယုံကြည်မှုဖြစ်လာမည်။

ထို့ကြောင့် တစ်ဦးအပေါ်တစ်ဦး တရားမျှတစွာ ဆက်ဆံပြောဆိုမှုကို ကျင့်သုံးတတ်ရပါမည်။

## (၅) အပြန်အလှန်ကာကွယ်စောင့်ရှောက်မှုပေးရပါမည်

တစ်ဦးအပေါ်တစ်ဦး ကာကွယ်စောင့်ရှောက်ပေးမှု ပြုလုပ်ခြင်းသည် အပြန်အလှန်ယုံကြည်မှုကိုဖြစ်စေပါသည်။ စောင့်ရှောက်ခြင်းဆိုသည်မှာ တစ်ဦး၏လုပ်ငန်းအခန်းကဏ္ဍ ဆက်လက်တည်တံ့ခိုင်မြဲနေစေရန် တိုးတက်အောင်မြင်နေစေရန် တစ်ဦးက ကြိုးပမ်းဆောင်ရွက်ပေးခြင်း၊ ပျက်ပြားမသွားအောင် ကာကွယ်စောင့်ရှောက်ပေးခြင်းဖြင့် တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ယုံကြည်မှုဖြစ်ပေါ်ရသည်။

အကယ်၍ အပြန်အလှန် အကာအကွယ်မပေးကြပါက အပြန်အလှန်မယုံကြည်မှုများဖြစ်ပေါ်လာ၍ နှစ်ဦးနှစ်ဖက် နစ်နာဆုံးရှုံးရပါမည်။

သို့အတွက် တစ်ဦးကိုတစ်ဦး အပြန်အလှန်ကာကွယ်စောင့်ရှောက်မှုကို အလေးအနက်ထားရပါမည်။

## (၆) အပြန်အလှန်လေးစားတန်ဖိုးထားရမည်

အပြန်အလှန်လေးစားတန်ဖိုးထားခြင်းဆိုသည်မှာ-

-တစ်ဦး၏အခန်းကဏ္ဍနှင့်တာဝန်ဝတ္တရားများကို တစ်ဦးက လေးစားတန်ဖိုးထားခြင်း၊

–ပိုင်ဆိုင်ထားသောအခန်းကဏ္ဍနှင့်တာဝန်အလိုက် လေးစားစွာခေါ်ဝေါ်ပြောဆိုထိတွေ့ဆက်ဆံခြင်း၊
–လေးစားတန်ဖိုးထား၍ ညှိနှိုင်းတိုင်ပင်ဆွေးနွေးခြင်း၊
–အကြံဉာဏ်များရယူခြင်း စသည်တို့ဖြစ်သည်။

ဤသို့ အပြန်အလှန်လေးစားတန်ဖိုးထားသည့်အတွက် အပြန်အလှန်ယုံကြည်မှုများ ဖြစ်ပေါ်လာစေပါသည်။

အကယ်၍ အပြန်အလှန် တန်ဖိုးထားခြင်းမရှိပါက အပြန်အလှန်ယုံကြည်မှုများ မဖြစ်ပေါ်ဘဲ နှစ်ဦးနှစ်ဘက်အကျိုးမရှိ၊ အချည်းနှီးသာ ဖြစ်ကြရပါမည်။

ထို့ကြောင့် တစ်ဦးအပေါ်တစ်ဦး အပြန်အလှန်လေးစားတန်ဖိုးထား ဆက်ဆံဆောင်ရွက်ကြရပါမည်။

## (၇) အပြန်အလှန်သဘောထားကြီးရပါမည်

တစ်ဦးအပေါ်တစ်ဦး ဆက်ဆံကြသည့်အခါ သဘောထားကြီးစွာဖြင့် တစ်ဦး၏အားနည်းချက်၊ ချို့ယွင်းချက်နှင့် အမှားများကို တစ်ဦးက သည်းခံခွင့်လွှတ်နိုင်စွမ်းရှိရပါမည်။

ရန်ကို ရန်ချင်းမတုန့်လျှင်းဘဲ ချစ်စကိုရှည်စေ၊ မုန်းစကိုတိုစေသော စိတ်ဓာတ်ဖြင့် သဘောထားကြီးစွာ ဆက်ဆံပါက အပြန်အလှန်ယုံကြည်မှုကို ရပါမည်။

အကယ်၍ စိတ်သဘောထားသေးသိမ်စွာဖြင့် အငြိုးအာဃာတ ကလဲ့စားချေလိုမှုတို့ဖြင့် ဆက်ဆံပါက အပြန်အလှန်

ယုံကြည်မှုနည်းပြီး နှစ်ဦးနှစ်ဘက် အကျိုးမပြီး ပျက်စီးမှုသို့သာ ရောက်ပါမည်။

ထို့ကြောင့် တစ်ဦးအပေါ်တစ်ဦး စိတ်သဘောထားကြီးစွာဖြင့် ဆက်ဆံတတ်ရန် လိုအပ်လှပါသည်။

## (၈) မိသားစုစိတ်ဓာတ် ထားရှိရပါမည်

တစ်ဦးနှင့်တစ်ဦး မိသားစုစိတ်ဓာတ်နှင့်ဆက်ဆံကြသော အခါ တစ်ဦး၏ပြဿနာ၊ အခက်အခဲ၊ အကျပ်အတည်း အန္တရာယ်စသည်များကို မိမိပြဿနာအခက်အခဲ၊ အကျပ်အတည်း များကဲ့သို့ သဘောထားကာ အချိန်မှီ အမြန်ဆုံးစောင့်ရှောက် ကူညီဖြေရှင်းပေးသည်၊ ဆင်းရဲရောက်နေသူအား ပြစ်မထားဘဲ မျှယူခံစားတတ်ရပါမည်။

ဤကဲ့သို့ မိသားစုစိတ်ဓာတ်ရှိမှုကြောင့် အပြန်အလှန် ယုံကြည်မှုဖြစ်ပေါ်လာပါမည်။ နှစ်ဦးနှစ်ဘက် အကျိုးကျေးဇူး များကြပါမည်။

အကယ်၍ မိသားစုစိတ်ဓာတ်မထားရှိဘဲ လျစ်လျူရှု သဘောမထားပါက တစ်ဦးအပေါ်တစ်ဦး အပြန်အလှန်ယုံကြည်မှု နည်းကြပြီး မျှဝေခံစားမှုမရှိကြကာ နှစ်ဦးနှစ်ဘက် အကျိုးယုတ် စေပါမည်။

ထို့ကြောင့် မိသားစုစိတ်ဓာတ်ကို ထားရှိဆောင်ရွက် ကြရပါမည်။

## (၉) နှုတ်မှုရေးရာ ကျွမ်းကျင်ရပါမည်

နှုတ်မှုရေးရာကျွမ်းကျင်မှုဆိုသည်မှာ တစ်ဦးတွင်ဖြစ်ပေါ်နေသော သံသယ၊ မှားယွင်းသောသဘောထား၊ လွဲမှားသော အသိ၊ မမှန်ကန်သောယုံကြည်မှုများကို အမှန်ပြုပြင်ပြောင်းလဲလာစေရန် အထောက်အထားခိုင်လုံစွာ မိမိက အသိဉာဏ် ဗဟုသုတစုံလင်စွာဖြင့် ရှင်းလင်းပြောပြနိုင်စွမ်းရှိခြင်းကို ဆိုလိုပါသည်။

နှုတ်မှုရေးရာကျွမ်းကျင်မှုသည် မရရှိသေးသော အပြန်အလှန်ယုံကြည်မှုကို ရယူရေးတွင် များစွာအထောက်အကူပြုသည်။ တစ်ပြိုင်နက်တည်းမှာပင် ရရှိပြီးသားယုံကြည်မှုကို ဆက်လက်တည်တံ့နေရန်ကိုလည်း များစွာအထောက်အကူဖြစ်သည်။

နှုတ်မှုရေးရာမကျွမ်းကျင်မှုသည် အပြန်အလှန်ယုံကြည်ရေးတွင် အခက်အခဲဖြစ်စေသကဲ့သို့ ရရှိပြီးသောယုံကြည်မှုကို ပျက်ပြားသွားစေတတ်ပါသည်။

သို့အတွက် နှုတ်မှုရေးရာကျွမ်းကျင်အောင် ဗဟုသုတစုံလင်စွာရှာဖွေ၍ အကြောင်းယုတ္တိအားလျော်စွာ ပြောဆိုဖြေရှင်းတတ်သော နှုတ်မှုကျွမ်းကျင်ရန် လိုအပ်လှပါသည်။

## (၁၀) စိတ်ဓာတ်ခိုင်မာကြံ့ခိုင်မှု ရှိရမည်

စိတ်ဓာတ်ခိုင်မာ ကြံ့ခိုင်မှုဆိုသည်မှာ မည်ကဲ့သို့သော အခက်အခဲများ၊ ခြိမ်းခြောက်မှုများ၊ အန္တရာယ်ပေးမှုများ၊ မက်လုံးပေးမြှူဆွယ်မှုများနှင့်တွေ့ကြုံလာသောအခါ မိမိစိတ်ဓာတ်သတ္တိကို ကြံ့ခိုင်စွာထားနိုင်ရမည်။ တွန်းလှန်ဖယ်ရှားနိုင်ရပါမည်။ ရဲရင့်ပြတ်သားစွာ အမှန်တရားဘက်က ရပ်တည်နိုင်ရပါမည်။ မိမိ၌ အမှားနှင့်အပြစ်ရှိလာပါက ရဲဝင့်စွာခံယူပြီး လေးနက်တည်ကြည်စွာ တောင်းပန်စကားပြောဝံ့သောသတ္တိရှိရပါမည်။

ဤကဲ့သို့သောစိတ်ဓာတ်နှင့်တစ်ဦးကိုတစ်ဦး ဆက်ဆံသောအခါ တစ်ဦးကိုတစ်ဦး အပြန်အလှန်ခွင့်လွှတ်မှု၊ ကျေနပ်မှု၊ လေးစားမှု၊ယုံကြည်မှု ရှိလာပါမည်။

အကယ်၍ စိတ်ဓာတ်ပျော့ညံ့သူ၊ ပဲပြားပင်လို လေယူရာယိမ်းသူ၊ အမှားကိုဝန်မခံရဲသူ၊ မိမိ၏အပြစ်ကို လှည့်ပတ်ရှောင်ကြဉ်နေသူဖြစ်ပါက မိမိအပေါ်အခြားတစ်ဦးက အယုံကြည်ကင်းမဲ့လာပြီး အကျိုးမဲ့ဘဝရောက်ရပါမည်။

## (၁၁) ပြောင်းလွယ်၊ပြင်လွယ်သော စိတ်ရှိရမည်

ပြောင်းလဲ၊ ပြင်လွယ်သောစိတ်ရှိရမည်ဆိုသည်မှာ မိမိ၏ သဘောထားနှင့်အမြင်၊ ယုံကြည်ချက်၊ ခံယူချက်စသည်များကို တရားသေ လေ့နံ့စားထစ်မှတ်ယူကြခြင်းမရှိဘဲ အခြေအနေ အချိန်အခါနှင့်မကိုက်ညီတော့ပါက အမြန်ဆုံးပြုပြင်ပြောင်းလဲ

ကျင့်သုံးတတ်ရပါမည်။ ဗုဒ္ဓသည် အာဠာရ ဥဒကရသေ့၏ ကျင့်စဉ်သည် မိမိ၏ရည်မှန်းချက်မရောက်ဟု သိသောအခါ ပြုပြင်ပြောင်းလဲခဲ့ပါသည်။ အစာငတ်ခံကျင့်မှုကို မှားသည်ဟု သိသောအခါ ပြောင်းလဲကျင့်ခဲ့သကဲ့သို့ မှား/မှန်အကျိုးမရှိမှန်း သိက ပြုပြင်ပြောင်းလဲပြုလုပ်တတ်၊ ကျင့်တတ်ရပါမည်။

တစ်ဦးကိုတစ်ဦး ပြောင်းလွယ်၊ ပြင်လွယ်ရှိစွာဖြင့် ဆက်ဆံသောအခါ တစ်ဦး၏လိုအပ်ချက်နှင့်လိုလားချက်များကို တစ်ဦးက အလိုက်သင့်သည့်အားလျော်စွာ လိုက်လျောဖြည့်ဆည်း ပေးကြသည်။ ဤသို့ လိုက်လျောညီထွေစွာ အပေးအယူပြုလုပ် ကြသည့်အတွက် အပြန်အလှန်ယုံကြည်မှုရှိလာပါသည်။

အကယ်၍ တရားသေ လေ့နံ့ဓားထစ်မှုကို ကျင့်သုံးနေ ပါက အပြန်အလှန်ယုံကြည်မှုမရှိဘဲ မိမိအကျိုးသာ ပျက်စီးသွား နိုင်ပါသည်။

ထို့ကြောင့် တစ်ဦးအပေါ်တစ်ဦး ပြောင်းလဲ၊ ပြင်လွယ် သောစိတ်ထားဖြင့် ဆက်ဆံပြုလုပ်ကြရန်လိုအပ်ပါသည်။ နှစ်ဦး နှစ်ဘက် အကျိုးရှိကြပါမည်။

ထို့ကြောင့် ဤပြည်ထောင်စုတိုင်းရင်းသားများနှင့် မိမိ တို့သာသနာပြုပုဂ္ဂိုလ်များသည် တစ်လေ့တည်းစီး တစ်ခရီးတည်း သွားနေကြသော ပြည်ထောင်စုလူသားများဖြစ်သည်ကို အလေး အနက်ခံယူထားကြပြီး တစ်ဦးနှင့်တစ်ဦး ဘာသာရေး၊လူမှုရေး၊ ယုံကြည်ချက်များရရှိရန် အပြန်အလှန်ယုံကြည်မှုဖြစ်စေသော အထက်ပါနည်းစနစ်များကို လိုက်နာကျင့်သုံးတည်ဆောက်ကြပါ။

တိုင်းရင်းသားတို့၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွား ရေး အမြန်တိုးတက်၍ လူနေမှုအဆင့်အတန်း တိုးတက်မှု၊ တရားစစ်တရားမှန် လက်ခံယုံကြည်လာနိုင်မှုတို့အတွက် မိမိတို့ သာသနာပြု ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်၊ စည်းရုံးရေးပုဂ္ဂိုလ်များ သည် ဤ(၁၁)ချက်ကို အလေးအနက်ထားပြီး ဆောင်ရွက် သာသနာပြုကြပါ။

ထိုသို့ပြုလုပ်ဆောင်ရွက်ပါက မိမိတို့၏ သာသနာပြု လုပ်ငန်းသည် မုချအောင်မြင်ကြပါမည်။

မဟာသဒ္ဓမ္မဇောတိကဓဇ
တက္ကသိုလ်သျှင်သီရိ(ဓမ္မာစရိယ၊ ဘီအေ)

သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
၂၈၇၉၈
အမှတ် ............
ရက်စွဲ ............
သုတေသနစာကြည့်တိုက်

ဤစာအုပ်တွင်

- ရှေးခေတ်မြန်မာနိုင်ငံ၏ ယုံကြည်ကိုးကွယ်မှုများ
- ခရစ်ယာန်၊ အစ္စလာမ်၊ ဟိန္ဒူဘာသာတို့ ဖြစ်ပေါ်လာပုံ
- ဘာသာတရားများပြန့်ပွားလာပုံ
- မြန်မာနိုင်ငံသို့ စတင်ရောက်ရှိလာပုံ
- အတုယူဖွယ် သာသနာပြုလုပ်ငန်းများ ဆောင်ရွက်ကြပုံနှင့်
- ယင်းဘာသာတို့၏အနှစ်သာရ ကျင့်စဉ်များ မှတ်သားဖွယ်ရာ

ဗဟုသုတများကို လေ့လာတင်ပြထားပါသည်။

